မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရပ်ရွာလူထုအခြေပြု

ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လက်စွဲစာအုပ်

Myanmar Red Cross Society

Disclaimer

The **Manual on Community-Based Disaster Risk Reduction** is a consolidation and harmonization of existing CBDRR methodologies, procedures, and practices of Myanmar Red Cross Society. Efforts have been made to ensure the accuracy and reliability of the information contained in this document. The document remains open for correction and improvement.

Myanmar Red Cross Society

Key Contributors

MRCS	Prof. Tha Hla Shwe	President
	U Maung Maung Khin	Head of Disaster Management Division
FRC/CRC	Raphaelle Goepfert	Head of Delegation
	Shesh Kanta Kafle	Disaster Risk Reduction Program Coordinator
	Herve Gazeau	DRR Regional Coordinator for South-East Asia and the Pacific
IFRC	John Halder	Disaster Management Delegate
AmRC	Adesh Tripathee	Regional DRR Advisor
ADPC	Aslam Perwaiz	Head of Department, DRMS
	Thitiphon Sinsupan	Program Manager, DRMS
	Mareike Bentfeld	CBDRM Coordinator, DRMS

အမှာစာ

ကျွန်ပ်အနေနှင့် ဤပုံနိပ်ထုတ်ဝေသည့်စာအုပ်အတွက် အမှာစာ ရေးသားရခြင်းကို ဝမ်းမြောက်မိပါသည်။ ချီးကျူးထိုက်သောကြိုးစားအားထုတ်မှုဖြစ်သည့် ဤစာအုပ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင်ရှိသည့် အရင်းအမြစ်များ၊ လူစွမ်းအားများ၊ ပစ္စည်းဥစ္စာများနှင့် နည်းပညာများအား ထိရောက်စွာအသုံးပြုခြင်းအပေါ် ရေရှည်တည်တံ့မည့် အကျိုးသက်ရောက်မှုဖြစ်စေမည်ဟု ကျွန်ပ်ထင်မြင်မိပါသည်။ ပြီးခဲ့သည့် ဆယ်နှစ်ကျော်ကာလအတွင်း ကျွန်ပ်တို့သည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် နည်းလမ်းအမျိုးမျိုးကို ကျင့်သုံးခဲ့ကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျွန်ပ်တို့သည် ရပ်ရွာအဆင့်တွင် ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၏ကြား ဇဝေဝါဖြင့် မရှင်းလင်းမှုများ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် အများသဘောတူညီပြီး ပြီးပြည့်စုံသော ရပ်ရွာလူထု အခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းအတွက် လိုအပ်ချက်အား ရှုပ်လုံးဖော်ခြင်းသည် ယခုအကောင်အထည်ပေါ်ခဲ့လာပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုများသည် အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းနှင့် မိတ်ဖက်အဖျိုးသားအသင်းများ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အစဉ်တစိုက်ကြိုးပမ်းပါဝင်လုပ်ဆောင်မှုလုပ်ငန်းစဉ်မှ ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များကို ကျေးရွာများနှင့် မြို့နယ်များတွင် ၂၀၀၃ ခုနှစ်မှစတင်၍ ကြက်ခြေနီစေတနာ့ဝန်ထမ်းများအား အောက်ခြေအဆင့်အထိ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းနှင့်အတူ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ချရေး သီးသန့် ဆောင်ရွက်မှုများကိုလည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီများ ဖက်ဒရေးရှင်း၊ ပြင်သစ်ကြက်ခြေနီ၊ ကနေဒါကြက်ခြေနီနှင့် အမေရိကန်ကြက်ခြေနီတို့၏ ပံ့ပိုးမှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် အများကြီးတွင် လုပ်ဆောင်လျက်ရှိသည်။

ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်လာမှုသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ နည်းလမ်းကိရိယာနှင့် နည်းစနစ်များကိုဖော်ထုတ်ရန် ဦးတည်ကြောင်း အတွေ့အကြုံများမှ ရှင်းလင်းစွာ ပြဆိုပေသည်။ ယခုအချိန်၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတွင် ထိုကဲ့သို့သော အရန်သင့်ရှိနေသော အရင်းအမြစ်များနည်းတူ အသိပညာနှင့် အတွေ့အကြုံများ ရှိနေသော်လည်း ၄င်းတို့ကို ပေါင်းစပ်ပြည့်စုံသော နည်းလမ်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုနိုင်ခဲ့ပေ။ ရပ်ရွာလူထုစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ပို၍ ပေါင်းစပ်ပြည့်စုံပြီး တစ်လုံးတစ်ဝတည်းရှိစေရန်အတွက် ဖော်ထုတ်ပြုစုပြီးသော နည်းလမ်းကိရိယာနှင့် နည်းပညာများအား စံနှုန်းသတ်မှတ်လုပ်ဆောင်ခြင်းကို လိုအပ်သည်ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သိရှိခံစားရပါသည်။ ထို့အပြင် အဆိုပါ နည်းလမ်းကိရိယာများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြား ရပ်ရွာလူထုအခြေပြု အစီအမျိုးလုပ်ဆောင်မှုများတွင်လည်း အသုံးပြုရန် လိုအပ်ပေသည်။

ဤရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းမူဘောင်သည် ဤလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးပြီး အဆိုပါ ကိရိယာများနှင့် နည်းပညာများသည် မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာကြက်ခြေနီပုံစံ ချဉ်းကပ်နည်းအဖြစ် ဦးတည်နိုင်မည်ဟု ကျွန်ပ်မျှော်လင့်မိပါသည်။

ဤအခွင့်အရေးကိုယူလျက် ကျွန်ပ်အနေဖြင့် တောင်းဆိုလိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဆက်စပ်သော အဖွဲ့များအားလုံးနှင့် ကြက်ခြေနီလူပ်ရှားမှုမိတ်ဖက်အဖွဲ့အစည်းများအား ဤမူဘောင်ကို နိုင်ငံအတွင်း ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများအား ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပုံတူယူအသုံးပြုစေလိုပါသည်။ ဤစာအုပ်သည် အမြဲအသုံးပြုနေရမည့် စာတမ်းဖြစ်သည့်အလျောက် ပုံမှန်ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန်လိုအပ်မည်မှာ အထူးပြောရန်လိုမည်မထင်ပါ။

ဒေါက်တာသာလှရွှေ
ဥက္ကဋ္ဌ

မြန်မာနိုင်ငံကြက်ခြေနီအသင်း
နေပြည်တော်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်

Myanmar Red Cross Society

Myanmar Red Cross Society

Acronyms

2IC	Second in Command
AmRC	American Red Cross
BFA	Basic First Aid
CBDRR	Community-Based Disaster Risk Reduction
CBDRM	Community-Based Disaster Risk Management
CBFA	Community-Based First Aid
CCA	Climate Change Adaptation
CRC	Canadian Red Cross
CSO	Civil Society Organization
DM	Disaster Management
DRR	Disaster Risk Reduction
DyHoD	Deputy Head of Division
EWS	Early Warning System
FGD	Focus Group Discussion
FO	Field Officer
FRC	French Red Cross
G1	Grade 1 Officer
G2	Grade 2 Officer
GAD	General Administration Department
HoD	Head of Division
HQ	Headquarters
IDRR	International Day of Risk Reduction
IEC	Information, Education and Communication
IFRC	International Federation of Red Cross and Red Crescent Societies
M&E	Monitoring & Evaluation
MAPDRR	Myanmar Action Plan on Disaster Risk Reduction
MRCS	Myanmar Red Cross Society
MSA	Multi-Sector Assessment
NGO	Non Governmental Organization
OD	Organization Development

Myanmar Red Cross Society

PC	Program Coordinator
PMER	Planning, Monitoring, Evaluation and Reporting
PNS	Partner National Society
PwD	People with Disabilities
RCEC	Red Cross Executive Committee
RCV	Red Cross Volunteer
RRD	Relief and Resettlement Department
SAR	Search & Rescue
SBDRR	School-Based Disaster Risk Reduction
SDMC	School Disaster Management Committee
SPP	School Preparedness Plan
SPSS	Statistical Package for Social Sciences
TBCB	Township Branch Capacity Building
TEO	Township Education Officer
TO	Training Officer
ToT	Training of Trainers
Tsp	Township
UDRR	Urban Disaster Risk Reduction
VDMC	Village Disaster Management Committee

Myanmar Red Cross Society

မာတိကာ

	နိဒါန်း	၁
	ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်ဆိုသည်မှာ အဘယ်နည်း	၂
	ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်တွင် မည်သည်တို့ကို တွေ့နိုင်သနည်း	၂
	အခြားဆက်စပ်အကြောင်းအရာများ	၄
	သင်သည် မည်သည့်နေရာတွင် မည်သည်ကို ရှာတွေ့နိုင်မည်နည်း။	၆
Part A	မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေး	၁၀
	မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်	၁၀
	မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ ထိုက်သင့်ဆီလျော်ခြင်း	၁၀
	မြန်မာနိုင်ငံတွင်းရှိ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး စိတ်ဝင်စားပတ်သက်သူများ	၁၂
	စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ	၁၄
Part B	ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း	၂၀
အဆင့် ၁	**စီမံကိန်းအား ရင်းနှီးကျွမ်းဝင်စေခြင်း**	၂၀
၁.၁	ပြည်နယ်/တိုင်းဒေသကြီးအဆင့်	၂၁
၁.၂	မြို့နယ်အဆင့်	၂၃
၁.၃	ကျေးရွာ/ရပ်ကွက်အဆင့်	၂၄
၁.၄	ကျောင်းအဆင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်မှုများအား မိတ်ဆက်ရှင်းလင်းခြင်း	၂၅
အဆင့် ၂	**စီမံကိန်းနေရာ ရွေးချယ်ခြင်း**	၂၆
၂.၁	ပြည်နယ်/တိုင်းဒေသကြီးအား ရွေးချယ်ခြင်း	၂၆
၂.၂	ဘေးထိခိုက်လွယ်ဆုံးသော မြို့နယ်များကို ရွေးချယ်ခြင်း	၂၈
၂.၃	ဘေးထိခိုက်လွယ်ဆုံးသော ကျေးရွာ/ရပ်ကွက်အား ရွေးချယ်ခြင်း	၃၀
၂.၄	ဘေးထိခိုက်လွယ်ဆုံးသော ကျောင်းများကို ရွေးချယ်ခြင်း	၃၂
အဆင့် ၃	**ကနဦးအခြေအနေလေ့လာခြင်း**	၃၅
အဆင့် ၄	**ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း**	၃၈
၄.၁	ရပ်ရွာလူထုတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းတည်ထောင်ခြင်း	၄၀
၄.၂	ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း	၄၇
အဆင့် ၅	**ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာခြင်း**	၅၁
၅.၁	ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းအဖွဲ့ တည်ထောင်ခြင်းနှင့် လေ့ကျင့်ခြင်း	၅၁
၅.၂	ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာမှုအား လုပ်ဆောင်ခြင်း	၅၄
၅.၃	ဆန်းစစ်လေ့လာချက်မှ တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာခြင်း	၅၅
၅.၄	ဆန်းစစ်လေ့လာမှုတွေ့ရှိချက်များအား တင်ပြခြင်း	၆၀
အဆင့် ၆	**လုပ်နိုးဆောင်ရွက်မှုအစီအစဉ်အား ဖော်ထုတ်ခြင်း**	၆၂
၆.၁	လူထုပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်	၆၂

Myanmar Red Cross Society

၆.၂	ရပ်ရွာလူထုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား ဖော်ထုတ်ခြင်း	၆၃
အဆင့် ၇	**လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ခြင်း**	၇၀
၇.၁	ဆောင်ရွက်ဖွယ်ရာများကို တာဝန်ခွဲဝေသတ်မှတ်ခြင်း	၇၀
၇.၂	စွမ်းဆောင်ရည်တည်ဆောက်ခြင်း	၇၁
၇.၃.	အရင်းအမြစ်များအား ရှာဖွေအသုံးချခြင်း	၇၃
၇.၄	စီစဉ်ရေးဆွဲထားသော လုပ်ဆောင်မှုများအား အကောင်အထည်ဖော်ခြင်း	၇၄
၇.၅	ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း	၇၅
အဆင့် ၈	**အကျိုးသက်ရောက်မှုအား လေ့လာခြင်း – အဆုံးသတ်အခြေအနေလေ့လာချက်**	၈၄
အဆင့် ၉	**ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးအပ်ခြင်း**	၈၈
၉.၁	ရုတ်သိမ်းရန် စီစဉ်ခြင်း	၈၈
၉.၂	နောက်ဆုံးထွက်ခွာခြင်းအတွက် အချိန်လိုက်ပြုလုပ်မှုများကို အဆုံးသတ်ပြုလုပ်ရန်	၈၉
၉.၃	ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံစွမ်းဆောင်ရည်တို့အား ခိုင်မာအားကောင်းစေခြင်း	၉၀
	နောက်ဆက်တွဲ	၉၃
	နောက်ဆက်တွဲ ၁ – နည်းပညာရပ်ဆိုင်ရာ အဓိက စကားရပ်များနှင့် ဝေါဟာရများ	၉၆
	နောက်ဆက်တွဲ ၂ – ကျောင်းဘေးအန္တရာယ်ဆန်းစစ်လေ့လာခြင်းပုံစံ	၉၆
	နောက်ဆက်တွဲ ၃ – အစကနဦးအခြေအနေ လေ့လာချက်ပုံစံ	၉၀
	နောက်ဆက်တွဲ ၄ – ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် သင့်တော်သူအတွက် သဘောတူညီမှုပုံစံ နမူနာ	၁၀၅
	နောက်ဆက်တွဲ ၅ – ရပ်ရွာအဆင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှု နမူနာများ	၁၀၆
	နောက်ဆက်တွဲ ၆ – ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်မှုများအတွက် စောင့်ကြည့်လေ့လာမှုပုံစံနမူနာ	၁၀၉
	ရည်ညွှန်းကိုးကားမှုများ	၁၁၀

Myanmar Red Cross Society

အကွက်များစာရင်း

အကွက် ၁	မြန်မာနိုင်ငံတွင် လက်ရှိရှိနေသော ဘေးအန္တရာယ်လျော့ပါးရေးကွန်ယက်များ	၁၄
အကွက် ၂	လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များအား ရင်းနှီးကျွမ်းဝင်စေခြင်း၏ အကျိုးကျေးဇူးများ	၂၁
အကွက် ၃	ကနဦး ရောဂါရှာဖွေခြင်းဆန်းစစ်လေ့လာမှုအောက်တွင် စုစည်းကောက်ခံရမည့်အချက်အလက်များ	၃၁
အကွက် ၄	ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ရေးကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက	၃၉
အကွက် ၅	ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား စည်းရုံးလှုံ့ဆော်ခြင်း	၄၁
အကွက် ၆	ရှိနှင့်ပြီးသော အဖွဲ့အစည်းများ/အုပ်စုများအားအသုံးပြုခြင်း၏ အားသာချက်နှင့် အားနည်းချက်များ	၄၂
အကွက် ၇	ကျေးရွာအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကဏ္ဍနှင့် တာဝန်များ	၄၄
အကွက် ၈	လက်တွေ့ကျသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အဓိကထူးခြားသောလက္ခဏာများ	၄၅
အကွက် ၉	ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာရေး လုပ်ဆောင်မှုများတွင် ဘေးထိခိုက်လွယ်ဆုံးသောအုပ်စုများပါဝင်စေရေးအတွက် အကြံပြုချက်များ	၅၄
အကွက် ၁၀	ရပ်ရွာလူထု ရည်မှန်းချက်ပြည့်မီစေရေး လုပ်ဆောင်မှုအစီအစဉ်တွင်ပါဝင်သော အဓိကရှုထောင့်များ	၆၂
အကွက် ၁၁	ဖြစ်နိုင်ခြေရှိသော ဆောက်လုပ်မှုဆိုင်ရာနှင့် ဆောက်လုပ်မှုနှင့်မဆိုင်သော အစီအမံများ	၆၅
အကွက် ၁၂	ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ရည်မှန်းချက်အကောင်အထည်ဖော်ရေး အစီအစဉ်၏ အဓိက အစိတ်အပိုင်းများ	၆၉
အကွက် ၁၃	ပူးပေါင်းပါဝင်သော အကောင်အထည်ဖော်လုပ်ဆောင်ခြင်းတစ်ခုအတွက် လမ်းညွှန်ပေးသော စည်းမျဉ်းများ	၇၁
အကွက် ၁၄	အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ နမူနာအခက်အခဲပြဿနာများ	၇၅
အကွက် ၁၅	ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၏ စည်းမျဉ်းများ	၇၆
အကွက် ၁၆	ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် စဉ်းစားချင့်ချိန်ရန်မေးခွန်းများ	၇၉

ပုံများစာရင်း

ပုံ ၁	အခန်းတစ်ခုလုံးအား ခြုံငုံကြည့်ခြင်း	၈
ပုံ ၂	ဦးတည်ရပ်ရွာအုပ်စု ရွေးချယ်ခြင်းနှင့် ရင်းနှီးကျွမ်းဝင်စေခြင်းလုပ်ငန်းစဉ်ပြဇယား	၂၀
ပုံ ၃	ကျောင်းရွေးချယ်ခြင်းအတွက် အစဉ်လိုက်စီစဉ်ခြင်းဇယားနမူနာ	၃၄
ပုံ ၄	လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းအား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း	၈၀

Myanmar Red Cross Society

ဇယားများစာရင်း

ဇယား ၁	၂၀၀၆–၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကြီးမားသောအန္တရာယ်ဖြစ်ရပ်များ	၁၁
ဇယား ၂	ပြည်နယ်/တိုင်းဒေသကြီးရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများကို လုပ်ဆောင်ရန် နည်းလမ်းများ	၂၁
ဇယား ၃	အတိုချုပ်ခြုံငုံကြည့်ခြင်း – ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ	၂၂
ဇယား ၄	မြို့နယ်အဆင့်တွင် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲ စီစဉ်ရန်နည်းလမ်းများ	၂၃
ဇယား ၅	အတိုချုပ်ခြုံငုံကြည့်ခြင်း – မြို့နယ်အဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ	၂၄
ဇယား ၆	အတိုချုပ်ခြုံငုံကြည့်ခြင်း – မြို့နယ်/ရပ်ကွက်အဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ	၂၄
ဇယား ၇	အတိုချုပ်ခြုံငုံကြည့်ခြင်း – ကျောင်းအဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ	၂၅
ဇယား ၈	ပြည်နယ်/တိုင်းဒေသကြီးတစ်ခုကို ရွေးချယ်နည်း	၂၇
ဇယား ၉	မြို့နယ်ရွေးချယ်ခြင်းအတွက် ရွေးချယ်မှုစံသတ်မှတ်ချက်များ	၂၈
ဇယား ၁၀	မြို့နယ်တစ်ခုကို ရွေးချယ်နည်း	၂၉
ဇယား ၁၁	ကျေးရွာ/ရပ်ကွက် ရွေးချယ်နည်း	၃၀
ဇယား ၁၂	စွမ်းဆောင်ရည်တည်ဆောက်ခြင်းအတွက် နယ်ပယ်များ	၄၈
ဇယား ၁၃	ဖြစ်နိုင်ခြေရှိသော သင်တန်းများစာရင်း	၄၉
ဇယား ၁၄	အကျဉ်းချုပ်ဖော်ပြချက် – ကယ်ဆယ်ရေးစုံဆန်းစစ်လေ့လာရေးအဖွဲ့. ဖွဲ့စည်းတည်ထောင်ခြင်းနှင့် သင်တန်းပေးခြင်း	၅၃
ဇယား ၁၅	ဆန်းစစ်လေ့လာရေး နည်းလမ်းကိရိယာများ	၅၇
ဇယား ၁၆	ဖြစ်နိုင်ခြေရှိသော စွမ်းဆောင်ရည် တည်ဆောက်ရေးသင်တန်းများ	၇၂
ဇယား ၁၇	စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းနည်းပညာများအား ခြုံငုံကြည့်ခြင်း	၈၁

Myanmar Red Cross Society

နိဒါန်း

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လက်တွေ့လုပ်ဆောင်နည်းများသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းနှင့် မိတ်ဖက်အမျိုးသားအသင်းများ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အစဉ်တစိုက်ကြိုးပမ်းပါဝင်လုပ်ဆောင်မှုလုပ်ငန်းစဉ်မှ ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များကို ကျေးရွာများနှင့် မြို့နယ်များတွင် ၂၀၀၃ ခုနှစ်မှစတင်၍ ကြက်ခြေနီစေတနာ့ဝန်ထမ်းများအား အောက်ခြေအဆင့်အထိ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းနှင့်အတူ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသီးသန့် ဆောင်ရွက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် တိုးတက်လုပ်ဆောင်မှုများနှင့် အတွေ့အကြုံတို့သည် အမျိုးမျိုးသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ နည်းလမ်းကိရိယာနှင့်စနစ်အမျိုးမျိုးတို့ကို ဖော်ထုတ်နိုင်စေခဲ့သည်။ ယခုအချိန်၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတွင် ထိုကဲ့သို့သော အရန်သင့်ရှိနေသော အရင်းအမြစ်များနည်းတူ အသိပညာနှင့် အတွေ့အကြုံများ ရှိနေသော်လည်း ၄င်းတို့ကို ပေါင်းစပ်ပြည့်စုံသော နည်းလမ်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုနိုင်ခဲ့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြု လုပ်ဆောင်ချက်များပါဝင်သော ပေါင်းစပ်ပြည့်စုံသည့် နည်းလမ်းတစ်ခုကို ဖော်ထုတ်နိုင်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းမူဘောင်ကို ဖော်ထုတ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းမူဘောင်သည် မြန်မာနိုင်ငံတွင်း ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ပေါင်းစပ်ပြည့်စုံသော နည်းလမ်းကို ပံ့ပိုးပေးရန်ရည်ရွယ်ပြီး ၄င်းသည် လက်ရှိ ရှိနေသော ကိရိယာများ၊ နည်းလမ်းများ၊ အတွေ့အကြုံများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲ စီမံကိန်းများမှ လေ့လာရရှိခဲ့သော သင်ခန်းစာများအပေါ် အခြေခံထားသည်။

ပေါင်းစပ်ပြည့်စုံသော နည်းလမ်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ရေးအတွက် ပိုမို ကျစ်လျစ်၍ တူညီသော နည်းလမ်းများကို ပံ့ပိုးပေးသည်။ ၄င်းနည်းလမ်းသည် ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများအားလုံးတွင် တူညီသော ကိရိယာနှင့် နည်းလမ်းများကို အသုံးပြုခြင်းကို မြှင့်တင်ပေးပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်ဝန်ထမ်းများနှင့်အတူ စီမံကိန်းနှင့် ဆက်စပ်နေသော ကွင်းဆင်းထမ်းဆောင်ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်မှုများကို ရိုးရှင်းလွယ်ကူစေမည်ဖြစ်သည်။

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းမူဘောင်တွင် အောက်ပါစာတမ်းများ ပါဝင်သည်–

+ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့လုပ်ဆောင်မှု ဖြစ်ရပ်လေ့လာချက်များ
+ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်း
+ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်
+ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သင်တန်း သင်ရိုး ညွှန်းတမ်း
+ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးကိရိယာသေတ္တာ

Myanmar Red Cross Society

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်ဆိုသည်မှာ အဘယ်နည်း

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်သည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးတွင် လေ့ကျင့်ပေးထားသော ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံကိန်းဝန်ထမ်းများနှင့်အတူ မြန်မာနိုင်ငံတွင်းရှိ အခြားသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သူများအတွက် လက်တွေ့ လုပ်ဆောင်ရန်လမ်းညွှန်ဖြစ်သည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးကိရိယာသေတ္တာနှင့်အတူ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်သည် လက်တွေ့အကောင်အထည်ဖော်ခြင်းအဆင့်များနှင့် အသုံးပြုသော နည်းလမ်းကိရိယာများကို ရှင်းလင်းပြခြင်းဖြင့် မြန်မာနိုင်ငံတွင်း ရပ်ရွာလူထုအခြေပြုစီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းအတွက် လမ်းညွှန်နှင့် အထောက်အပံ့ပေးသည်။ သို့သော် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်သည် အနည်းဆုံးလုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာစု အပေါ်တွင် အခြေခံထားသည်ကို သိမှတ်ထားရပေမည်။ အနည်းဆုံး လုပ်ငန်းဆောင်တာစုသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မည်သည့် အချိန်ကန့်သတ်ချက်နှင့် လျာထားငွေတိုနှင့်မဆို ကွင်းဆင်းအကောင်အထည်ဖော်လုပ်ဆောင်မှုတိုင်းတွင် တွေ့မြင်လိုသည့် လုပ်ဆောင်ချက်များဖြစ်သည်။ ထို အနည်းဆုံးလုပ်ငန်းဆောင်တာစုသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းတစ်ခုစီအတွက် အဓိကအချက်အချာဖြစ်လာသည်။ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် လျော့ချရေး စီမံကိန်းများအကောင်အထည်ဖော်ခြင်းကို လမ်းညွှန်ပေးရန်အတွက် အနည်းဆုံးလုပ်ငန်းဆောင်တာစု များရှိခြင်းသည် မြန်မာနိုင်ငံတွင်း ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းများ အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် ပို၍ တသမတ်တည်းတူညီမှုရှိစေသည်။ သို့သော် ၄င်းသည် အခြားသော လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန်မသင့်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ရပ်ရွာလူထု၏ လိုအပ်ချက်နှင့် အလျှော့ရှင်အဖွဲ့အစည်း၏ သီးခြား လိုအပ်ချက်များအပေါ်အခြေခံ၍ နောက်ထပ် လုပ်ဆောင်ချက်များလုပ်ဆောင်ရန် အချိန်နှင့် အရင်းအမြစ်များ ရှိပါက အခြား လုပ်ဆောင်များကိုလည်း လုပ်ဆောင်နိုင်သည်။ သီးခြားစီမံကိန်းတစ်ခုစီတွင် လုပ်ဆောင်ရမည့် ထပ်ဆောင်း လုပ်ဆောင်ချက်များ၏ ပမာဏကို ကန့်သတ်ထားခြင်းမရှိပေ။

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်တွင် မည်သည်တို့ကို တွေ့နိုင်သနည်း

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်သည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်လုပ်ဆောင်ရေးအဆင့် ၉–ဆင့်တွင် တစ်ခုစီအား အသေးစိတ်ရှင်းပြခြင်းနှင့် မြန်မာနိုင်ငံတွင် ရပ်ရွာလူထု အခြေပြုဘေးအန္တရာယ်လျော့ပါးရေးအကြောင်း နိဒါန်းဖော်ပြချက် အခန်းတို့ ပါဝင်သည်။

အပိုင်း (က)သည် မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအကြောင်း နောက်ခံသတင်းအချက် အလက်များကို နိဒါန်းယျိုးမိတ်ဆက်ခြင်းအပိုင်းဖြစ်သည်။ ၄င်းသည် မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် လျော့ပါးရေး၏ အရေးကြီးမှု၊ မြန်မာနိုင်ငံတွင်း ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးကို စိတ်ဝင်စားပတ်သက် သူများ၊ ထို့အတူ မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးကို အကောင်အထည်ဖော် လုပ်ဆောင် ရာတွင် ရင်ဆိုင်ရသော စိန်ခေါ်မှုများကို ခြုံငုံဖော်ပြခြင်းတို့ကိုဖော်ပြသော အခန်းငယ်ဖြစ်သည်။

အပိုင်း (ခ)တွင် သဘောတူဆုံးဖြတ်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့်လုပ်ဆောင်နည်းစာအုပ်တွင် အသေးစိတ်ဖော်ပြ ထားသော အဆင့် ၉–ဆင့်ကို မည်သို့ဦးဆောင်လုပ်ကိုင်ရမည်ကိုဖော်ပြသည့် ရှင်းလင်းညွှန်ကြားချက်များ ပါဝင်သည်။ ထို အဆင့် ၉–ဆင့်သည် မည်သည့် ဘတ်ဂျတ်လျာထားငွေ သို့မဟုတ် အချိန်ကန့်သတ်ချက်နှင့်မဆို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြု ကနဦးလုပ်ဆောင်ချက်များပြီးနောက် အနည်းဆုံးလုပ်ဆောင်ရန် လိုအပ်သည့် လုပ်ဆောင်ချက်များကို ထည့်သွင်းစဉ်းစားထားသည်။ ပါဝင်သော အဆင့် ၉–ဆင့်မှာ –

အဆင့် ၁ စီမံကိန်းအား ရင်းနှီးကျွမ်းဝင်စေခြင်း

အဆင့် ၂ စီမံကိန်းနေရာ ရွေးချယ်ခြင်း

အဆင့် ၃ ကနဦးအခြေအနေ လေ့လာခြင်း

အဆင့် ၄ ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း

အဆင့် ၅ ကဏ္ဍပေါင်းစုံ လေ့လာဆန်းစစ်ခြင်း

Myanmar Red Cross Society

အဆင့် ၆ လုပ်ငန်းအစီအစဉ် ဖော်ထုတ်ပြုစုခြင်း

အဆင့် ၇ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ခြင်း

အဆင့် ၈ အဆုံးသတ်အခြေအနေ လေ့လာခြင်း

အဆင့် ၉ လွှဲပြောင်းပေးအပ်ခြင်းနှင့် ထွက်ခွာခြင်းနည်းလမ်း

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်အား ပို၍လက်တွေ့ကျကျလုပ်ဆောင်နိုင်စေရန်အတွက် အခန်းတစ်ခုစီတွင် အောက်ပါ ပုံသကေ်တ အားလုံး သို့မဟုတ် အချို့တို့ ပါဝင်စေသည် –

ဤပုံသကေ်တ၏အောက်တွင် လုပ်ဆောင်ရန်စာရင်းများကို ဖော်ပြထားသည်။ ၄င်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်၏ အဆင့်တစ်ခုစီတိုင်းတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များ၊ စည်းမျဉ်းများ၊ စံချိန်စံညွှန်းများနှင့် သတ်မှတ်ချက်များကို သေချာစေရန်အတွက် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်သူမှ ပြန်လည်သုံးသပ်ရန်လိုအပ်သည့် ဖော်ပြချက်အစုကို စီမံပေးသည်။ ၄င်းအချက်တို့ကို ပြီးမြောက်မှုနှင့် တသမတ်တည်းဖြစ်မှုတို့ကို သေချာစေရန်အတွက် အချိန်နှင့်အညီ တိုက်ဆိုင်စစ်ဆေးရန် လိုအပ်သည်။

ဤ စိန်ခေါ်မှု ပုံသကေ်တသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရနိုင်သည့် အချို့သော စိန်ခေါ်မှုများကို သတိပြုမိစေသည်။ ဤပုံသကေ်တဘေးရှိ အချက်အလက်များကို သတိထားခြင်းဖြင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းလုပ်ဆောင်သူများသည် လက်တွေ့ ကွင်းဆင်းရာတွင် အချို့သော စိန်ခေါ်မှုများအတွက် သူတို့ကိုယ်ကို ပြင်ဆင်နိုင်စေပြီး တုံ့ပြန်လုပ်ဆောင်မှုများကို ပြင်ဆင်နိုင်မည်ဖြစ်သည်။

ဤသကေ်တသည် စဉ်းစားရမည့်အချက်များကို အာရုံစူးစိုက်မိစေသည်။ ထိုစဉ်းစားရမည့်အချက်များသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းတစ်ခုအား အကောင်အထည်ဖော်ရန်အတွက် စိန်ခေါ်မှုများကို တင်ပြခြင်းမဟုတ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်တွင် အချို့သောရှုထောင့်များကို သတိထားစဉ်းစားရန် အရေးကြီးသည်။ ထိုစဉ်းစားရမည့်အချက်များသည် စီမံကိန်းအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် ထည့်သွင်းစဉ်းစားသင့်သည့် ရှုထောင့်များကို အာရုံစူးစိုက်မိစေသည်။

ဤသကေ်တသည် ထပ်မံ ရည်ညွှန်းလေ့လာနိုင်သည့် ပိုမိုနက်ရှိုင်းသောသတင်းအချက်အလက်များ အရာများကို ညွှန်ပြသည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်သည် တတ်နိုင်သရွေ့ ဖတ်ရှုနားလည်လွယ်စေရန် ကြိုးပမ်းထားသော်လည်း ပိုမိုရှုပ်ထွေးသော လုပ်ငန်းစဉ်များသည် ဤလက်စွဲစာအုပ်နယ်ပယ်ထက် ကျော်လွန်သည့်အတွက် ဤလက်စွဲစာအုပ်တွင် မပါဝင်ပေ။

ဤပုံသကေ်တသည် ဤရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်စွဲစာအုပ်၏ အခြားသောအပိုင်းများတွင် ဖော်ပြထားပြီးဖြစ်သော တူညီသော သတင်းအချက်အလက်များကို ဖော်ပြခြင်းဖြစ်သည်။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်တွေ့လုပ်ဆောင်သူများအား ၄င်း ဆက်နွယ်မှုများကို တွေ့မြင်နိုင်ရန်နှင့် အမျိုးမျိုးကွဲပြားသော အဆင့်များနှင့် လုပ်ဆောင်ချက်များအကြား ရှေ့သွားနောက်ပြန်၍ ကြည့်ရှုရာတွင် လွယ်ကူစေရန်ပြုလုပ်ထားသည်။ ထိုပုံသေကံ်တအား ဖော်ပြပြီးဖြစ်သည့် သတင်းအချက်အလက်များပါဝင်သည့် အခန်း၊ ဇယား၊ အကွက်၊ ပုံအမှတ်တို့ဖြင့်အတူတကွ အသုံးပြုဖော်ပြထားသည်။

အခြားဆက်စပ်အကြောင်းအရာများ

ထို့အပြင် အချို့သော လုပ်ဆောင်မှုများတွင် အရေးကြီးသော အခြားဆက်စပ်အကြောင်းအရာများအား လိုအပ်သည့် အချိန်တွင် အာရုံစိုက်မှုကို မြှင့်တင်ပေးသည်။ အောက်ပါ ပုံသကေ်တများကို ထပ်ပေါင်းစဉ်းစား ရမည့်အရေးကိစ္စများအတွက် အသုံးပြုထားသည်။

Myanmar Red Cross Society

ရပ်ရွာလူထုအတွက် အထောက်အပံ့များအား ထိရောက်မှု မြင့်တင်ရန်နှင့် စိတ်ရှုပ်ထွေးမှုတို့ကိုလျှော့ချရန်အတွက် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေနေထိုင်ခြင်းနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးတို့ကို ပေါင်းစပ်လုပ်ဆောင်ရန် ကျယ်ကျယ်ပြန့်ပြန့်လက်ခံခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုသည် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်မှုအကြိမ်ရေမြင့်တက်လာမှုနှင့်အတူ သဘာဝဘေးအန္တရာယ်များ၏ ပြင်းထန်မှုလည်း မြင့်မားလာခြင်းတို့နှင့် ဆက်စပ်နေသည်။ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေနေထိုင်ခြင်းနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးတို့ ပေါင်းစည်းခြင်း၏ အကြောင်းရင်းသည် ရပ်ရွာလူထုအား ရာသီဥတုပြောင်းလဲမှုကြောင့် သူတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်များအပေါ် ဆိုးကျိုးသက်ရောက်မှုကို ကြိုတင်ပြင်ဆင်ကာကွယ်ထားနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် ဆက်လက်လုပ်ဆောင်နေသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သို့မဟုတ် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေနေထိုင်ရေး စီမံကိန်းများတွင် ရပ်ရွာလူထုအား အဘက်ဘက်တွင် ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားလာစေရေးအတွက် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေနေနိုင်ရေးနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကြိုးပမ်းလုပ်ဆောင်မှုများအား ပူးပေါင်းလုပ်ဆောင်နိုင်မည့်နေရာများကို သတ်မှတ်ရန် အရေးကြီးသည်။ ဘေးထိခိုက်လွယ်မှုအားအပြည့်အဝ ရည်ညွှန်းသောစီမံကိန်းများသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးနှင့် ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေ နေထိုင်ခြင်း ရှုထောင့်များကို ပေါင်းစပ်ထားသည်။ ဤသို့အားဖြင့် ရပ်ရွာလူထု၏ ဘက်ပေါင်းစုံမှလိုအပ်ချက်များနှင့် စွမ်းဆောင်ရည်တို့ကို ဦးတည်လုပ်ဆောင်ခြင်းသည် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်စွမ်းအား မြင့်တင်ရာတွင် အထူးသဖြင့် ထိရောက်မှုရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် လျော့ပါးရေးစီမံကိန်းများတွင် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ နေထိုင်ခြင်းအား ပါဝင်စေရန် ဖြစ်နိုင်မည့် နည်းလမ်းများကို နောက်ဆက်လာမည့် အခန်းများတွင် ညွှန်ပြထားသည်။

သဘာဝသယံဇာတများပေါများသည့်တိုင်းပြည်ဖြစ်သည့်အလျောက် မြန်မာနိုင်ငံတွင်းရှိ ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် ပင်ကိုယ်အားဖြင့် သူတို့၏အနီးအနားရှိ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်လျက်ရှိသည်။ ကျေးလက်ဒေသများတွင် အထူးသဖြင့် ထင်ရှားစွာပင် သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် နေ့စဉ်ဘဝအသက်တာများသည် သူတို့နှင့် နီးစပ်နေသော သစ်တောများ၊ ကုန်းမြေများနှင့် ရေထုတို့မှ ထွက်ကုန်များအပေါ်တွင် မူတည်နေသည်။ သို့သော်လည်း အချို့သောအချက်များသည် ဤသို့မှီခိုနေမှုအား အကြီးအကျယ် ပျက်စီးစေသောနည်းဖြင့် နောက်ယှက်နိုင်သည်။ သဘာဝဘေးအန္တရာယ်၏ အကျိုးသက်ရောက်မှုသည် တန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်းကျင်သယံဇာတများအား ဖျက်ဆီးနိုင်သည်။ အဆိုပါ တူညီသော သံယဇာတအရင်းအမြစ်များအား အလွန်အကျွံအသုံးပြုခြင်း သို့မဟုတ် အကန့်အသတ်မဲ့/အစီအစဉ်မဲ့ ထုတ်ယူခြင်းနှင့် အစစ်အမှန်မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများမှ ဖြစ်ပေါ်လာသော ဂေဟစနစ်ဇုန်များအပေါ်ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် နောက်ယှက်မှုတို့သည်လည်း ဖျက်ဆီးသောနည်းလမ်းတစ်ခု ဖြစ်သည်။

ကွင်းဆင်းလုပ်ဆောင်ရာတွင် အစိုးရ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေနှင့် သတ်မှတ်ချက်များသည် ပို၍တာဝန်ရှိသော ကိုင်တွယ်ဖြေရှင်းခြင်းများကို ပေးအပ်မည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ သို့သော် ရာသီဥတု ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ချရေးတို့အကြား ထင်ရှားသောချိတ်ဆက်မှုများကို ဖော်ပြပေးခြင်းအားဖြင့် စီမံကိန်း ဒီဇိုင်းပုံစံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုအရေးကိစ္စများအား ပင်မစီးကြောင်းအဖြစ် ထည့်သွင်းရန်အတွက် မည်သည့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုကာလများတွင်မဆို အချိန်ကိုက်ကာလလုပ်ဆောင်မှုအဖြစ် လုပ်ဆောင်သင့်သည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် ရပ်ရွာလူထုအတွင်းတွင် ဆန္ဒအလျောက်နှင့် တာဝန်ကျေပွန်သော လုပ်ဆောင်မှုများနှင့် ပြောင်းလဲသွားသောတွေးခေါ်မှုပုံစံတို့အားရရှိနိုင်သည်။

Myanmar Red Cross Society

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီများဖက်ဒရေးရှင်းသည် မည်သည့်အခြေအနေတွင်မဆို အာဏာအသုံးပြု၍ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးကိုဖြစ်စေ၊ အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့အားဖြစ်စေ ခြိမ်းခြောက်ခံရသည်ဟု ထင်မြင်စေခြင်း သို့မဟုတ် အမှန်တကယ်ခြိမ်းခြောက်ခြင်းတို့ကို အပြုအမူဖြင့်သော်လည်းကောင်း၊ ပစ်ပယ်ထားခြင်းဖြင့်သော်လည်းကောင်းပြုလုပ်ခြင်းကြောင့် သေဆုံးစေခြင်း၊ ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ခံစားမှုပိုင်းဆိုင်ရာထိခိုက်စေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနည်းခြင်း သို့မဟုတ် ချို့တဲ့နွမ်းပါးစေခြင်းတို့ကို အကြမ်းဖက်မှုအဖြစ် သတ်မှတ်ထားသည်။ (အကြမ်းဖက်မှုဆိုင်ရာ အဆင့်မြင့်အစည်းအဝေး၊ ဂျီနီဗာ၊ ၂၀၀၈)

အဆိုပါအဓိပ္ပါယ်သတ်မှတ်ချက်တွင် အကြမ်းဖက်မှုသည် မည်သည့် လိင်၊ အသက်အရွယ်၊ နောက်ခံအခြေအနေ၊ ယုံကြည်မှုနှင့် အခြေအနေမဆို လူတိုင်းအပေါ် အကျိုးသက်ရောက်နိုင်သောအရေးကိစ္စတစ်ခုဖြစ်ကြောင်း ယူဆချက် ပါဝင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသောအခြေအနေ၌ စီမံကိန်းအသစ်များ အကောင် အထည်ဖော်လုပ်ဆောင်ရာတွင် အကြမ်းဖက်မှုကာကွယ်ရေးကို သတိပြုထည့်သွင်းစဉ်းစားသင့်သည်။ နိုင်ငံတွင်း လူမျိုးစုဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ကွဲပြားခြားနားမှုများသည် အထူးသဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် အကြမ်းဖက်ခြင်းသို့ ဦးတည်နိုင်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မကြာသေးမီကပင် ရပ်ရွာအဆင့် လူအချင်းချင်းဆက်ဆံမှုဆိုင်ရာ အကြမ်းဖက်မှုအား ကာကွယ်ရန်၊ လျော့ပါးသက်သာစေရန်နှင့် တုံ့ပြန်ရန်ရည်ရွယ်သည့် ကနေဒါကြက်ခြေနီ အကြမ်းဖက်မှု ကာကွယ်ရေး စီမံကိန်းကို အကောင်အထည်ဖော် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။ အကြမ်းမဖက်သောနည်းလမ်းကို ဦးဆောင်ဆွေးနွေးရန်အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြမ်းဖက်မှု ကာကွယ်ရေးအသင်းကို တည်ထောင်ရန် စတင်ခဲ့ပြီးဖြစ်ကာ ၄င်းသည် အကြမ်းဖက်မှုကာကွယ်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိက တာဝန်ရှိသည်။ သို့သော်လည်း ရပ်ရွာအခြေပြု ဘေးအန္တရာယ် လျှော့ချရေး စီမံကိန်းများကို အကောင် အထည်ဖော်လုပ်ဆောင်ရာတွင် အကြမ်းဖက်မှု ကာကွယ်ရေးကိုပါ ထည့်သွင်း စဉ်းစားသင့်သည်။

ကျား/မ ဖြစ်မှုအသိနိုးကြားစေသော လုပ်ဆောင်နည်းသည် စီမံကိန်းအားလုံးတွင် ယောကျ်ားနှင့်မိန်းမများအား သူတို့၏ ကွဲပြားသောလိုအပ်ချက်များနှင့်အညီ အကျိုးကျေးဇူးခံစားရစေသည်။ ကျား/မဖြစ်မှုသည် မိန်းမနှင့် ယောကျ်ားတို့၏ လူမှုရေးအဆောက်အအုံတွင် ပါဝင်သည့်အခန်းကဏ္ဍများနှင့် ယောကျ်ားနှင့်မိန်းမတို့၏ အခန်းကဏ္ဍအပေါ် သဘောထားအမြင်တို့၏အကျိုးဆက်များကို ရည်ညွှန်းသည်။

ကမ္ဘာအဝှမ်းလက်ခံထားသော ဇီဝဖြစ်ပျက်မှုဆိုင်ရာ ကျားမသဘာဝနှင့် နှိုင်းယှဉ်လျှင် ဒေသခံရိုးရာနှင့် ယုံကြည်မှုတို့သည် ကျား/မဖြစ်မှုအပေါ် လွှမ်းမိုးထားသည်။ ထို့ကြောင့် ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် စီမံကိန်းရေးဆွဲရာတွင် ကျား/မ ဖြစ်မှုအသိနိုးကြားမှုရှိနေစေရန် အရေးကြီးသည်။ ရပ်ရွာလူထုအခြေပြု သဘာဝ ဘေးအန္တရာယ်လျော့ပါးရေးတွင် ကျား/မ ဖြစ်မှုအသိနိုးကြားရေးချဉ်းကပ်နည်း ပါဝင်စေခြင်းသည် ကျား/မ ဖြစ်မှုအရေးကိစ္စ အကြောင်းအသိပညာပေးပေးမှုထက် ပို၍ကျော်လွန်ပြီး ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးမှုအား စီမံခန့်ခွဲမှုအားဖြင့် ၄င်းအချိန်အတွင်း လွှမ်းမိုးလျက်ရှိသော မည်မျှသော ကျား/မ ခွဲခြားဆက်ဆံရေးတို့အား ပြောင်းလဲရန်အတွက် အရေးယူဆောင်ရွက်ခြင်းဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် ဆုံးဖြတ်မှုပြုလုပ်နိုင်သော ရာထူးနေရာများတွင် အများအားဖြင့် လစ်လပ်နေလေ့ရှိသည်။ ထို့အတွက်ကြောင့် ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်ရန်ဖြစ်ပေါ်လာသည့်အခါတွင် အမျိုးသမီးများ၏ ရှုထောင့်သည် ထည့်သွင်းပါဝင်လေ့မရှိပေ။

ဘေးဒုက္ခကျရောက်လွယ်သောသူအုပ်စုများကြားတွင် မသန်စွမ်းသူများသည် အများအားဖြင့် ယဉ်ကျေးမှု ဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ပုံသေအစွဲများကြောင့် အဆိုးဆုံးသော အခက်အခဲများနှင့် နှိမ့်ချမှုများကို ရင်ဆိုင်ရကြောင်း မှတ်ယူထားကြသည်။ သူတို့အား မိသားစုတွင်းနှင့် ရပ်ရွာအဖွဲ့အစည်းအတွင်း သူတို့၏ နေ့စဉ်ဘဝတွင် ဘေးဖယ်ထားခြင်းနှင့် တစ်ကိုယ်တည်းဖြစ်ခြင်းတို့ကို နေရာအနှံ့အပြားတွင် တွေ့ကြုံနေရ သေးသည်။ သူတို့သည် လူမှုစီးပွားရေးနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှု စီမံခန့်ခွဲရေးလုပ်ဆောင်ချက်များ အပါအဝင် ရပ်ရွာလူထု၏ လှုပ်ရှားမှုများတွင် ပါဝင်မှုနည်းခြင်းကြောင့် ဘေးအန္တရာယ်အချိန်များတွင် သူတို့အား တွေ့မြင်နိုင်ရန် ဖြစ်နိုင်ခြေ နည်းပါးသည်။ အကျိုးဆက်အားဖြင့် သူတို့၏ လိုအပ်ချက်များကို လုံလောက်စွာ မတွေ့မြင်နိုင်ခြင်း သို့မဟုတ် လျစ်လျူရှုခံရခြင်းအန္တရာယ်ပိုမိုရှိနိုင်သည်။

Myanmar Red Cross Society

ရွှေ့ပြောင်းရခြင်းဒုက္ခများနှင့် အကြား၊ သင်ယူမှု သို့မဟုတ် အမြင် ချို့ယွင်းမှုတို့ကြောင့် သဘာဝဘေးအန္တရာယ် မဖြစ်မီ၊ ဖြစ်ဆဲနှင့် ဖြစ်ပြီး တင်းမာ၍ အန္တရာယ်များနှင့်ပြီးသောအခြေအနေများတွင် နောက်ထပ် ဒုက္ခ ပြဿနာများလည်း ထပ်မံပိုလာနိုင်သည်။ ထို့ကြောင့် ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ် လျှော့ချရေး စီမံကိန်းများအတွက် အစီအစဉ်များရေးဆွဲနေချိန်တွင် မသန်စွမ်းသောသူများအား ထည့်သွင်းစဉ်းစားကြောင်း သေချာစေရန် အရေးကြီးသည်။ ကျား/မ သတိထားရသောချဉ်းကပ်နည်းတွင်ဖော်ပြထားသကဲ့သို့ အမျိုးသမီးများအား ဆုံးဖြတ်ချက်ချမှတ်သည့်ရာထူး နေရာတွင် ဖယ်ချန်ထားခြင်းကဲ့သို့ မသန်စွမ်းသူများသည်လည်း ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအစီအစဉ်ဆွဲရာတွင် ပူးပေါင်းပါဝင်သောအစီအစဉ်ရေးဆွဲခြင်းနှင့် ဆန်းစစ်လေ့လာခြင်းလုပ်ငန်းစဉ်တွင် သူတို့၏ စွမ်းဆောင်နိုင်မှုများနှင့် ဘေးဒုက္ခကျရောက်လွယ်မှုတို့ ပါဝင်ခြင်းမရှိပေ။

မသန်စွမ်းသူများအားပါဝင်စေသော ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ပါးရေးသည် ဘေးအန္တရာယ်၏ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် သို့မဟုတ် ကန့်သတ်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် လိုအပ်ချက်များအား လက်တွေ့တွင် မည်သို့ဖော်ထုတ်သတ်မှတ်နိုင်မည်၊ သူတို့သည် ဘေးအန္တရာယ် လျော့ပါးရေးတွင် မည်သို့ ပါဝင်၍ ကူညီထောက်ပံ့နိုင်မည်ကို ထည့်သွင်းစဉ်းစားပေးသည်။ အချို့သော မသန်စွမ်းသူ များသည် တက်ကြွစွာပါဝင်လှုပ်ရှားနိုင်ရန်အတွက် (အကူပစ္စည်းများနှင့် အများကြားတွင် လိုက်လျောညီထွေ ဖြစ်အောင်ပြုလုပ်ထားသော ပတ်ဝန်းကျင် စသည့်) ထူးခြားသောအထောက်အပံ့များကို လိုအပ်သော်လည်း အခြားသောသူများမှာ မသန်စွမ်းကြသော်လည်း တိတ်ဆိတ်ဆန်းသစ်သော ဖြေရှင်းနည်းများ၊ ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းများကို ဖော်ထုတ်ပေးနိုင်ပြီး ဘေးအန္တရာယ် လျော့ပါးရေးလုပ်ဆောင်မှုများတွင် ရပ်ရွာလူထုတစ်ရပ်လုံးအား အကျိုးဖြစ်စေမည့် ကောင်းမွန်သော အတွေ့အကြုံများ၊ အကြံဉာဏ်များရှိကြသည်။ ဘေးအန္တရာယ်လျော့ပါးရေးတွင် ပါဝင်ပတ်သက်သူများများအတွက် စိန်ခေါ်မှုမှာ မသန်စွမ်းသူ များအား သူတို့၏ ရပ်ရွာအဖွဲ့အစည်းအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုမဟုတ်ဘဲ တန်ဖိုးရှိသောသူအဖြစ် သတ်မှတ်၍ သူတို့ ပါဝင်လုပ်ဆောင်စေနိုင်မည့် အကောင်းဆုံးနည်းလမ်းကို ဖော်ထုတ်ခြင်းပင်ဖြစ်သည်။

သင်သည် မည်သည့်နေရာတွင် မည်သည်ကို ရှာတွေ့နိုင်မည်နည်း။

ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ် လျော့ပါးရေး အဆင့် ၉–ဆင့်တွင် တစ်ခုစီအား အခန်းတစ်ခုစီတွင် သီးသန့်ဖော်ပြထားသည်။ အခန်းတစ်ခုချင်းစီသည် ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ် လျော့ပါးရေးအဆင့် တစ်ခုစီအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရန်လိုအပ်သည့် အမျိုးမျိုးသော လုပ်ဆောင်ချက်များကို ဖော်ပြထားပြီး ထိုလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သော ထောက်ပံ့မှုနှင့် အကြံဉာဏ်များကိုပေးသည်။ ပုံ ၁– အခန်းများအား ခြုံငုံကြည့်ခြင်း သည် အခန်းအသီးသီး၏အကြောင်းကို ခြုံငုံဖော်ပြချက်အား ပြသထားသည်။

Myanmar Red Cross Society

Myanmar Red Cross Society

ပုံ ၁
အခန်းတစ်ခုလုံးအား မြင်ရုံကြည့်ခြင်း

လုပ်ငန်းစဉ် ၁။	လုပ်ငန်းစဉ် ၂။	လုပ်ငန်းစဉ် ၃။	လုပ်ငန်းစဉ် ၄။
စီမံကိန်းအား ရင်းနှီးကျွမ်းဝင်စေခြင်း	စီမံကိန်းနေရာ ရွေးချယ်ခြင်း	ကနဦးအခြေအနေ လေ့လာခြင်း	ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း
• ရပ်ရွာလူထု အခြေပြု ဘေးအန္တရာယ်လျော့ချရေးလုပ်ဆောင်ချက်များအား ရင်းနှီးကျွမ်းဝင်စေခြင်း • ရပ်ရွာလူထု အခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းအား မိတ်ဆက်ခြင်း	• အချက်အလက်များ ကောက်ယူစုဆောင်းခြင်း • ညှိနှိုင်းအကြံပေးစည်းဝေးပွဲများ • ကျေးရွာများနှင့် ကျောင်းများအား ဆန်းစစ်လေ့လာခြင်း • စီမံကိန်းနေရာ ရွေးချယ်ခြင်း	• စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေးအဖွဲ့အား ဖွဲ့စည်းခြင်း • စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေးအဖွဲ့အား သင်တန်းပေးခြင်း • အချက်အလက် ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း	• ရပ်ရွာလူထု/ကျောင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း • လုပ်ငန်းကဏ္ဍနှင့် တာဝန်သင်တန်းပေးခြင်း • သင်တန်းလိုအပ်ချက်အား ဆန်းစစ်လေ့လာခြင်း
အခန်း ၁	အခန်း ၂	အခန်း ၃	အခန်း ၄

Myanmar Red Cross Society

လုပ်ငန်းစဉ် ၅။

ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာခြင်း

- ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာမှု အဖွဲ့ ဖွဲ့စည်းခြင်း
- သင်တန်းပေးခြင်းနှင့် ဆန်းစစ်လေ့လာခြင်း တိုပါဝင်သော ကွင်းဆင်းအစီအစဉ်
- ဆန်းစစ်လေ့လာမှု အစီရင်ခံစာ

အခန်း ၅

လုပ်ငန်းစဉ် ၆။

လုပ်နိုးဆောင်ရွက်မှု အစီအစဉ်အား ဖော်ထုတ်ခြင်း

- ပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်
- အရင်းအမြစ်များ ဖော်ထုတ်သတ်မှတ်ခြင်း
- အဆိုပြုလွှာ ရေးသားခြင်း

အခန်း ၆

လုပ်ငန်းစဉ် ၇။

လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ခြင်း

- လုပ်ငန်းတာန်များ ခွဲဝေချထားခြင်း
- စွမ်းဆောင်ရည် တည်ဆောက်ခြင်း
- အရင်းအမြစ်များ ခွဲဝေအသုံးချခြင်း
- လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

အခန်း ၇

လုပ်ငန်းစဉ် ၈။

အဆုံးသတ်အခြေအ နေလေ့လာချက်

- စောင့်ကြည့်လေ့လာ ခြင်းနှင့်အကဲဖြတ် ခြင်းဆိုင်ရာ မွမ်းမံ သင်တန်း
- အချက်အလက် ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း

အခန်း ၈

လုပ်ငန်းစဉ် ၉။

လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ်

- လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များအား ပြန်လည်သုံးသပ်ခြင်း
- စီမံကိန်း စာရွက် စာတမ်းများအား လွှဲပြောင်း ပေးအပ်ခြင်း

အခန်း ၉

Myanmar Cross Society

Part A

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ပါးရေး

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ရပ်ရွာလူထုအခြေပြု စီမံကိန်းများ အားလုံးအတွက် ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ် လျှော့ချရေး တူညီသောလုပ်ငန်းစဉ်အား မြန်မာနိုင်ငံကြက်ခြေနီအသင်း ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးမူဘောင်အရ ဖော်ထုတ်ပြုစုထားခြင်းဖြစ်သည်။ ရပ်ရွာလူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ပါးရေး၏ အဆင့် ၉–ဆင့်အား ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနတွင် လုပ်ကိုင်နေသော မြန်မာနိုင်ငံကြက်ခြေနီအသင်း၀န်ထမ်းအားလုံးနှင့်အတူ (အသင်းခွဲဖွဲ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး စသည့်) အခြားဌာနများမှ ရွေးချယ်ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း၀န်ထမ်းများ ပါ၀င်သော ပူးပေါင်း ဆောင်ရွက်သည့်လုပ်ငန်းစဉ်တို့မှ ဖော်ထုတ်ထားခြင်းဖြစ်သည်။ ဤ အဆင့် ၉–ဆင့်အား သီးခြားလုပ်ငန်းစဉ်အဖြစ် မှတ်ယူခြင်းမပြုရန်အတွက် သိရှိထားရန် အရေးကြီးသည်။

Myanmar Red Cross Society

စီမံကိန်းသည် အဆင့်အသီးသီးတွင် စီမံကိန်းအားမိတ်ဆက်ရှင်းလင်းခြင်းဖြင့် စတင်သော်လည်း နောက်တွင် ပါသော အဆင့်များတွင် ထပ်နေခြင်းများရှိသည်။ အထူးသဖြင့် စီမံကိန်းနေရာနှင့်ပတ်သက်၍ ပထမဦးဆုံး ဆွေးနွေးခြင်းဖြစ်သည့် စီမံကိန်းနေရာရွေးချယ်ခြင်းကို အမှန်တကယ်တွင် စီမံကိန်းအား မိတ်ဆက်ရှင်းလင်းခြင်း အစည်းအဝေးတွင်ပြုလုပ်သည်။ ဥပမာအားဖြင့် ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်းသည် ကာလအပိုင်း အခြားတစ်ခုအပြီးတွင် ရပ်သွားခြင်းမဟုတ်ဘဲ စီမံကိန်းကာလတစ်လျှောက်လုံးတွင် ဦးဆောင်ဆွေးနွေးနေရခြင်း ဖြစ်သည်။ အဆင့် ၅ နှင့် ၆ (ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာခြင်းနှင့် လုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေးဆွဲခြင်း)တို့ကို အများအားဖြင့် တစ်ချိန်တည်းမှာပင် ဆောင်ရွက်လေ့ရှိပြီး ၄င်းတို့ကို အနည်းနှင့်အများ တစ်ဆင့်တည်းအဖြစ် သတ်မှတ်သင့်သည်။ ထို့ပြင် ထောက်ခံအားပေးမှုရအောင်ဆောင်ရွက်ခြင်းနှင့် ထွက်ခွာခြင်းနည်းလမ်းအား ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဟူသည့် လုပ်ငန်းစဉ်နှစ်ခုသည် စီမံကိန်းအား အကောင်အထည်ဖော် နေစဉ် တစ်လျှောက်လုံးတွင် လုပ်ဆောင်သွားရမည်ဖြစ်သည်။ လုပ်ငန်းစဉ်နှစ်ခုစလုံးသည် စီမံကိန်း၏ အစောပိုင်းတွင်စတင်ပြီး နောက်ဆုံးလွှဲပြောင်းပေးအပ်သည့်အဆင့်အထိ ဆက်လက်လုပ်ဆောင်သွားသည်။

ပုံ ၁ – အခန်းအား ခြုံငုံကြည့်ခြင်းသည် ကွဲပြားသောအဆင့် ၉–ဆင့်နှင့်အတူ အဆင့်တိုင်းတွင်ပါ၀င်သော အဓိက လုပ်ဆောင်ချက်များကို တင်ပြသည်။

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ ထိုက်သင့်ဆီလျော်ခြင်း

မည်သည့်နည်းနှင့်မဆို ရပ်ရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ် လျှော့ချရေးသည် မြန်မာနိုင်ငံအပေါ် တစ်နည်းနည်းဖြင့် အကျိုးကျေးဇူး ရှိမရှိ မေးမြန်းလာပါက အဖြေသည် မလွဲမသွေ အကျိုးရှိကြောင်း ပြောရပေမည်။ ဤခိုင်မာသောအဆိုအား ဆုံးဖြတ်ပေးခြင်းသည် အောက်ပါ မြင်းပယ်နိုင်သော အဓိက အချက် နှစ်ချက်ကြောင့်ဖြစ်သည်။

၁. မြန်မာနိုင်ငံသည် လိုသည်ထက်ပိုသော သဘာဝဘေးအန္တရာယ်များကို ခံနိုင်စွမ်းမရှိချေ။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) အဖွဲ့၏ ခြုံငုံသုံးသပ်မှုမှ မြန်မာနိုင်ငံအား အာရှပစိတ်ဒေသရှိ ဘေးအန္တရာယ်ဖြစ်လွယ်သော နိုင်ငံများ အနက်မှ တစ်နိုင်ငံဖြစ်ပြီး ၂၀၁၂–ခုနှစ်တွင် ဘေးအန္တရာယ်မကင်းဆုံး အဖြစ်ယူဆလျက် ကြေငြာခဲ့သည်။ ဖြစ်စဉ်သမိုင်းမှတ်တမ်းများအရ ဤနိုင်ငံသည် ကျယ်ပြန့်သော အန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ ဆိုင်ကလုံး၊ မြေငလျင်လှုပ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မြေပြိုခြင်းနှင့် ဆူနာမီတို့ ဖြစ်လွယ်ပြီး နှစ်နှစ်လျှင်တစ်ကြိမ်ခန့် အလယ်အလတ်မှ အတိုင်းအတာအလွန်ကြီးမားသော သဘာဝဘေးအန္တရာယ်များဖြစ်ပွားရန် ဖြစ်နိုင်ခြေမြင့်မားသည်။ Tri-partite Core Group (TCG) အဖွဲ့မှ ကမကထပြု၍ နာဂစ်အပြီး ပူးပေါင်းဆန်းစစ်လေ့လာချက်

အစီရင်ခံစာကို ၂၀၀၈–ခုနှစ်တွင် ပြလုပ်ခဲ့ရာတွင်လည်း သက်ရောက်မှုမြင့်မားပြီး ကြိမ်နှုန်းနိမ့်သည့် သဘာဝအန္တရာယ်များကို မြန်မာနိုင်ငံ၏ ဒဏ်ခံနိုင်စွမ်းနည်းမှုကို အလေးပေးဖော်ပြခဲ့သည်။ ၂၀၀၆–ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ မြန်မာနိုင်ငံတွင် ကြီးမားသောအန္တရာယ်ဖြစ်ပွားမှုကို ဇယား ၁ – ၂၀၀၆–၂၀၁၃ မြန်မာနိုင်ငံတွင် ကြီးမားသောအန္တရာယ်ဖြစ်ရပ်များ တွင် အနှစ်ချုပ်ဖော်ပြထားသည်။

ဇယား ၁
၂၀၀၆–၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကြီးမားသောအန္တရာယ်ဖြစ်ရပ်များ

၂၀၀၆–ခုနှစ်၊ ဧပြီလ (မာလာဆိုင်ကလုန်း)
မာလာဆိုင်ကလုန်းသည် ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်မြောက်ပိုင်းအား ၂၀၀၆–ခုနှစ်၊ ဧပြီလတွင် တိုက်ခတ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆.၇ သန်းထက်မနည်းတန်ဖိုးရှိသည့် ပျက်စီးဆုံးရှုံးမှုများကို ချန်ထားခဲ့သည်။

၂၀၀၈–ခုနှစ်၊ မေလ (ဆိုင်ကလုန်းနာဂစ်)
ဆိုင်ကလုန်းနာဂစ်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းတို့တွင် လူပေါင်း ၁၄၀၀၀၀ ခန့် သေပျောက် ဆုံးရှုံးစေခဲ့သည်။ ခန့်မှန်းခြေ လူ ၂.၄ သန်းတို့သည် သူတို့၏ ပိုင်ဆိုင်ဥစ္စာများ တချို့တဝက် သို့မဟုတ် အားလုံး၊ သူတို့၏နေအိမ်များ၊ အသက်မွေးဝမ်းကျောင်းမှုများကို ဆုံးရှုံးခဲ့ရသည်။

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (ဆိုင်ကလုန်း ဂီရီ)
အနည်းဆုံး လူ ၄၅ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၀၀,၀၀၀ တို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၂၆၀,၀၀၀ ခန့်မှာ ထိခိုက် ခံခဲ့ရသည်။ အိမ်ပေါင်း ၂၀,၃၀၀၊ စိုက်ပျိုးမြေပေါင်း ၁၇,၅၀၀ ဧကနှင့် ငါးမွေးမြူရေးကန် ဧက ၅၀,၀၀၀ ခန့် ဆိုင်ကလုံးဂီရီကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

၂၀၁၁ ခုနှစ်၊ မတ်လ (ရှမ်းပြည်နယ်တွင် ၆.၈ စကေး မြေငလျင်)
လူပေါင်း ၁၈,၀၀၀ တို့ ထိခိုက်ခံခဲ့ရသည်။ အနည်းဆုံး လူ ၇၄ ဦးသေဆုံးခဲ့ပြီး ၁၂၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ လူပေါင်း ၃,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (မကွေးတိုင်းတွင် ရေကြီးခြင်း)
လူပေါင်း ၃၀,၀၀၀ ခန့် အတိုင်းအတာအမျိုးမျိုးဖြင့် ထိခိုက်ခံခဲ့ရသည်။ အိမ်ပေါင်း ၃၅၀၀ ကျော်ခန့်နှင့် သီးနှံစိုက်မြေဏက ၅၄၀၀ ခန့် ဖျက်ဆီးခံခဲ့ရပြီး မတော်တဆထိခိုက်သူများမှာ ၁၆၂ ဦးခန့် ရှိသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (မြန်မာနိုင်ငံအနှံ့ ရေကြီးခြင်း)
တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ရေကြီးခြင်းသည် လူပေါင်း ၈၆,၀၀၀ တို့အား ရွှေ့ပြောင်းနေထိုင်ခဲ့ရစေပြီး လူဦးရေ ၂၈၇,၀၀၀ ကျော်တို့ ထိခိုက်ခံခဲ့ရသည်။ ဧရာဝတီတိုင်းသည် အဆိုးဆုံးထိခိုက်ခံရကာ လူပေါင်း ၄၈,၀၀၀ ခန့် ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ လယ်မြေ ၁၃၆,၀၀၀ ဧကကျော်ခန့်၊ နေအိမ်များ၊ လမ်းများနှင့် တံတားများ ပျက်စီးခဲ့ရသည်။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (မြန်မာနိုင်ငံမြောက်ပိုင်း ၆.၈ စကေးရှိ ငလျင်)
အနည်းဆုံး လူ ၁၇–ဦး သေဆုံးခဲ့ပြီး ၁၁–ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အိမ်ပေါင်း ၁၄၃၇ အိမ်၊ ကျောင်း ၁၃၈ ကျောင်း၊ ဘုရား ၃၉၁ ဆူနှင့် ဘုန်းကြီးကျောင်း ၂၀၀ ကျော်တို့ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်။

၂၀၁၃ ခုနှစ်၊ မေလ (အပူပိုင်းမုန်တိုင်း)
ရခိုင်တွင်နေထိုင်သော လူ ၁၂,၀၀၀ ခန့်တို့သည် အစိုးရ၏ ထောက်ပံ့မှုဖြင့် ကြိုတင်ခန့်မှန်းထားသော ဆိုင်ကလုန်းအတွက် ပို၍လုံခြုံသောနေရာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ နောက်ဆုံးတွင် မုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထိခိုက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ထိခိုက်မှုမှာ အနည်းငယ်မျှသာ ဖြစ်သွားသည်။

ရင်းမြစ် – OCHA မှ ဖြေဆိုဖော်ပြချက်

Myanmar Red Cross Society

၂. မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်လျော့ပါးရေးသည် အမျိုးသားရေးဦးစားပေးကိစ္စတစ်ရပ်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များသည် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေတို့ အပေါ် ဆိုးကျိုးသက်ရောက်စေကြောင်း ကျွန်ုပ်တို့တွင် အထောက်အထားများစွာ တွေ့မြင်ရပြီးဖြစ်သည်။ သို့သော် ထိုအထောက်အထားများက ပြဆိုသည်မှာ ဘေးအန္တရာယ်များသည် ၂၀၀၈ ခုနှစ် ဆိုင်ကလုံးနာဂစ်အရေးတွင် ထူးခြားသောပြောင်းလဲမှုများကို လှုံ့ဆော်ပေးခြင်းကဲ့သို့သော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည်။ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ငွေများနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ စုပြုံကျလာခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမြင်ကွင်းအား ပြောင်းလဲ ခဲ့သည်။ ဘေးအန္တရာယ်သည် မြန်မာလူမျိုးများအား ဆုံးရှုံးမှုလျှော့ချရေးနည်းလမ်းများနှင့် နောက်ထပ် ဘေးအန္တရာယ်ဖြစ်ပွားမှုများမှ သူတို့ကိုယ်ကိုယ်သူတို့ကာကွယ်ရန်ဖြစ်နိုင်ခြေများအတွက် မျက်စိအမြင်ကို ဖွင့်ပေးခဲ့သည်။

အမျိုးသားမူဘောင်ဖြစ်သည့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် (MAPDRR) ကို ဖော်ထုတ်ခြင်းနှင့်အတူ MAPDRR ၏ ဦးတည်ချက်များ၊ ဘေးအန္တရာယ်လျော့ပါးရေး နှင့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးတို့ လုပ်ဆောင်အောင်မြင်မှုကို ကြီးကြပ်နိုင်ရန် စုပေါင်းဖွဲ့စည်းထားသော အဖွဲ့ အစည်းများ သဘောတူညီမှု စတင်ထူထောင်ခြင်းကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်၏ အဓိက ဦးစားပေးအဖြစ် မြင့်တင်ခဲ့သည်။ ဤကြိုးပမ်းအားထုတ်မှုတွင် နိုင်ငံတကာမိတ်ဖက်အဖွဲ့များ၏ ကူညီလိုသော စိတ်ထက်သန်မှု

ပိုမိုခြင်းနှင့်အတူ ကျွန်ုပ်တို့သည် ဤတွန်းအားကို ဘေးအန္တရာယ်လျော့ပါးရေး ကောင်းမွန်မှုအတွက် အခွင့်ကောင်းယူ၍ ဘေးအန္တရာယ်လျော့ပါးရေးနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ကနဦး လုပ်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံမိစေရန်အတွက် ကြိုးပမ်းရန် အရေးကြီးပေသည်။

မြန်မာနိုင်ငံတွင်းရှိ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ပါဝင်ပတ်သက်သူများ

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးချဉ်းကပ်နည်းတွင် ပါဝင်သော ပါဝင်ပတ်သက်သူအုပ်စု အမျိုးမျိုး တို့သည် ကျယ်ပြန့်ပြီး ၄င်းသည် အဆင့်အမျိုးမျိုးတို့တွင် တွဲဖက်ပံ့ပိုးမှုများလိုအပ်သည်။ ၄င်းအဆင့်များတွင် နိုင်ငံတော်အဆင့်၊ နိုင်ငံတော်လက်ခွဲအဆင့် နှင့် ဒေသခံအဆင့် စသည့်အဆင့်တို့ပါဝင်ပြီး ဘေးအန္တရာယ် လျှော့ချရေး လုပ်ဆောင်သူများသာမက ဆက်စပ်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများမှ ကိုယ်စားလှယ် အဖွဲ့များ ပါဝင်သည်။ မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လက်ဦးယူလုပ်ဆောင်မှုများအား အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ဤအခန်းငယ်သည် အဆင့်တစ်ဆင့်စီရှိ စိတ်ဝင်စား ပတ်သက်သူအမျိုးမျိုးအား လေ့လာစိတ်ဖြာနိုင်ရန်အတွက် ရည်ရွယ်သည်။ သို့မှသာ အဆိုပါ အရေးကြီးသော လုပ်ဆောင်သူများအား ကောင်းစွာနားလည်မှုရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အဆင့် ပါဝင်ပတ်သက်သူများ

အဓိကအားဖြင့် ပြီးခဲ့သည့်ဆယ်နှစ်တာကာလအတွင်းတွင် အများအပြားသော ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအနှံ့ ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းတို့တွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်လာခဲ့ကြသည်။ အမြင့်ဆုံး အဆင့်ရှိ ဆုံးဖြတ်ချက်ပြုလုပ်ပိုင်ခွင့်ရှိသူများဖြစ်သည့်အလျောက် နိုင်ငံတွင်း ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးအကောင်အထည်ဖော်လုပ်ဆောင်ရာတွင် နိုင်ငံရေးဆိုင်ရာ ထောက်ခံချက်ပေးခြင်းနှင့် ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အရင်းအမြစ်များ တရားဝင် ခွဲဝေချထားခြင်းတို့အတွက် အဆိုပါအဖွဲ့များ၏ ပါဝင်မှုသည် အရေးကြီးသည်။ နိုင်ငံတော်အဆင့်တွင် အဓိကလုပ်ဆောင်သူများကို အစိုးရ နှင့် အစိုးရမဟုတ်သောကဏ္ဍ ဟူသည့် အပိုင်းကဏ္ဍနှစ်ခုခွဲခြားနိုင်သည်။

Myanmar Red Cross Society

အစိုးရကဏ္ဍတွင် အဓိက ဘေးအန္တရာယ်လျော့ပါးရေးပါဝင်ပတ်သက်သူများမှာ

+ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** (MSWRR) - ဤဝန်ကြီးဌာနသည် ဘေးအန္တရာယ်လျော့ပါးရေးတွင် အမျိုးသားရေးရာနှင့် ဝန်ကြီးဌာနရေးရာမူဝါဒနှင့် စီမံကိန်း၏ တစ်နိုင်ငံလုံးဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေးအတွက် တာဝန်ရှိသည်။ လူမှုဖူလုံရေး၊ သက်သာချောင်ချိရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MSWRR) ၏ ဌာနများအနက်မှ တစ်ခုဖြစ်သည့် သက်သာချောင်ချိရေးနှင့် ပြန်လည်နေရာချထားရေးဌာနသည် ဘေးအန္တရာယ်လျော့ပါးရေး အတွက် မြန်မာနိုင်ငံ၏ လုပ်ဆောင်မှုအစီအစဉ် ဖော်ထုတ်ရေးကို ဦးဆောင်နေပြီး ၄င်းသည် အစိုးရ အဖွဲ့အစည်းအဆင့်အားလုံး၏ လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများမြှင့်တင်ရေးနှင့် လူထုအား ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်သည့်ပညာပေးရန်တာဝန်ရှိသော ဘေးအန္တရာယ်လျော့ပါးရေး နည်းပညာ ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဖြစ်သည်။
+ **မြန်မာနိုင်ငံဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ဆောင်ရေးကော်မတီ** (DMWC) – ကော်မတီခွဲ ၁၃–ခု တို့၏ ထောက်ပံ့မှုဖြင့် ထိရောက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းကို ပံ့ပိုးပေးရန် ဖွဲ့စည်းတည်ရှိသည်။
+ **မြန်မာနိုင်ငံဆိုင်ရာ အမျိုးသား ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ကော်မတီ** – ပြည်ထဲရေးဝန်ကြီးမှ ဥက္ကဋ္ဌဖြစ်ပြီး လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးနှင့် နိုင်ငံတော်ဥက္ကဋ္ဌရုံးဝန်ကြီးတို့မှူးတွဲအုပ်ချုပ်သည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး အတွက် ဒုဝန်ကြီးသည် အတွင်းရေးမှူးအဖြစ် ထမ်းဆောင်ပြီး ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက်အတွင်းရေးမှူးဖြစ်သည်။ ဤကော်မတီတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်နေသောဌာနများနှင့် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင် ၁၇–ဦးပါရှိသည်။
+ **အခြား အထောက်အကူပြု ဝန်ကြီးဌာနများနှင့် ဌာနများ** – ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ စနစ် အတွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဌာနများအားလုံးတွင် သူတို့၏ ဝန်ကြီးဌာနအဆင့် လုပ်ဆောင်မှုများ အတွင်း၊ သူတို့၏ အမျိုးသား ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် အဖွဲ့ဝင်ဖြစ်မှုအရ ဘေးအန္တရာယ် လျှော့ချရေးကို ထောက်ပံ့ပေးရန် လုပ်ပိုင်ခွင့်ရှိသည်။ အခြားဆက်စပ်နေသော ကော်မတီများသည် အမျိုးသားအဆင့် ဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းများကို ထောက်ပံ့ပေးရန် လိုအပ်သည်။ များစွာသော ဝန်ကြီးဌာနတို့သည် မိမိတို့၏ သီးခြားလုပ်ဆောင်မှုနယ်ပယ်အလိုက်သော်လည်းကောင်း အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်၍သော်လည်းကောင်း

ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ ပေါင်းစပ် ထည့်သွင်းရန်အတွက် သူတို့၏ အချိန်နှင့် အင်အားစိုက်ထုတ်မှုတို့ကို တက်ကြွစွာပေးအပ်ခဲ့ကြပြီးဖြစ်သည်။

အမျိုးသားအဆင့် အစိုးရမဟုတ်သောကဏ္ဍများတွင် အဓိကပါဝင်ပတ်သက်သူများများမှာ

+ **ကြက်ခြေနီလူပ်ရှားမှု** – အပြည်ပြည်ဆိုင်ရာကြက်ခြေနီလူပ်ရှားမှု၏ အမျိုးသား ဒေသဆိုင်ရာအသင်းဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်လျော့ပါးရေး၏ ဦးဆောင်ကျင့်သုံးခဲ့ပြီး ၂၀၀၀ ခုနှစ်မှစ၍ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအယူအဆကို ရှေ့ဆောင်ပြုလုပ်ခဲ့သည့် အဖွဲ့ အစည်း ဖြစ်သည်။ ၄င်းအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအဖွဲ့ဖက်ဒရေးရှင်းမှ ရန်ကုန်ရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအဖွဲ့ဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့မှ နည်းပညာပိုင်းနှင့် ဘဏ္ဍာ ရေးပိုင်း နှစ်ခုစလုံးတို့ဖြင့် အဓိက ပံ့ပိုးပေးသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအား နည်းပညာပိုင်းနှင့် ဘဏ္ဍာ ရေးပိုင်းဆိုင်ရာ ထောက်ပံ့ပေးနေသော နိုင်ငံအတွင်း ဘေးအန္တရာယ်လျော့ပါးရေး၌ တက်ကြွစွာ ပါဝင်လှုပ်ရှားသော အခြား ကြက်ခြေနီအဖွဲ့အစည်းများမှာ သြစတြေးလျကြက်ခြေနီ၊ အမေရိကန်ကြက်ခြေနီ၊ ဟောင်ကောင်ကြက်ခြေနီ၊ ဒိန်းမတ်ကြက်ခြေနီ၊ ကနေဒါကြက်ခြေနီနှင့် ပြင်သစ်ကြက်ခြေနီတို့ ဖြစ်ကြသည်။

+ **ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့များ** – မြန်မာနိုင်ငံတွင်း လုပ်ကိုင်နေကြသော ကုလသမဂ္ဂကိုယ်စားလှယ် အဖွဲ့ အစည်းများအားလုံးအနက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းခွင်အတွင်း အတက်ကြွဆုံးသော အဖွဲ့အစည်း များမှာ UNDP, UNESCO, UNICEF, UNHABITAT နှင့် UNOCHA တို့ဖြစ်ကြသည်။

+ **အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် မြို့ပြလူမှုအဖွဲ့အစည်းများ** (CSOs) – မြန်မာနိုင်ငံတွင်း ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းခွင်တွင် တက်ကြွစွာလုပ်ဆောင်နေကြသော နိုင်ငံတကာနှင့် ဒေသခံ အစိုးရမဟုတ်သောအဖွဲ့အစည်းများ မြို့ပြလူမှုအဖွဲ့အစည်းပေါင်း (၁၀၀)ကျော်ရှိသည်။

နိုင်ငံတော်လက်ခွဲအဆင့် ပါဝင်ပတ်သက်သူများ

အမျိုးသားလက်ခွဲအဆင့် အဓိက ပါဝင်ပတ်သက်သူများမှာ

+ **ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင် နှင့် မြို့နယ်အဆင့် အစိုးရအာဏာပိုင်များ** – အဓိကအားဖြင့် တိုင်းဒေသကြီး၊ မြို့နယ် နှင့် ခရိုင်အဆင့် ဘေးအန္တရာယ်လျော့ပါးရေး ကိုယ်စားလှယ်အဖွဲ့များတွင် သက်ဆိုင်ရာဌာနများ (ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ အထွေထွေ အုပ်ချုပ်ရေး စသည်)မှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်မှုအာဏာပိုင်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးတွင် ထမ်းဆောင်နေသောဝန်ထမ်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ အခြား ဆက်စပ်လျက်ရှိသော ဌာနများ၊ တိုင်းဒေသ/မြို့နယ်/ခရိုင် ပညာရေးအဖွဲ့နှင့် အစိုးရနှင့် ပေါင်းစည်းထားသော အဖွဲ့အစည်း အများအပြားတို့ ပါဝင်သည်။

+ **တည်ရှိပြီးဖြစ်သော ကြက်ခြေနီဖွဲ့စည်းမှုများ** – ၄င်းတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်တွင် ကြက်ခြေနီ အုပ်ချုပ်မှုကော်မတီများ နှင့်အတူ ကြက်ခြေနီ အမှုဆောင်ကော်မတီများနှင့် မြို့နယ်အဆင့်တွင် အဖွဲ့ဝင်များပါဝင်ပြီး

+ **အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများ** – နိုင်ငံတော်လက်ခွဲအဆင့်တွင် လုပ်ဆောင်နေသူများတွင် သီးသန့် သုတေသနနှင့် ပညာရေးတက္ကသိုလ်များပါဝင်သည်။

ဒေသတွင်းအဆင့် ပါဝင်ပတ်သက်သူများ

ဒေသခံနှင့် ရပ်ရွာလူထုအဆင့်တွင် စိတ်ပါဝင်စားပတ်သက်သူများကို အောက်ပါအတိုင်း သတ်မှတ်နိုင်သည်

+ **ဒေသခံ အာဏာပိုင်များ** – ကျေးရွာ၊ ရပ်ကွက်အဆင့် အုပ်ချုပ်မှုအဖွဲ့များ၊ ကျေးရွာအဆင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ကော်မတီများ သို့မဟုတ် ကျေးရွာအဆင့်နှင့် ညီသော မြန်မာဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအဖွဲ့၊ ကျောင်းအာဏာပိုင်များနှင့် ဆရာဆရာမများ နှင့် အစိုးရနှင့် တွဲဖက်ထားသော အဖွဲ့အစည်းအုပ်စုများ

+ **ဒေသခံအဆင့် ကြက်ခြေနီအသင်းခွဲများ** ကြက်ခြေနီစေတနာ့ဝန်ထမ်းများ (RCVs) နှင့် လက်တွေ့လုပ်ကိုင်နေသော ဘေး အန္တရာယ် လျှော့ချရေး အထူးပြု ဖွဲ့စည်းပုံများ – ဥပမာ – ကြက်ခြေနီစေတနာ့ဝန်ထမ်း ၃၀ ပါဝင်သော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ဆင့်ပွားအဖွဲ

+ ဒေသခံအဆင့်အဖွဲ့အစည်းများကဲ့သို့သော အောက်ခြေအဆင့်တွင် လုပ်ဆောင်နေသော – **အစိုးရမဟုတ်သောအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများ – နှင့်**

+ **ရပ်ရွာလူထု** – ရပ်ရွာလူထုခေါင်းဆောင်များ၊ ကျောင်းသားများ၊ ဒေသခံ စီးပွားရေးနှင့် လူထုအဖွဲ့ဝင်များကိုယ်တိုင်။ သူတို့၏ လုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်မှုသည် သူတို့ကိုယ်တိုင်၏ ကံကြမ္မာအားပြောင်းလဲခြင်းတွင် ပြောဆိုခွင့်ရှိခြင်းပင်ဖြစ်၍ အားလုံးကြားတွင် သူတို့၏ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသည် အဓိပ္ပါယ်အရှိဆုံးဖြစ်သည်။

Myanmar Red Cross Society

အကွက် ၁
မြန်မာနိုင်ငံတွင် လက်ရှိရှိနေသော ဘေးအန္တရာယ်လျော့ပါးရေးကွန်ယက်များ

ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သူများအဖွဲ့
ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သူများအဖွဲ့အား ၂၀၀၈–ခုနှစ် ဆိုင်ကလုန်းနာဂစ်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ် အတောအတွင်း ဆောလျင်စွာပြန်လည်ထူထောင်ရေးအဖွဲ့အောက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၄င်းသည် အမျိုးမျိုးသော အဖွဲ့အစည်း တို့ဖြင့် ပါဝင်တည်ဆောက်ထားသည် – အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့များ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ကြက်ခြေနီအဖွဲ့အစည်းများ၊ ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများပါဝင်ပြီး အဖွဲ့ဝင်ဖြစ်မှုသည် ဘေးအန္တရာယ်လျော့ပါးရေးတွင် စိတ်ဝင်စားသူများ သို့မဟုတ် လုပ်ကိုင်နေသော မည်သည့်အဖွဲ့အစည်းမဆိုအတွက် ကန့်သတ်ထားခြင်းမရှိဘဲ တံခါးဖွင့်ထားသည်။ ဘေးအန္တရာယ် လျော့ပါးရေးလုပ်ဆောင်သူများအဖွဲ့သည် တက်ကြွစွာ ချိတ်ဆက် ဆောင်ရွက်လျက်ရှိပြီး နာဂစ်အပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာအရေးကိစ္စများကို ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ်များတွင် ထည့်သွင်းစဉ်းစားခြင်းနှင့် ပါဝင်စေခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သူများအဖွဲ့၏ လုပ်ပိုင်ခွင့်သည် နောက်ပိုင်းတွင် ချဲ့ထွင်လာခဲ့ပြီး လက်ရှိတွင် ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ဆက်စပ်လျက်ရှိသော ကိုယ်စားလှယ်အဖွဲ့အစည်းများအတွက် လစဉ်အစည်းအဝေးများ ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ ဘေးအန္တရာယ်လျော့ပါးရေး ထပ်မံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှုထောင့်အမျိုးမျိုးတို့မှ ပါဝင်ရန်၊ ဝေမျှရန် နှင့် ဆွေးနွေးတိုင်ပင်ရန် ပြောရေးဆိုခွင့်ရှိသူအဖြစ် လုပ်ဆောင်သည်။ အဓိက အကြောင်းအရာ နယ်ပယ်များမှာ

- ထောက်ပံ့ခြင်းဆိုင်ရာမူဝါဒ အပြန်အလှန်ဆွေးနွေးခြင်း နှင့် ဘေးအန္တရာယ်လျော့ပါးရေးအတွက် အဖွဲ့အစည်းများ ခိုင်မာစေရန် အထောက်အကူပေးခြင်း
- ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းနှင့် ထိခိုက်ခံရမှုလျော့ပါးစေခြင်း
- ဘေးအန္တရာယ်လျော့ပါးရေး အသိပညာနှင့် အသိနိုးကြားမှုတည်ဆောက်ခြင်း (စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်ပေးနိုင်ရန်အတွက် ဘေးအန္တရာယ်သုတေသနပြုခြင်းနှင့် လေ့လာသုံးသပ်ခြင်း)
- ဘေးအန္တရာယ်လျော့ပါးရေးကို အခြားသော အခန်းကဏ္ဍများသို့ ထည့်သွင်းပေါင်းစည်းခြင်း

ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သူများအဖွဲ့သည် ယခုလက်ရှိတွင် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဥက္ကဋ္ဌဖြစ်ပြီး သည် Action Aid, Myanmar သည် တွဲဖက်ဥက္ကဋ္ဌ ဖြစ်သည်။ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သူများအဖွဲ့.လက်အောက်ရှိ လုပ်ငန်းလမ်းညွှန်ရေးကော်မတီတွင် ရွေးချယ်ထားသော အဖွဲ့.ဝင် တစ်ဆယ့်နှစ်ဦးသည် အတွင်းရေးမှူးလုပ်ငန်းထောက်ပံ့မှုပေးပြီး လုပ်ဆောင်မှုများကို လမ်းညွှန်ပေးသည်။ ၂၀၁၈ ခုနှစ် ဘေးအန္တရာယ်လျှော့ချရေးလုပ်ဆောင်သူများ မဟာဗျူဟာအစီအစဉ်ကို အဆုံးသတ်ရေးဆွဲပြီးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းလမ်းညွှန်ရေးကော်မတီ အဖွဲ့.ဝင်အရေအတွက်ကို ၁၁–ဦးသို့ လျှော့ချမည်ဖြစ်သည်။

ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လူမှုအဖွဲ့.အစည်းဆွေးနွေးပွဲ
လူမှုအဖွဲ့.အစည်းဆွေးနွေးပွဲ(CSF)သည်လည်း နေရာတကျရှိနေပြီး ယခုအချိန်တွင် ဒေသခံအစိုးရမဟုတ်သောအဖွဲ့.အစည်းများ၏ ညှိနှိုင်းဆောင်ရွက်မှုအောက်တွင် အစိုးရမဟုတ်သော နောက်ခံအခြေအနေအတွင်း ဘေးအန္တရာယ်လျှော့ချရေး ညှိနှိုင်းဆောင်ရွက်ရေး နည်းလမ်းကို ထပ်မံ ခိုင်မာစေရေးအတွက် လုပ်ဆောင်လျက်ရှိသည်။ ၄င်းသည် ၂၀၀၉–ခုနှစ်တွင် Action Aid ၊ ADPC ၊ မင်္ဂလာမြန်မာ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) ၊ Save the Children (SC) နှင့် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) တို့အကြား တွဲဖက်ဆောင်ရွက်ခြင်း၏ ရလဒ်ဖြစ်သည်။ လူမှုအဖွဲ့.အစည်းဆွေးနွေးပွဲ(CSF)သည် ဘေးအန္တရာယ်လျော့ပါးရေးနှင့်ဆက်စပ်လျက်ရှိသော ကိုယ်စားလှယ်အဖွဲ့.အစည်းများအကြား သတင်းအချက်အလက်/အတွေ့.အကြုံဝေမျှခြင်းနှင့် လက်တွဲလုပ်ဆောင်မှုတည်ဆောက်ခြင်း တို့ကို မြှင့်တင်ပေးသည်။ အသစ်ဖွဲ့.စည်းထားသောအခြေအနေအရ ၄င်း၏ အဖွဲ့.ဝင်များသည် သူ၏အဖွဲ့.ဝင်ဖြစ်မှု ကျယ်ပြန့်စေရန်နှင့် အဖွဲ့.ဝင်အသစ်များသို့ ဘေးအန္တရာယ်လျော့ပါးရေးကို တိုးမြှင့်ရန်နည်းလမ်းများအပေါ် စီမံကိန်းများကို ဆွေးနွေးနေဆဲဖြစ်သည်။ သို့သော် လူမှုအဖွဲ့.အစည်းဆွေးနွေးပွဲ(CSF) သည် နိုင်ငံအတွင်းတွင် လူထုအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး ကျင့်သုံးလုပ်ဆောင်မှုများကို ကျယ်ပြန့်စေရန်အတွက် ထောက်ခံအားပေးမှုရယူရာတွင် ဒေသခံ အစိုးရမဟုတ်သောအဖွဲ့.အစည်းများ မြို့.နယ်နှင့်ကျေးရွာအဆင့် လူထုအခြေပြုအဖွဲ့.အစည်းများအား ပါဝင်စေရေးအတွက် ကျယ်ပြန့်သော တိုင်ပင်ဆွေးနွေးမှုများကို စည်းရုံးလုပ်ဆောင်နေပြီဖြစ်သည်။ ယခုအချိန်ထိ ထိုအရေးကိစ္စနှင့်ပတ်သက်၍ အောက်ပါဆွေးနွေးပွဲ ၃–ခုကို စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည် – ၂၀၀၉ ခုနှစ်၊ မတ်လတွင်ပြုလုပ်သော လူထုအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေပြုရေး' အပေါ် ပထမ ဆွေးနွေးပွဲ၊ ဘေးအန္တရာယ် လျှော့ချရေး အထွေထွေအရေးကိစ္စများအပေါ် ဒုတိယ နှင့် တတိယ ဆွေးနွေးပွဲများတို့ ဖြစ်သည်။

Source: Myanmar Information Management Unit (MIMU), www.themimu.info.

Myanmar Red Cross Society

ရပ်ရွာလူထုအတွင်းရှိ ဘေးထိခိုက်အလွယ်ဆုံးသောအုပ်စုများဖြစ်သည့် အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ ကာယရေးနှင့် စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုရှိနေသူများနှင့် လူနည်းစုလူမျိုးအဖွဲ့.များသည်လည်း ပါဝင်ပတ်သက်သူများများအ ဖြစ်ပါဝင်ကြောင်း သေချာစေရန် ဂရုစိုက်ရမည်။

နိုင်ငံတော်လက်ခွဲအဆင့်နှင့် ဒေသခံအဆင့် ပါဝင်ပတ်သက်သူများတွင် အချို့တို့သည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျှော့ချရေး လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ဦးတည်ထားသော လက်ခံရရှိသူများအပေါ်တွင် မူတည်၍ ထပ်နေခြင်းများ ရှိနိုင်သည်။

စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

ထိရောက်သော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက်၊ မည်သည့်အချက်များသည် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေနိုင်သည် သို့မဟုတ် လုပ်ဆောင်မှုများကို နှောင့်နှေးစေနိုင်သည်၊ မည်သည့်အရာသည် လူထုအခြေပြုပြုဘေးအန္တရာယ်လျော့ပါးရေး ရည်မှန်းချက်များအောင်မြင်မှုအတွက် လှုံ့ဆော်၍ ထောက်ပံ့ပေးနိုင်သည်ကို ကောင်းစွာ သိမြင်ရန် လိုအပ်သည်။ ရှေ့ပိုင်းရှိအခန်းများတွင် ကျွန်ုပ်တို့သည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအား ၄င်း၏ ကောင်းကွက်နှင့် အကျိုးရှိမှု၊ ၄င်း၏ မြန်မာနိုင်ငံတွင် ဘေးအန္တရာယ် လျော့ပါးရေးကြိုးပမ်းမှုများနှင့် ဆီလျော်သင့်တော်မှုနှင့် နိုင်ငံတွင်းရှိ အမျိုးမျိုးသော ပါဝင်ပတ်သက်သူများ စသည်တို့

အားဖြင့် ဖော်ပြခဲ့သည်။ ဤနေရာတွင် မည်သည့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်မှုတွင်မဆို ထည့်သွင်းစဉ်းစားရမည့် နိုင်ငံနှင့်သက်ဆိုင်သော ဆန့်ကျင်သည့် သို့မဟုတ် ထောက်ပံ့ပေးသည့်အချက်များအကြောင်း ထပ်မံအသေးစိတ်၍ အနှစ်ချုပ်ဆွေးနွေးတင်ပြသွားမည် ဖြစ်သည်။

စိန်ခေါ်မှုများ

စိန်ခေါ်မှုများသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး ရှေးဦးလုပ်ဆောင်မှုများတွင် ဦးတည်ချက်များ ပြီးမြောက်အောင်မြင်ရေးအတွက် အဟန့်အတားများကို ဖြစ်ပေါ်စေသည်။ သို့သော် ၄င်းတို့ကို အောင်မြင်စွာ ကျော်လွှားခြင်းအားဖြင့် အကောင်အထည်အဖော်လုပ်ဆောင်သူများအတွက် ပိုမိုခက်ခဲ၍ ကောင်းမွန်သော ကြိုးပမ်းမှုများကို လမ်းကြောင်းပေးသော စမ်းသပ်မှုများအဖြစ်လည်း တွေ့မြင်နိုင်သည်။ ထိုစိန်ခေါ်မှုများကို ပြင်ပ သို့မဟုတ် အတွင်း အခြေအနေများ သို့မဟုတ် နှစ်မျိုးစလုံးအားဖြင့် ထူးခြားအောင်ပြုလုပ် နိုင်သည်။ အောက်တွင်ဖော်ပြထားသော စိန်ခေါ်မှုများသည် ကြိုတင်၍ ရှောင်ကြဉ်ရန် သို့မဟုတ် ပြင်ဆင်ထားရန်အတွက် လေးနက်စွာစဉ်းစားသင့်သော သတိထားစရာအချက်များဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

+ နိုင်ငံရေးအထောက်အပံ့မရှိခြင်း

နိုင်ငံရေးအထောက်အပံ့မရှိခြင်းသည် ထိပ်တန်းအဆင့် ဆုံးဖြတ်ချက်ပေးနိုင်သူများမှ ဘေးအန္တရာယ်လျော့ပါးရေး အရေးကိစ္စများနှင့် ၄င်းတို့၏ အကျိုးဆက်များကို အသိအမြင် မရှိခြင်းမှ စတင်သည်။ အုပ်ချုပ်သူအစိုးရသည် သဘာဝဘေးအန္တရာယ်များ၏ မြင့်မားလာသောခြိမ်းခြောက်မှုများအား အသိအမှတ်ပြုခြင်း၏ အရေးကြီးမှုကို သဘောပေါက်ခြင်းမရှိပါက ၄င်းဆုံးရှုံးမှုများသည် နိုင်ငံတော်အဆင့် ဦးစားပေးမှုများတွင် ပါဝင်မည်မဟုတ်သကဲ့သို့ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရာတွင် ဘေးအန္တရာယ်လျော့ပါးရေးကို ထည့်သွင်းဆောင်ရွက် ခြင်း၏ လိုအပ်ချက်ကို အာရုံစိုက်မှုသည်လည်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ပါဝင်မည်မဟုတ်ပေ။ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအတွက် ဤသို့သော ထိပ်တန်းအဆင့် နိုင်ငံရေးဆိုင်ရာထောက်ပံ့မှု မရှိခြင်းသည် ဗဟိုမှဖွဲ့စည်းသော ကိုယ်စားလှည့်အဖွဲ့အစည်းများမှ ကြီးကြပ်ကွပ်ကဲရသော ကယ်ဆယ်ရေး–တုံ့ပြန်ရေးကို ဦးတည်သော ဘေးအန္တရာယ်စီမံခန့်ခွဲရေးတွင် အကျိုးသက်ရောက်စေပြီး လုပ်ငန်းစဉ်တွင် ရပ်ရွာလူထု၏ပါဝင်မှုကို လျော့ကျစေသည်။ ၄င်းသည် အစပြုဆောင်ရွက်ချိန်မှစ၍ ခွဲဝေသတ်မှတ်ထားခြင်း မရှိသည့်အတွက် လက်တွေ့တွင် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များအတွက် အရင်းအမြစ် လစ်ဟာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။

+ ဆင်းရဲနွမ်းပါးမှု

နိုင်ငံ၏ နေရာအစိတ်အပိုင်းများတွင် တည်ရှိနေဆဲ ဆင်းရဲနွမ်းပါးမှုသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ကြိုးပမ်းမှုများအပေါ် နည်း ၂–နည်းအားဖြင့် ဆန့်ကျင်အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည်။ ပထမအချက်အနေဖြင့် ဆင်းရဲသောလူများသည် သူတို့တစ်နေ့လုပ်တစ်နေ့စားဖြင့် အသက်ရှင်သန်နေထိုင်ရသော လက်လှုပ်မှ ပါးစပ်စား ရသည့် အခြေအနေတွင် နေထိုင်ရသည်။ ထို့အတွက် သူတို့သည် သူတို့၏ အဖိုးတန်သော အလုပ်လုပ်ချိန်များကို ဆုံးရှုံးစေသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်းထက် နေ့ရက်တိုင်းတွင် မည်သို့ ဝမ်းရေးဖူလုံအောင်လုပ်ရမည်ကို ပို၍ စိတ်ပူပန်ကြသည်။ ဒုတိယအချက်အနေဖြင့် ဆင်းရဲသောမိသားစုများသည် လူအဖွဲ့အစည်းတွင် အနိမ့်ဆုံးအဆင့်တွင် အများအားဖြင့် တည်ရှိနေတတ်ပြီး သူတို့၏ စိုးရိမ်ပူပန်မှုကိစ္စများကို ပြောဆိုရန်အခွင့်အရေးရလေ့မရှိကြပေ။ အလည်ကျ ကိုယ်စားလှယ် ပြုစေခြင်းမှအပ သူတို့အား အထူးတလည် ဆွေးနွေးပြောဆိုခြင်းမရှိဘဲ ဖြစ်နိုင်သည်။

+ ရှိနှင့်ပြီးဖြစ်သော ဘေးအန္တရာယ်လျော့ပါးရေး စွမ်းဆောင်နိုင်မှု

မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်လုပ်ဆောင်နေသောအဖွဲ့အစည်း အများအပြားမှ ရင်ဆိုင်ရသော စိန်ခေါ်မှုများအနက်တစ်ခုမှာ ရှိနှင့်ပြီးဖြစ်သော ဘေးအန္တရာယ်လျော့ပါးရေး စွမ်းဆောင်နိုင်မှု နည်းပါးခြင်းဖြစ်ပြီး အထူးသဖြင့် ကျွမ်းကျင်သော လူသားအရင်းအမြစ်များဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် နာဂစ်ဖြစ်ရပ်မှစ၍ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အထွေထွေအသိအမြင်များ တိုးတက်လာသော်လည်း ထိုအကြောင်းအရာဘာသာရပ်အား နက်နဲစွာ သိရှိနားလည်မှုသည် အကန့်အသတ်ဖြင့် ရှိနေသေးသည်။ ရပ်ရွာလူထုနှင့် ဒေသခံ အာဏာပိုင်များတွင် သူတို့၏ ဆုံးရှုံးနိုင်ခြေများနှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု တို့အပေါ် အသိပညာမှာ အနည်းငယ် သို့မဟုတ် မရှိသလောက်ဖြစ်ပြီး ၄င်းသည် ဘေးအန္တရာယ်ကြိုတင် ကာကွယ်ခြင်း အတွေးအခေါ်မရှိခြင်းကို ဖြစ်ပေါ်စေသည်။ သူတို့သည် အန္တရာယ်နှင့် ကြိုတင်သတိပေးချက်တို့နှင့် ပတ်သက်သည့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို မည်သည့်နေရာမှ ရယူနိုင်မည်ကို သေချာစွာ မသိရှိဘဲဖြစ်ပြီး ဂရုမစိုက်ဘဲထားခြင်းဖြင့် အဆုံးသတ်သည်။

Myanmar Red Cross Society

ကျွမ်းကျင်သော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်သူများအား ပြုစုပျိုးထောင်ခြင်းသည် အချိန်ယူရပြီး အကောင်အထည်ဖော်ဆောင်ရွက်ရသည့်အချိန်ကာလ ကန့်သတ်မှုရှိသောကြောင့် တာဝန်ရှိသော လုပ်ဆောင်သည့် အဖွဲ့စည်းများသည် ဦးတည်ထားသောရပ်ရွာလူထု၏ လူမှုရေး–ယဉ်ကျေးမှု ကွဲပြားချက်များနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသော အပြင်လူများကို ခေါ်ယူကြရသည်။ ပတ်ဝန်းကျင်အခြေအနေများအောက်တွင် အယုံအကြည်မရှိခြင်းနှင့် နားလည်မှုလွဲမှားခြင်းတို့ ဖြစ်ပေါ်နိုင်ပြီး ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းအား များစွာ ဟန့်တားမှု ဖြစ်စေနိုင်သည်။

+ အားနည်းသော လူမှုနှင့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ

မြန်မာနိုင်ငံတွင် လူမှုနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦများသည် အမှန်တကယ်ပင် ဖွံ့ဖြိုးမှု နောက်ကျလျက် ရှိပြီး အထူးသဖြင့် စုစုပေါင်းလူဦးရေ ၅၂.၈ သန်းအနက် ၃၅.၂၅ သန်းခန့်နေထိုင်သော ကုန်းမြေဧရိယာ ၇၀% ရှိသော ကျေးလက်ဒေသများတွင်ဖြစ်သည် (ကမ္ဘာ့ဘဏ်နိုင်ငံလေ့လာချက်)။ ကျေးလက်ဒေသများရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများမှာ အကောင်းဆုံးအနေအထားသည် အခြေခံအဆင့်ဖြစ်ပြီး ဘေးအန္တရာယ်ထိခိုက်ခံရသော သို့မဟုတ် အန္တရာယ်များသော ရပ်ရွာလူထုများအတွက် လူမှုဖူလုံရေး စီမံကိန်းသည် မရှိသလောက်ပင်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများ၊ ဆက်သွယ်ရေး နှင့် အခြားသော အများသုံး ဝန်ဆောင်မှု အဆောက်အဦ အသုံးအဆောင်များသည်လည်း ထိုနည်းတူပင် ကောင်းစွာ တိုးတက်မှုမရှိပေ။ အဆိုပါ ထောက်ပံ့မှုပေးသော အခြေခံအဆောက်အဦများသည် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များ (ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးသက်သာရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး) ၏ ရှုထောင့်အားလုံးအတွက် မရှိမဖြစ် ဖြစ်ပြီး ၄င်းတို့ မလုံလောက်မှုများသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများအတွက် မသင့်လျော်သော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေနိုင်သည်။

+ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ မပြည့်စုံသော သတင်းအချက်အလက်များ

နေရာဒေသတစ်ခု၏ အန္တရာယ်၊ ဆုံးရှုံးမှုနှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှုတို့အပေါ် လက်ရှိ အချက်အလက်များ မရှိခြင်း သို့မဟုတ် မပြည့်စုံခြင်းသည် အရေးပေါ် အာရုံထားရန်လိုအပ်ချက်တစ်ခုဖြစ်သည်။ အချက်အလက်များ ရှိပင်သော်လည်း ၄င်းတို့ကို အမျိုးမျိုးသော အဖွဲ့အစည်းများနှင့်ဌာနများကြားတွင် ပျံ့နှံ့လျက် ရှိနေပြီး ထို အချက်အလက်များကို ကောက်နုတ်စုစည်းရန်နှင့် ထိန်းသိမ်းထားရှိရန် အချက်အလက်ထိန်းသိမ်းဗဟိုဌာနမရှိပေ။ အချက်အလက်ကောက်ယူခြင်းအတွက် လုပ်ထုံးလုပ်နည်းနှင့် အဆိုပါ လုပ်ငန်းလုပ်ဆောင်ရန်အတွက် အတွေ့အကြုံရှိ ပုဂ္ဂိုလ်များ နည်းပါးခြင်းကြောင့် အချက်အလက်ကောက်ယူခြင်းလုပ်ငန်းတစ်ခုတည်းအတွက် များစွာသောအချိန်နှင့် အရင်းအမြစ်များကို မြှုပ်နှံရန် လိုအပ်နိုင်သည်။ သို့သော် အချက်အလက်ကောက်ယူသူ အထူးသဖြင့် ရပ်ရွာလူထုအတွင်းမှလူအား လေ့ကျင့်ပေးရန်အတွက် ဖြစ်နိုင်၊ လုပ်နိုင်ပေသည်။ ထို့ကြောင့် ထိုလုပ်ဆောင်မှုအတွက် လုံလောက်သော အရင်းအမြစ်နှင့် အချိန်ကို ခွဲဝေသတ်မှတ်ခြင်းအားဖြင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များတွင် အဓိကဦးစားပေးအဖြစ် ဆောင်ရွက်သင့်သည်။

+ လူမှု–ယဉ်ကျေးမှု အရေးကိစ္စများ

ရပ်ရွာလူထုအတွင်း လူမှု–ယဉ်ကျေးမှု အရေးကိစ္စများသည် သတိနှင့်ကိုင်တွယ်ရန်လိုအပ်သည့် ထိခိုက်လွယ်သော ခေါင်းစဉ်များဖြစ်သည်။ အရိုးစွဲနေသော ဆိုးဝါးသည့် ယုံကြည်မှုများဖြစ်သည့် ဘေးအန္တရာယ်များသည် နတ်ဘုရား၏ ဆုံးမမှုဖြစ်သည် စသည့် ယုံကြည်မှုများသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအတွက် အန္တရာယ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် လူများအား အဓိပ္ပါယ်ရှိသော ကာကွယ်ရေး သို့မဟုတ် ပြုပြင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခြင်းမှ ဟန့်တားသောကြောင့်ဖြစ်သည်။ အချို့သော ရပ်ရွာလူထုတို့သည် ဖုံးကွယ်ထားသောရည်ရွယ်ချက်များကို သံသယဖြစ်လျက် ပြင်ပလူများထံမှ အကူအညီများကို မလိုချင်ဘဲရှိလျက် မည်သည့် တောင်းဆိုသော အပြောင်းအလဲကိုမဆို တင်းခံထားခြင်း ရှိနိုင်သည်။ ရပ်ရွာလူထုတွင်း လူမှုရေး ရပ်တည်မှုနှင့် ဆက်သွယ်နေသော ဖြစ်ပေါ်လာနိုင်သည့် အခြား ပြဿနာရှိသည့်ကိစ္စရပ်မှာ အသက်ကြီးသော ရပ်ရွာလူထုအဖွဲ့ဝင်များသည် လူငယ်လူရွယ်များမှ အဆိုပြုသော ပြောင်းလဲမှုများ သို့မဟုတ်သော သူတို့ဦးဆောင်သော လှုပ်ရှားမှုများကို လက်ခံမှုမရှိခြင်း ဖြစ်နိုင်သည်။ မြန်မာနိုင်ငံသည် လေးစားမှုကို လိုလားပြီး ၄င်းကို အသက်အရွယ်အစဉ်လိုက်အားဖြင့်ဆုံးဖြတ်သောနိုင်ငံဖြစ်သည်။ ထို့ကြောင့် လူငယ်အားဦးတည်သော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များကို ပုံဖော်လုပ်ဆောင်သည့်အခါတွင် ရပ်ရွာလူထုတွင်းရှိ သက်ကြီးအဖွဲ့ဝင်များကိုပါ ပါဝင်စေရန် လိုအပ်ကြောင်း ဂရုပြုရမည်။

Myanmar Red Cross Society

+ **သက်ဆိုင်သူအသီးသီး၏ ပါဝင်လုပ်ရှားမှု**

ကျွန်တော်တို့ အယူအဆတွင် အဓိကဖြစ်သည့် ပူးပေါင်းလုပ်ဆောင်မှုလုပ်ငန်းစဉ်ဖြင့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ရေးသည် ရပ်ရွာလူထုအတွင်းရှိ အမျိုးမျိုးသော အုပ်စုခွဲများ အထူးသဖြင့် အမျိုးသမီးများ၊ ဆင်းရဲသောအမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ လူနည်းစုဖြစ်သော လူမျိုးစုများနှင့် ကာယပိုင်း/စိတ်ပိုင်းဆိုင်ရာ ခက်ခဲမှုရှိသူများ စသောသူတို့သို့ တူညီသောအခွင့်အရေးများပေးခြင်းအပေါ်မူတည်သည်။ ဆင်းရဲနွမ်းပါးသူများနည်းတူ အခွင့်အာဏာပုံစံ မည်မျှမှု ကြောင့် သူတို့၏ပါဝင်လုပ်ရှားမှုမှာလည်း ဝတ်ကျေတန်းကျေမျှသာဖြစ်ပြီး သူတို့၏ လိုအပ်ချက်နှင့် စိုးရိမ်ပူပန်မှုများကို ကောင်းစွာ သတ်မှတ်ဖော်ထုတ်ခြင်းမရှိပေ။ ဤကဲ့သို့သော လျစ်လျူရှုမှုမျိုး၏ ရလဒ်များသည် ပို၍ သီးခြားဖြစ်ပြီး ဘေးဖယ်ထားခြင်းခံရကာ ယခင်ကထက်ပို၍ ဘေးအန္တရာယ်ဖြစ်လွယ်မှုကို ဖြစ်စေသည်။ ဒေသဆိုင်ရာအာဏာပိုင်များ၊ ရပ်ရွာလူထု ခေါင်းဆောင်များ၊ လက်တွေ့တွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ပါးရေး လုပ်ငန်းစဉ်အား ဦးဆောင်နေသော ကြက်ခြေနီဝန်ထမ်းများအား ထိုကဲ့သို့သော သတိမမူမိခြင်းများ၏ အကျိုးဆက်ကို ရှင်းပြပေးရန်လိုအပ်ပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အား လူအခွင့်ရေးအခြေခံအုတ်မြစ်ပေါ်တွင် အခြေခံရန် အားပေးတိုက်တွန်း၍ သိမြင်သဘောပေါက်စေသင့်သည်။ မည်သည့် မျက်နှာသာပေးမှု သို့မဟုတ် ဘက်လိုက်မှုများကိုမဆို တင်းကျပ်သော တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်နှင့် မည်သည့် မမှန်မကန်လုပ်မှုများနှင့် ခွဲခြားဆက်ဆံမှုမျိုးမဆို ကြီးကြပ်ရန် လူထုထံမှ ပုံမှန် တုံ့ပြန်မှုကို ရယူရန် လိုအပ်သည်။

အခွင့်အလမ်းများ

အခွင့်အလမ်းများသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး အောင်မြင်မှုများကို ခိုင်မာစေပြီး အားဖြည့်ပေးသော အခြေအနေများဖြစ်ပြီး ကျွန်တော်တို့၏ ဦးတည်ချက်များသို့ တွန်းအားဖြစ်သည်။ ယခု ဆွေးနွေးသည့် လက်ရှိတည်ရှိနေသော ထောက်ပံ့ပေးသည့်အခြေအနေများသည် နေရာတကျတည်ရှိပြီးဖြစ်သော ထောက်ကူပေးသည့် ပတ်ဝန်းကျင်အား ပိုမိုအားကောင်းစေပြီး ကျွန်တော်တို့အပေါ်တွင် အရင်းအနှီးပြုနိုင်ပြီး၊ ပြုလည်း ပြုသင့်သည်။

+ **နိုင်ငံတော်အဆင့် ဘေးအန္တရာယ်လျှော့ပါးရေး မူဘောင်တည်ရှိခြင်း**

မြန်မာနိုင်ငံ၏ နိုင်ငံတော်အဆင့် ဘေးအန္တရာယ်လျှော့ပါးရေးမူဘောင်တွင် ဘေးအန္တရာယ်လျှော့ပါးရေးအပေါ် မြန်မာ့နိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်၊ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ပါးရေးသည် အဓိကဦးတည်သော အာဘော် ခုနစ်ခုအနက် အပိုင်း ၆ "ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် ဆုံးရှုံးမှု လျှော့ချရေး" ဖြစ်သည်။ အဆိုပါ အပိုင်း ၆ အောက်တွင် ရှိသည့် ဦးစားပေးစီမံကိန်းဧရိယာများမှာ အောက်ပါအတိုင်းဖြစ်သည်

၁. ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး ဖွံ့ဖြိုးမှု နိုင်ငံတော်မူဝါဒ

၂. ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး နိုင်ငံတော်စီမံကိန်း

၃. ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး စေတနာ့ဝန်ထမ်းပြုခြင်းအား မြှင့်တင်ခြင်း

၄. ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေးနေရာများ ထူထောင်ခြင်း

၅. အသေးစားထောက်ပံ့ခြင်းစီမံကိန်းအားဖြင့် ကြိုတင်ပြင်ဆင်ခြင်းနှင့် ဘေးဒုက္ခမှလျှော့ပါးသက်သာစေခြင်း

၆. အသေးစားငွေချေးခြင်း စီမံချက်

၇. ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေးအား လူထုဖွံ့ဖြိုးရေး စီမံချက်များတွင် ပေါင်းစပ်ခြင်း

၈. ရပ်ရွာလူထုအခြေပြုသဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု စီမံကိန်းအား ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း

၉. ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး လမ်းစဉ်ကောင်းများကို မှတ်တမ်းပြုစုခြင်း

ကျွန်တော်တို့သည် လူအများ၏ ဘေးဒဏ်ကြီးကြီးခံနိုင်မှုကို မြှင့်တင်ပေးခြင်းအတွက် အစိုးရ၏ ကတိကဝတ်ပြုမှု၏ ခိုင်မာသောသက်သေကို ပြဆိုသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်ပြုလုပ်မည့် မည်သည့် လွတ်လပ်သည့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး စီမံကိန်းများမဆို ဘေးအန္တရာယ်လျှော့ပါးရေး အမျိုးသားရေး ရည်မှန်းချက်အား ထောက်ပံ့ပေးသောနည်းလမ်းအဖြစ်သာမက အမြင့်ဆုံးအဆင့်မှ ထောက်ခံမှုရရန်နှင့် နိုင်ငံတွင်း လက်ရှိ ဘေးအန္တရာယ်လျှော့ပါးရေး လူသားနှင့် နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်များကို ရယူအသုံးပြုခွင့်ရရန်အတွက် အဆိုပါ သတ်မှတ်ထားသည့်အပိုင်းကဏ္ဍနှင့် ဆက်နွယ်လုပ်ဆောင်သင့်သည်။

Myanmar Red Cross Society

+ လက်ရှိအသုံးပြုနေသော လမ်းညွှန်ချက်များ ရှိနေခြင်း

အမျိုးသားအဆင့် ဘေးအန္တရာယ်လျော့ပါးရေး ရည်မှန်းချက်ပြည့်မီရေး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအပြင် မြန်မာနိုင်ငံအစိုးရသည် မြို့နယ်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးကော်မတီများ၏ ဘေးအန္တရာယ်လျော့ပါးရေး ပြင်ဆင်မှုများကို ကူညီပေးရန်အတွက် မြို့နယ်အဆင့် ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်ဆွဲခြင်းလမ်းညွှန် (စာမျက်နှာ ၁၂ ကို ကြည့်ပါ) ကို ဖော်ထုတ်၍ ပုံနှိပ်ထားပြီးဖြစ်သည်။ နိုင်ငံတကာအဆင့်တွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လမ်းညွှန်များ၊ လက်စွဲစာအုပ်များနှင့် မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နေသော မိတ်ဖက်ဖြစ်သည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်း၊ ADPC, OXFAM, CARE International, Action Aid, ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် ကိုယ်စားလှယ်အဖွဲ့နှင့် အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများရှိ အမျိုးသား ဘေးအန္တရာယ်လျော့ပါးရေး အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း စာအုပ်စာတမ်းများကို တိုက်ရိုက်ဆက်သွယ်ခြင်း သို့မဟုတ် အင်တာနက်မှ တစ်ဆင့် အလွယ်တကူ ရယူအသုံးပြုနိုင်သည်။ အဆိုပါ လမ်းညွှန်စာအုပ်များသည် ရည်ညွှန်းကိုးကားရသည့် ပစ္စည်းများအဖြစ် ဆောင်ရွက်ပေးပြီး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်နည်းပညာများနှင့် နိုင်ငံတွင်းတွင် သင့်တော်သော ကိုက်ညီလုပ်ဆောင်မှုဖြင့် ပုံတူပြုလုပ်နိုင်သော လေ့လာရရှိသည့် သင်ခန်းစာများကို ပေးသည်။

+ ဘေးအန္တရာယ်လျော့ပါးရေးအပေါ် တိုးမြင့်လာသော အသိအမြင်

ဒေသကြီးအတွင်းနှင့် မိမိနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီ၊ ၂၀၀၆ ခုနှစ် မာလာဆိုင်ကလုန်း၊ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းနှင့် ၂၀၁၂ ခုနှစ် အရှေ့ဂျပန် မြေငလျင်လှုပ်မှုနှင့် ဆူနာမီ အစရှိသည့် ဘေးအန္တရာယ်ဖြစ်ရပ်များကြောင့် ယေဘူယျအားဖြင့်ပြောရလျှင် မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်လျော့ပါးရေး အသိအမြင်သည် ပြီးခဲ့သည့်နှစ်များတွင် သိသိသာသာ တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းနှင့် ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အစည်း စသည့် လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာအဖွဲ့အစည်းအများအပြားတို့သည် ပညာပေးရေးပစ္စည်းများ၊ အန္တရာယ်တစ်ခု မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်၊ ဖြစ်ပွားပြီးနောက်လုပ်ဆောင်ရမည့်အချက်များနှင့် အမျိုးမျိုးသော အန္တရာယ်များနှင့် ဆိုင်သော နောက်ခံ သတင်းအချက်အလက်များကို ခြုံငုံမိစေသော ဘေးအန္တရာယ်လျော့ပါးရေး ပညာပေးအချက်များကို ဖော်ထုတ်ခဲ့ကြပြီးဖြစ်သည်။ ထို တူညီသောခေါင်းစဉ်ဖြင့် ရပ်မြင်သံကြားနှင့် ရေဒီယို အစီအစဉ်များကိုလည်း ပြင်ဆင်၍ ထုတ်လွှင့်ခဲ့ကြပြီးဖြစ်သည်။ အဆိုပါ အများပြည်သူအသိပညာပေးလှုံ့ဆော်မှုများသည် လူအများ၏ စိုးစမ်းလိုစိတ်ကိုလည်း နှစ်ဆတိုးစေပြီး သူတို့အား ဦးဆောင်လှုံ့ဆော်သည့် လုပ်ငန်းများ၏ အကျိုးကျေးဇူးကို ပို၍ သိမြင်လာစေသည်။ ၄င်းသည် လူထုမှ လက်ခံယုံကြည်ရန် အဆင်သင့်ဖြစ်နေသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းနှင့် လုပ်ဆောင်မှုများကို ပို၍နက်နဲစွာ မိတ်ဆက်နိုင်ရန်အတွက် အချိန်အခါကောင်းကို ဖန်တီး ပေးသည်။

+ အရင်းအမြစ်များ ရရှိနိုင်မှု

ယခင်က ဆွေးနွေးခဲ့ကြသည့်အတိုင်း အဓိက အန္တရာယ်ဖြစ်ရပ်များသည် ကြီးစွာသောအပျက်အစီးတို့ကို ဖြစ်စေနိုင်သော်လည်း တစ်ချိန်တည်းမှာပင် ၄င်းတို့သည် ၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ်အတွင်း ကျွန်ုပ်တို့ တွေ့ခြင်ခဲ့ရသည်နှင့် အလားတူစွာပင် အရင်းအမြစ်များအတွက် ကတိကဝတ်ပြုခြင်းဟူသည့် အခွင့်အရေးကိုလည်း ဖော်ထုတ်ပေးသည်။ ပြန်လည်ထူထောင်ရေးကာလအတွင်းတွင် ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများ ကျဆင်းသော်လည်း၊ လက်ရှိရှိနေသည့် အရင်းအမြစ်များ – အထူးသဖြင့် နည်းပညာဆိုင်ရာအရင်းအမြစ်များ (ကျွမ်းကျင်မှု၊ အသိပညာနှင့် အတွေ့အကြုံ) သည် ဘေးအန္တရာယ်လျော့ပါးရေးတွင် အတွေ့အကြုံနုနယ်သေးသော နိုင်ငံတစ်နိုင်ငံတွင် မကြုံစဖူးရရှိကြောင်း သိမြင်နိုင်သည်။ အဆိုပါ အရင်းအမြစ်များသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး ချဉ်းကပ်နည်းများအား နောက်ထပ် မြှင့်တင်ခြင်းနှင့် နိုင်ငံတွင်း ကျွမ်းကျင်သူများအား တိုးတက်စေခြင်းတို့တွင် တန်ဖိုးမဖြတ်နိုင်အောင်ပင် ဖြစ်သည်။

+ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ထောက်ခံသူများ ရှိခြင်း

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်နှင့် အခြား အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ဦးဆောင်သည့် မြန်မာနိုင်ငံတွင်းတွင် လုပ်ငန်းလုပ်ကိုင်နေသော ဘေးအန္တရာယ်လျော့ပါးရေးကို ဦးတည်သည့် လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းအများအပြား၏ ရှေ့တန်းဦးစားပေးနေရာတွင်ရှိသည်။ မြန်မာနိုင်ငံတွင် သူတို့၏ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး အကောင်အထည်အဖော်လုပ်ဆောင်ရေး ကြိုးပမ်းမှုများသည် ပြတ်တောင်းပြတ်တောင်း ဖြစ်နေသေးသော်လည်း ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သူများအဖွဲ့နှင့် မြို့ပြလူမှုဆွေးနွေးပွဲတို့အားဖြင့် ၄င်းတို့ အတူတကွ လာရောက်ကာ အချက်အလက်များနှင့် အတွေ့အကြုံများကို ဝေမျှခြင်းအားဖြင့် လုပ်ဆောင်ချက်များ ထပ်နေမှုတို့ကို ရှောင်ရှားနိုင်သည်။ သူတို့ တည်ရှိနေခြင်းနှင့် သူတို့၏ မဆုတ်မနစ် ကြိုးပမ်းမှု နှင့်

Myanmar Red Cross Society

ကတိကဝတ် ပြုခြင်းတို့သည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအား ပို၍ ခိုင်မာသော အသိအမှတ်ပြုခြင်းနှင့် အတူယူ အသုံးပြုခြင်းတို့အတွက် တွန်းအားပေးကူညီသည်။

Myanmar Red Cross Society

Part B

ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

လုပ်ငန်းစဉ် ၁
စီမံကိန်းအား ရင်းနှီးကျွမ်းဝင်စေခြင်း

စီမံကိန်းအား ရင်းနှီးကျွမ်းဝင်စေခြင်း သို့မဟုတ် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များအား ရင်းနှီးကျွမ်းဝင်စေခြင်းသာ ပါဝင်ပတ်သက်သူများများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ၄င်း၏ အထွေထွေ လုပ်ငန်းများနှင့် အထူးသဖြင့် တိကျသော စီမံကိန်းဆောင်ရွက်မှုများအကြောင်းကို အသိအမြင်တိုးလာစေရန် ကနဦး ထောက်ခံအားပေးမှုရရန်လုပ်ငန်းစဉ်အဖြစ် လုပ်ဆောင်သည်။ အဆင့်အလိုက် ရင်းနှီးကျွမ်းဝင်စေရန် လှုပ်ရှားမှုများ၏ အဓိကရည်ရွယ်ချက်သည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်း အကောင်အထည်ဖော် လုပ်ဆောင်မည့်ဒေသ အဆင့်တွင်ရှိသော သက်ဆိုင်ရာအာဏာပိုင်များ၏ ပံ့ပိုးမှုရရှိစေရန်ဖြစ်သည်။

ပုံ ၂
ဦးတည်ရပ်ရွာအုပ်စု ရွေးချယ်ခြင်းနှင့် ရင်းနှီးကျွမ်းဝင်စေခြင်းလုပ်ငန်းစဉ်ပြဇယား

Myanmar Red Cross Society

မြန်မာနိုင်ငံနောက်ခံအခြေအနေတွင် ရင်းနှီးကျွမ်းဝင်စေခြင်းလုပ်ငန်းစဉ်နှင့် ရပ်ရွာလူထုအား သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းတို့သည် အချင်းချင်းချိတ်ဆက်နေပြီး ပါဝင်ဆောင်ရွက်သော အုပ်ချုပ်ရေးအဆင့်များဖြစ်သည့် – တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ် နှင့် ကျေးရွာ/ ရွာရိုး/ ရပ်ကွက် စသည့်အဆင့်တိုင်းတွင် အခြားတစ်ဆင့်သို့မသွားမီ အားလုံးကို အပြီးလုပ်ဆောင်ရမည်ဖြစ်သည်။ နောက်ဆုံးဦးတည်ချက်မှာ ခုခံနိုင်စွမ်းအနည်းဆုံးသော ကျေးရွာများ/ ရွာရိုးများ/ ရပ်ကွက်များ သို့မဟုတ် ကျောင်းများအား ဦးတည်အုပ်စုအဖြစ် ရွေးကောက်ရန်ဖြစ်သည်။ ခြားနားသော အုပ်ချုပ်မှုအဆင့်များသည် လုပ်ငန်းအဆင့်တစ်ခုစီအောက်တွင် လုပ်ဆောင်မှု ကွဲပြားခြင်း အနည်းငယ် ရှိနိုင်သည့်အတွက် ကျွန်ုပ်တို့သည် ဤအဓိကအဆင့်အား စီမံအုပ်ချုပ်မှုသီးသန့်အဆင့်တစ်ခုစီအဖြစ် ရှုမြင်ရမည်။ သို့သော် လက်တွေ့တွင် ဖြစ်ရပ်အများစုမှ တိုင်းဒေသကြီး/ ပြည်နယ် ထိုမှတဆင့် မြို့နယ်အဆင့်ထိ စီမံကိန်းနေရာ ရွေးချယ်ခြင်းသည် စီမံကိန်းအဆိုပြုလွှာ ဖော်ထုတ်ရေးဆွဲသည့်အဆင့်တွင်ပင် ပြုလုပ်ပြီးဖြစ်သည်။ ထို့ကြောင့် ရင်းနှီးကျွမ်းဝင်စေခြင်း လုပ်ငန်းစဉ်သည် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအား လာရောက် ပြုလုပ်မည့် စီမံကိန်း အကြောင်းကို အကြောင်းကြားရန်ရည်ရွယ်ချက်ဖြင့်

တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် စတင်ပြုလုပ်သည်။ ထိုအဆင့်နှစ်ဆင့်နှင့် စီမံအုပ်ချုပ်မှုအဆင့်တို့ကြား ချိတ်ဆက်လျက်ရှိသော ဆက်နွယ်မှုကို ပုံ ၂– ဦးတည်ရပ်ရွာအုပ်စု ရွေးချယ်ခြင်းနှင့် ရင်းနှီးကျွမ်းဝင်စေခြင်းလုပ်ငန်းစဉ်ပြ ဇယားတွင် ရှင်းလင်းပြသထားသည်။

အကွက် ၂
ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များအား ရင်းနှီးကျွမ်းဝင်စေခြင်း၏ အကျိုးကျေးဇူးများ

- သက်ဆိုင်ရာ အာဏာပိုင်များနှင့် ကြက်ခြေနီအသင်းခွဲတာဝန်ရှိပုဂ္ဂိုလ်များအား အစကနဦးမှစတင်၍ သူတို့၏ နေရာဒေသတွင်း မည်သည်တို့ကိုပြုလုပ်မည်ကို အကြောင်းကြားကာ ရရှိနိုင်သော အချက်အလက်နှင့် အရင်းအမြစ်များ နှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရရှိအသုံးပြုနိုင်ရန် စုဆောင်းသည်။
- အထောက်အကူပြုသော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန်အတွက် အဆင့်အမျိုးမျိုးရှိ သက်ဆိုင်ရာ ထိပ်တန်းအဆင့် အာဏာပိုင်များထံမှ တရားဝင်ထောက်ခံချက်ကို ရရှိသည်။ ၄င်းသည် မြို့နယ်အဆင့်တွင် အထူးသဖြင့် အရေးကြီးသည်။ ဤအဆင့်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၄င်း၏ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ လုပ်ဆောင်ချက်များဖြန့်ဝေရာတွင် ၄င်းတို့အပေါ်တွင် တည်မှီနေသောကြောင့်ဖြစ်သည်။
- ရိုးရှင်းသော အမေးအဖြေကဏ္ဍအားဖြင့် ဤအဆင့်တွင် စီမံကိန်းဦးတည်ချက်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီသော လက်ရှိရှိနေသော စွမ်းဆောင်နိုင်စွမ်းများကို ပိုင်းခြားစိတ်ဖြာရန်အတွက် ထူးခြားသည့် အခွင့်အရေးကိုပေးခြင်းဖြင့် သင့်တော်သော စွမ်းဆောင်ရည် တည်ဆောက်ရေး လုပ်ဆောင်ချက်များကို အစီအစဉ်များကို ဖော်ထုတ်နိုင်စေသည်။
- ရင်းနှီးကျွမ်းဝင်စေခြင်း လုပ်ဆောင်ချက်များသည် မြို့နယ်ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ပထမဦးဆုံးသော ဆွေးနွေးခြင်းကို ဖြစ်ပေါ်စေသဖြင့် ဦးတည်ရပ်ရွာအုပ်စုရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို မြန်ဆန်စေသည်။
- လူထုအတွင်း (လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပထဝီအနေအထား) ပတ်ဝန်းကျင်အခြေအနေနှင့် ဒေသခံ အဓိက လုပ်ဆောင်သူများနှင့်ပါ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သော လူပုဂ္ဂိုလ်များနှင့် စေ့စပ်ညှိနှိုင်းမှုကို စတင်ပြုလုပ်ခြင်း အားဖြင့် အလားအလာရှိသော ဦးတည်သည့် နေရာဒေသအတွက် တန်ဖိုးမဖြတ်နိုင်သော သတင်းအချက် အလက်နှင့် မသိမသာကွဲပြားချက်များကို စုဆောင်းနိုင်သည်။ ၄င်းသည် ဦးတည်အုပ်စုအား ရွေးချယ်ရာတွင် အကူအညီပေးသည်။

၁.၁ တိုင်းဒေသကြီး/ပြည်နယ်အဆင့်

စီမံခန့်ခွဲမှုအဆင့်တစ်ဆင့်ဆီတွင် ပြုလုပ်သော ရင်းနှီးကျွမ်းဝင်စေရေးလုပ်ငန်းစဉ်များ၏ ဖြစ်နိုင်ခြေသည် ထိုအဆင့်မှ မျှော်လင့်နိုင်သော ခမ်းနားကြီးကျယ်မှုအတိုင်းအတာနှင့် ကတိကဝတ်ပြုလုပ်ဆောင်မှု အတိုင်းအတာ တို့အပေါ် မူတည်သည်။ သို့သော် ရင်းနှီးကျွမ်းဝင်စေရေး လုပ်ငန်းစဉ်များ ပြီးမြောက်စေရန်လုပ်ဆောင်ရာတွင် ပုံမှန်အဆင့်များအတိုင်း လုပ်ဆောင်နိုင်သည်။ ထိုအဆင့်များကို ဇယား ၂ တွင် အကျဉ်းချုပ် ဖော်ပြထားသည်။

ဇယား ၂
တိုင်း/ဒေသကြီးရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများကို လုပ်ဆောင်ရန် နည်းလမ်းများ

၁။	**ရှင်းလင်းချက် အကျဉ်းအား ပြင်ဆင်ခြင်း**	စီမံကိန်း ရှင်းလင်းချက်သည် လက်ကမ်းစာစောင်၊ စာတစ်မျက်နှာ/နှစ်မျက်နှာမှတ်စု နှင့် ပါဝါပွိုင့်တင်ဆက်မှုအသွင်တို့ဖြင့် ပြုလုပ်သည်။	*စီမံကိန်းညှိနှိုင်းရေးမှူး (PC)၏ တာဝန်*
၂။	**အဓိကဆက်သွယ်ရန် ပုဂ္ဂိုလ်များ စာရင်းပြုစုခြင်း**	စာရင်းတွင် အစိုးရအာဏာပိုင်များ (အစိုးရ အုပ်ချုပ်ရေးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ)၊ ကြက်ခြေနီအလုပ်အမှုဆောင်များ နှင့် ကြီးကြပ်ရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေး ဘုတ်အဖွဲ့နှင့် ထိုနေရာတွင် လုပ်ငန်းလုပ်ဆောင် နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း ကိုယ်စားလှယ်များ ပါဝင်သင့်သည်။	*စီမံကိန်း ညှိနှိုင်းရေးမှူး၏ ကြီးကြပ်မှုနှင့် လူထုတွင်းရှိ ကြက်ခြေနီတာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် စီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်၏ တာဝန်*
၃။	**မိတ်ဆက်သော တရားဝင်ရုံးစာများ ပြင်ဆင်ခြင်းနှင့် ဖြန့်ဝေခြင်း**	ရင်းနှီးကျွမ်းဝင်စေရေးပွဲများကို စီစဉ်ရန်အတွက် တရားဝင်ရုံးစာတိုများကို ဖိတ်ကြားခံရမည့် တက်ရောက်သူများကို အချိန်မတိုင်မီ ပေးပို့ရမည်။ ရုံးစာတွင် တိုသော်လည်း စီမံကိန်းအကြောင်း သတင်းအချက်အလက်ပြည့်စုံသင့်ပြီး ရင်းနှီးကျွမ်းဝင်စေရေး အစည်းအဝေးများအတွက် နေရာနှင့် ရက်စွဲကို တောင်းခံသင့်သည်။	*စီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီး/ပြည်နယ် အမှုဆောင်အဖွဲ့ဝင်များ၏ အထောက်အပံ့ဖြင့် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်*
၄။	**စုဆောင်းရမည့် အဓိကအချက်အလက် စာရင်းကို ပြင်ဆင်ခြင်း**	ရင်းနှီးကျွမ်းဝင်စေရေး အစည်းအဝေးများသည် သတင်းအချက်အလက်များကို စုဆောင်းရန်နှင့် မြို့နယ်ရွေးချယ်ခြင်းအတွက် အကြံပြုချက်များပေးရန် ဖြစ်နိုင်ခြေတစ်ခုအဖြစ် လုပ်ဆောင်သည်။ အဓိကအချက်အလက်များစာရင်းသည် လုပ်ငန်းစဉ်အား မြန်ဆန်စေရန် ကူညီပေးသည်။	*စီမံကိန်းတာဝန်ရှိသူ၏ ထောက်ပံ့မှုဖြင့် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်*
၅။	**ရင်းနှီးကျွမ်းဝင် စေရေး စည်းဝေးပွဲများ**	စည်းဝေးပွဲတွင် ပရိတ်သတ်များကို စီမံကိန်းနှင့်ပတ်သက်၍ ပို၍အသေးစိတ်သော အချက်အလက်များကိုတင်ပြပြီး တိုင်း/ဒေသကြီးတွင်းရှိ ဘေးထိခိုက်အလွယ်ဆုံးသော မြို့နယ်များအပေါ် ထောက်ခံအကြံပေးချက်များကို ရယူသည်။	*စီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်နှင့် မြို့နယ်အရာရှိများ (ပထမတန်း နှင့် ဒုတိယတန်း အရာရှိများ)၏ အထောက်အပံ့ဖြင့် စီမံကိန်းညှိနှိုင်းရေးမှူး၏ လုပ်ငန်းတာဝန်*

ရင်းနှီးကျွမ်းဝင်စေရေး စည်းဝေးပွဲတွင် အချက်အလက်များအားတင်ပြခြင်းအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်မှ ဌာနမှူး သို့မဟုတ် လက်ထောက်ဌာနမှူးသည် တာဝန်ယူရန် အကြံပေးလိုသည်။ ဤသို့ဖြင့် စည်းဝေးပွဲတက်ရောက်သူများအား အသိအမှတ်ပြုမှုနှင့် လေးစားမှုတို့ကို ပြသရာ ရောက်သည်။

Myanmar Red Cross Society

ကျွန်ုပ်တို့သိထားရမည်မှာ မိတ်ဆက်စာပို့ပေးခြင်းသက်သက်သည် အဆင့်အသီးသီးရှိ ရည်ရွယ် ထားသော ပရိတ်သတ်များ၏ အာရုံစိုက်မှုကို တစ်ခါတစ်ရံ လုံလောက်မည်မဟုတ်ပေ။ (မြန်မာနိုင်ငံတွင်းရှိ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေး ပါဝင်ပတ်သက်သူများ ကို ကြည့်ပါ)။ ရှင်းလင်းတင်ပြခြင်း စည်းဝေးပွဲအတွက် နေ့ရက်နှင့် နေရာများမသတ်မှတ်မီ တက်ကြွသော နောက်ဆက်တွဲလုပ်ဆောင်မှုနှင့် စာများကို ရေးသားခြင်းနှင့် ဖလှယ်ခြင်းတို့ကို ပြုလုပ်ရန်လိုအပ်နိုင်ပြီး ညှိနှိုင်းသဘောတူ၍ အချောသတ်နိုင်သည်။ ဇယား – ၃ သည် အသုံးပြုထားသော ဖြစ်နိုင်ခြေ၊ မျှော်မှန်းရလဒ်နှင့် လိုအပ်သော သတင်းအချက်အလက် သို့မဟုတ် တိုင်း/ဒေသကြီးအဆင့် ရင်းနှီးကျွမ်းဝင်စေရေး စည်းဝေးပွဲများ၏ ယဉ်ကျေးမှုအရ ကောက်ယူနိုင်သော သတင်းအချက်အလက်တို့ကို အနှစ်ချုပ်ထားသည်။

ဇယား ၃
အတိုချုပ်ခြုံငုံကြည့်ခြင်း – တိုင်းဒေသကြီး/ပြည်နယ် အဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ

ပြုလုပ်သော ဖြစ်နိုင်ခြေ	မျှော်မှန်းရလဒ်	ဆွေးနွေးဝေမျှမည့် သတင်းအချက်အလက်	စုဆောင်းမည့် သတင်းအချက်အလက်
ရှင်းလင်း ဆွေးနွေးပွဲများ	• တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၏ ထောက်ခံမှု • တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် အခြားမိတ်ဖက်များ၏ ညှိနှိုင်း ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု	• မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အထွေထွေသတင်းအချက်အလက် – ရည်မှန်းချက်၊ လုပ်ဆောင်ချက်၊ ဦးတည်ချက်၊ မဟာဗျူဟာ၊ လုပ်ဆောင်သော အဓိကနယ်ပယ်များ စသည်။ • စီမံကိန်းအကြောင်းအရာအတိုချုပ် (ဦးတည်ချက်၊ မျှော်မှန်းရလဒ်နှင့် ဦးတည်ထားသော အကျိုးခံစားရ သူများ၊ အချိန်ကန့်သတ်ချက်၊ အသေးစိတ် လုပ်ဆောင်ချက်များ၊ ထွက်ခွာခြင်း မဟာဗျူဟာ၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း စသည်)	• တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ဘေးအန္တရာယ်ထိခိုက်အလွယ်ဆုံး သော မြို့နယ်များ (ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ) • တိုင်းဒေသကြီး/ပြည်နယ်အတွင်း တည်ရှိ နေသော ဘေးအန္တရာယ် လျော့ချရေး လုပ်ဆောင်ချက်များ (အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ) • ဘေးအန္တရာယ်လျော့ပါးရေး ဟာကွက်များနှင့် ယေဘူယျ လိုအပ်ချက်များ

Myanmar Red Cross Society

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် အစပျိုးလုပ်ဆောင်မှုများအတွင်း လျှော့ချရေး သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု အရေးကိစ္စများအား ပိုမိုလက်ခံမှုရှိလာစေရန် ပျိုးထောင်ခြင်းနှင့် အပြန်အလှန်အားဖြင့် သက်ဆိုင်ရာ ဒေသများမှ ကိုယ်စားလှယ်များအား ရင်းနှီးကျွမ်းဝင်စေရေး လှုပ်ရှားမှုများနှင့် ထိုနောက်ပိုင်းလှုပ်ရှားမှုများတွင် ပါဝင်စေရန်အတွက် ဖိတ်ကြားရန်လိုအပ်သည်။ အတွေးအမြင်များဖလှယ်ရန်နှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများထံမှ သွင်းအားစုများကို ရရှိနိုင်ရန်အတွက် အကြံပေးမှုများနှင့် ဆွေးနွေးမှုများကို အချိန်အလိုက် ပြုလုပ်သင့်သည်။

- ✔ ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများတွင် ဝေမျှမည့် သတင်းအချက်အလက်များသည် အရေးကြီးသော သတင်းအချက်အလက်များအားလုံးကို ကောင်းစွာခြုံငုံမိစေသည်။
- ✔ ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများတွင် စုဆောင်းရန်မည့် သတင်းအချက်အလက်များစာရင်းကို ပြင်ဆင်၍ အတည်ပြုသည်။
- ✔ ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများတွင် ဖိတ်ကြားခံရသောသူများစာရင်းတွင် (အဆင့်အသီးသီးရှိ) သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများများအားလုံး ပါဝင်သည်။

မြန်မာနိုင်ငံအတွင်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အကောင်အထည်ဖော်လုပ်ဆောင်နေသော လုပ်ဆောင်မှုများနှင့်ပတ်သက်သည့် ပို၍အသေးစိတ်သော အချက်အလက်များကိုပေးနိုင်ရန်အတွက် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလက်တွေ့ဖြစ်ရပ် လေ့လာချက်အတွဲများကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပါဝင်ပတ်သက်သူများများအား ဝေမျှခြင်းသည်လည်း အကျိုးရှိနိုင်ပေသည်။

စီမံကိန်းအား ရင်းနှီးကျွမ်းဝင်စေရေး ရှင်းလင်းဆွေးနွေးပွဲများနှင့် မိတ်ဆက်ခြင်း အခန်းများတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်၏ အပြုသဘောရှုထောင့်များကို အလေးထားရန် အရေးကြီးပြီး စီးပွားရေး အကျိုးအမြတ်ရှိမှုကိုလည်း ဦးတည်သည်။ တက်ကြွစွာလုပ်ဆောင်လိုမှုသည် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ရေး၊ အသက်ကယ်ပစ္စည်းများ – အထူးသဖြင့် အာဏာပိုင်များ၏ ဝယ်ယူသိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းစရိတ်များအား လျော့ကျစေရန် ကူညီပေးသည်။

တရားဝင်ရုံးစာများထုတ်ပြန်ခြင်းတွင် ကြန့်ကြာစေခြင်း သို့မဟုတ် အစိုးရအရာရှိများ မအားလပ်မှုကြောင့် စီမံကိန်းလုပ်ဆောင်ချက်များအား ရွှေ့ဆိုင်းရခြင်း စသည့် ဗျူရိုခရေစီ ဖွဲ့စည်းအုပ်ချုပ်ပုံ လုပ်နည်းစနစ်များကြောင့် ရွေးချယ်ခြင်းပြုလုပ်ချိန်နှင့် ရင်းနှီးကျွမ်းဝင်စေရေး လုပ်ငန်းစဉ်တို့တွင် အချို့သော ကြန့်ကြာမှုများ အမြဲလိုလို ဖြစ်ပွားနိုင်သည်။ ဖြစ်နိုင်ခြေရှိသော ဖြေရှင်းချက်မှာ ခမ်းနားသော ဆွေးနွေးပွဲအရေအတွက်ကို အနည်းဆုံးပြုလုပ်ရန်ဖြစ်သည်။

၁.၂။ မြို့နယ်အဆင့်

မြို့နယ်အဆင့်တွင် ကြိုတင်ပြင်ဆင်သွားသော စီမံကိန်း အကျဉ်းချုပ်ကို မြို့နယ်အဆင့် ရင်းနှီးကျွမ်းဝင်စေရေး လုပ်ငန်းစဉ်တွင် အသုံးပြုနိုင်သည်။ လုပ်ဆောင်သောအဆင့်များမှာ တိုင်းဒေသကြီး/ပြည်နယ် အဆင့်နှင့် အလားတူပြီး ၄င်းကို ဇယား ၄ တွင် တွေ့မြင်နိုင်သည်။

စီမံကိန်း၏ မိတ်ဆက်ခြင်းအဆင့်သည် ဒေသခံ ပါဝင်ပတ်သက်သူများများအား စီမံကိန်းကာလပြီးဆုံးပြီးနောက် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် လျှော့ချရေး လက်တွေ့လုပ်ဆောင်မှုများအား စီမံခန့်ခွဲမှုလွှဲပြောင်းယူရန် သူတို့၏ အမြင့်ဆုံးမျှော်မှန်းသော အခန်းကဏ္ဍကို ပြင်ဆင်ရန်အတွက်အချိန်ဖြစ်သည်။ ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများသည် အဓိက ပါဝင်ပတ်သက်သူများများအား သူတို့တာဝန်ယူရန်ခန့်မှန်းထားသော တာဝန်ဝတ္တရား များနှင့် ရင်းနှီးကျွမ်းဝင်စေရန် အခွင့်အလမ်းကောင်းတစ်ခုကို ဖန်တီးပေးသည်။ သူတို့ကိုယ်ကိုသူတို့ ပြင်ဆင်နိုင်ရန်အတွက် သူတို့အား စီမံကိန်းလုပ်ဆောင်ချက်တို့၏ အသေးစိတ် အချိန်ကာလကို အသိပေးရန်အလွန်အရေးကြီးသည်။

ဇယား ၄
မြို့နယ်အဆင့်တွင် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲ စီစဉ်ရန်နည်းလမ်းများ

၁။	**အဓိကဆက်သွယ်ရန် ပုဂ္ဂိုလ်များ စာရင်းပြုစုခြင်း**	စာရင်းတွင် မြို့နယ်အဆင့်အစိုးရအာဏာပိုင်များ၊ ကြက်ခြေနီမြို့နယ်အသင်းခွဲကော်မတီ၊ မြို့နယ် ပညာရေး ဘုတ်အဖွဲ့နှင့် ထိုနေရာတွင် လုပ်ငန်းလုပ်ဆောင် နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းကိုယ်စားလှယ်များ ပါဝင်သင့်သည်။	*စီမံကိန်း ညှိနှိုင်းရေးမှူး၏ ကြီးကြပ်မှုနှင့် လူထုတွင်းရှိ ကြက်ခြေနီတာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် စီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်၏ တာဝန်*
၂။	**မိတ်ဆက်သော တရားဝင်ရုံးစာများ ပြင်ဆင်ခြင်းနှင့် ဖြန့်ဝေခြင်း**	ရင်းနှီးကျွမ်းဝင်စေရေးပွဲများကို စီစဉ်ရန်အတွက် တရားဝင်ရုံးစာတိုများကို ဖိတ်ကြားခံရမည့် တက်ရောက်သူများကို အချိန်မတိုင်မီ ပေးပို့ရမည်။ ထိုစာသည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ပေးပို့သောစာနှင့် အတူတူပင်ဖြစ်နိုင်သည်။ အကယ်၍ ပါဝင်သောအကြောင်းအရာ သို့မဟုတ် စာ၏သဘောသွားနှင့် ပတ်သက်၍ ပြင်ဆင်မှုများပြုလုပ်ရန် ရှိခဲ့ပါက မြို့နယ်အရာရှိမှ ဦးဆောင်သင့်သည်။	*စီမံကိန်း ညှိနှိုင်းရေးမှူး၏ ကြီးကြပ်မှုနှင့် လူထုတွင်းရှိ ကြက်ခြေနီတာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် စီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်၏ တာဝန်*
၃။	**စုဆောင်းရမည့် အဓိကအချက်အလက် စာရင်းကို ပြင်ဆင်ခြင်း**	ရင်းနှီးကျွမ်းဝင်စေရေး အစည်းအဝေးများသည် သတင်းအချက်အလက်များကို စုဆောင်းရန်နှင့် မြို့နယ်ရွေးချယ်ခြင်းအတွက် အကြံပြုချက်များ ပေးရန် ဖြစ်နိုင်ခြေတစ်ခုအဖြစ် လုပ်ဆောင်သည်။ အဓိကအချက်အလက်များစာရင်းသည် လုပ်ငန်းစဉ်အား မြန်ဆန်စေရန် ကူညီပေးသည်။	*စီမံကိန်းတာဝန်ရှိသူနှင့် မြို့နယ် အရာရှိများ (ဦးစီးမှူးပထမတန်း နှင့် ဒုတိယတန်း အရာရှိများနှင့် ကြက်ခြေနီတပ်ဖွဲ့ ဒု-တပ်ရင်းမှူး)တို့၏ ထောက်ပံ့မှု ဖြင့် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်*
၄။	**ရင်းနှီးကျွမ်းဝင်စေရေး စည်းဝေးပွဲများ**	စည်းဝေးပွဲတွင် ပရိတ်သတ်များကို စီမံကိန်းနှင့်ပတ်သက်၍ ပို၍အသေးစိတ်သော အချက်အလက်များကိုတင်ပြသည်။ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များသော ကျေးရွာများ/ ရွာရိုးများ/ ရပ်ကွက်များနှင့် ကျောင်းများအပေါ် ကနဦး အချက်အလက်များကို စုဆောင်းနိုင်သည်။ အချိန်နှင့် အရင်းအမြစ် ရရှိနိုင်မှုအပေါ်မူတည်၍ ၄င်းကို တက်ရောက်သူများအား သူတို့၏ ယခင်ဗဟုသုတများအပေါ်အခြေခံ၍ အန္တရာယ် ဖြစ်လွယ်ဆုံးသော ကျေးရွာများကို အမည်ဖြင့်ဖော်ပြစေ၍ အချိန်တိုစေနိုင်သည်။ သို့မဟုတ် မိတ်ဆက်ခြင်း စည်းဝေးပွဲများတွင် ဝေမျှသော သတင်းအချက်အလက်များ၏ နောက်ဆက်တွဲအဖြစ် ပို၍နက်နဲသော ဆန်းစစ်လေ့လာချက်များအားဖြင့်လည် အကျယ်ချဲ့နိုင်သည်။	*စီမံကိန်းတာဝန်ရှိသူနှင့် မြို့နယ် အရာရှိများ (ဦးစီးမှူးပထမတန်း နှင့် ဒုတိယတန်း အရာရှိများနှင့် ကြက်ခြေနီတပ်ဖွဲ့ ဒု-တပ်ရင်းမှူး) တို့၏ ထောက်ပံ့မှု ဖြင့် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်*

Myanmar Red Cross Society

ယောဘ ၅
အတိုချုပ်ခြုံငုံကြည့်ခြင်း – မြို့နယ်အဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ

ပြုလုပ်သော ဖြစ်နိုင်ခြေ	မျှော်မှန်းရလဒ်	ဆွေးနွေးဝေမျှမည့် သတင်းအချက်အလက်	စုဆောင်းမည့် သတင်းအချက်အလက်
ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲ များ	• မြို့နယ် အာဏာပိုင်များ၏ တာရားဝင် ထောက်ပံ့မှု • မြို့နယ် အာဏာပိုင်များနှင့် အခြားမိတ်ဖက်များ၏ ညှိနှိုင်း ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု	• မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အထွေထွေသတင်းအချက်အလက် (ရည်မှန်းချက်၊ လုပ်ဆောင်ချက်၊ ဦးတည်ချက်၊ မဟာဗျူဟာ၊ လုပ်ဆောင်သော အဓိကနယ်ပယ်များ စသည်) • စီမံကိန်းအကြောင်းအရာအတိုချုပ် • ပါဝင်ပတ်သက်သူများများထံမှ မျှော်မှန်းထားသော ကတိကဝတ်ပြုမှု	• မြို့နယ်အသင်းခွဲ၏ စွမ်းဆောင်ရည် လိုအပ်ချက် အပါအဝင် မြို့နယ်အဆင့် ဘေးအန္တရာယ်လျော့ပါးရေး ကွက်လပ်များနှင့် လိုအပ်ချက်များ • မြို့နယ်တွင်း ဘေးထိခိုက် အလွယ်ဆုံးသော ကျေးရွာများ/ရွာရိုးများနှင့် ရပ်ကွက်များ (ဘေးအန္တရာယ် ဆိုင်ရာသတင်းအချက်အလက်) • ဘေးထိခိုက် အလွယ်ဆုံးသော ကျေးရွာများ/ရွာရိုးများနှင့် ရပ်ကွက်များတွင် တည်ရှိ သော ကျောင်းအရေအတွက် • ရပ်ရွာအကြီးအကဲများ/ရပ်ရွာ လူထု အဖွဲ့ဝင်များကို ခေါင်းဆောင်နေသူများ၏ ဆက်သွယ်ရန်စာရင်း • မြို့နယ်အတွင်း တည်ရှိ နေသော ဘေးအန္တရာယ် လျှော့ချရေး လုပ်ဆောင်ချက်များ (အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ)

၁.၃. ကျေးရွာ/ရပ်ကွက်အဆင့်

ဘေးထိခိုက်လွယ်ဆုံးသော ကျေးရွာများ/ရွာရိုးများ/ရပ်ကွက်များအား ရွေးချယ်ခြင်းသည် မြို့နယ်အဆင့်ကဲ့သို့ပင် အဆင့်သုံးဆင့်ရှိပြီး ၄င်းတို့ကို အဆိုပါနေရာအသီးသီးစီတိုင်းတွင် ကျေးရွာ/ရပ်ကွက်ကိုထင်ဟပ်စေသော ပြောင်းလဲမှုပြုလုပ်၍ ပွားယူနိုင်သည်။ ကွင်းဆင်းဆောင်ရွက်သောတာဝန်ရှိသူ (မြန်မာနိုင်ငံကြက်ခြေနီအသင်း ကွင်းဆင်းအရာရှိများဖြစ်သည့် ဦးစီးအရာရှိ ပထမတန်း၊ ဦးစီးအရာရှိဒုတိယတန်းနှင့် ဒုတပ်ရင်းမှူး) တို့၏ အကူအညီဖြင့် ရပ်ရွာလူထုကိုယ်စားလှယ်များ၏ အမည်များကို အဓိက ဆက်သွယ်ရန်ပုဂ္ဂိုလ်များစာရင်းတွင် ထည့်သွင်းရန် လိုအပ်သည်။ မိတ်ဆက်စာများပြင်ဆင်ခြင်းနှင့် ပေးပို့ခြင်း၊ မိတ်ဆက်ရှင်းလင်းဆွေးနွေးပွဲများကို ယခင်အတိုင်းပင် ထပ်မံလုပ်ဆောင်ရမည်။ သို့သော်လည်း အရေးအကြီးဆုံးအနေဖြင့် ထိုဆွေးနွေးပွဲများတွင် ပြောဆိုရှင်းပြမည့် သတင်းအချက်အလက်သည် ပြီးခဲ့သည့် ပြည်နယ်/တိုင်းအဆင့် ရင်းနှီးကျွမ်းဝင်စေရေး ပွဲများ ထက်ပို၍ နားလည်လွယ်စေသင့်သည်၊ အထူးသဖြင့် စီမံကိန်းအောက်ရှိ ရှေ့ဆက်လာမည့် လှုပ်ရှားမှုများကို တင်ပြခြင်းတွင် အကောင်အထည်ဖော်ခြင်းတွင် ရပ်ရွာလူထုအား မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရန်မျှော်လင့်သည်ကို နားလည်စေသင့်သည်။ ဥပမာအားဖြင့် ရှင်းလင်းတင်ပြခြင်းတွင် လာမည့် လက်တွေ့လုပ်ဆောင်မှုအဆင့်ဖြစ်သည့် ရပ်ရွာလူထုအား စည်းရုံးခြင်း၊ သူတို့ကို (ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအဖြစ်) စုစည်းရန်နည်းလမ်းများနှင့် မျှော်လင့်ထားသော လုပ်ငန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ တို့ ပါဝင်သင့်သည်။

ယောဘ ၆
အတိုချုပ်ခြုံငုံကြည့်ခြင်း – မြို့နယ်/ရပ်ကွက်အဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ

ပြုလုပ်သော ဖြစ်နိုင်ခြေ	မျှော်မှန်းရလဒ်	ဆွေးနွေးဝေမျှမည့် သတင်းအချက်အလက်	စုဆောင်းမည့် သတင်းအချက်အလက်
မိတ်ဆက်ရှင်းပြ ဆွေးနွေးပွဲများ	• ဒေသခံအာဏာပိုင်များ၏ တာရားဝင် ထောက်ပံ့မှု • ဒေသခံအာဏာပိုင်များနှင့် အခြားမိတ်ဖက်များ၏ ညှိနှိုင်း ဆောင်ရွက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု	• မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အထွေထွေသတင်းအချက်အလက် (ရည်မှန်းချက်၊ လုပ်ဆောင်ချက်၊ ဦးတည်ချက်၊ မဟာဗျူဟာ၊ လုပ်ဆောင်သော အဓိကနယ်ပယ်များ စသည်) • စီမံကိန်းအကြောင်းအရာ အတိုချုပ် • ပါဝင်ပတ်သက်သူများများထံမှ မျှော်မှန်းထားသော ကတိကဝတ်ပြုမှု အသေးစိတ်	• လူထုတွင်း ဘေးအန္တရာယ် လျှော့ချရေး ဟာကွက်များနှင့် လိုအပ်ချက်များ • ရပ်ရွာလူထုအတွင်း တည်ရှိနေသော ဘေးအန္တရာယ် လျှော့ချရေး လုပ်ဆောင်ချက်များ (အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ) • ဆင်းရဲနွမ်းပါးမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အရေး ကိစ္စများနှင့်ပတ်သက်သော အခြား စိုးရိမ်ပူပန်မှုများ

ကျေးရွာများတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းထားရှိခြင်း၏ အကျိုးကျေးဇူးကို ရပ်ရွာလူထုအား ပိုမိုနားလည်စေရန်အတွက် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးကိရိယာသေတ္တာတွင်ပါဝင်သည့် အသိပညာပေးကိရိယာများဖြစ်သည့် ဘေးအန္တရာယ်ဆိုင်ရာလက်ကမ်းစာစောင်များကို ကျေးရွာအဆင့် ရှင်းလင်း မိတ်ဆက်ခြင်းအပိုင်းတွင် ဖြန့်ဝေခြင်း ပြုလုပ်နိုင်သည်။

Myanmar Red Cross Society

ရည်ညွှန်းကိုးကားရာအဖြစ် အကောင်အထည်ဖော်လုပ်ဆောင်မည့် အဖွဲ့အစည်းသည် ရင်းနှီးကျွမ်းဝင်စေရေး လုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပြင်ဆင် ထုတ်ဝေသော "ကျေးရွာအဆင့် ထောက်ခံအားပေးမှု ရရန် ဆောင်ရွက်ခြင်း လမ်းညွှန်" စာအုပ်မှ အကြံဉာဏ် ရယူနိုင်သည်။

၁.၄. ကျောင်းအဆင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများအား မိတ်ဆက်ရှင်းလင်းခြင်း

အားလုံးသော ဦးတည်ထားသောကျောင်းများအား မိတ်ဆက်ရှင်းလင်းပွဲများကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့အား လာမည့် စီမံကိန်းလုပ်ဆောင်မှုများအား အသိပေးရန်နှင့် သူတို့၏ ကတိကဝတ်ပြုမှုနှင့် ထောက်ပံ့မှုတို့ကို ရနိုင်ရန်အတွက် ပြုလုပ်ပေးသင့်သည်။ မိတ်ဆက်ရှင်းလင်းပွဲအား ဦးတည်ထားသော ကျောင်းတစ်ကျောင်းစီတွင် တစ်ခုစီ သို့မဟုတ် မြို့နယ်တစ်မြို့နယ်အတွင်း ဦးတည်ထားသောကျောင်းအားလုံးတွင် တစ်ခု သို့မဟုတ် ဦးတည်ထားသောကျောင်းအားလုံးအတွက် ပွဲတစ်ခုတည်း မည်သို့ပြုလုပ်မည်ကို ရွေးချယ်ခြင်းသည် စီမံကိန်းမှ အသုံးပြုနိုင်သော အရင်းအမြစ်နှင့် အချိန်ပေါ်တွင် မူတည်သည်။

ဇယား ၇
အတိုချုပ်ဖြေဆိုကြည့်ခြင်း – ကျောင်းအဆင့် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများ

ပြုလုပ်သော ဖြစ်နိုင်ခြေ	မျှော်မှန်းရလဒ်	ဆွေးနွေးဝေမျှမည့် သတင်းအချက်အလက်	စုဆောင်းမည့် သတင်းအချက်အလက်
မိတ်ဆက်ရှင်းပြ ဆွေးနွေးပွဲများ	• ကျောင်းအုပ်ချုပ်ရေး အဖွဲ့၏ တရားဝင် ထောက်ပံ့မှု/ပူးပေါင်း	• မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အထွေထွေသတင်းအချက်အလက် (ရည်မှန်းချက်၊ လုပ်ဆောင်ချက်၊ ဦးတည်ချက်၊ မဟာဗျူဟာ၊ လုပ်ဆောင်သော အဓိကနယ်ပယ်များ စသည်) • စီမံကိန်းအကြောင်းအရာအတိုချုပ် • ပါဝင်ပတ်သက်သူများများထံမှ မျှော်မှန်းထားသော ကတိကဝတ်ပြုမှု အသေးစိတ်	• လူထုတွင်း ဘေးအန္တရာယ် လျှော့ချရေး ဟာကွက်များနှင့် လိုအပ်ချက်များ • အလားအလာရှိသော လူ့စွမ်းအား အရင်းအမြစ်များ (ကျောင်းသား/သူများ၊ ဆရာ/မများ

Myanmar Red Cross Society

ရပ်ရွာလူထုအဆင့် (ကျေးရွာ/ရပ်ကွက် သို့မဟုတ် ကျောင်း)တွင် ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများတွင် ဘေးထိခိုက်လွယ်ဆုံးသော အုပ်စုများအား လုပ်ငန်းစဉ်တွင်ပါဝင်ကြောင်းသေချာအောင်ပြုလုပ်ပါ။ ထိုမှတဆင့် ဘေးထိခိုက်လွယ်ဆုံးသော လူထု (အမျိုးသမီး၊ သက်ကြီးရွယ်အို၊ ကာယပိုင်းဆိုင်ရာခက်ခဲမှုရှိသူများ၊ မသန်စွမ်းသူများ၊ လူနည်းစုလူမျိုးများနှင့် ကလေးများ)အုပ်စု သို့မဟုတ် အဖွဲ့ကိုယ်စားလှယ်များသည် ရင်းနှီးကျွမ်းဝင်စေရေးဆွေးနွေးပွဲများသို့ အတိအလင်းဖိတ်ကြားသင့်ပေသည်။

- ✔ ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများတွင် ပေးမည့် သတင်းအချက်အလက်များသည် ရပ်ရွာရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး၏ မျှော်မှန်းထားသော အကျိုးကျေးဇူးများနှင့် လာရောက်ပြုလုပ်မည့် လုပ်ဆောင်ချက်များ၏ အဓိက အချက်များကို ခြုံငုံမိသည်။
- ✔ ရင်းနှီးကျွမ်းဝင်စေရေးဆွေးနွေးပွဲများအတွက် ဖိတ်ကြားမည့်သူများစာရင်းတွင် (အဆင့်တိုင်းရှိ) သက်ဆိုင်သော ပါဝင် ပတ်သက်သူများများအားလုံးပါဝင်သည်။
- ✔ ရင်းနှီးကျွမ်းဝင်စေရေးဆွေးနွေးပွဲအတွင်း အလားအလာရှိသော လူသားအရင်းအမြစ်များနှင့် ဘေးအန္တရာယ် လျှော့ချရေး လစ်ဟာကွက်များကို ဖော်ထုတ်သတ်မှတ်သည်။

အထူးသဖြင့် ကျောင်းများတွင် ရင်းနှီးကျွမ်းဝင်စေရေးဆွေးနွေးပွဲများတွင် မိဘများ၏ ပံ့ပိုးမှုကို ရရှိရန် အရေးကြီးသည်။ လာရောက်ပြုလုပ်မည့် စီမံကိန်းလုပ်ဆောင်ချက်များအကြောင်းကို မိဘများသိရှိပြီး အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအဆင့်တို့တွင် ချိတ်ဆက်ပါဝင်စေသင့်သည်။ သို့မှသာ သူတို့သည် သူတို့ကလေးများ၏ လေ့လာသင်ကြားမှုအား ထောက်ပံ့ပေးနိုင်ပြီး သူတို့ကလေးများထံမှ အသစ်ရရှိသော အသိပညာများမှာ အကျိုးကျေးဇူးလည်း ရရှိနိုင်ပေသည်။ ထို့ပြင် ကျောင်းအခြေပြု လုပ်ဆောင်မှုများသည် ကျောင်းသားမိဘများ၏ထောက်ခံမှုဖြင့် ကျောင်းသားများအား ကျောင်းတွင် ထပ်မံ အချိန်ယူလုပ်ဆောင်ရန်လိုအပ်သည်။

လုပ်ငန်းစဉ် ၂
စီမံကိန်းနေရာ ရွေးချယ်ခြင်း

ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသော ရပ်ရွာလူထုအား ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး၏ ပထမဆုံးအဓိကအဆင့် ဖြစ်သည်။ ကွဲပြားသော လက္ခဏာရပ်များရှိပြီး လူမှု–စီးပွားအခြေအနေများ ကွဲပြားသည့် အမျိုးမျိုးသော ရပ်ရွာလူထုသည် ဘေးအန္တရာယ်ကျရောက်လွယ်မှု အတိုင်းအတာ အမျိုးမျိုးတို့ကို ဖြစ်စေသဖြင့် ဤအဆင့်သည် စီစဉ်ထားသော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အစီအမံလုပ်ဆောင်မှုများမှ ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသော ရပ်ရွာလူထု(များ)ကို အကျိုးကျေးဇူး ခံစားရသူများအဖြစ်ရွေးချယ်မိစေရန် အထူးအရေးကြီးသည့်အဆင့်ဖြစ်သည်။

၂.၁ ပြည်နယ်/တိုင်းဒေသကြီးအား ရွေးချယ်ခြင်း

ဘေးအန္တရာယ်ဖြစ်လွယ်ဆုံးသော ရပ်ရွာလူထု – ၄င်းသည် ဘေးအန္တရာယ်ဖြစ်လွယ်ဆုံးသော ကျေးရွာ/ရပ်ကွက်တွင် နေထိုင်ကြသော လူထုအဖွဲ့အစည်းနှင့် ၄င်းဒေသတွင် တည်ရှိနေသော ဦးတည်သည့် ကျောင်း(များ) – ရွေးချယ်ခြင်းသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စတင်သည်။ လက်တွေ့အားဖြင့် လုပ်ငန်းလုပ်ဆောင်မည့်အဖွဲ့တွင် သူတို့ဝင်ရောက်လုပ်ကိုင်လိုသည့် နိုင်ငံရှိ မည်သည့် တိုင်း သို့မဟုတ် ဒေသကို အကြမ်းဖျဉ်းစိတ်ကူးအားဖြင့် လုပ်ဆောင်ချက်ဖော်ထုတ်ခြင်းအဆင့်မှာပင် ရှိထားသင့်သည်။ ၄င်းသည် အကြီးတန်းအုပ်ချုပ်မှုအဖွဲ့နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုယ်စားလှယ်အဖွဲ့၏ အဓိက တာဝန်ရှိပုဂ္ဂိုလ်တို့၏ အဓိက တာဝန်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက်ဆိုလျှင် အဓိကတာဝန်ရှိသောအဖွဲ့တွင် ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန၏ ဌာနမှူးနှင့် လက်ထောက်ဌာနမှူးနှင့် စီမံကိန်းညှိနှိုင်းရေးမှူး တို့နှင့်အတူ ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီအမှုဆောင်ကော်မတီတို့ ပါဝင်သည်။ ပြီးခဲ့သည့်အဆင့်များတွင် ရှင်းပြခဲ့ပြီးသည့်အတိုင်း ဘေးအန္တရာယ် ဖြစ်လွယ်ဆုံးသော ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်များကို ရွေးချယ်ရန်အတွက် အဆိုပြုလွှာဖော်ထုတ်ရေးဆွဲခြင်းအဆင့်တွင် အသုံးပြုနိုင်ရန်အတွက် အသုံးပြုသော ရွေးချယ်မှု သတ်မှတ်ချက်များသည် ဆီလျော်မှုရှိသော်လည်း မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ စီမံချက်အများစုတွင် စီမံကိန်းအား တွေးဆသည့်အဆင့်မှာပင် သူတို့ လုပ်ဆောင်လိုသည့် ကြိုတင်ရွေးချယ်ထားသော ပြည်နယ်/တိုင်းဒေသကြီး၊ ထိုမှတဆင့် မြို့နယ်အဆင့်တို့ရှိသည်။ ထို့ကြောင့် ယခုဖော်ပြသော ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် ရွေးချယ်ခြင်းလုပ်ဆောင်ချက်ကို ကျော်သွားရမည်။

၂.၁.၁ ရွေးချယ်မှု သတ်မှတ်ချက်

ကြိုတင်စိစစ်ထားပြီးသော ရွေးချယ်မှု သတ်မှတ်ချက်ရှိခြင်းသည် လုပ်ငန်းလုပ်ဆောင်မည့် ကိုယ်စားလှယ်အဖွဲ့၏ ဦးစားပေးလုပ်ပိုင်ခွင့်နှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်၊ လုပ်ဆောင်ချက်နှင့် ပန်းတိုင်တို့နှင့်အတူ ဆုံးရှုံးမှုနှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု၏ အတိုင်းအတာအမျိုးမျိုးတို့ကို ခွဲခြားခြင်း တို့ကို ဦးစားပေးအလိုက် စီစဉ်ရာတွင် အထောက်အကူပြုသည်။

+ **ဆုံးရှုံးနိုင်ခြေနှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု** – ၄င်းသည် စံသတ်မှတ်ချက်၏ အဓိကအကျဆုံး ရှုထောင့်ဖြစ်ပြီး ဆုံးရှုံးနိုင်ခြေနှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှုအဆင့်အတိုင်းအတာကို နှိုင်းချိန်ရာတွင် ဘေးအန္တရာယ်ကျရောက်လွယ်မှု၏ အကြောင်းရင်းမြစ်ဖြစ်သော ဆင်းရဲနွမ်းပါးမှုအတိုင်းအတာ၊ သဘာဝ အရင်း အမြစ်များအား စီမံခန့်ခွဲမှု (အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် အသက်မွေးဝမ်းကျောင်းမှု ဆက်နွယ်မှု)နှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့် စသည်တို့ကို တူညီသောအာရုံစိုက်မှုပေးသင့်သည်။ နိုင်ငံတွင်းတွင် ထိုကဲ့သို့သော အချက်အလက်များအတွက် အဓိက အရင်းအမြစ်တစ်ခုမှာ မြန်မာ့သတင်းအချက်အလက်နှင့် စီမံခန့်ခွဲမှု ယူနစ် Myanmar Information Management Unit (MIMU at themimu.info) ဖြစ်သည်။ ထို့ကဲ့သို့သော အကြောင်းအရာအပေါ် များပြားသော သတင်းအချက်အလက်များကို ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့များ (ဥပမာ – IHLAC လေ့လာမှု) မှ မြန်မာနိုင်ငံအတွက် အထူးပြုလုပ်ထားသော လေ့လာမှုအမျိုးမျိုးတို့မှရနိုင်သည်။ ဘေးအန္တရာယ်များနှင့် ၄င်းတို့နှင့် ဆက်စပ်လျက်ရှိသော ဆုံးရှုံးနိုင်ခြေများနှင့်ပတ်သက်သောအနာဂတ်အလားအလာ များကို ထည့်သွင်းစဉ်းစားသင့်ပြီး ထပ်မံ၍ ထိုကဲ့သို့သော အချက်အလက်များကို အင်တာနက်အွန်လိုင်းပေါ်တွင် တွေ့နိုင်သည် (ဥပမာအားဖြင့် UNFCCC ၊ UNDP နှင့် The Centre for People & Forests (RECOFTC))။ ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအတွင်း ရှိနှင့်ပြီးသော အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

Myanmar Red Cross Society

+ **လုပ်ပြီး၊ လုပ်ဆဲနှင့် လျာထားသော ဘေးအန္တရာယ်လျော့ပါးရေး အစပျိုးလုပ်ဆောင်မှုများ၏ အတိုင်းအတာ။** ဆိုလိုသည်မှာ ပြည်နယ်/တိုင်းဒေသကြီးအတွင်းတွင် ပြုလုပ်ပြီးစီးသွားသော သို့မဟုတ် ပြုလုပ်နေဆဲ သို့မဟုတ် ပြုလုပ်ရန်သဘောတူညီထားသော ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းအများအပြားရှိသည်။ ဘေးအန္တရာယ်လျော့ချရေး လုပ်ဆောင်ချက် အနည်းငယ် သို့မဟုတ် လုံးဝမရှိသော ပြည်နယ်/တိုင်းဒေသကြီးတို့ကို ဦးစားပေးသင့်သည်။
+ **တိုင်း/ပြည်နယ် အာဏာပိုင်များ၏ စိတ်ဝင်စားမှုအတိုင်းအတာ။** ။အချို့သောကိစ္စများတွင် ပြည်နယ်/တိုင်း ဒေသကြီး၏ အစိုးရများမှ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းများ ပြုလုပ်ခြင်းကို တိတိ ကျကျတောင်းဆိုသည်။ ထိုသို့သောတောင်းဆိုမှုမှ အာဏာပိုင်များသည် အရင်းအမြစ်များ နှစ်မြှုပ်ခြင်းအတွက် အာမခံမပေးနိုင်သော်လည်း စီမံကိန်းအကောင်အထည်ဖော်လုပ်ဆောင်ခြင်းကို ပံ့ပိုးကူညီရန် ပို၍ဖြစ်နိုင်သည်။

အလျှုရှင်အဖွဲ့အစည်း၏ လိုအပ်ချက်သည် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်တွင် အဓိကအားဖြင့် လွှမ်းမိုးရန် မသင့်လျော်သော်လည်း သတ်မှတ်ထားသည့် ပြည်နယ်/တိုင်းဒေသကြီး၏ ဦးစားပေးစဉ်းစားရန်အချက်ဖြစ်သည်။ ဥပမာ အလျှုရှင်အဖွဲ့အစည်းသည် ကမ်းခြေဒေသ သို့မဟုတ် မြေလျင်ဖြစ်လွယ်သောဒေသများတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လှုပ်ရှားမှုများကို ထောက်ပံ့ပေးရန် ရှာဖွေသည်။ ဤအခြေအနေမျိုး ပေါ်ပေါက်လာပါက အလျှုရှင်များ၏ ဦးတည်ရာများသည် လက်တွေ့ကျသည့် ဆုံးရှုံးနိုင်ခြေနှင့် ဘေးအန္တရာယ်ဖြစ်လွယ်မှု သတင်းအချက်အလက်များအပေါ် မူတည်ကြောင်း သေချာစေရန်အတွက် စုံစမ်းစစ်ဆေးရန်နှင့် အလျှုရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းအတွက် စီစဉ်ရန် ပြုလုပ်သင့်ပေသည်။ ရွေးချယ်ခြင်း လုပ်ငန်းစဉ်မစတင်မီ တိကျသော ရွေးချယ်ခြင်း စံသတ်မှတ်ချက်များနှင့် စီမံကိန်းအဖွဲ့နည်းတူ မြန်မာနိုင်ငံကြက်ခြေနီအသင်း အုပ်ချုပ်မှုအဖွဲ့တို့ သဘောတူညီကြသော နောက်ဆုံးရွေးချယ်ခြင်းတွင် သူတို့၏ အလေးသာမှုကိုလည်း သေချာစေရန် လိုအပ်သည်။ ၄င်းသည် ပြည်နယ်/တိုင်းဒေသကြီးရွေးချယ်ခြင်းအား ထင်သာမြင်သာသောနည်းလမ်းဖြင့် မည်သည့် အနှောက်အယှက်မျှ မရှိဘဲ အပြီးသတ်နိုင်စေသည်။

၂.၁.၂ ရွေးချယ်ခြင်းလုပ်ငန်းစဉ်

အများအားဖြင့် အချိန်အကန့်အသတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော စီမံကိန်းများဖြစ်သည့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လျာထားသော လုပ်ဆောင်ချက်များအတွက် သင့်တော်သော ပြည်နယ်/တိုင်းဒေသကြီးကို သတ်မှတ်၍ ရွေးချယ်ရာတွင် အောက်ပါအဆင့်များကို လုပ်ဆောင်နိုင်သည်–

ဇယား ၈
ပြည်နယ်/တိုင်းဒေသကြီးတစ်ခုကို ရွေးချယ်နည်း

၁။	**စံသတ်မှတ်ရွေးချယ်ခြင်းနှင့် ဆက်စပ်သော အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် လေ့လာခြင်း**	ဤအဆင့်သည် စားပွဲထိုင်သုတေသနပြုခြင်းကို ကျယ်ပြန့်စွာ လုပ်ဆောင်ရန်လိုအပ်သည်။ ကွဲပြားသော ပြည်နယ်/တိုင်းဒေသကြီးတို့ကို နှိုင်းယှဉ်ခြင်းကို ရိုးရှင်းစေနိုင်ရန် အတွက် ရနိုင်သမျှ သတင်းအချက်လက်များကို စုစည်းသင့်သည်။ အချက်အလက် များအား စိတ်ဖြာလေ့လာချက်လုပ်ငန်းစဉ်သည် ထင်သာမြင်သာရှိရန်နှင့် ဆုံးဖြတ်ချက်များ သည်လည်း ၄င်းအချက်အလက် စိတ်ဖြာလေ့လာမှုအပေါ်မူတည်ရန် သေချာစေ သင့်သည်။
၂။	**ပြည်နယ်/တိုင်းဒေသကြီး များစာရင်း ပြုစုခြင်း**	ဤအဆင့်သည် အထက်တွင်ပြုလုပ်ခဲ့ပြီးဖြစ်သော အချက်အလက် ခွဲခြမ်းစိတ်ဖြာလေ့လာမှု အပေါ်တွင်မူတည်သည်။ စာရင်းတွင်ရှိသော ပြည်နယ်/တိုင်းဒေသကြီးများ အားလုံးကို ပဏာမရွေးချယ်ပြီးအဖြစ် ယူဆမည်။ ထို့ကြောင့် စာရင်းတွင် ထည့်သွင်းမည့် ပြည်နယ်/တိုင်းဒေသကြီးအရေအတွက်သည် ကျိုးကြောင်းသင့်တော် သင့်သည်။
၃။	**ပဏာမရွေးချယ်ထားသော ပြည်နယ်/တိုင်းဒေသကြီး ကြက်ခြေနီအမှုဆောင် ကော်မတီနှင့် အစည်းအဝေး ပြုလုပ်ခြင်း**	အဆင့် ၂ မှ ပဏာမရွေးချယ်ထားသော ပြည်နယ်/တိုင်းဒေသကြီးအားလုံးကို ဆက်သွယ်ရန်လိုအပ်ပြီး သူတို့ဒေသတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်ခြင်းအတွက် ဖြစ်နိုင်ခြေကို ဆွေးနွေးသင့်သည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကြက်ခြေနီအမှုဆောင်ကော်မတီဝင်များကို ရွေးချယ်ခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အကြံပြုချက်များ၊ အချက်အလက်ပေးမှုများဖြင့် ပံ့ပိုးကူညီရန် အားပေးသင့်သည်။
၄။	**နောက်ဆုံး ရွေးချယ်ခြင်း**	ဆွေးနွေးပွဲများမှ တုံ့ပြန်ချက်များနှင့်အတူ ရှေ့တွင်ဖော်ပြခဲ့ပြီးသော ရွေးချယ်ရေး စံသတ်မှတ်ချက်များအပေါ်အခြေခံ၍ စီမံကိန်း ပြည်နယ်/တိုင်းဒေသကြီးအား နောက်ဆုံးရွေးချယ်ခြင်းကို ပြုလုပ်သင့်ပြီး ပြည်နယ်/တိုင်းဒေသကြီး ကြက်ခြေနီ အမှုဆောင်ကော်မတီများကို ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အသိပေးသင့်သည်။

- ✔ ရွေးချယ်ခြင်း စံသတ်မှတ်ချက်များကို ရွေးချယ်သတ်မှတ်ပြီး သဘောတူညီကြသည်။
- ✔ အချက်အလက်များကို အမျိုးမျိုးသော အရင်းအမြစ်များမှ ကောက်ယူပြီး စနစ်ကျသောနည်းလမ်းဖြင့် စုစည်းသည်။
- ✔ ဖြစ်နိုင်ခြေရှိသော ပြည်နယ်/တိုင်းဒေသကြီး ပဏာမရွေးချယ်စာရင်းကို ပြင်ဆင်ပြီး မြန်မာနိုင်ငံကြက်ခြေနီ အသင်း အုပ်ချုပ်မှုအဖွဲ့မှ အတည်ပြုသည်။

Myanmar Red Cross Society

၂.၂ ဘေးထိခိုက်လွယ်ဆုံးသော မြို့နယ်များကို ရွေးချယ်ခြင်း

ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရှင်းလင်းတင်ပြသည့် ဆွေးနွေးပွဲအပြီးတွင် စီမံကိန်းအဖွဲ့သည် ဘေးထိခိုက်လွယ်ဆုံးသော မြို့နယ်များအပေါ် အခြေခံသတင်းအချက်အလက်များနှင့် အကြံပေးချက်များကို လက်ဝယ်ရှိနှင့်ပြီး ဖြစ်နေသင့်သည်။

၂.၂.၁ ရွေးချယ်ခြင်းစံသတ်မှတ်ချက်များ

မြို့နယ်ရွေးချယ်ခြင်းအတွက် စံသတ်မှတ်ချက်များသည် ကျယ်ပြန့်သော အကြောင်းအရာများကို ခြုံငုံမိစေသင့်သည်–

ဇယား ၉
မြို့နယ်ရွေးချယ်ခြင်းအတွက် ရွေးချယ်မှုစံသတ်မှတ်ချက်များ

စံသတ်မှတ်ချက်များ	ရှင်းလင်းချက်	သတင်းအချက်အလက် ရင်းမြစ်
သဘာဝ ဘေးအန္တရာယ် ကျရောက်လွယ်မှု	ပြီးခဲ့သည့် ၁၀–နှစ်အတွင်း သဘာဝဘေးအန္တရာယ် မကြာခဏ ရိုက်ခတ်ခံရသော မြို့နယ်များ	မြို့နယ် အန္တရာယ်သတင်း အချက်အလက်အကျဉ်း၊ အန္တရာယ်ဖြစ်ပွားမှု သမိုင်းဆိုင်ရာ အချက်အလက် စသည်
မြို့နယ်၏ စွမ်းဆောင်ရည်	ရွေးချယ်လိုက်သောမြို့နယ်အသင်းခွဲတွင် ဘေးအန္တရာယ် လျှော့ချရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် လိုအပ်သော စွမ်းဆောင်ရည်ရှိကြောင်း သေချာ စေရန် ပြုလုပ်ပါ။ အသင်းခွဲဖွဲ့ဖြိုးတိုးတက်ရေး ဆန်းစစ် လေ့လာချက်သည် သတ်မှတ်ထားသည့် မြို့နယ်၏ စွမ်းဆောင်ရည်နှင့် ပတ်သက်သော သတင်း အချက် အလက်ကိုပေးသည်။ သို့သော် အသင်းခွဲဖွဲ့ဖြိုးတိုးတက်ရေး ဆန်းစစ်လေ့လာချက်အပေါ်တွင် ရမှတ်မကောင်းသော မြို့နယ်များကို မြို့နယ်ရွေးချယ်ခြင်းလုပ်ငန်းစဉ်တွင် ပစ်ပယ် မထားသင့်ပေ။	အသင်းခွဲ ဖွံ့ဖြိုးတိုးတက်ရေး ဆန်းစစ်လေ့လာချက်
မြို့နယ်အာဏာပိုင်များနှင့် ကြက်ခြေနီအမှူဆောင် ကော်မတီဝင်များ၏ အသိအမှတ်ပြု လုပ်ဆောင်လိုစိတ်	မြို့နယ်အာဏာပိုင်များနှင့် အထူးသဖြင့် ကြက်ခြေနီ အမှူဆောင် ကော်မတီဝင်များသည် ထိုမြို့နယ်တွင် စီမံကိန်း တစ်ခု အကောင် အထည်ဖော်လုပ်ဆောင်ခြင်း၏ သဘော တရားအပေါ် အသိအမှတ်ပြု လုပ်ဆောင်ရန် လိုအပ်သည်။ စီမံကိန်းအမှန်တကယ် အကောင်အထည် ဖော်ဆောင်ခြင်းကို မြို့နယ် အာဏာပိုင်များနှင့် ကြက်ခြေနီအမှူဆောင် ကော်မတီတို့မှ များစွာပံ့ပိုးရသောကြောင့် နှစ်ဖွဲ့စလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အသိအမှတ်ပြုလုပ်ဆောင်လိုမှုတို့ လိုအပ်သည်။ အသိအမှတ်ပြု လုပ်ဆောင်လိုမှုမရှိသော မြို့နယ်များကို စီမံကိန်းနေရာအဖြစ် ရွေးချယ်ရန်မသင့်ပေ။	မြို့နယ်အာဏာပိုင်နှင့် ကြက်ခြေနီအမှူဆောင် ကော်မတီများနှင့် ညှိနှိုင်း တိုင်ပင်ဆွေးနွေးပွဲများ
မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်သူများတည်ရှိခြင်း	အထူးသဖြင့် ဘေးအန္တရာယ်ဖြစ်လွယ်သောမြို့နယ်များတွင် အခြား ဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်သူများသည် စီမံကိန်းများကို အကောင်အထည်ဖော်နှင့်ပြီးဖြစ်နိုင်ဖွယ် ပိုများသည်။ အားထုတ်လုပ်ဆောင်မှုများ ထပ်နေခြင်းမဖြစ်စေရန်အတွက် ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းများလုပ်ဆောင်နေဆဲ မြို့နယ်များကို ရွေးချယ်ရန်မသင့်ပေ။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သို့မဟုတ် အခြား ဘေးအန္တရာယ် လျှော့ချရေးလုပ်ဆောင်သူများ၏ လုပ်ခဲ့ပြီး သို့မဟုတ် ပြုလုပ်ဆဲ ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းမှ အကျိုး ခံစားရခြင်း မရှိသေးသော မြို့နယ်များအပေါ်တွင် ဦးတည် အာရုံစိုက်သင့်သည်။	ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ၊ စီမံကိန်း မှတ်တမ်းများ စသည်
ရောက်ရှိနိုင်မှု	အချို့သောနေရာများတွင် စီမံကိန်းအကောင်အထည်ဖော်ရန် ဖြစ်နိုင်မှုရှိမရှိကို ထည့်သွင်းစဉ်းစားရသည်။ အချို့ကိစ္စ များတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အချို့သောစီမံကိန်းနေရာများသို့ ရောက်ရှိနိုင်မှုသည် ဖြစ်နိုင်ခြေမရှိ သို့မဟုတ် လုံးဝဖြစ်နိုင်မှု မရှိပေ။ သို့သော် စံနှုန်းသတ်မှတ်ချက်သည် ရောက်ရှိသွားလာရန် ခက်ခဲသောမြို့နယ်များကို စီမံကိန်း နေရာအဖြစ် မည်သည့်အခါမျှ မရွေးချယ်ရန်ဆိုလိုခြင်း မဖြစ်သင့်ပေ။ ရောက်ရှိသွားလာနိုင်မှုနှင့်ပတ်သက်လာလျှင် အချိန်နှင့် လျာထားငွေသတ်မှတ်ချက်တို့ကိုပါ ထည့်သွင်းစဉ်းစား သင့်သည်။	သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ပတ်သက်သော သတင်းအချက် အလက်၊ ကြက်ခြေနီ စေတနာ့ဝန် လုပ်အားရှင်တို့၏ ကိုယ်တွေ့ အတွေ့အကြုံများ စသည်
လူမှု–စီးပွားအခြေအနေ	မြို့နယ်ရွေးချယ်ခြင်းတွင် မြို့နယ်၏ လူမှု–စီးပွား အခြေ အနေသည် အဓိက စံသတ်မှတ်ချက်ဖြစ်ရန်မသင့်သော်လည်း အန္တရာယ်သတင်းအချက်အလက်အကျဉ်း၊ စွမ်းဆောင်ရည်နှင့် ကတိပြုလုပ်ဆောင်လိုမှု တူညီနေသော မြို့နယ် နှစ်ခု ဖြစ်ပါက လူမှု–စီးပွားအခြေအနေနိမ့်ကျသောမြို့နယ်ကို ရွေးချယ်သင့်သည်။	လူမှု–စီးပွားအခြေအနေနှင့် ဆက်စပ်သော မြို့နယ် အချက်အလက် (ဝင်ငွေ၊ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး စသည်)

Myanmar Red Cross Society

သို့သော် စီမံကိန်းအပေါ်မူတည်၍ ရွေးချယ်ခြင်းစံသတ်မှတ်ချက်သည် အနည်းငယ်ကွဲပြားနိုင်သည်။ အဓိက အကျဆုံး ရှုထောင့်မှာ စံနှုန်းသတ်မှတ်ကို စီမံကိန်းမစတင်မီကပင် သဘောတူညီထားသင့်ပြီး သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများများအား အသိပေးထားသင့်သည်။ သို့မှသာ စီမံကိန်းနေရာရွေးချယ်ခြင်းသည် တရားမျှတ၍ သိသာမြင်သာရှိကြောင်း တွေ့ကြုံရစေသည်။

၂.၂.၂ ရွေးချယ်ခြင်းလုပ်ငန်းစဉ်

ဘေးထိခိုက်လွယ်ဆုံးသောမြို့နယ်များအား သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းအတွက် အကြံပြုထားသော အချက်များကို ဇယား ၁၀ တွင် ဖော်ပြထားသည်။

ရွေးချယ်ခြင်းလုပ်ငန်းစဉ်တွင် ရာသီဥတုပြောင်းလဲမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုတို့ကိုလည်း ဆုံးရှုံးနိုင်ခြေနှင့် ဘေးအန္တရာယ်ကျရောက်လယ်မှုတို့ကို လွှမ်းမိုးသည့် အခြေခံအကြောင်းရင်းအဖြစ် ထည့်သွင်းစဉ်းစားသင့်သည်။

- ✔ ရွေးချယ်ခြင်းစံနှုန်းသတ်မှတ်ချက်ကိုများကို ရွေးချယ်၍ သဘောတူညီသည်။
- ✔ ရွေးချယ်ခြင်းခံရမည့် မြို့နယ်အရေအတွက်ကို သဘောတူညီသည်။
- ✔ အချက်အလက်များကို အမျိုးမျိုးသောအရင်းအမြစ်များမှ ကောက်ယူပြီး စနစ်တကျနည်းဖြင့် စုစည်းသည်။
- ✔ ပါဝင်ပတ်သက်သူများများအားလုံးနှင့် ညှိနှိုင်းတိုင်ပင်၍ နောက်ဆုံး ဆုံးဖြတ်ချက်ကို အသိပေးသည်။

ဇယား ၁၀ မြို့နယ်တစ်ခုကို ရွေးချယ်နည်း

၁။	**သတင်းအချက်အလက်ဟာကွက်များကို ဖော်ထုတ် သတ်မှတ်ခြင်း**	ရွေးချယ်ခြင်းလုပ်ငန်းကိုမဆို မစတင်မီ အကောင်အထည်ဖော်လုပ်ဆောင်မည့်အဖွဲ့အစည်းသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရှင်းလင်းဆွေးနွေးပွဲများတွင် ဘေးအန္တရာယ်ကျရောက်လွယ်သည်ဟု သတ်မှတ်ခံရသော မြို့နယ်များတွင် မည်သည့် အချက်အလက်မျိုး ရှိနှင့်ပြီးဖြစ်သည်၊ ဇယား ၉ တွင်ဖော်ပြထားသော ပြုစုထားသည့် စံသတ်မှတ်ချက်နှင့် စပ်လျဉ်း၍ မည်သည့်အချက်မျိုးမရှိသည်ကို ဖော်ထုတ်ရမည်။	*စီမံကိန်းအဖွဲ့၏ အထောက်အကူဖြင့် စီမံချက် ညှိနှိုင်းရေးမှူး၏ တာဝန်*
၂။	**သက်ဆိုင်ရာ အချက်အလက်များကို စားပွဲထိုင်ရာဖွေခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း**	၄င်းတွင် ပြီးခဲ့သည့်အဆင့်များတွင် သတိပြုမိခဲ့သော သတင်းအချက်အလက် လစ်ဟာနေမှုများကို သုတေသနပြုခြင်းနှင့် တစ်ဆင့်ခံရရှိသော အရင်းအမြစ်များမှ စားပွဲထိုင်လေ့လာခြင်းနှင့် ထွက်ပေါ်လာသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းတို့ဖြင့် အဓိကဖြည့်စွက်သည်။ သတင်းအချက်အလက်များ၏ အရင်းအမြစ်များတွင် အစိုးရနှင့် အစိုးမဟုတ်သောအဖွဲ့အစည်းတို့၏ ရုံးများတွင် ထိန်းသိမ်းထားရှိသော သမိုင်းမှတ်တမ်းများ၊ အစီရင်ခံစာများ၊ သုတေသနစာတမ်းများ၊ စီမံကိန်းအဆိုပြုလွှာများနှင့် ဝေမျှထားသော အချက်အလက်/အင်တာနက်အွန်လိုင်း သတင်းအချက်အလက်များ ပါဝင်သည်။	*စီမံကိန်းညှိနှိုင်းရေးမှူးနှင့် ကွင်းဆင်းအရာရှိတို့တွင် အဓိကတာဝန်ရှိသည်။ အချက်အလက် ကောက်ယူစုဆောင်းခြင်းကို ဒု–တပ်ရပ်ရင်းမှူးမှ ပံ့ပိုးပေးသင့်သည်။*
၃။	**ညှိနှိုင်းအကြံပေး ဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ခြင်း**	အဆိုပြုထားသော မြို့နယ်များ၏ သတင်းအချက်အလက်များကို ကောက်နုတ်စုစည်း၍ ခွဲခြမ်းစိတ်ဖြာပြီးပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ လိုအပ်လျှင် ခရိုင် အာဏာပိုင်များနှင့် ညှိနှိုင်းအကြံပေးဆွေးနွေးပွဲများ နှင့် ကွင်းဆင်းလေ့လာခြင်းများကို စီစဉ်ပြုလုပ်ရန် လိုအပ်သည်။ ထိုဆွေးနွေးပွဲများတွင် အဆိုပါ မြို့နယ်များ၏ အချက်အလက်များကို ရှင်းလင်းတင်ပြမည်ဖြစ်ပြီး အာဏာပိုင်များအား သူတို့၏ အကြံပြုချက်များကို တောင်းဆိုသည်။ ဆွေးနွေးမှုအပေါ်အခြေခံ၍ မြို့နယ်များ၏ အစဦးအရေအတွက်စာရင်းကိုပြင်ဆင်ထားပြီး ဝန်ကြီးချုပ်မှ စကာတင် နောက်ဆုံးသင့်တော်သော မြို့နယ်များကို ပြန်လည်သုံးသပ်ရန်ဖြစ်သည်။	*စီမံကိန်းအဖွဲ့၏ ပံ့ပိုးမှုဖြင့် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်*
၄။	**နောက်ဆုံးအဆင့် ရွေးချယ်ခြင်း**	ဆုံးဖြတ်ချက်ကို ကြိုတင်ပြုစုထားပြီးဖြစ်သော စံနှုန်းသတ်မှတ်ချက် (ဇယား ၉)ဖြင့် ဆုံးဖြတ်မည်ဖြစ်သည်။ ရွေးချယ်ခံရမည့် မြို့နယ်အရေအတွက်သည် စီမံကိန်း၏ လိုအပ်ချက်နှင့် အကောင်အထည်ဖော်လုပ်ဆောင်မည့်အဖွဲ့၏ စွမ်းဆောင်ရည်အပေါ်တွင် မူတည်သည်။	*ဝန်ထမ်းအဖွဲ့ဝင်များသည် အစီရင်ခံစာကို ၅ဘဏ္ဍုပ် အုပ်ချုပ်မှုအဖွဲ့သို့ နောက်ဆုံး အတည်ပြုရန်အတွက် တင်ပြသည်။ အစီရင်ခံစာကို မြို့နယ်/ဒေသဆိုင်ရာ ကြက်ခြေနီကော်မတီဝင်များနှင့် ညှိနှိုင်းတိုင်ပင်၍ ပြုလုပ်သည်။*
၅။	**ရွေးချယ်ခြင်းအား အတည်ပြုခြင်း**	နောက်ဆုံး ရွေးချယ်မှုကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌမှ တရားဝင်ဖြစ်စေရန်အတွက် အတည်ပြုလက်မှတ်ရေးထိုးပေးမည်ဖြစ်သည်။	*မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ၏ အတည်ပြုချက်*

Myanmar Red Cross Society

၂.၃ ဘေးထိခိုက်ခံရလွယ်ဆုံးသော ကျေးရွာ/ ရပ်ကွက်အား ရွေးချယ်ခြင်း

နောက်ဆုံးနှင့် အရေးအကြီးဆုံးသောအဆင့်ဖြစ်သည့်အတွက် ဘေးထိခိုက်လွယ်ဆုံးသော ကျေးရွာများ/ ရွာတန်းများ/ ရပ်ကွက်များ သို့မဟုတ် ကျောင်းများအား ပစ်မှတ်အဖြစ် ရွေးချယ်ရာတွင် လုပ်ဆောင်မှုတစ်ခုစီတိုင်းတွင် ထင်ရှားသော အရေးပါမှုကို ထည့်တွက်သည်။

၂.၃.၁ ရွေးချယ်ခြင်းစံနှုန်းသတ်မှတ်ချက်

ဘေးထိခိုက်လွယ်ဆုံးသော ကျေးရွာများ/ ရွာတန်းများ/ ရပ်ကွက်များအတွက် ရွေးချယ်ခြင်း စံနှုန်းသတ်မှတ်ချက်သည် မြို့နယ်များအတွက် သတ်မှတ်ချက်နှင့် လုံးဝထပ်တူဖြစ်ပြီး (ဇယား ၉ ကိုကြည့်ပါ) ကျေးရွာ/ ရပ်ကွက်အဆင့်နှင့် ကိုက်ညီအောင် ပြုလုပ်ထားခြင်းသာရှိသည်။ ၄င်းတို့မှာ – သဘာဝဘေးအန္တရာယ်ဖြစ်လွယ်မှု၊ လက်တွေ့တွင် ရှိနေသော ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ စွမ်းဆောင်ရည်၊ ဒေသခံအာဏာပိုင်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့များ (မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စေတနာ့လုပ်အားရှင်များ)၏ ကွင်းဆင်းတာဝန်ရှိ ပုဂ္ဂိုလ်များ၏ ကတိပြုလုပ်ဆောင်လိုစိတ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြား ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်သူများ၏ တည်ရှိမှု၊ ရောက်ရှိသွားလာနိုင်မှုနှင့် လူမှု–စီးပွားအခြေအနေများ၊ ထပ်ပေါင်းရန်လိုအပ်သည် နောက်ထပ်အရေးကိစ္စမှာ ဆင်းရဲနွမ်းပါးမှုနှင့် တည်နေရာ၏ ပတ်ဝန်းကျင် ထိခိုက် ပျက်စီးလွယ်မှုအခြေအနေ တို့သည် ထည့်သွင်းစဉ်းစားရမည့် ထပ်ပေါင်းထည့်သွင်းရမည့် အရေးကိစ္စများဖြစ်သည်။

၂.၃.၂ ရွေးချယ်ခြင်း လုပ်ငန်းစဉ်

ဤလုပ်ငန်းစဉ်တွင် အဆိုပြုထားသောအဆင့်များသည် ပြည်နယ်/ တိုင်းဒေသကြီး နှင့် မြို့နယ်အဆင့်ရှိ အဆင့်များနှင့် ခြားနားသည်။ ပို၍ ကျယ်ပြန့်သော သုတေသနပြုမှုနှင့် ဆန်းစစ်လေ့လာမှုတို့ လိုအပ်သည်။ ထိုအဆင့်များကို ဇယား ၁၁ တွင် ရှင်းလင်းတင်ပြထားသည်။

ဇယား ၁၁
ကျေးရွာ/ ရပ်ကွက် ရွေးချယ်နည်း

၁။	**အချက်အလက် ကွာဟချက်များကို ဖော်ထုတ် သတ်မှတ်ခြင်း**	မြို့နယ် ရွေးချယ်ခြင်းလုပ်ငန်းစဉ် ကိစ္စရပ်ကဲ့သို့ပင်၊ ဇယား ၉ တွင် ဖော်ပြခဲ့သော စံနှုန်းသတ်မှတ်ချက်ကဲ့သို့ နောက်ထပ်အချက်အလက်များအား မှတ်တမ်းတင်ရန် လိုအပ်သည်။
၂။	**သက်ဆိုင်ရာ အချက်အလက်များကို စားပွဲထိုင်ရာဖွေခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း**	လိုအပ်သည်ဟု သတ်မှတ်သော်လည်း ပြီးခဲ့သည့်အဆင့်များတွင် ကျန်နေသော အချက်အလက်များကို သုတေသနပြုခြင်းနှင့် တစ်ဆင့်ခံအရင်းအမြစ်များမှ စားပွဲထိုင်လေ့လာခြင်းနည်းလမ်းဖြင့် စုဆောင်းပြီး ခွဲခြမ်းစိတ်ဖြာသည်။
၃။	**အလားအလာရှိသော ကျေးရွာများ/ ရွာတန်းများ/ ရပ်ကွက်များအား စကာတင် ရွေးချယ်ခြင်း**	မြို့နယ် အာဏာပိုင်များနှင့် အကောင်အထည်ဖော်လုပ်ဆောင်မည့်အဖွဲ့အစည်း၏ မြို့နယ်အဆင့်ကိုယ်စားလှယ်များ (မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် မြို့နယ် ကြက်ခြေနီ အမှုဆောင်ကော်မတီ)များနှင့် ညှိနှိုင်းတိုင်ပင်၍ ရွေးချယ်ခြင်းစံနှုန်းသတ်မှတ်ချက်နှင့် တစ်ဆင့်ခံစုဆောင်းရရှိသောအချက်အလက်များအရ အကြိုရွေးချယ်ထားသော ကျေးရွာများ/ ရပ်ကွက်များစာရင်းကို ကြိုတင်ပြင်ဆင်ထားရမည်။
၄။	**စကာတင် ကျေးရွာများ/ ရပ်ကွက်များကို ကနဦး ရောဂါရှာဖွေ ဆန်းစစ်လေ့လာမှု**	ကနဦးဆန်းစစ်လေ့လာမှုသည် စကာတင်ရွေးချယ်ထားသော ကျေးရွာများ/ ရွာတန်းများ/ ရပ်ကွက်များအားလုံးတွင် ပုံတူပွားလုပ်ဆောင်ရန်လိုအပ်သော အရေးပါသည့် အင်္ဂါရပ်တစ်ခု ဖြစ်သည်။ ၄င်းသည် နက်နဲသော ဆန်းစစ်လေ့လာမှုဖြစ်ရန်မလိုအပ်ပေ။ သို့သော်လည်း စီမံကိန်းအဖွဲ့သည် ဦးတည်ရပ်ရွာအုပ်စုနှင့် ဆက်ဆံရေးတည်ဆောက်ရန် ပထမဦးဆုံး အခွင့်အရေးဖြစ်သည့် ၄င်းလုပ်ဆောင်ချက်သည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းတွင် ပထမဦးဆုံးသော ပူးပေါင်းလုပ်ဆောင်သောလုပ်ငန်းစဉ်ဖြစ်သည့်အတွက် ယဉ်ကျေးပျူဂှာမှုများနှင့် လိုအပ်နေသောအချက်အလက်များကို စုဆောင်းခြင်းတို့ ပေါင်းစပ်သင့်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝေါဟာရတွင် ၄င်းကို အလား အလာရှိသော ဦးတည်ရပ်ရွာအုပ်စုကို "ကနဦး ရောဂါရှာဖွေ ဆန်းစစ်လေ့လာမှု" အဖြစ် သိထားကြသည်။ အကယ်၍ လက်တွေ့တွင် ဆန်းစစ်လေ့လာမှုတစ်ခုရှိပါက စီမံကိန်းအဖွဲ့မှ စံနမူနာအနေဖြင့် ကြီးကြပ်ပေးသင့်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း အတွက်ဆိုလျှင် သူတို့၏ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည် ကွင်းဆင်းလုပ်ဆောင် အဖွဲ့ကို ကိုယ်စားပြုပြီး မြို့နယ်နှင့် ကျေးရွာ အာဏာပိုင်များထံမှ ထောက်ခံအားပေးမှုသည် မရှိမဖြစ်လိုအပ်သည်။ တိုက်ရိုက် နှင့် တစ်ဆင့်ခံ အချက်အလက်နှစ်မျိုးစလုံးသည် ဤဆန်းစစ်လေ့လာမှုအတွက် လိုအပ်သည်။ သို့သော်လည်း ယခင်အဆင့်တွင် ပြုလုပ်ခဲ့သည့် စားပွဲထိုင်သုတေသနပြုခြင်း သည် ပြည့်စုံကုံလုံသော အချက်အလက်ပမာဏကို ပံ့ပိုးပေးသင့်သည်။ အကယ်၍ သတင်းအချက်အလက်ထပ်မံလိုအပ်ပါက သုတေသနပြုမှုကို လိုအပ်ချက်ကိုဖြည့်ဆည်းရန် အတွက် အလားတူသုတေသနမျိုး ပြုလုပ်နိုင်သည်။

Myanmar Red Cross Society

	မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်း ခြင်းဖြင့် တိုက်ရိုက်အချက်အလက်များရရှိနိုင်ရန်အတွက် အကြိုရွေးချယ်ထားသော ကျေးရွာ/ရပ်ကွက်များမှ အဓိက လူထုအဖွဲ့ဝင်များနှင့် စကားပြောနိုင်ရန် ကွင်းဆင်း လေ့လာမှုအတိုလေးများကို စီစဉ်ရန် လိုအပ်သည်။ အကယ်၍ ကွန်ပျူတာ ဆော့ဖ်ဝဲစနစ် တစ်ခုခုအသုံးပြုရမည်ဆိုပါက ပုံစံသည် ရလဒ်အဖြစ် ထွက်ပေါ်လာမည့် ပုံစံပေါ် အခြေခံသင့်သည်။ လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာ သို့မဟုတ် နားလည်လွယ် စေသော ဇယားပုံစံအဖြစ် တင်ပြသင့်ပြီး ဘေးအန္တရာယ်များပြီး ထိခိုက်လွယ်သောနေရာ များနှင့် လက်တွေ့တွင်ရှိနေသော စွမ်းဆောင်ရည်တို့ကိုဖော်ပြသော သင့်တော်သည့် မြေပုံ များလည်း တွဲဖက်သင့်သည်။
၅။ **နောက်ဆုံးရွေးချယ်ခြင်း**	ဤအဆင့်တွင် ကျေးရွာ/ရပ်ကွက်တစ်ခုချင်းစီ၏ ကနဦးဆန်းစစ်လေ့လာမှုမှ ထွက်ပေါ် လာသော ရလဒ်များကို အကောင်အထည်ဖော်လုပ်ဆောင်သည့်အဖွဲ့၏ မြို့နယ်အဆင့် ကိုယ်စားလှယ်များဖြစ်သည့် မြို့နယ်ကြက်ခြေနီအမှုဆောင်ကော်မတီနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အသင်းခွဲတာဝန်ရှိပုဂ္ဂိုလ် စသူတို့နှင့် ကွင်းဆင်းလုပ်ဆောင်လျက် ရှိသည့် စီမံကိန်းအဖွဲ့တစ်ဖွဲ့လုံးတို့သို့ တင်ပြသည်။ အဆိုပါ မြို့နယ်တာဝန်ရှိ ပုဂ္ဂိုလ်များမှတစ်ဆင့် လေ့လာတွေ့ရှိချက်များကို မြို့နယ် အာဏာပိုင်တို့ကို အသိပေးသည်။ နောက်ဆုံး ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်လုပ်ဆောင်သည့်အဖွဲ့အစည်းနှင့် မြို့နယ် အာဏာပိုင်များတို့ ပူးပေါင်းပြုလုပ်သင့်သည်။ ရွေးချယ်မည့် ဦးတည်ကျေးရွာ/ရပ်ကွက်၏ အရေအတွက်သည် ရရှိင်သော အရင်းအမြစ်များပေါ်တွင် မူတည်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းလိုအပ်ချက်မှ သတ်မှတ်ချက်မှာ ဦးတည်မြို့နယ်တစ်မြို့နယ်စီတွင် အနည်းဆုံး ကျေးရွာ/ရပ်ကွက် ၁၀ ခု ရွေးချယ်ရန်ဖြစ်သည်။

အကွက် ၃
ကနဦး ရောဂါရှာဖွေခြင်း ဆန်းစစ်လေ့လာမှုအောက်တွင် စုစည်းကောက်ခံရမည့်အချက်အလက်များ

- နောက်ခံ အခြေအနေ (လူဦးရေ၊ တည်နေရာ၊ စီးပွားရေးအခြေအနေ၊ လူမျိုးရေး အခြေအနေ၊ စသည်)
- ဘေးအန္တရာယ်အကြောင်းအရာအကျဉ်းချုပ် (ဆုံးရှုံးနိုင်ခြေ၊ ဘေးဖြစ်လွယ်မှုနှင့် သူတို့၏ နောက်ခံအကြောင်းအရင်း၊ အနာဂတ်ဖြစ်နိုင်သည့်အလားအလာ)
- လက်ရှိ အခြေခံအဆောက်အအုံ – လမ်းနှင့် သယ်ယူပို့ဆောင်ရေး အသုံးပြုနိုင်မှု (မြို့နယ်မှ မြို့တော်သို့ ခရီး အကွာအဝေး၊ ကျေးလက်လမ်းများ၊ လက်ရှိ အများသုံးသယ်ယူပို့ဆောင်ရေးအမျိုးအစား)၊ ဆက်သွယ်ရေး (အမျိုးအစားနှင့် ယုံကြည်စိတ်ချရမှု)၊ ရေ (ရေဖြန့်ဖြူးရေး၏ အဓိကရင်းမြစ်နှင့် အကွာအဝေး၊ ရေအရည်အသွေးနှင့် ပမာဏ၊ ရေသန့်စင်မှုစနစ်တည်ရှိခြင်း)၊ သန့်ရှင်းရေး (အညစ်အကြေးစွန့်ပစ်သည့် နည်းလမ်းများ၊ လက်ရှိ အမှိုက်သိမ်းစနစ်နှင့်ရေမြောင်းစနစ်)
- လက်ရှိ အများသုံး ဝန်ဆောင်မှုများ – ကျန်းမာရေး (အနီးဆုံးနေရာနှင့်အကွာအဝေး၊ လက်ရှိ လူစွမ်းအား အရင်းအမြစ်နှင့် ကမ်းလှမ်းထားသော ဝန်ဆောင်မှုများ၊ ကျန်းမာရေးအဖွဲ့သို့ အခါအားလျော်စွာ သွားရောက်လည်ပတ်ခြင်းနှင့်၊ အကြိမ်ရေ၊ ရပ်ရွာလူထု ကြုံတွေ့နေရသော အဓိက ဖျားနာမှု၊ မီးသတ်ဝန်ဆောင်မှုနှင့် လုံခြုံရေး (မီးသတ်စခန်းဌာန ရှိမှု၊ ရဲတပ်ဖွဲ့အင်အားနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများ တည်ရှိမှု)
- ဆက်လက်လုပ်ဆောင်ဆဲဖြစ်သော လက်ရှိ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များ (မည်သည့်နေရာ၊ မည်သည့်အရာ၊ မည်သူအားဖြင့်)

© Myanmar Red Cross Society

ကနဦး ရောဂါရှာဖွေဆန်းစစ်မှုတွင် ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် ဆက်စပ်သော အချက်အလက်များကို ဘေးအန္တရာယ်–ဆင်းရဲမွဲတေမှု–သဘာဝပတ်ဝန်းကျင် ဆက်စပ်မှုကို ဆန်းစစ်လေ့လာသင့်သည်။ သို့မှသာ ပတ်ဝန်းကျင်ကို အတော်ထိခိုက်လွယ်ကြောင်းပြဆိုခဲ့လျှင်ပင် စီစဉ်ထားသော ရှေးဦးလုပ်ဆောင်မှုများသည် ပတ်ဝန်းကျင်ကို မထိခိုက်စေကြောင်း သေချာစေသင့်သည်။

- ✔ ဘေးအန္တရာယ်ထိခိုက်လွယ်ဆုံးသော ရပ်ရွာလူထုအား ရွေးချယ်ရန်အတွက် ကြိုတင်ပြင်ဆင်ပြုလုပ်ထားသော စံနှုန်းသတ်မှတ်ချက်များရှိသည်။
- ✔ ထိုစံနှုန်းသတ်မှတ်ချများသည် ထည့်သွင်းပေါင်းစပ်ရန်အရေးကိစ္စများဖြစ်သည့် ဆင်းရဲနွမ်းပါးမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲမှု ရှုထောင့်တို့ကို ပြည့်စုံလုံလောက်စွာ ဖော်ထုတ်သတ်မှတ်ထားသည်။
- ✔ ထိုစံနှုန်းသတ်မှတ်ချက်များသည် ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေများနှင့် ဘေးထိခိုက်လွယ်မှုတို့နှင့်သက်ဆိုင်သော အရေးကိစ္စများကို ပြည့်စုံလောက်လောက်စွာ ဖော်ထုတ်သတ်မှတ်ထားသည်။
- ✔ ရွေးချယ်ခြင်း လုပ်ငန်းစဉ်သည် ရပ်ရွာလူထုရှိ သက်ဆိုင်သောပါဝင်ပတ်သက်သူများအားလုံး (အစိုးရ အာဏာပိုင်များ၊ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများ၊ ဘေးထိခိုက်လွယ်ဆုံးသော လူများဖြစ်သည့် အမျိုးသမီး၊ ကလေး၊ သက်ကြီးရွယ်အို၊ ကာယပိုင်းနှင့် စိတ်ဓာတ်ပိုင်း အခက်အခဲရှိသူများ၊ လူနည်းစုလူမျိုးစု) တို့ ပါဝင်စေရန် အပြည့်အဝလုပ်ဆောင်သည်။
- ✔ ဘေးအန္တရာယ်ထိခိုက်လွယ်ဆုံးသော ရပ်ရွာလူထုအားရွေးချယ်ရာတွင် ဘက်လိုက်မှုမရှိခြင်းနှင့် တရားမျှတခြင်း ရှိစေရန် လုပ်ဆောင်နည်းများ အဆင်သင့်ရှိပြီးဖြစ်သည်။

၁။ ဘေးအန္တရာယ်ထိခိုက်လွယ်ဆုံးသော ရပ်ရွာလူထုအား ရွေးချယ်ရာတွင် တာဝန်ရှိအဖွဲ့အစည်းများကြားတွင် အထွေထွေ အများသဘောတူညီမှုရှိရန် လိုအပ်သည်။ အဖွဲ့အစည်းရှိ လူတိုင်းတွင် နောက်ဆုံး ဆုံးဖြတ်ချက် ချမှတ်ရာတွင် မည်သည့်စံသတ်မှတ်ချက်များကိုအသုံးပြုသည်ကို ကောင်းစွာသိရှိနားလည်ပြီး မည်သည့် ပါဝင်ပတ်သက်သူများမဆို မေးလာသောမေးခွန်းနှင့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

၂။ ရပ်ရွာလူထုရွေးချယ်ခြင်းလုပ်ငန်းစဉ်သည် ပထမဦးစားပေးအနေဖြင့် သမာသမတ်ကျရမည် – ဆုံးရှုံးနိုင်ခြေနှင့်

ဘေးထိခိုက်လွယ်မှုအချက်အလက်များအပေါ်တွင်သာ ဆုံးဖြတ်ချက်ချခြင်းမှုတည်ပြီး သိသာမြင်သာရှိရမည်။ သို့မှသာ တရားမဝင်သော လုပ်ဆောင်ချက် သို့မဟုတ် မျက်နှာသာပေးဘက်လိုက်မှုတို့ ပါဝင်ခြင်းမရှိမည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်တွင် တွေ့ကြုံရသော မည်သည့် ပြဿနာကိုမဆို လေ့လာရသောသင်ခန်းစာများနှင့် စိန်ခေါ်မှုများအဖြစ် အသေးစိတ်မှတ်တမ်းတင်ရန်လိုအပ်ပြီး ၄င်းတို့ကို မည်သို့ ရင်ဆိုင်ဖြေရှင်းရမည်ကို မှတ်သားထားသင့်သည်။

၃။ မည်သည့် ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းတွင်မဆို များစွာသော ပတ်သက်သူများ အမြဲရှိသည်။ ရပ်ရွာလူထုသို့ ရောက်ရှိသွားလာနိုင်ရန် ညှိနှိုင်းရာတွင် အမျိုးမျိုးသော ပတ်သက်သူများ၏ စိတ်ဝင်စားမှုကို သိရှိရန် အရေးကြီးသည်။ သို့မှသာ ၄င်းကိုယ်စားပြုအဖွဲ့အစည်းများနှင့် လွတ်လပ်စွာ လုပ်ကိုင်နိုင်မှုနှင့် ဘက်မလိုက်ဘဲ ကြားနေရေးကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

၂.၄ ဘေးထိခိုက်လွယ်ဆုံးသော ကျောင်းများကို ရွေးချယ်ခြင်း

ကျောင်းသတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်း လုပ်ငန်းစဉ်သည် မြို့နယ် ရင်းနှီးကျွမ်းဝင်စေရေးလုပ်ငန်းစဉ်နှင့် ပြန်လည်ချိတ်ဆက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဦးတည်ထားသည့်မြို့နယ်များတွင် ရှင်းလင်းမိတ်ဆက်ခြင်းပြုလုပ်သည့်အချိန်တွင် ဘေးအန္တရာယ်ကျရောက်လွယ်သော ကျေးရွာများ/ရပ်ကွက်များတွင် တည်ရှိသောကျောင်းများကို ဖော်ထုတ်ပြီး ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် အကြံပေးထောက်ခံမည်ဖြစ်သည်။ အလားအလာရှိသောကျောင်းများကို ဖော်ထုတ်သတ်မှတ်ပြီးသည်နှင့် နောက်ဆုံး အဆင့်ရွေးချယ်မည့် ကျောင်းများအပေါ် စံနှုန်းသတ်မှတ်ချက်များကို အောက်တွင် သတ်မှတ်ထားသော အဆင့်များဖြင့် ဤအပိုဒ်ခွဲအောက်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။ ရွေးချယ်မည့်ကျောင်းအရေအတွက်၊ မြို့နယ်နှင့် ရပ်ရွာလူထုရွေးချယ်ခြင်းနှင့် တစ်ထပ်တည်းကျမှုတို့ကို ရရှိနိုင်သည့် အရင်းအမြစ်ပေါ်မူတည်၍ ဆုံးဖြတ်သည်။

၂.၄.၁ ရွေးချယ်ခြင်း စံနှုန်းသတ်မှတ်ချက်

ကျောင်းရွေးချယ်ခြင်းအတွက် စံသတ်မှတ်ချက်များတွင် အောက်ပါတို့ ပါဝင်သည်

+ **ဆုံးရှုံးမှုနှင့် တွေ့ကြုံရမှုအတိုင်းအတာ။** ။ဘေးအန္တရာယ်ကို မကြာခဏတွေ့ကြုံရသော ဆုံးရှုံးနိုင်ခြေအဆင့်မြင့်မားလျက်ရှိသည့် ကျောင်းများကို ရွေးချယ်သင့်သည်။ ၄င်းကို အဓိကအချက်နှစ်ချက်ဖြစ်သည့် – ကျောင်း၏ တည်နေရာနှင့် အဆောက်အအုံ၏ ဘေးအန္တရာယ်ဖြစ်လွယ်မှုအတိုင်းအတာ (နောက်လာမည့်အချက်တွင် ထပ်မံဆွေးနွေးသည်) တို့မှမှ ပြုပြင်ပုံဖော်သည်။
+ **အဆောက်အဦ အမျိုးအစားနှင့် အခြေအနေ။** ။၄င်းသည် ကျောင်းအဆောက်အဦ၏ တည်ဆောက်မှုဆိုင်ရာ ဘေးဖြစ်လွယ်မှုကို ရည်ညွှန်းသည်။ အိုမင်းခြင်း သို့မဟုတ် ဖြစ်ကတတ်ဆန်း တည်ဆောက်မှု စသည့် အားနည်းသော တည်ဆောက်ပုံများကြောင့် ဆုံးရှုံးနိုင်ခြေမြင့်မားသည်။ လေ့လာကြည့်ရှုခြင်းနှင့် ကျောင်းတွင်းအုပ်ချုပ်သူအရာရှိများနှင့် မေးမြန်းခြင်းတို့ဖြင့် ဆုံးရှုံးနိုင်မှုကို ဖော်ထုတ်နိုင်သော်လည်း လက်မှတ်ရ တည်ဆောက်မှုအင်ဂျင်နီယာ၏ တည်ဆောက်မှုဆိုင်ရာ စေ့စပ်သော ဆန်းစစ်လေ့လာမှုကိုပြုလုပ်ရန် တင်းကြပ်စွာ အကြံပေးလိုသည်။
+ **ပြုလုပ်ဆဲ သို့မဟုတ် စီစဉ်ထားသော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များ ရှိနေခြင်း။** ။လက်ရှိ သို့မဟုတ် မကြာမီကပင်ပြီးခဲ့သော သို့မဟုတ် မကြာမီလာမည့် အထောက်အပံ့များ အနည်းငယ် သို့မဟုတ် လုံးဝ မရှိသောကျောင်းများကို ရွေးချယ်ရန် ဦးစားပေးသည်။
+ **အကျိုးခံစားရသူများအရေအတွက်။** ။ကျောင်းတစ်ကျောင်းတွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များမှ အကျိုးခံစားရသူများသည် ကျောင်းသားများနှင့် ဆရာများ၊ ကျောင်းအုပ်နှင့် ကျောင်းတွင် အလုပ်လုပ်ကိုင်သော အုပ်ချုပ်ရေးအရာရှိများသည် ပထမဦးစားပေးဖြစ်သည်။ ကျောင်းတွင် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး၏ ကြီးမားသောရည်ရွယ်ချက်သည် ကျယ်ပြန့်သောလူအဖွဲ့အစည်းသို့ ဘေးအန္တရာယ် လျော့ပါးရေး သတင်းပေးချက်များ ထပ်မံဖြန့်ပေးနိုင်မည့် အနာဂတ် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မည့်သူ များကို ပြုစုပျိုးထောင်ပေးရန်ဖြစ်ပြီး အကျိုးကျေးဇူးခံစားရသူအရေအတွက်သည် အရေးပါသော ကိစ္စရပ်ဖြစ်သည်။ သတ်မှတ်ထားသော အရေအတွက်ထက်မနည်းသော (အကောင်အထည်ဖော် လုပ်ဆောင်မည့်အဖွဲ့မှ ဆုံးဖြတ်ရန်ဖြစ်ပြီး ကျောင်းသား ၂၀၀ အောက်နည်းလျှင် လုပ်ဆောင်ရကျိုးမနပ်ပေ) ကျောင်းသားများရှိသည့် ကျောင်းများကို ဦးစားပေးသင့်သည်။
+ **ကျောင်း၏ ပူးပေါင်းဆောင်ရွက်လိုသော စိတ်ဆန္ဒ။** ။ လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အဆိုပြုမှုကို ကြိုဆိုပြီး ကတိပြုလုပ်ဆောင်လိုမှုနှင့် စိတ်အားထက်သန်မှုကို ပြသသောကျောင်းများကို စိတ်ဝင်စားမှုနည်းပါး သော ကျောင်းများထက် ဦးစားပေးသည်။

Myanmar Red Cross Society

ကျောင်းအခြေပြုနှင့် ကျေးရွာအခြေပြုသည့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများအကြား ချိတ်ဆက်မှုကို ပံ့ပိုးနိုင်ရန်အတွက် ဦးတည်သတ်မှတ်ထားသော ကျေးရွာများ/ရွာတန်းများ/ရပ်ကွက်များတွင် တည်ရှိသောကျောင်းများကို ရွေးချယ်ကြောင်းသေချာစေရန်အတွက် အဆုံးစွန် ကြိုးစားအားထုတ်မှု ပြုလုပ်သင့်သည်။ တူညီသော ရပ်ရွာလူထုအဖွဲ့အစည်းဝင်များ လှုပ်ရှားမှု နှစ်ခုကြားတွင် ပါဝင်ပြီး အထူးသဖြင့် ဆရာ/မများနှင့် စီမံကိန်းအတွက် စေတနာ့ဝန်ထမ်းရှင်များ (မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကြက်ခြေနီ စေတနာ့ဝန်ထမ်းရှင်များ) ဖြစ်နိုင်သော ကျောင်းသား/သူများဖြစ်ကြသည်။ မကြာခဏအတည်ပြုထားပြီးသကဲ့သို့ ကလေးများသည် ဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍကို ထိရောက်စွာ တာဝန်ယူနိုင်ကြသည်။ သူတို့၏ ကျောင်းတွင်သင်ယူခဲ့ရမှုများကို သူတို့၏ မိသားစုများ၊ သူငယ်ချင်းများနှင့် အိမ်နီးချင်းတို့ကြား ဝေမျှပြောကြားခြင်းသည် ကျွန်ုပ်တို့ ရင်းနှီးမြှုပ်နှံထားရန်လိုအပ်သည့်အချက်ဖြစ်သည်။

၂.၄.၂ ရွေးချယ်ခြင်း လုပ်ငန်းစဉ်

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လှုပ်ရှားမှုအတွက် ကျောင်းများအား ရွေးချယ်ခြင်းတွင် အောက်တွင် ဖော်ပြထားသော အဓိကအဆင့် နှစ်ဆင့်ကို လုပ်ဆောင်ရန်လိုအပ်သည်။

၁။ ကျောင်း၏ ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာချက်

ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို သတ်မှတ်ထားသောကျောင်းတိုင်းတွင် ကျောင်းဘေးအန္တရာယ် ဆန်းစစ်လေ့လာမှုကို ပြုလုပ်ခြင်းဖြင့် စတင်သည်။ စံသတ်မှတ်ထားသော ပုံစံများကို ပုံမှန်အားဖြင့်အသုံးပြုသော်လည်း တစ်ခုမျှ အဆင့်သင့်မရှိသေးလျှင် စံသတ်မှတ်ချက်တစ်ခုကို ဖော်ထုတ်ရမည်။ နမူနာပုံစံတစ်ခုကို နောက်ဆက်တွဲ–၂ တွင် ဖော်ပြထားသည်။ ဆန်းစစ်လေ့လာမှု ဖြည့်စွက်ရန်ပုံစံများအား ကျယ်ပြန့်စွာ ဖြန့်ဝေနိုင်ရန်အတွက် မြို့နယ်ပညာရေးအရာရှိများထံမှ အကူအညီတောင်းခံနိုင်သည်။ သူတို့နှင့်အတူ မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲများတွင် ရှေးဦးတွေ့ဆုံဆက်သွယ်မှုများကို တည်ဆောက်သည်။ ဆန်းစစ်လေ့လာမှုသည် ကျောင်းအဆင့်တွင် အောက်ပါ သတင်းအချက်အလက်များကို ရယူရန်ဖြစ်သည်–

+ ပြီးခဲ့သည့် ၁၀–နှစ်အတွင်းတွင် ကျောင်းတွင် ကြုံတွေ့ခဲ့ရပြီးဖြစ်သည့် သဘာဝအန္တရာယ်များ
+ ပြီးခဲ့သည့် ၁၀–နှစ်အတွင်းတွင် သဘာဝအန္တရာယ်များကြောင့်ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုနှင့် ဆုံးရှုံးမှုအတိုင်းအတာ
+ ကျောင်းနှင့် ထိတွေ့နေသော ဖြစ်နိုင်ခြေရှိသော အန္တရာယ်များ
+ ကျောင်းအဆောက်အဦအမျိုးအစား (အသုံးပြုသော ပစ္စည်းဖော်ပြချက်၊ အဆောက်အဦ၏ သက်တမ်း၊ မည်သည့် အန္တရာယ်အမျိုးအစားအတွက်မဆို ကျောင်းအဆောက်အဦး၏ ကြံ့ခိုင်မှု)
+ ကျောင်းအဆောက်အဦ၏ ပုံစံဒီဇိုင်း (ပုံစံဒီဇိုင်းအပိုင်းတွင် ဘေးအန္တရာယ်လျော့ပါးရေး ထည့်သွင်းစဉ်းစားမှု ပါဝင်ခြင်းရှိမရှိ – ရုပ်အမြင်ပိုင်းနှင့် ဗိသုကာပိုင်းဆိုင်ရာ နှစ်မျိုးစလုံး ထည့်သွင်းစဉ်းစားမှု)
+ ကျောင်းတွင် အန္တရာယ်ရှိသော အဓိကအရာများ
+ ဘေးပတ်ဝန်းကျင်နေရာများတွင် အခြားအန္တရာယ်များ တည်ရှိနေမှု (ဥပမာ – ဓာတုဗေဒစက်ရုံတစ်ရုံ သို့မဟုတ် အနီးအနားတဝိုက်ရှိ စက်မှုဇုန် တည်ရှိမှု)
+ လက်ရှိရှိနေသော ကြိုတင်ပြင်ဆင်မှုအဆင့် (ကျောင်း ကြိုတင်ပြင်ဆင်မှုအစီအစဉ် ရှိခြင်း၊ ယာယီစာသင်ကြားရာနေရာရှိခြင်း၊ ကျောင်းအဆောက်အဦအား ယာယီခိုလှုံစခန်းအဖြစ် အသုံးပြုနိုင်ရန် ထည့်ပေါင်းထည့်ထားသော ဖြည့်စွက်ပုံစံများ၊ အန္တရာယ်နှင့် ဆက်စပ်နေသော ဆုံးရှုံးမှုများ၊ ဘေးအန္တရာယ်ဖြစ်လွယ်မှု၊ လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းအပေါ် ဟောပြောခြင်းနှင့် သင်ပြချက်များ)
+ ကျောင်းသားများအတွက် ဘေးအန္တရာယ်လျော့ပါးရေးအပေါ် အသိအမြင်မြှင့်တင်ရေးလုပ်ဆောင်ချက်များ ရှိနေခြင်း
+ ရပ်ရွာလူထု၏ ပံ့ပိုးပေးမှုအတိုင်းအတာအဆင့် (ဥပမာ – ကျောင်းသားများအတွက် ပို့ဆောင်ရေး စီစဉ်ပေးခြင်း၊ မိဘဆရာအသင်းမှ အထောက်အပံ့များ စသည်)
+ ကျောင်းတွင်း ပြုလုပ်ပြီး၊ ပြုလုပ်ဆဲနှင့် စီစဉ်နေသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များနှင့် လုပ်ဆောင်သူများ

ဖြည့်စွက်ရန်ပုံစံများကို ကျောင်းတစ်ကျောင်းစီသို့ ပေးပို့လျက် ကျောင်းတာဝန်ခံအား ဖြည့်စွက်စေခြင်းဖြင့် ကျောင်းနေရာနှင့် ကျောင်းပတ်ဝန်းကျင်အတွက် ပူးပေါင်းဆောင်ရွက်မှုရှိသော ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာချက်ကို စတင်ပြုလုပ်ပြီးဖြစ်ကာ ၄င်းသည် မိမိတို့ကိုယ်တိုင်လေ့လာသော ဖြစ်စဉ် ထိရောက်စွာဖြစ်လာစေနိုင်သည်။ ပုံစံများကို

Myanmar Red Cross Society

ဖြည့်စွက်ပြီးသည့်နောက် ၄င်းတို့ကို မြို့နယ်ကိုယ်စားပြု မြို့နယ်ပညာရေးအရာရှိများထံသို့ ပြန်လည်ပို့ဆောင်စေပြီး ထိုသူတို့သည် အဆိုပါပုံစံများကို စီမံကိန်းအဖွဲ့ထံသို့ ပြန်လည်လွှဲပြောင်းပေးသည်။ ထို့အပြင် ကလေးများအား လူအဖွဲ့အစည်းတွင်းရှိ ဘေးထိခိုက်လွယ်ဆုံးသော အုပ်စုခွဲများအဖြစ် ထည့်သွင်းစဉ်းစားသည့်အတွက် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ အားလုံးပါဝင်စေမှုနှင့် ခွဲခြားမှုမရှိခြင်းတို့ကို ခိုင်မာစေသည်။

၂။ ဦးတည်သောကျောင်းများရွေးချယ်ခြင်း

ဆန်းစစ်လေ့လာချက်များမှ တွေ့ရှိချက်များကို စုစည်းပြီးသည်နှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းလုပ်ငန်းစဉ်ကို စီမံကိန်းညှိနှိုင်းရေးမှူး၏ ကြီးကြပ်မှုအောက်တွင် လုပ်ဆောင်ရမည်ဖြစ်သည်။ နောက်ဆုံးရွေးချယ်ခြင်း လုပ်ငန်းစဉ်အား ဦးဆောင်ပြုလုပ်ရန်အတွက် ရလဒ်များကို ဘေးထိခိုက်လွယ်မှုအများဆုံးမှ ဘေးထိခိုက်လွယ်မှု အနည်းဆုံးသို့ စဉ်သည့်နည်းလမ်းဖြင့် ကျောင်းများကို စီစဉ်၍ ရလဒ်များကို တင်ပြနိုင်သည်။ နောက်ဆုံး ဆုံးဖြတ်ချက်ကို အပိုဒ် ၂.၄.၁ အောက်တွင် ဖော်ပြထားသော စံနှုန်းသတ်မှတ်ချက်များအပေါ်တွင်မူတည်၍သာ ဆုံးဖြတ်သင့်သည်။ ရွေးချယ်ခြင်းစံနှုန်းသတ်မှတ်ချက်များကို စီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်များ (စီမံကိန်း ညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ)နှင့် မြို့နယ် ပညာရေးအရာရှိတို့တိုင်ပင်၍ ဆုံးဖြတ်ရန်ဖြစ်သည်။

ပုံ ၃
ကျောင်းရွေးချယ်ခြင်းအတွက် အစဉ်လိုက်စီစဉ်ခြင်းဇယားနမူနာ

	အန္တရာယ် ထိတွေ့နိုင်မှု အတိုင်းအတာ	အဆောက်အဦ လုံခြုံဘေးကင်းမှု	ပြုလုပ်ဆဲ (သို့) စီစဉ်ထားသော ဘေးအန္တရာယ် လျှော့ချရေး လုပ်ဆောင်ချက် အရေအတွက်	အကျိုးခံစားရသူ အရေအတွက်	ကျောင်း၏ ပူးပေါင်း ဆောင်ရွက်ရန် စိတ်ဆန္ဒ	စုစုပေါင်း
ကျောင်း ၁						
ကျောင်း ၂						
ကျောင်း ၃						
ကျောင်း ၄						

အမှတ် ၁ – အနိမ့်ဆုံး၊ အမှတ် ၅ – အမြင့်ဆုံး
တိုင် ၅ အတွက် အနိမ့်ဆုံးအမှတ်သည် အကျိုးခံစားရသူ ၁၀၀ နှင့် စတင်ပြီး အကျိုးခံစားရသူ ၁၀၀ ပိုလာတိုင်း ၁ မှတ် တိုးမြင့်လာသည်။

ဘေးထိခိုက်လွယ်ဆုံးသော ကျေးရွာ/ရပ်ကွက်ရွေးချယ်ရာတွင်လည်း အလားတူနည်းကို အသုံးပြုနိုင်သည်။

Myanmar Red Cross Society

လုပ်ငန်းစဉ် ၃
ကနဦးအခြေအနေလေ့လာခြင်း

ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်း၏ အကျိုးသက်ရောက်မှုများကို တိုင်းတာခြင်းသည် ဦးတည် ရပ်ရွာလူထုအတွင်း ဆုံးရှုံးမှုလျှော့ချရေးလုပ်ဆောင်ချက်များအားဖြင့် ဖြစ်ပေါ်လာသော သက်သေ အထောက်အထား အပေါ် အခြေခံသည့်ပြောင်းလဲမှုများကို ဖော်ပြပေးသည်။ ၄င်းတို့သည် ရပ်ရွာလူထု၏ စိတ်နေသဘောထားနှင့် အပြုအမူပြောင်းလဲမှုများ၊ အဖွဲ့အစည်းနှင့် ကျောင်းများတွင် ပြောင်းလဲခြင်း၊ မူဝါဒပြောင်းလဲခြင်းနှင့် အကျိုး ခံစားရသူများ၏ အသိပညာနှင့် စွမ်းဆောင်ရည်တို့ ဖြစ်သည်။ ၄င်းသည် ရလဒ်အခြေပြု စီမံခန့်ခွဲမှုနှင့်လည်း တစ်သဘောတည်းဖြစ်ပြီး အနာဂတ် စီမံကိန်းဖွံ့ဖြိုးမှု တိုးတက်စေရန်အတွက် ကူညီပေးနိုင်သည်။ အလုပ် ဖြစ်မြောက်မှုများကို မီးမောင်းထိုးပြခြင်းဖြင့် အကျိုးသက်ရောက်မှုများကို တိုင်းတာခြင်းသည် မူဝါဒချမှတ်သူများနှင့် အလှူရှင်များကို ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များ၏ ဆီလျော်မှုနှင့် အရေးပါမှုကို သက်သေပြနိုင်မည်ဖြစ်သည်။ ၄င်းသည် ပင်ကိုယ်အားဖြင့် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့နှင့် ချိတ်ဆက်လျက်ရှိပြီး နည်းစနစ်နှစ်ခုဖြစ်သည့် ကနဦးလေ့လာခြင်းနှင့် အပြီးသတ်လေ့လာခြင်းတို့သည် အကျိုး သက်ရောက်မှ များကို ဆုံးဖြတ်ရာတွင် အများအားဖြင့် အသုံးပြုသည်။ ၄င်းနည်းစနစ်များသည် စီမံကိန်း ကာလ၏ အစနှင့် အဆုံးတို့တွင်ပြုလုပ်ပြီး တွေ့ရှိချက်များကို စီမံကိန်းမှ ဖော်ဆောင်သော မည်သည့်ပြောင်းလဲချက် မဆို ဆုံးဖြတ်ရန်၊ အကျိုးထိရောက်မှုကို သုံးသပ်ရန်နှင့် ပြောင်းလဲတိုးတက်မှု၏အဓိကနေရာများကို ဖော်ထုတ်ရန် ပြုလုပ်သည်။

ယေဘူယျအားဖြင့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်း၏ အစတွင်ပြုလုပ်လေ့ရှိသော **ကနဦးအခြေအနေ လေ့လာချက်** သည် အခြေခံလူမှုရေးအခြေအနေနှင့် ဒေသတွင်းအတွေ့အကြုံများ၊ အသိပညာနှင့်ဆုံးရှုံးမှုအား နားလည်မှု စသော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုနှင့်ဆိုင်သော အချက်အလက်များကို ပံ့ပိုးပေးသည်။ စီမံကိန်းအဆုံးသတ်ရန်နီးလာသည့် အချိန်တွင် ကနဦးလေ့လာမှုနှင့် အဆုံးသတ်လေ့လာမှုမှရရှိသော ရလဒ်များကိုလေ့လာ၍ အချိန်ပြောင်းလဲသည်နှင့် အမျှ စီမံကိန်းမှလုပ်ဆောင်မှုဖြင့် သိသိသာသာ မည်သည့် ပြောင်းလဲမှုများ ဖြစ်ပေါ်သည်ကို တွေ့မြင်နိုင်ရန်အတွက် နှိုင်းယှဉ်ကြည့်သည်။

Myanmar Red Cross Society

မှတ်သားထားရမည်မှာ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံချက်အတွက် ကနဦးလေ့လာချက်သည် ဘေးဒုက္ခစီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းပြီးလျှင်ပြီးချင်း လုပ်ဆောင်သည့် ပူးပေါင်းပါဝင်သော ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာချက်မှ စုဆောင်းရရှိသော အချက်အလက်နှင့် လုံးဝနီးပါးတူညီပြီး ရည်ရွယ်ချက်လည်း တူညီစွာ လုပ်ဆောင်သည်။ အချိန်နှင့် အရင်းအမြစ်များကန့်သတ်ချက်ရှိသော စီမံကိန်းများတွင် ကနဦးလေ့လာချက်သည် ပူးပေါင်းပါဝင်သော ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာချက်နှင့် ပူးပေါင်းနိုင်သည်။ အလားတူပင် ကျောင်းများတွင် ကျောင်းတွင်း ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာချက်သည် ကနဦး အချက်အလက်ကောက်ယူခြင်းဖြစ်လာပြီး အဆုံးသတ်လေ့လာချက်ကိုသာ လုပ်ဆောင်ရန်လိုအပ်သည်။

မည်သည့် ကနဦး အချက်အလက်ကောက်ယူခြင်းကိုမဆို မလုပ်ဆောင်မီ တူညီသောနေရာတွင် တူညီသော အချက်အလက်ကောက်ခံမှုမျိုးကို အခြားမည်သည့် လူသားချင်းစာနာထောက်ထားရေး သို့မဟုတ် ဘေးအန္တရာယ် လျှော့ချရေး အဖွဲ့အစည်းများမှ ကောက်ယူပြီးခြင်းရှိမရှိ စေ့စပ်သေချာစွာ ပြန်လည်သုံးသပ်လေ့လာသင့်သည်။ အကယ်၍ ပြုလုပ်ကောက်ယူပြီးခြင်းရှိပါက မည်သည့် ထပ်လောင်းအချက်အလက်များ လိုအပ်သည်ကို သတ်မှတ်ရမည်။ ထွက်ပေါ်လာမည့်လေ့လာချက်သည် ရှိပြီးသားလေ့လာချက်အပေါ်တွင် အခြေခံသင့်ပြီး နောက်ထပ်မရှိမဖြစ်လိုအပ်သော သတင်းအချက်အလက်များကိုသာ ကောက်ယူခြင်းဖြင့် အချိန်ကို ချွေတာသင့်သည်။ သို့သော် ပြီးခဲ့သည့် အချက်အလက်ကောက်ယူမှုသည် ကြာမြင့်လှစွာသောအချိန်ကာလတွင် ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် အချိန်နှင့်တပြေးညီအဖြစ်ဆုံးသော အချက်အလက်များဖြစ်စေရန်အတွက် ကနဦးလေ့လာမှုကို မဖြစ်မနေ လုပ်ဆောင်သင့်သည်။

✔ ကနဦးအချက်အလက်ကောက်ယူမှုကို ပူးပေါင်းပါဝင်သော ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာချက်နည်းတူ ကျောင်းတွင် ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာမှုတို့နှင့် ချိတ်ဆက်မှုရှိစေရန် စီစဉ်မှုများလုပ်ဆောင်သည်။

ကနဦးလေ့လာမှုအတွက် အဓိကစည်းမျဉ်းများကို အောက်ပါအတိုင်းသတ်မှတ်သည်–

+ **ပူးပေါင်းပါဝင်ခြင်း။** ။အောင်မြင်မှုသည် ဒေသခံပြည်သူလူထု၏ သတင်းအချက်အလက်နှင့် တာဝန်များကို မျှဝေရာတွင် ပူးပေါင်းပါဝင်မှုအပေါ်တွင် မူတည်သည်။

+ **စုပေါင်းလုပ်ကိုင်မှု။** ပုံမှန်အားဖြင့် ကနဦးအချက်အလက်ကောက်ယူလေ့လာမှုကို စီမံကိန်းအဖွဲ့မှ စီမံခန့်ခွဲသည်။ သို့သော် ဒေသခံပါဝင်ပတ်သက်သူများများ၏ ပူးပေါင်းပါဝင်မှုသည် ပိုင်ဆိုင်မှုစိတ်ဓာတ်ကို တည်ဆောက်ပေးပြီး ကနဦးအခြေအနေများအား တိုးတက်မှုပြုလုပ်ရန်အတွက် စိတ်အားတက်ကြွမှုကို ဖြစ်ပေါ် စေနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းများနှင့် ရပ်ရွာလူထုကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့ကိုဖွဲ့စည်းရန် အကြံပြုသည်။
+ **စနစ်တကျရှိခြင်း။** ကောက်ယူသောအချက်အလက်သည် တိကျမှန်ကန်ပြီး လွယ်ကူစွာ အတည်ပြု စစ်ဆေးနိုင်ကာ သေချာစွာ စုစည်းထားကြောင်း အာမခံသည်။

ပြီးဆုံးချိန်တွင် ဆောင်ရွက်မှုတစ်ခု၏အကျိုးသက်ရောက်မှုကို မှန်ကန်စွာတိုင်းတာနိုင်ရန်အတွက် ကနဦးလေ့လာမှုကို မည်သည့်အဓိကစီမံကိန်းလုပ်ဆောင်ချက်များ မတိုင်မီတွင် လုပ်ဆောင်ရန်လိုအပ်သည်။ ဖြစ်နိုင်ပါက ကနဦးလေ့လာမှုကို စီမံကိန်း၏အစရှိ ရင်းနှီးကျွမ်းဝင်စေရေး ဆွေးနွေးပွဲများမတိုင်မီပင်လျှင် လုပ်ဆောင်သင့်သည်။

ကနဦးအခြေအနေလေ့လာမှုသည် အောက်ဖော်ပြပါ လုပ်ဆောင်မှုအစုကို လိုက်နာဆောင်ရွက်သည်–

၁။ လေ့လာရေးအဖွဲ့အား ဖွဲ့စည်းခြင်း

နားလည်မှုလွဲမှားခြင်းနှင့် လုပ်ဆောင်မှုများထပ်နေခြင်းတို့ မဖြစ်စေရန် အထူးဖွဲ့စည်းထားသော လေ့လာရေးအဖွဲ့ကို မြို့နယ်တိုင်းတွင် ဖွဲ့စည်းသင့်သည်။ ပထမဦးစွာ လေ့လာရေးအဖွဲ့၏ သတ်မှတ်တာဝန်များကို အကြမ်းရေးဆွဲ၍ ရည်ညွှန်းစာပုံစံအဖြစ် အတည်ပြုရန် လိုအပ်သည်။ ထို့နောက် ဦးတည်ကျေးရွာများ၏ ဒေသခံအာဏာပိုင်တို့ကိုလည်း လာရောက်ပြုလုပ်မည့်လေ့လာရေးကို အကြောင်းကြားသည်။ ကနဦးအခြေခံ လေ့လာမှုအတွက် စီမံကိန်းကွင်းဆင်းဝန်ထမ်းများနှင့် စောင့်ကြည့်လေ့လာအကဲဖြတ်မှုဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ထုံးစံအားဖြင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းရှင်များကို ထိပ်တန်းမှ ပါဝင်စေသည်။ အချက်အလက်ကောက်ယူခြင်းလုပ်ဆောင်မှုအား ခြုံငုံ၍ စီမံခန့်ခွဲခြင်းအတွက် ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်လေ့လာရာ၌ စီမံကိန်းအဖွဲ့တွင် အဓိကတာဝန်ရှိသည်။

ကနဦးအခြေခံလေ့လာမှုသည် အခြေအနေ၏ စစ်မှန်သော ပုံဖော်မှုကိုပေးနိုင်စေရန်အတွက် ရပ်ရွာလူထု၏ ယောကျ်ားနှင့်မိန်းမ နှစ်မျိုးလုံးပါဝင်သော အဖွဲ့ဝင်များပါဝင်သည့် ရောနှောနေသော လေ့လာမှုနမူနာတစ်ခုကို အသုံးပြုသင့်သည်။ လုပ်ငန်းစဉ်တွင် အမျိုးသမီးများကို တွေ့ဆုံမေးမြန်းခံရသူအဖြစ်နည်းတူ လေ့လာရေးအဖွဲ့၏ အစိတ်အပိုင်းအနေဖြင့် တွေ့ဆုံမေးမြန်းသူများ (အမျိုးသမီး ကြက်ခြေနီစေတနာ့ဝန်ထမ်းရှင်များ)အဖြစ်လည်း ပါဝင်စေသင့်သည်။ အမျိုးသမီး တွေ့ဆုံမေးမြန်းသူများသည် ပို၍ကောင်းစွာ သွားရောက်နိုင်ပြီး အခြားအမျိုးသမီးများကိုလည်း ပိုမိုဆီလျော်သောမေးခွန်းများမေးနိုင်သည်။

✔ လေ့လာရေးအဖွဲ့အတွက် ရည်ညွှန်းစာတွင် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်အသေးစိတ်ကို ဖော်ပြထားသည်။

၂။ အချက်အလက်ကောက်ယူရေးအဖွဲ့အား သင်တန်းပေးခြင်း

သင်တန်းမတိုင်မီတွင် လေ့လာရေး၌ပါဝင်သည့် အမျိုးမျိုးသော သတင်းအချက်အလက်အရင်းအမြစ်များ၊ (အချက်အလက်ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း)နည်းလမ်းများနှင့် ကြိုတင်ခန့်မှန်းထားသော စိန်ခေါ်မှုအခက်အခဲများ အသေးစိတ်ကို ဖော်ပြသော မူဘောင်ကို လေ့လာမှုအတွက် ဖော်ထုတ်ရမည်ဖြစ်သည်။ သင်တန်းအတောအတွင်းတွင် လေ့လာရေးအဖွဲ့အား အဆိုပါ မူဘောင်ကို မိတ်ဆက်ရှင်းလင်းရမည်ဖြစ်သည်။ ထို့အပြင် လေ့လာရေးအဖွဲ့အား အချက်အလက်ကောက်ယူရာတွင် အသုံးပြုမည့် စံသတ်မှတ်ထားသော စစ်တမ်းမေးခွန်းများ(နောက်ဆက်တွဲ ၃ ကနဦးစစ်တမ်းကောက်ယူမှုပုံစံ ကိုကြည့်ပါ)နှင့်အတူ အချက်အလက်ကောက်ယူရာတွင်အသုံးပြုရနိုင်သည့် တွေ့ဆုံမေးမြန်းမှုနည်းလမ်းများကို မိတ်ဆက်ပေးရမည်ဖြစ်သည်။ သင်တန်းသည် အခြေခံလူ့အခွင့်အရေးများနှင့် ဆက်စပ်နေသောအရေးကိစ္စများ၊ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အခြေခံအယူအဆများအား မိတ်ဆက်ခြင်း၊ ဘေးထိခိုက်လွယ်ဆုံးသော လူစုများအပါအဝင် လက်တွေ့တွင်အမှန်တကယ် လိုအပ်မှုများအား ဖော်ထုတ်ခြင်း၏ အရေးကြီးပုံတို့နှင့် ကျားမဖြစ်ခြင်း၏ ထိရှလွယ်မှုနှင့် ကလေးသူငယ်များအား ဦးတည်သော လက်တွေ့လုပ်ဆောင်မှုများ၏ အယူအဆနှင့် အကျိုးအမြတ်များကို လွှမ်းခြုံဆွေးနွေးသင့်သည်။

✔ လေ့လာရေးအဖွဲ့အား သင့်တော်သောသင်တန်းများကို ဆန်းစစ်လေ့လာရေးနည်းလမ်းများအပေါ်တွင်သာမက လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့် အခြေခံ ဘေးအန္တရာယ်လျော့ပါးရေးအယူအဆများပေါ်တွင်ပါ ထောက်ပံ့ပေးသည်။

✔ လေ့လာရေးမူဘောင်ပုံစံသည် အားလုံးသောပါဝင်ရမည့်အရာများဖြစ်သည့် လိုအပ်သော အချက်အလက် အမျိုးအစား၊ ဖြစ်နိုင်သော အရင်းအမြစ်များ၊ အသုံးပြုရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်အတွင်း အသင်းမှကြုံတွေ့ရနိုင်သည့် အခက်အခဲစိန်ခေါ်မှုများနှင့် အကြံပေးလိုသော ဖြေရှင်းချက်များ စသည်တို့ကို ခြုံငုံမိသည်။

Myanmar Red Cross Society

၃။ **အချက်အလက်ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း**

ကနဦးအခြေအနေလေ့လာမှုသည် စစ်တမ်းမေးခွန်းများအပေါ်တွင်အခြေခံသည်။ ၄င်းက တောင်းဆိုသည့် သတင်းအချက်အလက်များမှာ – ဖြေဆိုသူ (အသက်၊ ကျား/မ၊ ပညာရေး၊ အလုပ်အကိုင်၊ လူမျိုး နှင့် ကိုးကွယ်သည့်ဘာသာ)၊ အိမ်ထောင်စု (မိသားစုဝင်အရေအတွက်၊ အသက်ကြီးရွယ်အို အရေအတွက်၊ ကလေးအရေအတွက်၊ မသန်မစွမ်းဖြစ်နေသော မိသားစုဝင်အရေအတွက်နှင့် အိမ်အမျိုးအစား)၊ အန္တရာယ် အတွေ့အကြုံ၊ သဘာဝ အန္တရာယ်များအပေါ် ထင်မြင်ယူဆချက်နှင့် သဘာဝဘေးအန္တရာယ်ကြီးတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအတွက် လက်ရှိအဆင့်အခြေအနေတို့၏ အကြောင်းဖြစ်သည်။

နမူနာပေါင်းစုံယူခြင်းနည်းကို အများအားဖြင့်အသုံးချသည်။ ပထမဦးစွာ နမူနာအရွယ်အစားကို ကျေးရွာတစ်ရွာစီရှိ အိမ်ထောင်စုအရေအတွက်ပေါ်တွင် မူတည်၍ စဉ်းစားသည်။ နမူနာအရွယ်အစားသည် အနည်းဆုံး ရွာတစ်ရွာရှိ အိမ်ထောင်စုအားလုံး၏ ၁၀%ကို လွှမ်းခြုံမိစေရန် အကြံပေးလိုသည်။ နမူနာအရွယ်အစားတွင် ပါဝင်မည့် အိမ်ထောင်စုများကို အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြု၍ ကျပန်း ရွေးချယ်သည်။ ၄င်းနည်းများတွင် ကျေးရွာ၏ မြေပုံကို မှီငြမ်းအသုံးပြုခြင်း၊ အိမ်ထောင်စုတစ်ခုစီကို နံပါတ်တစ်ခုသတ်မှတ်၍ ကျပန်းနံပါတ်များ သို့မဟုတ် အံစာတုံးကိုအသုံးပြု၍ နံပါတ်များကို ကြံ့ကြုံလိုရွေးချယ်ခြင်း သို့မဟုတ် လမ်းလျှောက်သွား၍ အိမ်များအား နံပါတ်ရေတွက်လျက် ကြိုတင်ဆုံးဖြတ်ထားသောနံပါတ် ကျသည့်အိမ်ကို ရွေးချယ်ခြင်း တို့ ပါဝင်သည်။ ရွေးချယ်ထားသော အိမ်ထောင်စုများအား စစ်တမ်းမေးခွန်းလွှာများဖြင့်ချဉ်းကပ်၍ တစ်အိမ်ထောင်လျှင် တစ်ယောက်ကို တွေ့ဆုံမေးမြန်းသည်။ ကြိုတင်ဆုံးဖြတ်ထားသော စံသတ်မှတ်ချက် များမှာ – မေးမြန်းခံရမည့်သူသည် အသက် ၁၅ နှစ်မှ ၆၀ အတွင်းရှိရမည်ဖြစ်ပြီး ရွာတွင် အတည်တကျနေထိုင်သူဖြစ်ရမည်။ အချက်အလက်ကောက်ယူခြင်းအား ဦးဆောင်ရန်အတွက် လေ့လာရေးအဖွဲ့ကို အုပ်စုခွဲများဖွဲ့ပြီး အချို့သော အိမ်ထောင်စုများထံသို့ စေလွှတ်သည်။ အုပ်စုခွဲအရေအတွက်သည် ကျေးရွာ၏ အရွယ်အစားနှင့် သွားရောက် ပြုလုပ်ရမည့် ကျယ်ပြန့်သည့်နေရာ တို့အပေါ်တွင် မူတည်သည်။

Myanmar Red Cross Society

အချက်အလက် ခွဲခြမ်းသုံးသပ်ခြင်းအား ပထမဦးစွာ အချက်အလက်များကို ကွန်ပျူတာ အချက်အလက်စာရင်းသို့ တာဝန်ချထားသော စီမံကိန်းတာဝန်ရှိသူက လေ့လာရေးအဖွဲ့၏ အကူအညီနှင့်အတူ ထည့်သွင်းရသည်။ သတ်မှတ်ထားသော စီမံကိန်း၏ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ရေးအရာရှိသည် ကွန်ပျူတာ ဆော့ဖ်ဝဲကိုအသုံးပြု၍ ထွက်ပေါ်လာသောရလဒ်များကို လွယ်ကူစွာ ဖတ်ရှုနိုင်သော ရည်ညွှန်းရမည့်အချက်များ သို့မဟုတ် အချက်အလက်များအဖြစ်သို့ ပြောင်းလဲပေးရန် အဓိက ပုဂ္ဂိုလ်ဖြစ်သည်။

၁။ အရည်အသွေးမြင့်မားသော အချက်အလက်များရယူနိုင်ရန်အတွက် ကနဦးဆန်းစစ်လေ့လာမှုတွင် ကောက်ယူသော အချက်အလက်အားလုံးကို အသေးစိတ်ဖြစ်မှု၊ တိကျမှု၊ ဆီလျော်မှုနှင့် အချက်အလက်ပြည့်စုံမှုတို့ဖြင့် တိုက်ဆိုင်စစ်ဆေးရမည်။

၂။ တွေ့ဆုံမေးမြန်းသူတို့နှင့်စပ်လျဉ်း၍ လက်တွေ့တွင် အခြေအနေကို ပိုမိုကောင်းမွန်စွာ နားလည်စေရန်အတွက် ကျား/မညီမျှမှု ရှိသင့်သည်။

၃။ ကနဦးအခြေခံနှင့် အဆုံးသတ် လေ့လာချက်နှစ်ခုစလုံးတွင် အချက်အလက်များစုဆောင်းခြင်းသည် ကျောင်းများကိုပါ ခြုံငုံမိသင့်သည်။ ကျောင်းများတွင် ကျောင်းဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာမှုကို ကနဦးနှင့် အဆုံးသတ်လေ့လာမှုအတွက် စံပုံစံအဖြစ်အသုံးပြုနိုင်သည်။ (နောက်ဆက်တွဲ ၂ – ကျောင်းဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာမှုပုံစံ ကို ကြည့်ပါ)

၄။ **လေ့လာတွေ့ရှိချက်များကို တင်ပြခြင်း**

စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ စီမံကိန်းအရာရှိသည် လေ့လာတွေ့ရှိချက်များအပေါ် အစီရင်ခံစာကို ပြင်ဆင်ရန်အတွက် တာဝန်ခံသင့်သည်။ လွယ်ကူသော ရည်ညွှန်းမှုဖြစ်စေရန်အတွက် အစီရင်ခံစာတွင် အဓိကအားဖြင့် အရေအတွက်ဆိုင်ရာအချက်အလက်များကို ရှုထောင့်အမျိုးမျိုးဖြင့် အမျိုးအစားခွဲခြားထားသည်– ဥပမာ ရပ်ရွာလူထု၏ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုများ၊ ရပ်ရွာလူထု၏ စွမ်းဆောင်ရည် စသည်တို့ဖြစ်သည်။ အစီရင်ခံစာပုံစံကို စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာအရာရှိနှင့် လေ့လာရေးအဖွဲ့တို့သည် လေ့လာမှု မူဘောင်ပုံစံ၏ တစ်စိတ်တစ်ဒေသအဖြစ် ပူးတွဲ ဆုံးဖြတ်သင့်သည်။

ထို့အပြင် အစီရင်ခံစာနှင့် တွေ့ရှိချက်များအား စီမံကိန်းတွင် သက်ဆိုင်လျက်ရှိသော စိတ်ဝင်စား ပတ်သက်သူ အားလုံးနှင့် မျှဝေရန် အရေးကြီးသည်။ ၄င်းသည် စိတ်ဝင်စားပတ်သက်သူများအကြားတွင် စီမံကိန်းအား အသိအမှတ်ပြု၍ ထောက်ပံ့ကူညီမှု တည်ဆောက်နိုင်ရန် ကူညီပေးပြီး မျှော်မှန်းချက်များကို ဘောင်ဝင်စေသော နည်းဗျူဟာကျသည့်

ဆုံးဖြတ်ချက်ဖြစ်နိုင်သည်။ ၄င်းသည် ထင်သာမြင်သာရှိမှုနှင့် ယုံကြည်စိတ်ချရမှုကို ထိန်းသိမ်းထားသည်။ အစီရင်ခံစာအား ဖြန့်ဝေခြင်းသည် စိတ်ဝင်စားမှုကို မြှင့်တင်ပေးနိုင်ပြီး အနာဂတ်တွင် ဆွေးနွေးခြင်းနှင့် အကြံပေးခြင်းများကို လှုံ့ဆော်ပေးနိုင်သည်။

ကနဦးဆန်းစစ်လေ့လာရေးအဖွဲ့မှ ရေးသားထားသော အစီရင်ခံစာ သာမက နှုတ်ဖြင့် ရှင်းပြခြင်းနှင့် တင်ဆက်ပြသခြင်းတို့ပြုလုပ်ရန်လည်း အကြံပြုလိုသည်။ ၄င်းသည် အချက်အလက်များ၏ တိကျမှု၊ တွေ့ရှိချက် များ၏ သေချာမှုကို စစ်ဆေးရန် ကူညီပေးပြီး ထပ်ဆောင်းအချက်အလက်ထည့်သွင်းမှုနှင့် နောက်ထပ် လုပ်ဆောင်ချက်များ/ အကြံပြုချက်များအား အသိပေးရန်အတွက် အထင်အမြင်ကောင်းစေရန် ထောက်ပံ့ပေးသည်။ ထို့အပြင် ၄င်းသည် စိတ်ဝင်စားပတ်သက်သူများအား သတင်းပေးထားလျက်ရှိပြီး သိသာမြင်သာမှုကို အားဖြည့်ပေးသည်။ ပိုင်ဆိုင်မှု စိတ်ဓာတ်ကို တည်ဆောက်ပေးကာ အဖွဲ့အစည်းဆိုင်ရာ လေ့လာမှုကိုလည်း ပံ့ပိုးပေးသည်။

ဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာအချက်အလက်များစုစည်းခြင်းအပြင် လေ့လာမှုသည် လူများ၏ နားလည်မှု၊ ယူဆမှုနှင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေနေထိုင်ရာတွင် လက်ရှိ လက်တွေ့လုပ်ဆောင်မှုများနှင့် သဘာဝအရင်းအမြစ်များနည်းတူ သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို စီမံခန့်ခွဲခြင်းတို့ကိုလည်း လေ့လာသည်။

ကနဦးနှင့် အဆုံးသတ်လေ့လာခြင်းနှင့်အတူ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် ပတ်သက်သော နောက်ထပ်အသေးစိတ်သတင်းအချက်အလက်များအတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်းမှ ဖော်ထုတ်ပြုစုထားသော လမ်းညွှန်ဖြစ်သည့် "Project/programme monitoring and evaluation (M&E) guide" ကို ရည်ညွှန်းပါ။

Myanmar Red Cross Society

လုပ်ငန်းစဉ် ၄
ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း

ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်းကို ဦးတည်ရပ်ရွာလူထု(များ)အား သတ်မှတ်၍ရွေးချယ်ပြီးသည်နှင့် ပြုလုပ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းများအတွက် ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်းသည် အရေးပါလှသည့် ဦးတည်ရပ်ရွာလူထုနှင့် ရင်းနှီးမှုအပြန်အလှန် တည်ဆောက်ရေးနှင့် သူတို့၏ အဓိကကျသော စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ပေါင်းစပ်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ရပ်ရွာလူထုစည်းရုံးလှုံ့ဆော်ခြင်းအားဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီမံကိန်းအဖွဲ့သည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးကို စိတ်ဝင်စားပတ်သက်သည့် ကျယ်ပြန့်သော အတိုင်းအတာရှိသည့် လူထုအဖွဲ့အစည်းများဖြစ်သည့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၊ ဒေသခံအစိုးရအာဏာပိုင်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ ကျောင်းဆရာ/မများ၊ ကျောင်းဝန်ထမ်းများနှင့် ကျောင်းသားများ စသည်တို့နှင့် ပူးပေါင်းလုပ်ဆောင်ကြရသည်။ ရပ်ရွာလူထုအား လိုအပ်သောကျွမ်းကျင်မှုများကို ဖြည့်ဆည်းပေးခြင်းဖြင့် သူတို့အား လက်တွေ့လုပ်ဆောင်သောအဖွဲ့အစည်းအဖြစ် သူတို့ကိုယ်တိုင် စည်းရုံးနိုင်စေရန် ကူညီပေးခြင်းဖြင့် စီမံကိန်းအဖွဲ့သည် ဦးတည်ရပ်ရွာအဖွဲ့အား ပိုမိုသိရှိလာသည်။ ထိုကျွမ်းကျင်မှုများအားဖြင့် ရပ်ရွာလူထုကို စီစဉ်ရေးဆွဲထားသော ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေးလုပ်ဆောင်ချက်များကို ပါဝင်ကူညီနိုင်စေပြီး ကွင်းဆင်းလုပ်ဆောင်ရာနေရာတွင် လူသားအရင်း အမြစ်များ ချဲ့ထွင်နိုင်စေသည်။

ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်းကို ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်တွင် ထိပ်တန်းဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည်–

+ ၄င်းကို စီမံကိန်းကာလတစ်ခုလုံးတောက်လျှောက် လုပ်ကိုင်နေရသည်။
+ ရပ်ရွာလူထုအား ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အားပေးခြင်းဖြင့် စိတ်တက်ကြွပါဝင်လာစေရန် ကူညီပေးသည်။ + ရပ်ရွာလူထုအား သူတို့၏ လိုအပ်ချက်ကို သတ်မှတ်ဖော်ထုတ်နိုင်ရန် သူတို့၏စွမ်းဆောင်ရည်ကို တည်ဆောက်ပေးပြီး သူတို့အား အရေးကိစ္စတစ်ခုဖြစ်ပေါ်လျှင် ရှေးဦးတုံ့ပြန်သူအဖြစ်သာမက သူတို့၏ ကိုယ်ပိုင်ဒေသ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် လူမှုရေး ဖွဲ့စည်းပုံတို့ကို ရင်းနှီးကျွမ်းဝင်သော အဓိက သတင်းပေးသူအဖြစ် အသိအမှတ်ပြုပေးသည်။
+ အရေးကြီးသော ဘေးအန္တရာယ်လျော့ပါးရေး အရေးကိစ္စများအပေါ် ရပ်ရွာလူထု၏ အသိအမြင်ကို မြှင့်တင်ပေးပြီး သို့မှသာ သူတို့သည် ပို၍ကောင်းမွန်သော ဘေးအန္တရာယ်လျော့ပါးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများကို တောင်းဆိုနိုင်မည်ဖြစ်သည်။
+ သူတို့သည် ကြိုးပမ်းလုပ်ဆောင်မှုကို ဖိတ်ခေါ်သောသူများဖြစ်သည့်အတွက်ကြောင့် ဒေသခံနှင့် ပြင်ပပုဂ္ဂိုလ်များ ခွဲခြားခြင်းပပျောက်စေရန် ကူညီပေးသည်။
+ ရပ်ရွာလူထုသည် မကြာသေးမီက ဘေးအန္တရာယ်ဖြစ်ရပ်တစ်ခုခုကို တွေ့ကြုံခဲ့ရသည့်ကိစ္စရပ်တွင် ရပ်ရွာ အုပ်စုအား ကုစားရန်နှင့် ရှေ့ဆက်သွားနိုင်ရန် ကူညီပေးနိုင်သည်။
+ ကောင်းသော ဦးဆောင်မှုနှင့် ဒီမိုကရေစီနည်းကျကျ ဆုံးဖြတ်ချက်ပြုလုပ်ခြင်းတို့ကို မြှင့်တင်ရန် ကူညီပေးသည်။
+ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအားဖြင့် မျိုးဆက်သစ် ဘေးအန္တရာယ်လျော့ပါးရေး ဆက်သွယ်ဆောင်ရွက်သူများနှင့် လုပ်ဆောင်သူများကို ဖန်တီးပေးသည်။ ဘေးအန္တရာယ် လျှော့ချရေး အသိပညာနှင့် သတင်းအချက်အလက်များကို ဆရာ/မများနှင့် ကျောင်းသား/သူများမှ ကျယ်ပြန့်သော လူထုအဖွဲ့အစည်းသို့ ဖြန့်ဝေခြင်းဖြင့် ၄င်းသည် ဆင့်ပွားအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။

အကွက် ၄
ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ရေးကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အမိပ္ပါယ်ဖွင့်ဆိုချက်

ရပ်ရွာရှိ အဓိကပါဝင်ပတ်သက်သူများများဖြစ်သည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်ရွာအဖွဲ့ဝင်များ၊ ဆရာ/မများနှင့် ကျောင်းသား/သူများ စသည်တို့ကို စည်းဝေးခြင်းဖြင့် သူတို့ကို သူတို့ကိုယ်တိုင် ဆုံးရှုံးနိုင်ခြေ များနှင့် စွမ်းဆောင်ရည်များကို ဆန်းစစ်လေ့လာခြင်း၊ စီမံကိန်း၏ အဓိကတာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆင့်အသီးသီးရှိ အာဏာပိုင်များတို့နှင့်အတူ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများကို အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင် အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် တက်ကြွစွာ ပါဝင်လာစေသည်။ လုပ်ဆောင်ရေးအဖွဲ့များကို ကျေးရွာ/မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အမိုးအောက်တွင် သီးခြားသတ်မှတ်ထားသည့် လုပ်ဆောင်မှုနယ်ပယ်များ ဖြစ်သည့် ကယ်ဆယ်ရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ အသိအမြင်ပေးရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင် သတိပေးခြင်း၊ လျော့ပါးသက်သာရေး၊ စသည့်တို့ကို ဖွဲ့စည်းနိုင်သည်။

၁။ ယုံကြည်မှုနှင့် အပြန်အလှန်ရင်းနှီးမှုတည်ဆောက်ခြင်းသည် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုကို လှုံ့ဆော် ပေးရန် အဓိကအချက်ဖြစ်သည်။ ရပ်ရွာလူထုသည် သူတို့နှင့်အတူတူအလုပ်လုပ်ကိုင်သော ပြင်ပမှလူများကို ယုံကြည်မှုရှိပါက သူတို့၏ ပြဿနာများ၊ စိုးရိမ်ပူပန်မှုများနှင့် ဖြေရှင်းမှုများကို ပွင့်လင်းစွာ မျှဝေ ပြောဆိုမည်ဖြစ်ပြီး ၄င်းသည် ပြင်ပလုပ်ဆောင်သူများကို ဒေသခံ ယဉ်ကျေးမှုနှင့် လူမှုရေး တည်ဆောက်ပုံ တို့ကို ပို၍ နားလည်မှုရှိစေရန် ကူညီပေးသည်။

Myanmar Red Cross Society

ရပ်ရွာလူထုအတွင်း ထိုသို့သော ယုံကြည်မှုများ ရရှိရန်နှင့် အပြန်အလှန်အကျိုးကျေးဇူးဖြင့် ချည်နှောင်မှုကို ပျိုးထောင်ရန် စီမံကိန်းအဖွဲ့ဝင်များသည် နှိမ့်ချမှုကို ပြသရမည်ဖြစ်ပြီး ဒေသခံတို့၏ ယဉ်ကျေးမှု၊ ပြဿနာများနှင့် နေထိုင်မှုပုံစံတို့ကို စိတ်ဝင်စားခြင်း၊ ဆုံးဖြတ်ခြင်းထက် လေ့လာသူဖြစ်ခြင်း၊ သူတို့၏ စိတ်ဆန္ဒရှိမှုနှင့် ပူးပေါင်းပါဝင်ရန် ကတိပြုလုပ်ဆောင်မှုတို့ကို အသိအမှတ်ပြုခြင်းတို့ကို ပြသပေးရမည်။

၂။ ရပ်ရွာလူထု၏ ပါဝင်မှုသည် အဓိကအချက်ဖြစ်သည့်အတွက် လုပ်ဆောင်ချက်များ လုပ်ဆောင်မည့် အချိန်ကို ပြောင်းလဲပြင်ဆင်မှုလွယ်ကူစေရန်လိုအပ်ပြီး အမျိုးမျိုးသော လူမှုရေးနှင့် ဘာသာရေးပွဲများ၏ အချိန်နှင့် နေ့ရက်ကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့မှသာ စီမံကိန်းမှ စီစဉ်လုပ်ဆောင်သောပွဲများတွင် တက်ရောက်မှုအများဆုံးဖြစ်ရန် သေချာစေရန်ဖြစ်သည်။

ဦးတည်ရပ်ရွာအုပ်စုအား စည်းရုံးလှုံ့ဆော်ရာတွင် အာရုံစိုက်လုပ်ဆောင်ရမည့် လုပ်ဆောင်မှုနှစ်ခုမှာ – ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် သူတို့၏ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ စွမ်းဆောင်ရည်များ တည်ဆောက်ပေးခြင်းတို့ ဖြစ်သည်။

၄.၁. ရပ်ရွာလူထုတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းတည်ထောင်ခြင်း

ဦးတည်ရပ်ရွာအုပ်စုအတွင်း ထိရောက်သော ပူးပေါင်းပါဝင်သည့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ရှေ့တွင်ဖော်ပြခဲ့ပြီးသော လုပ်ငန်းများအတွက် အဓိကတာဝန်ရှိအဖွဲ့အစည်းဖြစ်လာမည့် သီးခြားဖြစ်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် နေရာတကျရှိရန် လိုအပ်သည်။ ရပ်ရွာလူထုအဆင့်တွင် ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့ ဖွဲ့စည်းတည်ဆောက်ခြင်းသည် အောက်ပါ အချက်တို့အပေါ် မူတည်သည်

+ **ရနိုင်သော အရင်းအမြစ်များ** ၄င်းသည် လက်တွေ့လုပ်ဆောင်နေသောနေရာရှိ ပစ္စည်းနှင့် လူသား အရင်းအမြစ်တို့နှင့် ဆက်စပ်နေပြီး ၄င်းသည် အဖွဲ့အစည်းယူနစ်၏ အရွယ်အစားနှင့် ဖွဲ့စည်းပုံကို အဆုံးအဖြတ် ပေးမည်ဖြစ်သည်။
+ **ရပ်ရွာလူထုအဆင့် ဖွဲ့စည်းတည်ဆောက်ပုံ တည်ရှိမှု** အကယ်၍ မြန်မာနိုင်ငံ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး ကိုယ်စားလှယ်အဖွဲ့ (MPDA၊ မြန်မာနိုင်ငံရှိ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး ပါဝင်ပတ်သက်သူများများ တွင်ကြည့်ပါ) ၏ကျေးရွာအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မီတီ သို့မဟုတ် ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ စသည်တို့ ကဲ့သို့သောဖွဲ့စည်းတည်ဆောက်ပုံမျိုးရှိနှင့်ပြီးဖြစ်ပါက စီမံကိန်းလက်အောက်ရှိ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဆောင်တာများကို တာဝန်ယူလုပ်ဆောင်ရန် လုံလောက်သော အရင်းအမြစ်နှင့် စွမ်းဆောင်ရည်ရှိမရှိ သို့မဟုတ် ၄င်းတို့သည် ထိုလုပ်ငန်းဆောင်တာများကို လက်ခံလုပ်ဆောင်ရန်အတွက် ထပ်လောင်းထောက်ပံ့မှု (ငွေကြေး၊ ပစ္စည်း၊ လူ)များ လိုအပ်မှု ရှိမရှိ ဖော်ထုတ်ရန် စုံစမ်းသင့်သည်။ အကယ်၍ ထိုသို့သော ဖွဲ့စည်းပုံမျိုး လုံးဝမရှိ သို့မဟုတ် ရှိနေသောဖွဲ့စည်းပုံသည် ဤစိန်ခေါ်မှုအတွက် ဆန္ဒမရှိခြင်း သို့မဟုတ် ဆောင်ရွက်ရန် စွမ်းဆောင်နိုင်ခြင်းမရှိပါက အသစ်တစ်ခု ဖွဲ့စည်းရမည်ဖြစ်သည်။
+ **ရပ်ရွာလူထု၏ သဘောထားအမြင်** ၄င်းသည် ရပ်ရွာလူထုမှ ပေးလိုသောအချိန်၊ သူတို့ယုံကြည်၍ နားထောင် ရမည့်သူနှင့် သီးခြား ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့အား ရှိစေလိုခြင်းရှိမရှိ စသည့်အကြောင်းတို့နှင့် ဆက်စပ် နေသည်။ ရပ်ရွာလူထုမှ အချိန်ပေးလိုမှုကို သူတို့၏ ကိုယ်တိုင် ဆုံးရှုံးနိုင်ခြေနှင့် ဘေးဖြစ်လွယ်မှု အတိုင်း အတာအပေါ် ထင်မြင်ချက်နှင့် ထိုထင်မြင်ချက်အပေါ်တွင်အခြေခံသော ဘေးအန္တရာယ် လျှော့ချရေးနှင့် ဆက်စပ် နေသော ဦးစားပေးမှုအပေါ်မူတည်၍ ဆုံးဖြတ်ကြသည်။ အဆိုပါ အလားတူအကြောင်းပြချက်သည် ဘေး အန္တရာယ်လျှော့ချရေးအဖွဲ့အား လိုချင်မှုရှိမရှိ ဆုံးဖြတ်မှုကိုလည်း အကျိုး သက်ရောက်သည်။ အကယ်၍ အချိန်ပေးလိုမှု၊ လိုချင်မှုမရှိပါက သူတို့၏ ဆန္ဒများကို လေးစားရန်လိုအပ်ပြီး အခြားသော ဖြေရှင်းနည်းများ ဖြစ်သည့် စီမံကိန်းအဖွဲ့နှင့် မကြာခဏ လုပ်ဆောင်နိုင်မည့် ယာယီအထူးအဖွဲ့ ဖွဲ့စည်းခြင်း စသည်ကို ညှိနှိုင်းရန် လိုအပ်သည်။ တတိယအချက်မှ တောင်းဆိုသည်မှာ ရပ်ရွာလူထုတွင်း လူမှုဖွဲ့စည်းပုံနှင့် ရာထူးအဆင့်များအပေါ် နားလည်မှုနှင့် လက်ရှိရှိနေသော ဘေးအန္တရာယ် လျှော့ချရေး အဖွဲ့ရှိပါက ၄င်းအဖွဲ့နှင့် ဆက်ဆံရေးဖြစ်သည်။ ခိုက်ရန်ဖြစ်ပွားလျက်ရှိသော ရပ်ရွာအဖွဲ့အစည်းအတွင်းတွင် လုပ်ငန်းလုပ်ဆောင်ရန်အတွက် လူများအား အတူတကွစုစည်းရန်ခက်ခဲမည်မှာ အသေအချာပင်ဖြစ်သည်။.

ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့ကို ဒေသခံ သို့မဟုတ် ကျေးရွာ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊

Myanmar Red Cross Society

ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းအဖွဲ့၊ ဒေသခံ ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့အစည်း စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် မှည့်ခေါ်နိုင်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီမံချက်လက်အောက်တွင် ၄င်းတို့ကို ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (DMCs) ဟု အများအားဖြင့် ခေါ်ပြီး ၄င်းတို့သည် ဦးတည်သတ်မှတ်ထားသည့် ကျေးရွာ/ရပ်ကွက်နှင့် ကျောင်းတိုင်းတွင် တည်ရှိသည်။ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်တီသည် လုပ်ငန်းခွင် မြို့နယ်/ကျေးရွာအဆင့်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းများနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များကြား အရေးကြီးသော ချိတ်ဆက်မှုကို ပံ့ပိုးပေးပြီး ရပ်ရွာလူထုအဖွဲ့ဝင်များအား သတ်မှတ်ထားသော လုပ်ဆောင်ချက်များ လုပ်ဆောင်ရန်နှင့် လက်တွေ့လုပ်ဆောင်သောနေရာတွင် ဘေးအန္တရာယ်လျော့ပါးရေး ကြိုးပမ်းမှုများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် စည်းရုံးလှုံ့ဆော်ပေးသည့် အဓိကတာဝန်ကို ယူထားသည်။

အကွက် ၅
ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား စည်းရုံးလှုံ့ဆော်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များသည် မည်သည့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းစဉ်မျိုးကိုမဆို မစတင်မီ ဦးတည်ရပ်ရွာလူထုအဖွဲ့အစည်းတိုင်းတွင် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များအား သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းတို့ကို လိုအပ်လာသည်။ သူတို့၏ အဓိက လုပ်ဆောင်ရမည့်တာဝန်သည် စီမံကိန်းအဖွဲ့နှင့် ရပ်ရွာလူထုအဖွဲ့ဝင်တို့အကြား ကြားလူအဖြစ်ဖြင့် ပါဝင် လုပ်ရှားရန် ဖြစ်သည်။ ကြက်ခြေနီအဖွဲ့သည် အများအားဖြင့် မြို့နယ်အဆင့်တွင် ဒုတပ်ရင်းမှူး၊ ဦးစီးမှူး ပထမတန်း နှင့် ဦးစီးမှူး ဒုတိယတန်းတို့ကို ကြက်ခြေနီစေတနာ့လုပ်အားရှင်များကို သတ်မှတ်၍ ရွေးချယ်ရန်အတွက် သူတို့၏ စွမ်းဆောင်ရည်နှင့် လုပ်ဆောင်ချက်များကို ပံ့ပိုးရန် ဆန္ဒရှိမှုတို့အပေါ်အခြေခံ၍ တာဝန် ချထားသည်။ ထို့နောက် ကြက်ခြေနီစေတနာ့လုပ်အားရှင်များကို စီမံကိန်းအကြောင်း၊ သူတို့၏ တာဝန်များနှင့် ပတ်သက်၍ ရှင်းလင်း ပြောပြပြီး လိုအပ်ပါက ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး သင်တန်းများကို ပံ့ပိုးပေးသည်။ အကယ်၍ လိုအပ်ချက်ဖြစ်ပေါ်လာပါက ၄င်းလုပ်ငန်းစဉ်ကို မြို့နယ်အဆင့် ရင်းနှီးကျွမ်းဝင်စေရေး မိတ်ဆက်ဆွေးနွေးပွဲ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ပြုလုပ်နိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည် ကနဦးဆန်းစစ်လေ့လာချက်နှင့် နောက်ဆုံးအဆင့် ဘေးဖြစ်လွယ်ဆုံးသော ရပ်ရွာလူထု (ဘေးဖြစ်လွယ်ဆုံးသော ကျေးရွာ/ရပ်ကွက်ရွေးချယ်ခြင်း)အား ရွေးချယ်ရာတွင် ပါဝင်လုပ်ရှားနိုင် စေသည်။

ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့အသစ် ဖွဲ့စည်းရန် လိုအပ်သည်ဖြစ်စေ၊ လက်ရှိရှိနေသောအဖွဲ့အား စီစဉ်ထားသော လုပ်ဆောင်မှုများအတွက် ချဲ့ထွင်ရန် လိုအပ်သည် ဖြစ်စေ အောက်ပါ အဆင့်များကို အသုံးပြုနိုင်သည်။

၄.၁.၁ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ဖွဲ့စည်းခြင်း

၁။ အခြေအနေအား ခွဲခြမ်းစိတ်ဖြာခြင်း

အခြေအနေအား ခွဲခြမ်းစိတ်ဖြာခြင်းကို ဦးတည်ရပ်ရွာလူထုအတွင်း အမျိုးမျိုးသော အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုနှင့် ဦးဆောင်မှုဖွဲ့စည်းပုံတို့ကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် ပြုလုပ်ခြင်းဖြစ်သည်။ နည်းလမ်း သုံးမျိုးကို အသုံးပြုနိုင်သည်

+ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပြုလုပ်ခဲ့သည့် ရပ်ရွာလူထု အစည်းအဝေးပွဲများစသည်တို့မှ ရှိနှင့်ပြီးသော အစီရင်ခံစာများနှင့် အစည်းအဝေးမှတ်တမ်းများကို စားပွဲထိုင်သုတေသနပြုခြင်းဖြစ်သည်။ ၄င်းတို့သည် မည်သည့်အဖွဲ့အစည်း သို့မဟုတ် တစ်ဦးတစ်ယောက်သည် ရပ်ရွာလူထု၏ မည်သည့် အခန်းကဏ္ဍကို အများအားဖြင့် ကိုယ်စားပြုသည်ကို ဖော်ပြသည်။
+ အကြံဉာဏ်ရယူခြင်း၊ ပွဲများနှင့် လုပ်ငန်းများ တရားဝင်ပြုလုပ်ခြင်း၊ ဌေကြေးလိုအပ်ချက် စသည်တို့အတွက် မည်သူ့ထံမှ အများအားဖြင့် ရယူလေ့ရှိသနည်း ဆိုသည့် ရပ်ရွာလူထု လုပ်ငန်းလုပ်ဆောင်ခြင်းအတွက် လေ့လာချိန်လိုအပ်သော ဆန်းစစ်လေ့လာခြင်း။
+ ဒေသခံအာဏာပိုင်များ၊ ရပ်ရွာလူထုတွင်း လုပ်ကိုင်နေသော မိတ်ဖက်ဖြစ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဖြစ်ပါက ကြက်ခြေနီစေတနာ့လုပ်အားရှင်များ အပါအဝင် ရွေးချယ်ထားသော ရပ်ရွာလူထုအဖွဲ့အဝင်များအား တွေ့ဆုံမေးမြန်းခြင်း။ ရပ်ရွာလူထုအဆင့် အချက်အလက်ကောက်ခံခြင်းအတွက် ဦးတည်အုပ်စုတွေ့ဆုံမေးမြန်းခြင်းကို များစွာ အကြံပြုသည်။ အထူးသဖြင့် တူညီသောရပ်ရွာလူထုအဖွဲ့တွင်းတွင်ပင် လူမှုရေးဖွဲ့စည်းပုံနှင့်ပတ်သက်၍ မိန်းမများနှင့် ယောကျ်ားများတွင် ကွဲပြားသော စိတ်ကူးအကြံဉာဏ်များရှိနိုင်သဖြင့် ၄င်းတို့ကို အဖွဲ့သီးခြားခွဲထုတ်ရန် အကြံပြုသည်။ ဘေးဖြစ်လွယ်ဆုံးအုပ်စုများ (သက်ကြီးရွယ်အို၊ ကလေးများ၊ လူနည်းစုဖြစ်သည့် လူမျိုးစုများ နှင့် မသန်စွမ်းသူများ)ကိုလည်း သူတို့၏ အကြံဉာဏ်များ တွေ့မြင်နိုင်ရန်နှင့် သူတို့၏ ကိုယ်စားလှယ်များအား ကိုယ်တိုင် အဆိုပြုနိုင်ရန်အတွက် သူတို့နှင့် စကားပြောဆိုရန် အရေးကြီးသည်။ ၄င်းသည် ဘေးအန္တရာယ်လျော့ပါးရေးကော်မတီအားဖွဲ့စည်းရန် ဆီလျော်ခြင်းနှင့် လိုအပ်ခြင်းအပေါ် များစွာလိုအပ်နေသော လူ့အဖွဲ့အစည်း၏ အမြင်ကိုလည်း ထောက်ပံ့ပေးသည်။

ဤအခြေအနေခွဲခြမ်းစိတ်ဖြာခြင်းကို ကျေးရွာ/ရပ်ကွက်များတွင် မိတ်ဆက်ရှင်းလင်းခြင်းကဏ္ဍ (အဆင့် ၁ – စီမံကိန်းအား ရင်းနှီးကျွမ်းဝင်စေခြင်း ကို ကြည့်ပါ)အတွင်း အလွန်အခြေခံကျသောအချက်အလက်များသာပါဝင်ရန် မျှော်လင့်မထားသော ရပ်ရွာလူထု ဦးဆောင်မှုနှင့်ပတ်သက်၍ စီမံကိန်းမှ ကောက်ယူသော အချက်အလက်များ၏

Myanmar Red Cross Society

ရှေ့တွင်ထားရန် အကြံပြုလိုသည်။ ရင်းနှီးကျွမ်းဝင်စေရေးပွဲများတွင်ပင် ရရှိနိုင်သောအချက်အလက်များသည် ဘေးအန္တရာယ်လျော့ပါးရေး သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် လုပ်ကိုင်နေသော အဖွဲ့အစည်းအမျိုးမျိုးနှင့် ဆက်စပ်နေသော အစိုးရရုံးများတွင် လုပ်ကိုင်နေသော အဓိက အရာရှိများ၏ စာရင်းတို့ကို ရရှိရန် အဖြစ်နိုင်ဆုံးဖြစ်သည်။ ၄င်းတို့သည် ရပ်ရွာလူထုတွင်း တရားဝင်ရာထူးများပိုင်ဆိုင်ထားခြင်းမရှိသော သြဇာလွှမ်းမိုးမှုရှိသောပုဂ္ဂိုလ်များအားလုံး၏ လုံလောက်သောသတင်းအချက်အလက်များကို ထောက်ပံ့ပေးနိုင်မည် မဟုတ်ပေ။ သို့သော် ရပ်ရွာလူထုအဆင့် ရင်းနှီးကျွမ်းဝင်စေရေးပွဲများအတွင်း အတွင်းကျကျဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး စီမံကိန်းအဖွဲ့မှလည်း လိုအပ်သော သုံးသပ်ချက်များပြုလုပ်ရန်အတွက် လုံလောက်သော သတင်း အချက်အလက်များ စုဆောင်းပြီးကြောင်းယုံကြည်မှုရှိလျှင် ဤအဆင့်ကို လုံးဝ ကျော်သွားနိုင်သည်။

အကွက် ၆
ရှိနှင့်ပြီးသော အဖွဲ့အစည်းများ/ အုပ်စုများအားအသုံးပြုခြင်း၏ အားသာချက်နှင့် အားနည်းချက်များ

အားသာချက်

- အစပျိုးရာတွင် ကြန်ကြာမှုများကို ရှောင်ရှားနိုင်ခြင်း – အုပ်စုသစ်များဖွဲ့ရန်နှင့် အဖွဲ့ဝင်များ ရင်းနှီးမှုရှိစေရန်အတွက် အချိန်ပိုကုန်ခြင်းမလိုအပ်ပေ။
- အုပ်စု၏ပေါင်းစည်းညီညွတ်မှု – ရှိနှင့်ပြီးသောအုပ်စုများတွင် အုပ်စုအင်အားသည် ထုတ်ဖော်ထားပြီးဖြစ်သည်။ ထိုအုပ်စုသည် အများအားဖြင့် တည်ငြိမ်ပြီး ပေါင်းစည်းညီညွတ်မှုရှိကာ ၄င်း၏ အာရုံစိုက်မှုကို ခေါင်းစဉ်သစ်တစ်ခုဆီသို့ လှည့်ပြောင်းနိုင်သည်။
- ယုံကြည်မှု – နှစ်များစွာ တောက်လျှောက်အတူလက်တွဲလုပ်ကိုင်ခဲ့ပြီးသော အုပ်စုဝင်များသည် တူညီသော ပေါင်းစည်းမှုကို ပျိုးထောင်ခဲ့ပြီး တစ်ဦးကိုတစ်ဦးယုံကြည်မှုရှိရန် လေ့လာခဲ့ကြပြီးဖြစ်သည်။ ဤယုံကြည်မှုရှိသော ဆက်ဆံရေးသည် သူတို့အား သူတို့၏ ဘဝအခြေအနေမှန်နှင့်ပတ်သက်၍ ပွင့်လင်းသော ဆွေးနွေးမှုများကို ပြုလုပ်နိုင်စေသည်။
- ပရဟိတစိတ်ဓာတ် – အုပ်စုဝင်များသည် အခြားသူများကို ကူညီထောက်ပံ့မှုပေးရန် စိတ်ဝင်စားမှုကို ပြသခဲ့ကြပြီးဖြစ်သည်။

အားနည်းချက်များ

- ပြောင်းလဲမှုလက်မခံခြင်း – အုပ်စုများသည် အရေးကိစ္စအသစ်များ သို့မဟုတ် မတူကွဲပြားသော လုပ်ကိုင်နည်းတို့ကို လုပ်ဆောင်ရန် လမ်းဖွင့်ထားခြင်းမရှိပဲ ဖြစ်နိုင်သည်။ ရပ်ရွာလူထုအတွင်း ဝင်ရောက်လုပ်ကိုင်ရန် သို့မဟုတ် ပါဝင်ရန်အခွင့်အရေးပေးခံရခြင်းမရှိသော အခြားကျွမ်းကျင်သော ပုဂ္ဂိုလ်များရှိခြင်းလည်း ဖြစ်နိုင်သည်။
- အကျိုးရှိမှုအပေါ်တွင် မှီခိုခြင်း – စားနပ်ရိက္ခာထောက်ပံ့မှုကဲ့သို့သော အချို့သော ရုပ်ဝတ္ထုပိုင်းအကျိုးကျေးဇူးကို ရရှိရန် ဖွဲ့စည်းထားသော အုပ်စုများသည် လက်ဆုပ်လက်ကိုင်ပြနိုင်သော မက်လုံးရလဒ်များကို ထောက်ပံ့ပေးခြင်းမရှိသော အုပ်စုစည်းဝေးပွဲများကို တက်ရောက်ရန် စိတ်ဓာတ်တက်ကြွမည်မဟုတ်ပေ။
- အလုပ်မဖြစ်သောဖွဲ့စည်းပုံ – အချို့သောအုပ်စုများအား ဖွဲ့စည်းထားပုံသည် အုပ်စုဝင်များအားလုံးအား တက်ကြွ သောပါဝင်မှုကို ဟန့်တားစေပြီး ကိုယ်ပိုင်သတင်းအချက်အလက်များအား ပေါက်ကြားစေခြင်းကို ကန့်သတ်ထားစေသည်။
- မညီမျှသော ဖွဲ့စည်းပုံများ – ရှိနှင့်ပြီးသော အုပ်စု၏ဖွဲ့စည်းပုံသည် မညီမျှမှုများကို ဆက်လက်တည်မြဲစေနိုင်သည်။

Source: Community-based Disaster Risk Reduction (CBDRR) Participants Workbook. Community Safety and Resilience Unit (CSRU) of IFRC, 2008.

Myanmar Red Cross Society

၂။ ရည်ညွှန်းဖော်ပြချက်အား ဖော်ထုတ်ရေးဆွဲခြင်း

စီမံကိန်း၏ ဤအဆင့်တွင် ရပ်ရွာအဆင့်ရှိ မည်သည့် ဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့မဆို လုပ်ငန်းကဏ္ဍနှင့် တာဝန်များကို အကြမ်းရေးဆွဲမှု ရှိရမည်ဖြစ်ပြီး ၄င်းကို ဦးတည်ကျေးရွာ/ရပ်ကွက်နှင့်ကျောင်းများ၏ ရင်းနှီးကျွမ်းဝင်စေရေးပွဲများတွင် တင်ပြပြီးဖြစ်သည်။ စီမံကိန်းအကျဉ်းဖော်ပြချက်၊ ရည်ရွယ်ချက်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်များပါဝင်သော ကိုယ်ပိုင် သီးသန့်ရပ်တည်သော စာတမ်းဖြစ်လာစေရန် ၄င်းကို ထပ်မံတိုးတက်ရေးဆွဲရန် လိုအပ်သည်။ ရှိနှင့်ပြီးသောအရာများအတွက် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် လျှော့ချရေး အကောင်အထည်ဖော်လုပ်ဆောင်ရေး ရည်ရွယ်ချက်အတွက် ပြင်ဆင်မှမ်းမံလျက် ထပ်ပေါင်း ထားသောလုပ်ငန်းတာဝန်များ၏ လိုအပ်ချက်ကို ပြည့်မီရန်အတွက် ၄င်းတို့၏ လက်ရှိ ရည်ညွှန်းဖော်ပြချက်ကိုပြင်ဆင်ရမည်ဖြစ်သည်။

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရေး လုပ်ဆောင်မှုများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖော်ထုတ်ပြုလုပ်၍ ဖြန့်ဝေကာ ပြဌာန်းထားသော "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်" ကို အများအားဖြင့် တိကျစွာ လိုက်နာသည်ကို အလေးပေးဖော်ပြရန်လိုအပ်သည်။ ၄င်းက ဖော်ပြသည်မှာ တစ်နိုင်ငံလုံးတွင် အမျိုးသားအဆင့်မှ မြို့နယ်အဆင့်နှင့် မြို့နယ်အဆင့်ထိ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီများကိုဖွဲ့စည်းရန် သတ်မှတ်ထားသည်လည်း ပါဝင်သည်။ သို့သော်လည်း အမှန်တကယ်တွင် အဆိုပါကော်မတီများသည် လည်ပတ်လုပ်ဆောင်မှုမရှိခြင်းနှင့် စာရွက်စာတမ်းပေါ်တွင်သာ ဖော်ပြခြင်း ဖြစ်နိုင်သည်။ သို့သော်လည်း အဆိုပါကော်မတီများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံကိန်းများအတွက် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအဖြစ်အသုံးပြုရန် ဖြစ်နိုင်ခြေကို ဆန်းစစ်၍ ထည့်သွင်းစဉ်းစားရန် သင့်လျော်ပေသည်။

၂။ တည်မြဲအမိန့်အား တိကျစွာလိုက်နာရာတွင် အခက်အခဲတစ်ခုမှာ ဥက္ကဋ္ဌအဖြစ် သတ်မှတ်ထားသော ပုဂ္ဂိုလ်သည် အများအားဖြင့် အစိုးရဖွဲ့စည်းအုပ်ချုပ်ပုံတွင် အရာရှိရာထူးတာဝန် ခန့်အပ်ထားပြီး ဖြစ်သောသူ ဖြစ်ပြီး ထပ်မံပိုလာသောတာဝန်တစ်ခုကို ထမ်းဆောင်ခြင်းဖြင့် သူ/သူမသည် ကောင်းစွာ အာရုံ စူးစိုက်နိုင်ခြင်းမရှိဘဲ ဖြစ်နိုင်သည်။ ဖြစ်နိုင်သောနည်းလမ်းမှာ အဆိုပါပုဂ္ဂိုလ်အား တစ်စုံတစ်ယောက်သို့ ကိုယ်စားလှယ် လွှဲအပ်ခြင်း

သို့မဟုတ် တွဲဖက်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းတို့ ပါဝင်နိုင်ပြီး ထိုကိုယ်စားလှယ်သည် ရပ်ရွာလူထုနှင့် အကောင်အထည်ဖော်သည့်အဖွဲ့အစည်းတို့မှ ယုံကြည်မှုရှိပြီး လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အပေါ် စိတ်အားထက်သန်သောသူဖြစ်နိုင်သည်။

၃။ လက်ရှိ ရှိနှင့်ပြီးသော တည်ဆောက်ပုံကို အသုံးပြုခြင်း သို့မဟုတ် တည်မြဲအမိန့်အား တိကျစွာ လိုက်နာခြင်း စသည့်အခြေနေများတွင် တွေ့ကြုံရသည့်အခက်အခဲမှာ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီ အတွက် အဖွဲ့ဝင်များ၏ ကျား/မညီမှုကဲ့သို့သော လိုအပ်ချက်မျိုးကို ဖြည့်ဆည်းရန် ခက်ခဲသည်။

၃။ ရပ်ရွာလူထုတွင်းမှ အဓိကပုဂ္ဂိုလ်များကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်း

ရပ်ရွာလူထုတွင်းမှ သင့်တော်သော် အဖွဲ့ဝင်များအား ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ရွေးချယ်ခြင်းသည် ရွေးချယ်မှု စံနှုန်းသတ်မှတ်ချက်များအဖြစ် စံအမှတ်များကို ပြုလုပ်ခြင်းဖြင့် စတင်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် ကြိုတင်ဆုံးဖြတ်ထားပြီးဖြစ်သော စံသတ်မှတ်ချက်များကို နိုင်ငံတွင်း လူထုအဖွဲ့အစည်း၏ အချိန်ကြာမြင့်စွာ တည်ရှိခဲ့သော ရပ်ရွာလူထုအခြေပြုလုပ်ဆောင်မှုများအပေါ်တွင် မူတည်၍ ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ၄င်းတို့ကို အောက်တွင် ဖော်ပြထားသည်

+ လူထုအဖွဲ့အစည်းအတွင်း ကောင်းစွာလေးစားမှုကိုခံရသော
+ လိုအပ်ပါက ရပ်ရွာလူထုအတွက် သူတို့၏အချိန်ကိုပေးနိုင်သော၊ ဆန္ဒရှိသော
+ ချမှတ်ထားသောနေရာဒေသများသို့ လှည့်ပတ်သွားလာနိုင်သော၊ ဆန္ဒရှိသော
+ ဆက်သွယ်ရေးနှင့် အခြားဆက်စပ်နေသော အသိပညာဗဟုသုတများအတွက် အခြေခံ ကျွမ်းကျင်မှုများရှိသော
+ စေတနာလုပ်ငန်း လုပ်ဆောင်ရန်အတွက် နိုးကြားတက်ကြွသော

Myanmar Red Cross Society

အဖွဲ့ဝင်များ၏ အရေအတွက်နှင့် ဖွဲ့စည်းမှုတို့ကို လုပ်ဆောင်မှုများ၏ သဘောသဘာဝ (ကျောင်းအခြေပြု၊ ကျေးလက်အခြေပြု သို့မဟုတ် ရပ်ရွာအခြေပြု)၊ ရရှိနိုင်သောအရင်းအမြစ်များနှင့် လုပ်ဆောင်မှုများ၏အတိုင်းအတာ (ပိုများသော လုပ်ဆောင်မှုများက ဆိုလိုသည်မှာ ပို၍များပြားသောအဖွဲ့ဝင်များ များပြားသော နေရာများသို့ လွှမ်းခြုံခြင်းဖြစ်သည်)အပေါ်တွင် မူတည်ဆုံးဖြတ်သည်။

ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်ဆက်နွယ်နေသော ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ အခြေခံ အဆောက်အုံများ စသည့် ကွဲပြားသော နယ်ပယ်များမှ ကိုယ်စားပြုသူများ ပါဝင်ကြောင်းသေချာစေရန် အလေးပေး သင့်သည်။ ထို့အတူ အမျိုးသမီး ကိုယ်စားလှယ်များနှင့် အခြား ဘေးထိခိုက်လွယ်သောအုပ်စုများ (သက်ကြီးရွယ်အို၊ လူမျိုးစုငယ်များ၊ မသန်စွမ်းသောသူများ)ကိုလည်း ပါဝင်စေရမည်။ အများအသုံးပြုသော ထုံးစံမှာ ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီတစ်ခုတွင် အနည်းဆုံး အမျိုးသမီး ၄၀% ပါဝင်စေရန်ဖြစ်သည်။

ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ပိုမိုသော သတင်းအချက်အလက်များကို မြန်မာနိုင်ငံတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲ.မှု တည်မြဲအမိန့်တွင် တွေ့နိုင်သည်။

၄။ အဆိုပြုထားပြီးသော အဖွဲ့ဝင်များနှင့် ခေါင်းဆောင်များကို အတည်ပြုခြင်း

ပြင်ဆင်ထားပြီးဖြစ်သော အလားအလာရှိသောအဖွဲ့ဝင်များ၏စာရင်းအပေါ်အခြေခံ၍ ရွေးချယ်ထားသူများအတွက် ပထမဦးဆုံး တရားဝင်အစည်းအဝေးကို ဦးတည်သတ်မှတ်ထားသော နေရာတွင် စီစဉ်ပြုလုပ်သင့်သည်။ အစည်းအဝေးကို ဒေသခံ အစိုးရအာဏာပိုင်များ၊ ထိုနေရာတွင်လုပ်ငန်းလုပ်ဆောင်နေကြသော အစိုးရမဟုတ်သည့် အဖွဲ့ အစည်းများနှင့် ဦးတည်ကျောင်းများမှ ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် ဖိတ်ကြားသင့်သည်။ ရပ်ရွာလူထုအတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အစည်းရှိနှင့်ပြီးဖြစ်၍ အသစ်တစ်ခုသည် တိုးချဲ့မှုတစ်ခုသာ ဖြစ်သည့် ကိစ္စရပ်မျိုးတွင် ဖိတ်ကြားထားသော မူလအဖွဲ့ဝင်များကို အစည်းအဝေးအား ဦးဆောင်စေသင့်သည်။ အစည်းအဝေးတွင် ရွေးချယ်ထားသူများကို သူတို့နေရာဒေသ၏ ဆုံးရှုံးနိုင်ခြေနှင့် ဘေးထိခိုက်လွယ်မှု အကြောင်း အကျဉ်းချုပ်၊ စီမံကိန်းအားခြုံငုံကြည့်ခြင်း၊ ပေါ်ပေါက်လာသော တာဝန်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ အဆိုပြုထားသော ဖွဲ့စည်းပုံနှင့် သဘောတူညီချက်ပုံစံတို့ကို အကျဉ်းချုပ် ရှင်းလင်းတင်ဆက်မည် ဖြစ်သည်။

အစည်းအဝေးမတိုင်မီတွင် ပုံမှန်သဘောတူညီချက်ပုံစံကို ပြင်ဆင်ထားရမည်ဖြစ်ပြီး ရွေးချယ်ရန်လျာထားသူများကို အစည်းအဝေးတွင် ဖြန့်ဝေပေးရမည်ဖြစ်သည်။ သဘောတူညီချက်ပုံစံတွင် ရွေးချယ်ရန်လျာထားသူများမှ သူ/သူမအား ရွေးချယ်ခြင်းကို လက်ခံခြင်းရှိမရှိ၊ သူ/သူမသည် အခြားရွေးချယ်စရာတစ်ခုကို အကြံပြုနိုင်ခြင်း ရှိမရှိဆိုသည့်

အပိုင်းတစ်ခုပါဝင်သင့်သည်။ စီမံကိန်းအဖွဲ့သည် ၄င်းကို နောက်ဆက်တွဲလုပ်ဆောင်ရန် တာဝန် ရှိသည်။ ပြီးပြည့်စုံသော သဘောတူညီချက်ပုံစံကို အစည်းအဝေးတွင် သဘောတူညီထားသောကာလ အပိုင်းအခြား အတွင်း ပြန်လည်ပေးပို့ရန်တောင်းဆိုရမည်ဖြစ်သော်လည်း တစ်ပတ်ထက်ပိုရန် မသင့်ပေ။ (နောက်ဆက်တွဲ ၄ – ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် သင့်တော်သူအတွက် သဘောတူညီမှုပုံစံ နမူနာ)

အကွက် ၇
ကျေးရွာအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကဏ္ဍနှင့် တာဝန်များ

- သက်သာစေရေး၊ ရာဖွေရေးနှင့် ကယ်ဆယ်ရေး၊ အစောပိုင်းကြိုတင်သတိပေးစနစ်၊ အသိအမြင် မြှင့်တင်ပေးခြင်း၊ သတင်းအချက်အလက်၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် လျော့ပါးသက်သာရေး၊ ကျန်းမာရေး စသည့် အမျိုးမျိုးသောအုပ်စုငယ်များကို ဖွဲ့ပါ။
- ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်၍ ရပ်ရွာလူထု လုပ်ဆောင်ချက်အစီအစဉ်ဆွဲခြင်းလုပ်ငန်းစဉ်အား ဦးဆောင်ပါ။
- ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်၍ လုပ်ဆောင်ချက်အစီအစဉ်အကောင်အထည်ဖော်ခြင်းတွင် အထောက်အပံ့ပေးပါ။
- ရပ်ရွာလူထုကိုယ်တိုင် မထုတ်လုပ်၊ မရယူနိုင်သော အရင်းအမြစ်များကို ရှာဖွေအသုံးချပါ။
- ရပ်ရွာလူထုအတွင်း အန္တရာယ်အခြေကို စောင့်ကြည့်လေ့လာပါ၊ လူထုနှင့် မျှဝေပါ။
- ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်လုပ်ဆောင်မှု၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာပါ၊ ရပ်ရွာလူထု၊ ဒေသခံနှင့် မြို့နယ်အာဏာပိုင်များနှင့်အတူ အကောင်အထည်ဖော်ဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို သတင်းပို့ပါ။

Source: MRCS CBDRM Implementation Guidelines (2009)

၅။ ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို ရည်ညွှန်းဖော်ပြချက်အား မိတ်ဆက်ရှင်းလင်းခြင်း

အဖွဲ့ဝင်များအားလုံး အတည်ပြုပြီးသည့်နောက် အဖွဲ့အဝင်များအားလုံးအား ကော်မတီ၏ ရည်ညွှန်းဖော်ပြချက်နှင့် ရင်းနှီးကျွမ်းဝင်စေရန်အတွက် မိတ်ဆက်ရှင်းလင်းခြင်းအစည်းအဝေးကို ခေါ်ယူရမည်။ ပြီးနောက် ရည်ညွှန်း ဖော်ပြချက် အနှစ်ချုပ်ကို ပထမဆုံး ညှိနှိုင်းတိုင်ပင်ရေးစည်းဝေးပွဲအတွင်းတွင် မိတ်ဆက်ပေးသည်။ ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား စီမံကိန်းအပြီးသတ်ပြီးနောက် သူတို့၏ လုပ်ငန်းတာဝန်အား ဆက်လက် လုပ်ဆောင်ရေး ဆွေးနွေးမှုများတွင် ပါဝင်စေခြင်းဖြင့် ဤလုပ်ငန်းစဉ်သည် အကောင်အထည်ဖော် လုပ်ဆောင်သော အဖွဲ့အား ထွက်ခွာခြင်း နည်းလမ်းကိုဖော်ထုတ်ရန် အခွင့်အရေးရရှိစေသည့်အတွက် ဤအဆင့်သည်အရေးကြီးသည်။ ဤလုပ်ငန်းစဉ်အောက်တွင် ကျေးရွာ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသည် အဆိုပြုထားသော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများနှင့် သူတို့၏ လုပ်ငန်းတာဝန်များကြား ဆက်စပ်မှု၊ ရေရှည် ပူးပေါင်း လုပ်ဆောင်သော သူတို့၏ အားထုတ်လုပ်ဆောင်မှု၏ ရလဒ်များ၊ ရပ်ရွာလူထုနှင့် အတွင်းနှင့်အပြင်ရှိ အလားအလာ ရှိသော မိတ်ဖက်များနှင့် ပါဝင်သော အရင်းအမြစ်များကို လေ့လာသည်။

Myanmar Red Cross Society

၄င်းသည် အသစ်ဖွဲ့စည်းသော ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၏ ဒုတိယ တရားဝင်အစည်းအဝေး ဖြစ်ပြီး ထိုအစည်းအဝေးသည် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအသစ်၏ ဥက္ကဋ္ဌ၊ တွဲဖက်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ရွေးကောက်ခြင်း သို့မဟုတ် လက်ရှိအဖွဲ့အစည်းကို တိုးချဲ့ထားသောအဖွဲ့၏ အတည်ပြု လက်မှတ်ရေးထိုးခြင်းတို့ကိုလည်း ပံ့ပိုးပေးသည်။ အလာတူပင် ဤအစည်းအဝေးသည် ရည်ညွှန်းဖော်ပြချက် အသစ်အား အတည်ပြုထောက်ခံခြင်းကို ပြုလုပ်သည်။ စီမံကိန်းတွင် အရင်းအမြစ်များ အကန့်အသတ်ဖြင့်ရှိနေပြီး ထောက်ပံ့မှုပွဲအများအပြားကို လုပ်ဆောင်ရန် မတတ်နိုင်ခြင်း သို့မဟုတ် အရေးကြီးသော အချိန်ကိုက် လုပ်ဆောင်ရမှုနှင့် ရင်ဆိုင်နေရခြင်းစသော အခြေအနေမျိုးတွင် ဤအဆင့်ကို အဆင့် ၄ နှင့် ပူးပေါင်းနိုင်ပြီး ဦးတည်ထားသောနေရာတစ်ခုစီတွင် ကျေးရွာစီမံခန့်ခွဲမှုကော်မတီအတွက် အစပျိုး အစည်းအဝေးတစ်ခု သို့မဟုတ် ဦးတည်ထားသောမြို့နယ်တစ်ခုအတွင်းတွင် ကျေးရွာစီမံခန့်ခွဲမှုကော်မတီအားလုံး အတွက် ပူးပေါင်းအစည်းအဝေး တစ်ခုကို ပြုလုပ်နိုင်သည်။

၆။ အသစ်ဖွဲ့စည်းထားသော ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို ရပ်ရွာလူထုအား အသိပေးခြင်း

တရားဝင်လုပ်ဆောင်မှုများအားလုံးပြီးစီးပြီးနောက် အသစ်ဖွဲ့စည်းထားသော ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီကို တရားဝင်အတည်ပြုပေးသည်။ အသစ်ဖွဲ့စည်းထားသော ကျေးရွာစီမံခန့်ခွဲမှုကော်မတီ၏ ခန့်အပ် ထားသော အဖွဲ့ဝင်များ နှင့်ခေါင်းဆောင်များကို ရပ်ရွာလူထုအား အသိပေးသော အကြောင်းကြားစာတစ်စောင်ကို ပြင်ဆင်၍ ရပ်ရွာလူထုအတွင်း ဖြန့်ဝေရမည်။ ကော်မတီအား ကြေငြာရန်နှင့် တရားဝင်မိတ်ဆက်ရန်အတွက် ရပ်ရွာ လူထုအစည်းအဝေးကိုလည်း ဆင့်ခေါ်နိုင်သည်။

အကွက် ၈
လက်တွေ့ကျသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အဓိကထူးခြားသောလက္ခဏာများ

- အဖွဲ့ဝင်များသည် ရပ်ရွာလူထုအား လက်ငင်းကာလမှ ရေရှည်ကာလ ပြန်လည်ထူနိုင်သော ကြိုတင်ပြင်ဆင်မှုရှိသည့် ရပ်ရွာလူထုအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အများသဘောတူညီသော ရည်မှန်းချက်ပန်းတိုင်များကို သဘောတူညီကြသည်။
- အဖွဲ့ဝင်များတွင် ဘေးထိခိုက်လွယ်ဆုံးသောအုပ်စုများမှ ကိုယ်စားလှယ်များပါဝင်သင့်သည်။
- ရွေးကောက်ထားသော အရာရှိများနှင့် ဖွဲ့စည်းထားသော ကော်မတီ/လုပ်ငန်းအထူးတပ်ဖွဲ့/လုပ်ငန်းလုပ်ဆောင်ရေးအဖွဲ့များသည် ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးမှုအား စီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ဆောင်သည်။
- ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းဝင်များသည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို သဘောတူညီကြသည်။
- ကြိုတင်ပြင်ဆင်ရေးနှင့် လျော့ပါးသက်သာရေး လုပ်ဆောင်မှုများအတွက် အရင်းအမြစ်များအား မည်သို့စုစည်းရမည်ကို သဘောတူညီကြသည်။
- ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များကိုဖော်ထုတ်ရန်အတွက် အစိုးရနှင့် အစိုးရမဟုတ်သည့် ကိုယ်စားလှယ် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ သတ်မှတ်ပြီးဖြစ်သည်။
- ရပ်ရွာလူထုအား ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးသက်ရောက်စေနိုင်ကြောင်း ကောင်းစွာအသိပေးထားပြီးဖြစ်သည်။
- စီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျယ်ပြန့်သော ရပ်ရွာလူထုအား စည်းရုံး လှုံ့ဆော်ခြင်းအတွက် ကတိပြုလုပ်ဆောင်မှုနှင့် ဦးဆောင်မှုရှိသည်။

Source: Community-based Disaster Risk Reduction (CBDRR) Participants Workbook. Community Safety and Resilience Unit (CSRU) of IFRC, 2008.

၄.၁.၂ ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း

၁။ ဦးတည်ထားသော ကျောင်းအာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း

ပထမဆုံး ညှိနှိုင်းဆွေးနွေးခြင်းတွင် ဦးတည်ချက်သည် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အလားအလာရှိသောအဖွဲ့ဝင်များအား ဖော်ထုတ်ခြင်းနှင့်အတူ ဖြစ်နိုင်ပါက အဖွဲ့ဝင်များအား ရွေးချယ်ခြင်းတို့အပေါ် မူတည်သည်။

၂။ အဆိုပြုထားသော အဖွဲ့ဝင်များနှင့် ခေါင်းဆောင် များအား အတည်ပြုခြင်း

ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း၏ အဆင့်-၄ နှင့်အလားတူပင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအတွက် ရွေးချယ်ထားသူများကို သူတို့အား အဆိုပြုထားခြင်းကို တရားဝင်လက်ခံရန်လိုအပ်ပြီး ရည်ညွှန်းဖော်ပြချက်ကို သူတို့အား အသိပေး၍ သူတို့လက်မှတ်ထိုးရန်လိုအပ်သည်။ ထို့အပြင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အတွင်းဖွဲ့စည်းပုံကို ဥက္ကဋ္ဌ၊ တွဲဖက်-ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဆန္ဒမဲပေးရွေးချယ်ခြင်းဖြင့် ဖွဲ့စည်းရန် လိုအပ်သည်။

Myanmar Red Cross Society

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်မှုများ လက်အောက်တွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား အများအားဖြင့် ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးသည် ဥက္ကဋ္ဌ အဖြစ် ဦးဆောင်သည်။ အားလုံးခြုံငုံကြည့်လျှင် ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များကို အဖွဲ့များအားလုံးမှ ပံ့ပိုးမှုရရှိနိုင်စေရန်အတွက် ဆရာ၊ ကျောင်းသား၊ မိဘများ အဖွဲ့အစည်း အစရှိသော ကျယ်ပြန့်သော ပါဝင်ပတ်သက်သူများများ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် ပါဝင်စေလျှင် အကျိုးရှိပေမည်။ ထိုသို့သော အရင်းအမြစ်များအတွက် အကောင်းဆုံးစုဝေးရာသည် မိဘ-ဆရာအသင်းဖြစ်သည်။ ကျောင်းတွင်း ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များသို့ ရပ်ရွာ ဘေးအန္တရာယ်လျော့ပါးရေးကော်မတီမှ ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်းနှင့် ၄င်းအတိုင်းအပြန်အလှန်ဖိတ်ကြားခြင်းတို့သည် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အဆုံးစွန်အောင်မြင်မှုများအတွက် ပူးပေါင်းလုပ်ဆောင်နိုင်ရန်နှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ မည်သည်တို့ကိုဖြစ်ပေါ်လျက်ရှိသည်ကို အသိပေးနိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေသည်။

၃။ ကျောင်းဘေးအန္တရာယ်လျော့ပါးရေးကော်မတီအား ကြေငြာခြင်း

ကျောင်းဘေးအန္တရာယ်လျော့ပါးရေးကော်မတီ၏ အဖွဲ့ဝင်များအားလုံးကို ကျောင်းအတွင်း (ကျောင်းသားများနှင့် ၄င်းတို့၏ မိဘများ)တွင်သာမက ရပ်ရွာလူထုအတွင်းတွင်ပါ မိတ်ဆက်ပေးရန်လိုအပ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် အမျိုးသားကြီးစိုးသော လူမှုအသိုင်းအဝိုင်းဖြစ်ပြီး အနည်းငယ်မျှလောက်သော အမျိုးသမီးများသာ ရပ်ရွာအသိုင်းအဝိုင်းအတွင်း မြင့်မားသော ရာထူးအဆင့်အတန်းကို ရရှိကြသည်ဖြစ်၍ ဘေးအန္တရာယ်လျော့ပါးရေးကော်မတီတွင် အမျိုးသမီးကိုယ်စားလှယ်များပါဝင်ရေးကို အကောင်အထည်ဖော်ရန်မှာ လက်တွေ့တွင် ပိုမိုအားစိုက်ထုတ်မှုများလိုအပ်နိုင်သည်။

၁။ စီမံကိန်းအဖွဲ့တွင် ရပ်ရွာလူထုတွင်း ရှိနှင့်ပြီးဖြစ်သော လူမှုရေးစီစဉ်ဆောင်ရွက်မှုများအား ကောင်းစွာနားလည်သဘောပေါက်မှုရှိသင့်ပြီး ၄င်းသည် ဘေးအန္တရာယ် လျော့ချရေးကော်မတီဖွဲ့စည်းရာတွင် ကောင်းစွာ ကူညီပေးနိုင်မည် ဖြစ်သည်။ သို့မှသာ အဖွဲ့သည် မည်သူ့ကို ချဉ်းကပ်ရမည်၊ မည်သည့်အချိန်တွင်ချဉ်းကပ်ရမည်ကို ကောင်းစွာ သိရှိမည်ဖြစ်သည်။

၂။ ဘေးအန္တရာယ်လျော့ပါးရေးကော်မတီ၏ ဖွဲ့စည်းပုံကို ရိုးရှင်းစွာထားရန် သင့်တော်သည်။ လိုအပ်ပါက နောက်ပိုင်းတွင် ၄င်းကို ထပ်မံ၍တိုးတက်အောင်ရေးဆွဲနိုင်သည်။ အစကနဦးတွင် ရှုပ်ထွေးသော ဖွဲ့စည်းပုံကို ဖော်ထုတ်ပြုလုပ်ခြင်းသည် စီမံခန့်ခွဲမှုပြဿနာများကို ဖြစ်စေနိုင်သည်။

၃။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား တရားဝင်အသိအမှတ်အပြုကြောင်းသေချာစေရန်အတွက် ၄င်းသည် ဒေသခံအစိုးရစနစ်များနှင့် ချိတ်ဆက်မှုရှိသင့်သည်။

၄။ တစ်ခါတစ်ရံ ကျောင်းအုပ်ဆရာကြီး/ဆရာမကြီးသည် ဒေသခံပုဂ္ဂိုလ်မဟုတ်သည့်အတွက် မိဘများနှင့် ဒေသခံရပ်ရွာလူထုများကြားတွင် သဘောမကျမှု သို့မဟုတ် မကျေနပ်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် တင်းမာမှုများ လျော့သွားစေရန်အတွက် ဒေသခံ ရပ်ရွာလူထုအဖွဲ့ဝင်များအား ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်အဖြစ်ဖိတ်ခေါ်ရန် အရေးကြီးသည်။

- ✔ စီမံကိန်းလက်အောက်ရှိ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများနှင့်ပတ်သက်၍ ရှိနှင့်ပြီးဖြစ်သော ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများနှင့် လုံလောက်သော ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်သည်။
- ✔ လုပ်ငန်းနေရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းမပြုမီ ဘေးအန္တရာယ် ကျရောက်လွယ်ဆုံးသော အုပ်စုများ၏ ထင်မြင်ယူဆချက်များအပါအဝင် ရပ်ရွာလူထု၏ အမြင်ကို လုံလောက်စွာ ဆန်းစစ် လေ့လာသည်။
- ✔ ရပ်ရွာလူထုအတွင်း ပဋိပက္ခဖြစ်ခြင်းကို သို့မဟုတ် အပြိုင်အဆိုင်အဖွဲ့အစည်းများဖွဲ့စည်းခြင်း မဖြစ်ပေါ်စေရန်အတွက် အောက်ခြေအဆင့်တွင် လုပ်ဆောင်နေသော အမျိုးမျိုးသောအဖွဲ့အစည်းများအကြား ဆက်ဆံရေးကို ထည့်သွင်းစဉ်းစားသည်။
- ✔ ညှိနှိုင်းဆွေးနွေးပွဲပြီးနောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ရည်ညွှန်းဖော်ပြချက် ပထမမူကြမ်းကို ကောင်းစွာ ပြင်ဆင်သည်။
- ✔ အဖွဲ့ဝင်များရွေးချယ်ခြင်းအတွက်စံနှုန်းကို အားလုံးသော ဆုံးဖြတ်ချမည့်အဖွဲ့အစည်းများမှ ကောင်းစွာ နားလည်သဘောပေါက်ပြီး သဘောတူညီကြသည်။
- ✔ ရွေးချယ်ခံရသူများအားလုံးကို စီမံကိန်း၏ နောက်ကြောင်းနှင့် သူတို့ဆုံးဖြတ်ချရာတွင်ကူညီရန်အတွက် သူတို့ လုပ်ဆောင်ဖွယ်တာဝန်များကို စေ့စပ်သေချာစွာ ရှင်းပြသည်။
- ✔ ရွေးချယ်ခံရသူများအားလုံးကို သဘောတူညီမှုပုံစံများကို ပေးသည်။
- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် ထပ်ပေါင်းထည့်သည့်ကဏ္ဍများ (စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် သဘာဝပတ်ဝန်းကျင်)နှင့် ဘေးအန္တရာယ်ဖြစ်လွယ်ဆုံးသော အုပ်စုများကို သူတို့၏ အကြောင်းအရာ များကို ကူညီဆွေးနွေးနိုင်ရန်အတွက် လုံလောက်သော ကိုယ်စားလှယ် များရှိသည်။
- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များသည် ရပ်ရွာလူထုတွင်း ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများ အတွက် သူတို့၏အချိန်ကိုပေးနိုင်သော လူမှုအဖွဲ့အစည်းအတွင်း အလွန်လေးစားရသောအဖွဲ့ဝင်များ ဖြစ်သည်။
- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်အများစုသည် ရည်ညွှန်းဖော်ပြချက်နှင့်ပတ်သက်၍ ကျေနပ်မှုရှိကာ သဘောတူညီသည်။
- ✔ ရပ်ရွာလူထုကို ဦးတည်ထားသော စာရွက်စာတမ်းများအားလုံး (သဘောတူညီမှုပုံစံ၊ ကြေငြာချက်များ၊ စီမံကိန်းရှင်းလင်းချက်အကျဉ်းတို့အပါအဝင်)ကို ရှင်းလင်း ကျစ်လျစ်၍ နားလည်လွယ်သော ဘာသာစကားဖြင့် အသုံးပြုထားပြီး နည်းပညာပိုင်းဆိုင်ရာစကားရပ်များ လုံးဝမပါဝင်ခြင်း သို့မဟုတ် မရှိသလောက်အနည်းငယ် ပါဝင်ခြင်းသာ ရှိသည်။

ဤနေရာတွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဝေမျှသင့်သော စာအုပ်တစ်အုပ်မှာ ရပ်ရွာလူထု အသိအမြင်ပေး ကိရိယာသေတ္တာတွင်ပါဝင်သော ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ လမ်းညွှန်စာအုပ်ဖြစ်သည်။

Myanmar Red Cross Society

၄.၂. ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း

ဤအဆင့်တွင် စွမ်းဆောင်ရည်တည်ဆောက်ခြင်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အသိပညာနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ (ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ နှင့်အတူ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ)၏ ကျွမ်းကျင်မှု နှင့်အတူ ဦးတည်သတ်မှတ်ထားသော ရပ်ရွာများနှင့် ကျောင်းများရှိ ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ၏ တိုးတက်ရေးအပေါ်တွင် အဓိက ဦးတည်ထားသည်။ ဘေးအန္တရာယ် လျှော့ချရေးကော်မတီများ၏ လက်တွေ့လုပ်ဆောင်မှုနှင့် ထိရောက်မှုတို့ကို သေချာစေရန်အတွက် ဘေးအန္တရာယ် ကြောင့် ဆုံးရှုံးမှုလျော့ပါးရေးနယ်ပယ်ရှိ ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့်အတူ အဖွဲ့အစည်း၏ ကဏ္ဍနှင့်လုပ်ငန်း တာဝန်များကို စီမံခန့်ခွဲနိုင်ရန်အတွက် အဖွဲ့အစည်းခိုင်မာ တောင့်တင်းရေးလုပ်ဆောင်မှုများကို တွဲဖက်သင့်သည်။ အသုံးပြုမည့်နည်းလမ်းများသည် သင်တန်းပေးခြင်းတစ်ခုတည်းတွင်သာ ကန့်သတ်ထားရန်မလိုအပ်ပေ။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး လှုပ်ရှားမှုများအတွင်း အခြားရပ်ရွာ အဖွဲ့အစည်းများသို့ လေ့လာရေး ခရီးစီစဉ်ခြင်းနှင့် ဖလှယ်ရေးအစီအစဉ်များတွင် ရွေးချယ်ထားသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်တစ်ဦး သို့မဟုတ် ရွေးချယ်ထားသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် အနီးအနား ကျေးရွာ/ ကျောင်း၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် အချိန်တိုတစ်ခုအတွင်း သွားရောက်လုပ်ကိုင်ခြင်းသည်လည်း လေ့လာခြင်း လုပ်ငန်းစဉ်အား လျှော့ဆော်ရာတွင် ထိရောက်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ အောက်တွင်ပေးထားသော အဓိက ဖြစ်စဉ် ၂–ခုဖြစ်သည့် – သင်တန်းလိုအပ်ချက်ဆန်းစစ်လေ့လာချက်နှင့် သင့်တော်သောသင်တန်းများအား အစီအစဉ်ဆွဲခြင်းနှင့် ပို့ချပေးခြင်းသည် ရပ်ရွာလူထုအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ပုံမှန်အားဖြင့် စွမ်းရည်တည်ဆောက်မှုကို ပေးသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက်မူ ပုံမှန်လုပ်ထုံးလုပ်နည်းများတွင် သင်တန်းလိုအပ်ချက် ဆန်းစစ်မှုပြုလုပ်ခြင်းမရှိဘဲ ပုံမှန်ရှိပြီးဖြစ်သော စာရင်းမှ သင်တန်းများကို ပေးခြင်းတို့ပါဝင်သည်။ သို့သော်လည်း ဤလုပ်ဆောင်ချက်နှစ်ခုကို ယခု ရည်ညွှန်းကိုးကားရန်အတွက် ပေးထားခြင်းမှာ နောင်တွင် ထိုသို့သော လုပ်ဆောင်မှုမျိုးနှင့် တွေ့ကြုံသည့်အချိန်တွင် အသုံးပြုရန်ဖြစ်သည်။

၄.၂.၁ သင်တန်းလိုအပ်မှု ဆန်းစစ်လေ့လာချက်

အကောင်အထည်ဖော်လုပ်ဆောင်သောအဖွဲ့တွင် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးနှင့် ပတ်သက်သော သင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့်ပေးရန် စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများရှိနိုင်သည်။ သို့သော်လည်း ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသီးသန့်စီမံကိန်းတစ်ခု၏ လက်အောက်တွင် မည်သည်ကိုပေးရမည်ကို စီမံကိန်းအဖွဲ့မှ ကောက်ယူထားသော သင်တန်းလိုအပ်မှု ဆန်းစစ်လေ့လာချက်မှ ရလဒ်များအားဖြင့် ဆုံးဖြတ်သင့်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကြက်ခြေနီ စေတနာ့ဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီ အမှုဆောင်ကော်မတီတို့နှင့်အတူ ၄င်း၏ စီမံချက်ညှိနှိုင်းရေးမျှုးကို ခန့်ထားကာ စီမံကိန်းဒေသအတွင်းရှိ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများအား လျှောက်ထားသူအဖြစ် သတ်မှတ်ကာ ဆန်းစစ်လေ့လာမှုကို ပြုလုပ်သည်။

ဆန်းစစ်လေ့လာမှုသည် အောက်ပါ အဓိက လုပ်ဆောင်မှုများကို ဖြစ်ပေါ်စေသည်။

၁။ **ဦးတည်ထားသောဒေသအတွင်း ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်သော မည်သည့်သင်တန်းမျိုးကို ပေးထားကြောင်းခွဲခြားခြင်း** အကောင်အထည်ဖော်လုပ်ဆောင်သည့်အဖွဲ့အစည်းသည် ယခင်က ဤဦးတည်ထားသောဒေသတွင်းတွင် လုပ်ဆောင်မှုအချို့ကို ပြုလုပ်ခဲ့ခြင်းရှိပါက ဘေးအန္တရာယ်လျော့ပါးရေးကို ဦးတည်ခြင်းမဟုတ်စေကာမူ မူလကသင်တန်းစီစဉ်ခဲ့သော ဌာန သို့မဟုတ် အဖွဲ့နှင့် သင်တန်း လုပ်ဆောင်ခဲ့မှု၏ ပြည့်စုံသောရပ်လုံးကိုရရှိရန် ညှိနှိုင်းဆွေးနွေးသင့်သည်။ ဤဒေသတွင်းလုပ်ဆောင်နေသော သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော အစီရင်ခံစာ သို့မဟုတ် အစည်းအဝေးများကိုလေ့လာခြင်းသည် ဤအကြောင်းအရာနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ထုတ်ဖော်ပေးနိုင်သည်။ သို့သော် ကျွန်ုပ်တို့သတိထားရမည်မှာ ဤကဲ့သို့သောလုပ်ဆောင်မှုပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ နှစ်ခုဖြစ်သည် – ပထမအချက်မှာ အလားအလာရှိသော သင်တန်းပေးသူများ ဖော်ထုတ် နိုင်ရန်နှင့် ဒုတိယအချက်မှာ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်း လက်အောက်တွင် မည်သည့် သင်တန်းအသစ်များနှင့် မည်သည့် မွမ်းမံသင်တန်းမျိုးကို ပံ့ပိုးနိုင်မည်ကို ဆုံးဖြတ်ရန် ဖြစ်သည်။

၂။ **အဓိကဦးတည်ထားသော လက်ခံရယူမည့်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ စီစဉ်ခြင်း** ညှိနှိုင်းဆွေးနွေးပွဲ များနှင့် အလုပ်ရုံဆွေးနွေးပွဲများကို အဓိက စိတ်ပါဝင်စားပတ်သက်သူများ၊ ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီနှင့် ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အတူ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ အတွက် ဆွေးနွေးရန်နှင့် တူညီသောဦးစားပေးလိုအပ်ချက်များနှင့်အတူ လာရောက်ရန် စီစဉ်ပြုလုပ်သည်။ ဆွေးနွေးပွဲ သို့မဟုတ် အလုပ်ရုံ ဆွေးနွေးပွဲများအပြီးတွင် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု

Myanmar Red Cross Society

ကော်မတီဝင်များနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များမှ သူတို့၏ တရားဝင် ရာထူးနှင့် တာဝန်များအပေါ်တွင်မူတည်၍ သူတို့လိုအပ်သည်ဟုထင်မြင်သော ကျွမ်းကျင်မှုများစာရင်းပြုစုထားရှိသင့်သည်။

၃။ **သင်တန်းစာရင်းကို ပြီးခဲ့သည့်အဆင့်များတွင် ကောက်ခံခဲ့သည့် အချက်အလက်များအားဖြင့် ပြင်ဆင် ပြုလုပ်သည်။** ပေးမည့်သင်တန်းအရေအတွက်သည် စီမံကိန်း၏ အချိန်ကန့်သတ်ချက်နှင့် အရင်းအမြစ်များ ရရှိနိုင်မှုအပေါ်တွင် မူတည်သော်လည်း အားလုံးပါဝင်သောစာရင်းဖြင့်စတင်ခြင်းသည် ပို၍ စိတ်ချရစေသည်။ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါက စာရင်းအသစ်ကို ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများ၏ သဘောတူညီမှုရယူရန်အတွက် သူတို့နှင့် ထပ်မံ၍ဆွေးနွေးရန်လိုအပ်သည်။ အောက်ပါဇယားသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ စွမ်းဆောင်ရည်တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရန်အတွက် စီစဉ်ထားသည့်နယ်ပယ်များကို စာရင်းပြုစုထားသည်။

ဇယား ၁၂
စွမ်းဆောင်ရည်တည်ဆောက်ခြင်းအတွက် နယ်ပယ်များ

အဓိကအကြောင်းအရာ	စွမ်းဆောင်ရည်တည်ဆောက်ခြင်းအတွက် ဦးတည်ထားသော အသေးစိတ် နယ်ပယ်များ
ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ခြင်း	• ရာဇွေခြင်းနှင့် ကယ်ဆယ်ခြင်း • ဆေးပညာဆိုင်ရာ ရှေးဦးပြုစုခြင်း • ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဖြန့်ဝေခြင်း • အရေးပေါ် ခိုလှုံရာနေရာ စီမံခန့်ခွဲမှု • ဘေးလွတ်ရာသို့ ရောင်တိမ်းခြင်း စီမံခန့်ခွဲမှု
ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုကို လျှော့ချခြင်း	• ဘေးအန္တရာယ်လျော့ပါးရေးအား မိတ်ဆက်ရှင်းလင်းခြင်း • ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာမှု ပြုလုပ်ခြင်း • ဆုံးရှုံးနိုင်ခြေနှင့်ဆိုင်သော ဆက်သွယ်ရေးကို ဒီဇိုင်းပုံစံချခြင်းနှင့် လုပ်ဆောင်ခြင်း • ဒေသတွင်းရေးဦးကြီးတင်သတိပေးစနစ်ပုံစံပြုလုပ်ခြင်း • တည်ဆောက်ခြင်းနှင့်သက်ဆိုင်သော ဘေးဒုက္ခ လျှော့ပါးသက်သာစေရေး • အသက်မွေးဝမ်းကျောင်းမှု ရေရှည်တည်တံ့ရေး • ရပ်ရွာလူထု ဘေးထိခိုက်လွယ်မှု လျှော့ချရေးအတွက် ထောက်ခံအားပေးခြင်း
အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု	• ခေါင်းဆောင်မှု (ဦးဆောင်မှု) • အစီအစဉ်ရေးဆွဲခြင်း • ညှိနှိုင်းဆွေးနွေးခြင်း၊ ပဋိပက္ခ စီမံခန့်ခွဲခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း • ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း • လျှာထားငွေနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှု • အဆိုပြုလွှာနှင့် အစီရင်ခံစာ ရေးသားခြင်း • အစည်းအဝေး သို့မဟုတ် သင်တန်းကို ဦးဆောင်ဆွေးနွေးခြင်း • မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာပေးပို့ခြင်း • ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ခြင်း

Myanmar Red Cross Society

၄။ **ဘေးအန္တရာယ် အချိန်ဇယား ပြုစုခြင်း** – ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ညှိနှိုင်း တိုင်ပင်၍ သင်တန်းတစ်ခုချင်းစီသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင်ပြုလုပ်မည်ကို ပြသထားသော သင်တန်းအချိန်ဇယားကို ပြုစုသည်။ အဓိက ဘာသာရေးပွဲရက်များ သို့မဟုတ် အဓိက အသက်မွေး ဝမ်းကျောင်းဆိုင်ရာအချိန်ကာလများ (ရိတ်သိမ်းချိန် စသည်)တို့ကို ရှောင်ကြဉ်သင့်သည်။ သင်တန်းတစ်ခုစီ အတွက် ဦးတည်ချက်များ၊ ဦးတည်ထားသော တက်ရောက်သူများ၊ အရင်းအမြစ်လိုအပ်မှုများ (သင်တန်းပို့ချ မည့်သူအရေအတွက်၊ လျှာထားငွေ စသည်) ၊ သင်တန်း၏ ကြာချိန်နှင့် သင်ကြားရေးပစ္စည်းများ ရရှိနိုင်မှု အားလုံးတို့ကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။

၄.၂.၂ သင့်တော်သော သင်တန်းများ စီစဉ်ရေးဆွဲခြင်းနှင့် သင်တန်းပေးခြင်း

သင်တန်းစာရင်းအား အပြီးသတ်ရေးဆွဲပြီးနောက် ပထမဆုံးပြုလုပ်ရမည့်အချက်မှာ ဘာသာရပ်နှင့်ပတ်သက်၍ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများ အကောင်အထည်ဖော်လုပ်ဆောင်သည့်အဖွဲ့အစည်း၏ သင်တန်း စုစည်းထားရှိရာနေရာတွင် ရှိမရှိ ဖော်ထုတ်ရန်ဖြစ်ပြီး မရှိပါက မိတ်ဖက်အဖွဲ့အစည်းများ (လက်တွဲ လုပ်ဆောင်သော အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ)ထံတွင် ရှာဖွေရန်ဖြစ်သည်။ အကယ်၍ တစ်ခုတွေ့ရှိပါက ဒေသခံအခြေအနေ သို့မဟုတ် သီးခြား ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ တိကျသောလိုအပ်ချက်များနှင့် သင့်တော်စေရန် ကိုက်ညီရေးအတွက် ပြန်လည်သုံးသပ်ခြင်းလိုအပ်သည်။ အသစ်ဖော်ထုတ်ထားသောသင်တန်းများအတွက် အလားတူ တုံ့ပြန်မှုမျိုးလုပ်ဆောင်ရန်လိုအပ်သည်။

သင်တန်းလုပ်ဆောင်ချက်များအား ဖော်ထုတ်ခြင်း သို့မဟုတ် ကိုက်ညီခြင်းနှင့် တစ်ချိန်တည်းမှာပင် သင့်တော်သော သင်တန်းပေးသူနှင့် အရင်းအမြစ်ပုဂ္ဂိုလ်များကို အကောင်အထည်ဖော်လုပ်ဆောင်သည့်အဖွဲ့အစည်း၏ အတွင်းနှင့် အပြင်ပ တို့တွင် ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက်ဆိုလျှင် ကြက်ခြေနီစေတနာ့လုပ်အားရှင်

များသည် ရေးဦးသူနာပြုစုခြင်းတွင် ကောင်းစွာတတ်မြောက်ထားကြပြီး သူတို့ကို သင်တန်းအတွက် အရင်းအမြစ်ပုဂ္ဂိုလ်အဖြစ် စာရင်းသွင်းနိုင်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သင်တန်းဌာနသည်လည်း သင်တန်းဆရာများရရှိရန်အတွက် အလားအလာရှိသော အခြားအရင်းအမြစ်တစ်ခုဖြစ်သည်။ ၄င်းသည် အစဉ်လိုက် ပုံမှန် (ရေးဦးသူနာပြု)နှင့် အထူးပြု (အသက်မွေးဝမ်းကျောင်းနှင့် လျှော့ပါးသက်သာရေး) စွမ်းဆောင်ရည်တည်ဆောက်ရေး လုပ်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသောကြောင့်ဖြစ်သည်။ အောက်ပါဇယားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျှော့ပါးရေး စီမံကိန်းလက်အောက်တွင် ပုံမှန် ပံ့ပိုးပေးသော သင်တန်းအစီအစဉ်အချို့စာရင်းကို ဖော်ပြထားသည်။

ဇယား ၁၃
ဖြစ်နိုင်ခြေရှိသော သင်တန်းများစာရင်း

သင်တန်း	ရည်ရွယ်ချက်	သင်တန်းလက်ခံသူ	အရင်းအမြစ်များ
အခြေခံ ရေးဦးသူနာပြု	ကြက်ခြေနီစေတနှ၁ဝန်ထမ်းများအား အခြေခံရေးဦးသူနာပြုနည်းပညာများကို လုပ်ဆောင်နိုင်ရန်အတွက် ကျွမ်းကျင်မှုများဖြင့် ဖြည့်ဆည်းပေးရန်	စီမံချက်မြို့နယ်တစ်ခုစီတွင် လေ့ကျင့်သင်ကြားထားသော ကြက်ခြေနီစေတနှ၁ လုပ်အားရှင် ၃ဝ ဦး	• အခြေခံ ရေးဦးသူနာပြု လမ်းညွှန် • သရုပ်ပြခြင်းအတွက် သင်ကြားရေး အထောက်အကူများ
ရပ်ရွာလူထုအခြေပြု အခြေခံရေးဦးသူနာပြု ဆရာဖြစ်	ရပ်ရွာလူထုအဖွဲ့ဝင်များအား အဖွဲ့အစည်း အခြေခံရေးဦးသူနာပြုနည်း သင်ကြားပေးရန်အတွက် ကြက်ခြေနီစေတနှ၁ ဝန်ထမ်းများအား ကျွမ်းကျင်မှုများဖြင့် ဖြည့်ဆည်းပေးရန်	စီမံချက်မြို့နယ်တစ်ခုစီ အတွင်း လေ့ကျင့်သင်ကြားထားသော ကြက်ခြေနီ စေတနှ၁လုပ်အားရှင် ၃ဝ ဦး	• လူထုအခြေပြု ရေးဦးသူနာပြု လမ်းညွှန်
ရပ်ရွာလူထုအခြေပြု အခြေခံရေးဦးသူနာပြု ဆင့်ပွားသင်တန်း	ရပ်ရွာလူထုအား အခြေခံ ရေးဦးသူနာပြု ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရန်	ကျေးရွာတစ်ခုစီတွင် အခြေခံ ရေးဦးသူနာပြု ကျွမ်းကျင်မှုရှိသော ရပ်ရွာလူထုအဖွဲ့ဝင် ၃ဝ ဦး	• ရပ်ရွာလူထုအခြေပြု ရေးဦးသူနာပြု လမ်းညွှန်
ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ပါးရေး သင်တန်း	ကြက်ခြေနီစေတနှ၁လုပ်အားရှင်များအား ဘေးအန္တရာယ်လျှော့ပါးရေး လုပ်ဆောင်မှုများနှင့်ပတ်သက်သော အသိအမြင်မြှင့်တင်ပေးပြီး ဘေးအန္တရာယ်လျှော့ပါးရေးလုပ်ဆောင်မှုများကို လုပ်ဆောင်ရန် ကြက်ခြေနီ စေတနှ၁လုပ်အားရှင်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း	စီမံကိန်းမြို့နယ်တစ်ခုစီတွင် လေ့ကျင့်သင်ကြားထားပြီးသော စေတနှ၁ဝန်ထမ်း ၃ဝ ဦး	• ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် စီမံခန့်ခွဲမှု လက်စွဲစာအုပ်
ရုံးလုပ်ငန်းသင်တန်း	ကြက်ခြေနီစေတနှ၁ဝန်ထမ်းများအား ရုံးနှင့်ပတ်သက်သော အစီရင်ခံစာ ရေးခြင်း စသောအလုပ်များကို လုပ်ဆောင်ရန် ကျွမ်းကျင်မှုများဖြင့် ပံ့ပိုးပေးရန် နှင့် အသင်းခွဲရုံးတွင် ချောမွေ့ထိရောက်သော စီမံကိန်း အကောင်အထည်ဖော်လုပ်ဆောင်မှုများ ဖြစ်စေရန်	စီမံကိန်းမြို့နယ်တစ်ခုစီတွင် လေ့ကျင့်သင်ကြားထားပြီးသော ကြက်ခြေနီစေတနှ၁ လုပ်အားရှင် ၁၅–၃ဝ ဦး	• မြန်မာနိုင်ငံကြက်ခြေနီ အသင်းဘဏ္ဍာရေး လုပ်ထုံးလုပ်နည်း လမ်းညွှန် • ဘဏ္ဍာရေးဌာနမှ သင်တန်းအရာရှိ
ကွန်ပျူတာသင်တန်း	ကြက်ခြေနီ စေတနှ၁ လုပ်အားရှင်များအား ကျွန်ပျူတာကျွမ်းကျင်မှုကို ပံ့ပိုးပေးခြင်းဖြင့် အသင်းခွဲအဆင့်တွင် ချောမွေ့ထိရောက်သော စီမံကိန်း အကောင်အထည်ဖော်လုပ်ဆောင်နိုင်ခြင်း	စီမံကိန်းမြို့နယ်တစ်ခုစီတွင် လေ့ကျင့်သင်ကြားထားပြီးသော ကြက်ခြေနီစေတနှ၁ လုပ်အားရှင် ၁ဝ ဦး	• ကွန်ပျူတာပစ္စည်း ကိရိယာများ
ရေပြင် ဘေးကင်းရေးနှင့် အသက်ကယ်သင်တန်း	ရေနစ်ခြင်းနှင့် ရေနှင့်ဆက်စပ်သော ထိခိုက်ဒဏ်ရာရမှုများကြောင့် အသက်ဆုံးရှုံးမှုမှကာကွယ်ရန်နှင့် ကမ်းခြေဒေသနှင့် ရေကြီးမှုဖြစ်လွယ်သော ဒေသများတွင် ကာကွယ်ရေးအသိအမြင် မြှင့်တင်ပေးရန်	စီမံကိန်းမြို့နယ်တစ်ခုစီတွင် လေ့ကျင့်သင်ကြားထားသော ကြက်ခြေနီစေတနှ၁ လုပ်အားရှင် ၃–၅ ဦး သင်တန်းတစ်ခုစီတွင် တက်ရောက်သူ ၂ဝ မှ ၂၅ ဦးကို သင်ကြားပေးသည်	• ရေပြင်ဘေးကင်းရေးနှင့် အသက်ကယ်သင်တန်း စာအုပ် • မြန်မာ့ရေတပ်မှ နည်းပညာပိုင်းအရင်းအမြစ် ပုဂ္ဂိုလ်များ • ပုံမှန်အရှယ်အစား ရေကူးကန်
အသက်မွေးဝမ်းကျောင်းနှင့် လျှော့ပါးသက်သာရေး သင်တန်း	အိမ်ထောင်စုစီးပွားရေးအခြေအနေနှင့် အသက်မွေးဝမ်းကျောင်းမှုတိုးတက် စေရန် ဆောက်လုပ်မှုဆိုင်ရာ၊ ဆောက်လုပ်မှုဖြင့် သဘာဝဘေးအန္တရာယ်၏ ထိခိုက်စေသောအကျိုးသက်ရောက်မှုကို ကန့်သတ်ရန် သို့မဟုတ် လျှော့ချရန်	သက်မှတ်ထားသော အကြောင်းအရာတွင် ကျွမ်းကျင်မှု/ အသိပညာ တိုးတက်လာသော ရပ်ရွာလူထုအဖွဲ့ဝင်များ	• ပြင်ပမှ သင်တန်းပေးသူများ

Myanmar Red Cross Society

သင်တန်းတစ်ခုစီအား ပုံမှန်အားဖြင့် တက်ရောက်သူများ၏ သင်တန်းအပေါ် အကဲဖြတ်သုံးသပ်မှုဖြင့် အဆုံးသတ်ပြီး ၄င်းသည် အကြံပေးထောက်ခံချက်အဖြစ် ဆောင်ရွက်ပြီး ၄င်းနှင့်အတူ စီမံကိန်းညှိနှိုင်းရေးမှူးမှပြုစုသော သင်တန်းအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော လေ့လာရရှိသည့်သင်ခန်းစာများကို သင်တန်း၏ နောက်ထပ် တိုးတက်မှုအတွက်ဖြစ်သည်။

အခြေခံ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး သင်ရိုးညွှန်းတန်းအား ထပ်ပေါင်းထည့်ရမည့်ကိစ္စများ ထည့်သွင်း၍ ချဲ့ထွင်နိုင်သည်။ ၄င်းတို့၏ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးနှင့် ချိတ်ဆက်မှု နှင့် ၄င်းတို့၏ ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်တစ်ခုလုံးအပေါ် အကျိုးသက်ရောက်သောတန်ဖိုးများကို မီးမောင်းထိုးပြခြင်းသည် ပို၍ ပေါင်းစပ်ပြည့်စုံသော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၏ အစပင်ဖြစ်သည်။

- ဆန်းစစ်လေ့လာမှု အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများတွင်ပြုလုပ်သော တောင်းဆိုမှုများ၊ အကြံပေးချက်များနှင့် ထောက်ခံချက်များအားလုံးကို ကောင်းစွာ မှတ်တမ်းတင်ထားသည်။
- စီမံကိန်းလက်အောက်တွင် ပေးမည့်သင်တန်းများစာရင်းသည် ဘေးအန္တရာယ်လျော့ပါးရေးနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်များကို ကောင်းစွာ သမမျှတအောင် ပြုလုပ်ထားသည်။
- အရည်အသွေးပြည့်ဝသော အရင်းအမြစ်ပုဂ္ဂိုလ်များကို သင်တန်းပို့ချရန်အတွက် ဖိတ်ကြားပြီးဖြစ်သည်။
- လက်ရှိသင်တန်းများတွင် ချိန်ညှိလုပ်ဆောင်နိုင်ရန်အတွက် ယခင်ကပြုလုပ်ပြီးစီးခဲ့သည့် သင်တန်းအကဲဖြတ်သုံးသပ်ချက် အစီရင်ခံစာများကို ရည်ညွှန်းကိုးကားသည်။
- ကျောင်းများတွင် သင်ရိုးညွှန်းတမ်းပြင်ပလုပ်ဆောင်မှုများဖြစ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းခြင်းနှင့် ၄င်းတို့နောက်မှ သင်တန်းများ/မိတ်ဆက်ရှင်းလင်းပွဲများအကြောင်းကို မိဘများအား အသိပေးသည်။
- အစိုးရအာဏာပိုင်များကို စီမံကိန်းလှုပ်ရှားမှုပွဲများသို့ ပုံမှန်ဖိတ်ကြားသည်။
- ၄င်းဒေသတွင်း လုပ်ကိုင်နေသော အစိုးရအာဏာပိုင်များ၊ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများတို့နှင့် ပုံမှန်သတင်းအချက်အလက်မျှဝေခြင်းကို အားပေးသည်။

Myanmar Red Cross Society

အခန်း ၅
ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာခြင်း

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်၏ အခန်း–၅ သည် ဦးတည်ရပ်ရွာလူထု၏ လိုအပ်ချက်များအား ပူးပေါင်းပါဝင်သော ဘေးအန္တရာယ်ဆုံးရှုံးမှုဆန်းစစ်လေ့လာခြင်းအားဖြင့် ဖော်ထုတ်ရန်ဖြစ်သည်။ ၄င်းသည် ဘေးအန္တရာယ်ရှိနေသူများ၊ အာဏာပိုင်များနှင့် အခြားပါဝင်ပတ်သက်သူများများ ပါဝင်သော အပြန်အလှန်ဆွေးနွေးခြင်းနှင့် ညှိနှိုင်းခြင်းလုပ်ငန်းစဉ်ဖြစ်သည်။ ထိုသို့အားဖြင့် အဖွဲ့များအားလုံးပူးပေါင်း၍ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်မှုများဆိုင်ရာသတင်းအချက်အလက်များ၊ ဆက်စပ်နေသော ဘေးထိခိုက်လွယ်မှု များနှင့် ရပ်ရွာလူထုတွင်း ရှိနေသော စွမ်းဆောင်ရည်များကို အတူတကွ စုဆောင်း၍ ခွဲခြမ်းစိတ်ဖြာကြသည်။ ထိုသို့ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ သူတို့၏ဘဝများကို ဆိုးကျိုးသက်ရောက်စေနိုင်သော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို လျှော့ချခြင်း နှင့်/သို့မဟုတ် ပယောက်စေရန်အတွက် သင့်လျော်သော အစီအစဉ်များနှင့် လုပ်ဆောင်မှုများကိုအကောင်အထည်ဖော်ခြင်းတို့ပြုလုပ်ရန်ဖြစ်သည် (ADPC, ၂၀၀၄)။ ၄င်းကို ပူးပေါင်းပါဝင်စေသော ပုံစံပြုလုပ်ခြင်းဖြင့် လုပ်ငန်းစဉ်တွင် ဘေးအန္တရာယ်ရှိနေသော ရပ်ရွာလူထုကို သူတို့၏ကိုယ်ပိုင် စွမ်းရည် နှင့် အရင်းအမြစ်များကိုအသုံးပြုလျက် သူတို့၏ ဆုံးရှုံးမှုများလျှော့ချရေးဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကြီးမှူး စေသည်။ ၄င်းသည် ဒေသခံလူများသည် ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးမှုများကို ကာကွယ်ရန် သို့မဟုတ် လျှော့ချရန် သူတို့ကိုယ်သူတို့ကူညီနိုင်ပြီး တတ်နိုင်သည်ဟူသောယုံကြည်မှုအပေါ်တွင် သာမန်အားဖြင့် အခြေခံခြင်းဖြစ်သည် (ADPC, ၂၀၀၄)။

ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းသည် လုပ်ငန်းစဉ် တစ်ခုလုံးတွင် ရပ်ရွာလူထု ပါဝင်စေရန် ဦးတည်သည့် ပူးပေါင်းပါဝင်သော ချဉ်းကပ်နည်းကို လိုက်နာသည်။ အခြားသော ပူးပေါင်းပါဝင်သည့် ဆုံးရှုံးနိုင်ခြေ ဆန်းစစ်လေ့လာချက်များနှင့်ခြားနားလျက် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်နှင့် တိုက်ရိုက်ဆက်စပ်နေသော ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဲ့သို့သော နယ်ပယ်များကိုလည်း အာရုံထားသည်။ သတင်းအချက်အလက်များကို မစုစည်းမီ အခန်းကဏ္ဍတစ်ခုစီတွင် ဆန်းစစ် လေ့လာမှုများကောက်ယူခြင်းထက် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းသည် ကဏ္ဍပေါင်းစုံနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပေါင်းစပ်လျက် တစ်ခုတည်း ဆန်းစစ်လေ့လာခြင်းအယူအဆကို အသုံးပြုသည်။ တစ်နည်းအားဖြင့် ၄င်းသည် ကာလကြာမြင့်စွာ လျစ်လျူရှုခံထားရသော ဘေးအန္တရာယ်လျော့ပါးရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအကြား ကွာဟနေမှုကို ဆက်သွယ်ပေးသော တံတားတစ်ခုဖြစ်သည်။ ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာချက်သည် ရပ်ရွာလူထုအား ဖော်ထုတ်သတ်မှတ်ထားသည့် အခက်အခဲပြဿနာများနှင့် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းနည်းများကို ချပြခြင်းတို့ကို ပြုလုပ်ပေးသည်။ အကယ်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့မဟုတ် မည်သည့် ဘေးအန္တရာယ်လျော့ပါးရေးကိုဦးတည်သော အဖွဲ့အစည်းမဆို ဘေးအန္တရာယ်လျှော့ချရေးကဏ္ဍ ပြင်ပရှိ အဆိုပါ အရေးကိစ္စများကို သူတို့၏ လျာထားငွေနှင့် အချိန်ကန့်သတ်ချက်ကြောင့် ဖြေရှင်းပေးနိုင်ခြင်း မရှိလျှင်ပင် အဆိုပါ ရပ်ရွာလူထုတွင် တောင်းဆိုချက်နှင့်အလားတူသော ပစ္စည်းများအတော်အသင့်ရှိနှင့်ပြီးဖြစ်ကာ အခြားဖော်ထုတ်ထားသော အရေးကိစ္စများကိုဖြေရှင်းရန် အခြားရန်ပုံငွေမြှင့်တင်ရေး အခွင့်အရေးများအတွက် အခြေခံများ ရရှိထားပြီးဖြစ်သည်။

Myanmar Red Cross Society

အမျိုးမျိုးသော ဖွံ့ဖြိုးရေးနှင့်ဆက်စပ်နေသောကဏ္ဍများအား အဓိကသတင်းပေးသူအဖြစ်သတ်မှတ်လျက် ဖြစ်ပျက်ပြီးခဲ့သည့်ဘေးအန္တရာယ်ဖြစ်ရပ်များမှ ဘေးအန္တရာယ်မတိုင်မီနှင့် ဖြစ်ပွားပြီးအချက်အလက်များနှင့် ကဏ္ဍတစ်ခုစီမှ လုပ်ဆောင်နေသည့် ရှိနှင့်ပြီးဖြစ်သော ဘေးအန္တရာယ်လျော့ပါးရေး အစပျိုးလုပ်ဆောင်မှုများ၏ သတင်းအချက်အလက်များကို စုဆောင်းသည်။ ၄င်းတို့အားဖြင့် သတင်းအချက်အလက်ပေးနိုင်ပြီး ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေးစီမံကိန်းအဖွဲ့နှင့် ဒေသခံအာဏာပိုင်တို့အား ရပ်ရွာအဆင့်တွင် ပိုမိုပြည့်စုံ၍ တစ်လုံးတစ်ဝတည်း ဖြစ်သော ဆုံးရှုံးမှုလျှော့ချရေးစီမံကိန်းတစ်ခုကို ဖော်ထုတ်နိုင်စေသည်။ ထို့ပြင် ဆန်းစစ်လေ့လာမှုသည် ကဏ္ဍဆိုင်ရာအလိုက် စီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ဘေးအန္တရာယ်လျော့ပါးရေး စဉ်းစားဆင်ခြင်မှုများအပေါ် စိတ်ဝင်စားမှုများကို ဖြစ်ပေါ်စေပြီး ၄င်းမှ နောက်ဆုံးတွင် ပို၍ကောင်းမွန်စွာ ပြန်လည်တည်ဆောက်ရေးအတွက် ကြိုးပမ်းရန် ဖြစ်နိုင်စေသည်။ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းစဉ်ကို အောက်ပါ လုပ်ဆောင်မှုများဖြင့် ဖွဲ့စည်း ထားသည်။

၅.၁ ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းအဖွဲ့ တည်ထောင်ခြင်းနှင့် လေ့ကျင့်ခြင်း

ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းအဖွဲ့အား တည်ထောင်ခြင်းကို အဆင့်ပေါင်းများစွာဖြင့် ဆောင်ရွက်သည်။ ကွဲပြားခြားနားသော ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းအဖွဲ့ကို တည်ထောင်ခြင်းသည် များစွာသော ရည်ရွယ်ချက်များကို ထမ်းဆောင်သည်။ ပထမဦးစွာ ၄င်းသည် စီမံကိန်းအဖွဲ့အတွက် စီမံကိန်း၏ အစီအစဉ်ရေးဆွဲခြင်းနှင့်

အကောင်အထည်ဖော်ခြင်းအဆင့်တွင် များစွာသော ရပ်ရွာလူထုအဖွဲ့ဝင်များကို ပါဝင်စေရန် အခွင့်အလမ်းကို ပံ့ပိုးပေးသည်။ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် တရားဝင်အဖွဲ့၏ အဖွဲ့ဝင်များဖြစ်သည့် ကြက်ခြေနီစေတနာ့ဝ လုပ်အားရှင် များသည် စီမံကိန်းအကောင်အထည်ဖော်ခြင်း၏ အခြားလုပ်ဆောင်မှုများတွင်လည်း ပါဝင်လုပ်ဆောင်ရန် အလား အလာရှိသည်။ ထို့ပြင် သူတို့သည် စီမံကိန်း၏ အကျိုးကျေးဇူးကို ပို၍ နားလည်ရန်အလားအလာရှိသည်။ အဘယ် ကြောင့်ဆိုသော် သူတို့တွင် စီမံကိန်း၏ ပို၍ထိုးထွင်းသိမြင်သော သတင်းအချက်အလက်များ ရရှိသောကြောင့် ဖြစ်သည်။ ဒုတိယအနေဖြင့် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာမှု လုပ်ဆောင်ရန်အတွက် သီးသန့်အဖွဲ့အား သင်တန်း ပေးခြင်းဖြင့် အဖွဲ့ဝင်များအားလုံးသည် သူတို့၏ လုပ်ငန်းဆောင်တာများအတွက် သေချာပြင်ဆင်ပြီးဖြစ်ကာ ဆန်းစစ်လေ့လာမှုသည်လည်း မျှော်လင့်ထားသည့်အတိုင်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။ သီးသန့်အဖွဲ့အား သင်တန်းပေးခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စီမံကိန်းအဖွဲ့ ရှာမှတွေ့ကံခွာသွားပြီးနောက်ပိုင်းတွင်ပင် ရပ်ရွာလူထုအဖွဲ့ဝင်အချို့တို့တွင် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းကို လုပ်ဆောင်ရန်အတွက် လိုအပ်သော ဗဟုသုတများရှိစေနိုင်သည်။

ကဏ္ဍပေါင်းစုံနှင့်ဆန်းစစ်လေ့လာခြင်းအဖွဲ့အား ဖွဲ့စည်းတည်ထောင်ခြင်းလုပ်ငန်းစဉ်မစတင်မီ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီများနှင့်အတူ ဒေသခံအာဏာပိုင်များအား အစီအစဉ်နှင့် ထိုအဖွဲ့၏ ရှေ့ဆက်ပြုလုပ်ရမည့် တိကျသောလုပ်ငန်းတာဝန်ကို ကောင်းစွာအသိပေးပြီးကြောင်း သေချာအောင်ပြုလုပ်ပါ။

- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများအား ရှေ့လာမည့် ဆန်းစစ်လေ့လာခြင်းနှင့်ပတ်သက်၍ သေချာစွာရှင်းပြသည်။
- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများသည် ဆန်းစစ်လေ့လာခြင်းလုပ်ငန်းစဉ်အား ထောက်ပံ့ပေးပြီး လုပ်ငန်းစဉ်တစ်လျှောက်တွင် အကူအညီပေးရန် ကတိကဝတ်ပြုသည်။
- ✔ အစကနဦးမှစ၍ ဒေသခံအစိုးရအာဏာပိုင်ထံမှ သင့်တော်သော ထောက်ခံမှုနှင့် ဆုံးဖြတ်ပြုလုပ်မှုများအတွက် သဘောတူညီချက်ကို ရရှိပြီးဖြစ်သည်။
- ✔ စီမံကိန်းအဖွဲ့နှင့် ဒေသခံ အာဏာပိုင်တို့အကြား သင့်တော်သော သတင်းအချက်အလက်ဝေမျှခြင်းနှင့် ညှိနှိုင်းဆွေးနွေးမှုစနစ်များ ရှိနှင့်ပြီးဖြစ်သည်။
- ✔ သတင်းအချက်အလက် အစုံကို လိုအပ်သောအချက်အလက်များ (ဆန်းစစ်လေ့လာခြင်း၏ ဦးတည်ချက်၊ အချိန်ကန့်သတ်မှုဘောင်၊ လိုအပ်သော သတင်းအချက်အလက်အမျိုးအစား၊ ပါဝင်သော လုပ်ဆောင်မှုများ၊ ဆန်းစစ်လေ့လာခြင်းအဖွဲ့အား ခြိုင်ခိုကြည့်ခြင်း၊ ပါဝင်ပတ်သက်သူများများထံမှ မျှော်လင့်ထားသော ထောက်ပံ့ကူညီမှုစသည်) ဖြင့် ပြုစုထားသည်။

Myanmar Red Cross Society

ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာခြင်းအဖွဲ့အား ဖွဲ့စည်းရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကိုယ်စားလှယ် အဖွဲ့များ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစရှိသော ထပ်ပေါင်းစဉ်းစားရမည့် အရေး ကိစ္စများအပေါ် ကျွမ်းကျင်သူများ ပါဝင်စေရန် အားပေးရန် လိုအပ်သည်။

ဆုံးရှုံးနိုင်ခြေဆန်းစစ်လေ့လာရေးအဖွဲ့အတွက် သင်တန်းများသည် ဘေးအန္တရာယ်လျော့ပါးရေးအခြေခံ မိတ်ဆက်ခြင်းနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအယူအဆများ၊ အထူးသဖြင့် သူတို့၏ အကျိုးကျေးဇူးနှင့် ဘေးကျရောက်နေသော ရပ်ရွာအဖွဲ့အစည်းနှင့် ဆက်စပ်နေမှုတို့ကို အသားပေးပြုလုပ်ရန်အရေးကြီးသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များသည် အဆိုပါ အယူအဆများကို သူတို့၏ ဖွဲ့စည်းပုံသွင်း (၄.၂။ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းကို ကြည့်ပါ) ပြီးနောက် မိတ်ဆက် ရှင်းပြပြီးဖြစ်သော်လည်း အခြားအဖွဲ့ဝင်များ အထူးသဖြင့် ရပ်ရွာလူထုကိုယ်စားလှယ်များအတွက် ထိုအကြောင်းအရာသည် ပထမဆုံးအကြိမ် သီးသန့်ကြားသိရခြင်း သို့မဟုတ် ထိုဘာသာရပ်များအပေါ် ပို၍လေးလေးနက်နက်နားလည်ရန် အခွင့်အရေးရရှိခြင်းဖြစ်နိုင်သည်။ ခြိုင်ခိုကြည့်လျှင် ဆုံးရှုံးနိုင်ခြေ ဆန်းစစ် လေ့လာမှုအတွက် တာဝန်ရှိသောပုဂ္ဂိုလ်တွင် အဓိကအရေးကိစ္စများအပေါ် ကောင်းစွာနားလည်ခြင်းရှိကြောင်း အာမခံရန် ထိုအခွင့်အရေးပေးခြင်းကို မပြုလုပ်သင့်ပေ။

- ✔ သင့်တော်သော ကျွမ်းကျင်မှုနှင့်အတွေ့အကြုံရှိသော ရပ်ရွာလူထုအဖွဲ့ဝင်များအား ဆန်းစစ်လေ့လာရေးအဖွဲ့နှင့် ပူးပေါင်းရန် ဖိတ်ခေါ်သည်။
- ✔ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများမှ ဘာသာရပ်နယ်ပယ်ဆိုင်ရာကျွမ်းကျင်သူများအား ရှာဖွေ၍ အဖွဲ့တွင် ပူးပေါင်းလုပ်ဆောင်ရန် ဖိတ်ကြားသည်။
- ✔ အတွေ့အကြုံ သို့မဟုတ် သင့်တော်သောကျွမ်းကျင်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရပ်ရွာလူထုအဖွဲ့ဝင် အားလုံးကိုလည်း အဖွဲ့တွင် ပူးပေါင်းလုပ်ဆောင်ရန် အခွင့်အရေးပေးသည်။

- ✔ ဘေးထိခိုက်လွယ်ဆုံးသောအုပ်စုများမှ စေတနာ့လုပ်အားရှင်များအား အဖွဲ့၏ အဖွဲ့ဝင်အဖြစ် ခွင့်ပြုသည် သို့မဟုတ် ဖိတ်ခေါ်သည်။
- ✔ ဆန်းစစ်လေ့လာခြင်းအဖွဲ့ဖြစ်သည့် ရပ်ရွာလူထု စေတနာ့လုပ်အားရှင်များကို သက်ဆိုင်သော ကျွမ်းကျင်မှုများ ဖြစ်သည့် ရပ်ရွာလူထုအား ဦးဆောင်စည်းရုံးနည်းနှင့် အမျိုးမျိုးသော ဆန်းစစ်လေ့လာမှုနှင့် ခွဲခြမ်းစိတ်ဖြာသော နည်းလမ်းကိရိယာများဖြင့် ဖြည့်ဆည်းပေးသည်။
- ✔ သင်တန်းသည် အခြေခံ ဘေးအန္တရာယ်လျော့ပါးရေးနှင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအယူအဆ နှစ်ခုလုံးကို ခြုံငုံမိသည်။
- ✔ စီမံကိန်းအဖွဲ့နှင့် ဆန်းစစ်လေ့လာရေးအဖွဲ့တို့အကြား ကောင်းမွန်သော လုပ်ငန်းဆက်ဆံရေးနှင့် နားလည်မှုကို တည်ဆောက်သည်။
- ✔ အဖွဲ့ဝင်များအားလုံးသည် ဆန်းစစ်လေ့လာခြင်းမူဘောင်ကို ဖော်ထုတ်ရေးဆွဲရာတွင် ပါဝင်သည်။
- ✔ ကွင်းဆင်းလုပ်ဆောင်ခြင်းသည် ဆန်းစစ်လေ့လာခြင်းအဖွဲ့ဝင်များကို အချက်အလက်ကောက်ယူခြင်းနှင့် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်သွယ်ခြင်းတို့တွင် လက်တွေ့ အတွေ့အကြုံများရရှိရန် ကူညီသည်။
- ✔ ကွင်းဆင်းလုပ်ဆောင်ခြင်းကို ဆန်းစစ်လေ့လာခြင်းမူဘောင်အား ကောင်းစွာစမ်းသပ်နိုင်မည့်နည်းလမ်းဖြင့် ပုံဖော်ထားသည်။
- ✔ အဖွဲ့ဝင်များအားလုံးသည် သူတို့၏ ကွင်းဆင်းအတွေ့အကြုံများအပေါ်တွင်မူတည်၍ ဆန်းစစ်လေ့လာခြင်း မူဘောင်အား အဆုံးသတ်ရေးဆွဲရာတွင် ပါဝင်သည်။

ဇယား ၁၄
အကျဉ်းချုပ်ဖော်ပြချက် – ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် သင်တန်းပေးခြင်း

၁။	**ကဏ္ဍပေါင်းစုံဆန်းစစ် လေ့လာရေး သတင်းအချက်အလက်အစုအား ဖော်ထုတ်ပြုစုခြင်း**	ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေး သတင်းအချက်အလက်အစုကို ဆန်းစစ်လေ့လာမှုတစ်ခုလုံးအား နားလည်စေရေး လှုံ့ဆော်ရန်အတွက် ဖော်ထုတ်ပြုစုရန် လိုအပ်သည်။ ၁)သတင်းအချက်အလက်အစုတွင် တိကျသော ဦးတည်ချက်များ၊ ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်း၏ အချိန်ကန့်သတ်မှုဘောင်၊ ရှာဖွေရမည့် သတင်းအမျိုးအစား၊ လူပ်ရှားမှုကို ဦးဆောင်မည့်သူ၊ ပါဝင်သော လုပ်ဆောင်ရန်တာဝန်အမျိုးအစားများ နှင့် ပါဝင်ပတ်သက်သူများထံမှ လိုအပ်သောအကူအညီအမျိုးအစားများ၏ သတင်းအချက်အလက်များ ပါဝင်သင့်သည်။
၂။	**ရပ်ရွာလူထုအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ချိတ်ဆက်ပါဝင်စေခြင်း**	ပထမဦးဆုံးပြုလုပ်ရမည့်အချက်မှာ ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်း လုပ်ငန်းတွင် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ပူးပေါင်းပါဝင်မှုကို တောင်းခံရန်ဖြစ်သည်။ ကော်မတီအဖွဲ့ဝင်များသည် ကဏ္ဍပေါင်းစုံလေ့လာမှုအကြောင်း၊ ၄င်း၏ ဦးတည်ချက်များ၊ မျှော်မှန်းထားသော ရလဒ်များနှင့် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းတွင် သူတို့၏ အခန်းကဏ္ဍများ အကြောင်းကို အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေး သို့မဟုတ် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာမှုတွင် ကော်မတီ၏ အခန်းကဏ္ဍကို အလေးပေးထားသည့် ကော်မတီ၏လိုအပ်ချက်နှင့် ကိုက်ညီထားသော ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေး သတင်း အချက်အလက် အစုအား အသိပေးဖြန့်ဖြူးခြင်းတို့အားဖြင့် သိရှိကြမည်ဖြစ်သည်။
၃။	**ဒေသခံ အာဏာပိုင်များထံမှ သဘောတူထောက်ခံမှုရယူခြင်း**	ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ကူညီထောက်ပံ့မှုဖြင့် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းကို ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဒေသခံ အာဏာပိုင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး လုပ်ဆောင်မှုကို ထောက်ကူပေးရန်အတွက် သူတို့၏ ထောက်ခံမှုနှင့် ကတိကဝတ်ပြုလုပ်ဆောင်မှုကို ရရှိမည်ဖြစ်သည်။ ဆန်းစစ်လေ့လာရေးအဖွဲ့နှင့် ချိတ်ဆက်လုပ်ဆောင်ရန်စိတ်ဝင်စားသော မည်သည့်အရာရှိကိုမဆို ထိုသို့လုပ်ဆောင်ရန် ဖိတ်ခေါ်သင့်သည်။
၄။	**ရပ်ရွာလူထုအဖွဲ့ဝင်များအား အသိပေးခြင်း**	ဦးတည်ထားသောဒေသရှိ ရပ်ရွာလူထုအဖွဲ့ဝင်များအား အသိပေးခြင်းအခန်းကဏ္ဍများကို သက်ဆိုင်ရာ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ စီစဉ်သည်။ ရှင်းလင်းတင်ပြခြင်းမတိုင်မီတွင် သတင်းအချက်အလက်အစုကို တက်ရောက်သူများအား ဖြန့်ဝေပေးပြီး ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်းနှင့်ပတ်သက်၍ ရှိလာနိုင်သော ရပ်ရွာလူထုအဖွဲ့ဝင်များ၏ မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို တစ်ထိုင်တည်းမှာပင် ဖြေရှင်းနိုင်သည်။ ၄င်းစည်းဝေးပွဲကို ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာမှုတွင်ပါဝင်ရန် ရပ်ရွာတွင်းမှ စေတနာ့လုပ်အားရှင်များကို သတ်မှတ်ခြင်းနှင့် ခန့်အပ်ခြင်းတို့အတွက် အသုံးပြုနိုင်သည်။ အကယ်၍ သီးသန့်ကဏ္ဍ အလိုက်ကျွမ်းကျင်သူများအား လိုအပ်နေသေးပါက ထိုဒေသတွင် လုပ်ငန်းလုပ်ကိုင်နေသော သက်ဆိုင်ရာ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ဆက်သွယ်၍ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးနိုင်သည်။ အလားတူပင် ဒေသခံ မိခင်ဘာသာစကားပြောသူများကိုလည်း အသင်းဝင်ဖြစ်လာရန် တောင်းဆိုသင့်သည်။
၅။	**ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေး အဖွဲ့အား ဖွဲ့စည်းခြင်း**	ကဏ္ဍပေါင်းစုံဆန်းစစ်ရေးအဖွဲ့ကို ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၊ ရပ်ရွာလူထုအဖွဲ့ဝင်များ၊ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ ရောနှောပေါင်းစပ်လျက်ဖွဲ့စည်းသင့်သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီဝင်များသည် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စည်းရုံးခြင်းတွင် ထင်ရှားသောအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်သင့်သည်။

Myanmar Red Cross Society

၆။ ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေး အဖွဲ့အား သင်တန်းပေးခြင်း	ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေးအဖွဲ့အား ဖွဲ့စည်းတည်ထောင်ပြီးသည်နှင့် တစ်ပြိုင်နက် လက်တွေ့လုပ်ဆောင်မှုအစည်းအဝေးကို တက်ရောက်ရမည်ဖြစ်ပြီး ၄င်းကဏ္ဍတွင် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာခြင်း၏ ရည်ရွယ်ချက်၊ ရပ်ရွာလူထုအား လှုံ့ဆော်ခြင်း၏ အမျိုးမျိုးသောနည်းလမ်းများ၊ လိုက်နာရန်လိုအပ်သော အဆင့်အမျိုးမျိုးနှင့် အသုံးပြုမည့် နည်းလမ်းကိရိယာများအကြောင်း ပါဝင်သည်။ သင်တန်း၏ အပိုင်းကဏ္ဍအနေဖြင့် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာမှုဘောင် (မည်သည့်နည်းလမ်းကို အသုံးပြုမည်၊ အဖွဲ့နှင့် ဖြေဆိုသူများကို မည်သို့စည်းရုံးမည်၊ အချိန်အလိုက်လုပ်ဆောင်မှု၊ စသည်)ကို ပြင်ဆင်ဖော်ထုတ်ပြီး ၄င်းမူဘောင်ကို စမ်းသပ်ရန်အတွက် ဦးတည်ထားသောဒေသများအနက်မှ တစ်နေရာတွင် ပါဝင်သူများအား လက်တွေ့လုပ်ဆောင်ခြင်းကို ပြုလုပ် ရမည်ဖြစ်သည်။ သင်တန်းသည် ပါဝင်တက်ရောက်သူများ၏ သင်တန်းတစ်ခုလုံးအား တိုးတက်စေရန်အတွက် တုံ့ပြန်မှုပေးသော အကဲဖြတ်သုံးသပ်မှုဖြင့် အဆုံးသတ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အသုံးအနှုန်းအရ သင်တန်းကို ၄င်း၏ လက်တွေ့လုပ်ဆောင်မှုပါဝင်ခြင်းကြောင့် "လက်တွေ့လုပ်ဆောင်ခြင်းကဏ္ဍ"ဟု ရည်ညွှန်းခေါ်ဆိုသည်။

၅.၂ ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာမှုအား လုပ်ဆောင်ခြင်း

အချက်အလက်ကောက်ယူခြင်းလုပ်ငန်းအား ရိုးရှင်းစေရန်အတွက် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေးအဖွဲ့အား အုပ်စုငယ်များ အဖြစ် ထပ်မံခွဲရန် အကြံပြုသည်။ ၄င်းတို့သည် (၁) အဓိကဖြေကြားသူများ၏ အုပ်စုအမျိုးမျိုး (ကျေးရွာအကြီးအကဲ၊ ကျောင်းအာဏာပိုင်များ၊ ဆရာ/မများ၊ ကျောင်းသား/သူများ၊ ဘာသာရေးခေါင်းဆောင်များ၊ အိမ်ထောင်ဦးစီးများ၊ အမျိုးသမီးအုပ်စုများ၊ ဘေးဖြစ်လွယ်ဆုံးသောအုပ်စုများ၏ ကိုယ်စားလှယ်များ – ရုပ်ပိုင်းဆိုင်ရာ အခက်အခဲရှိသူများ၊ သက်ကြီးရွယ်အိုများ၊ လူနည်းစုဖြစ်သော လူမျိုးစုများ၊ ဦးတည်ကျေးရွာများတွင် လုပ်ကိုင်နေသော အခြား လူသားချင်းစာနာထောက်ထားသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများ) နှင့် (၂) တစ်ဆင့်ခံ အချက်အလက်အရင်းအမြစ်များ (အစိုးရနှင့် အစိုးရမဟုတ်သော အခန်းကဏ္ဍများ – တရားဝင်အစီရင်ခံစာများ၊ မြေပုံများနှင့် အခြား ဆီလျော်သော မှတ်တမ်းမှတ်ရာများ) ကို မူတည်၍ ခွဲခြားသည်။ အခြား ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြုခြင်းကိုလည်း အားပေးသင့်သည်။ နည်းလမ်းကိရိယာများနှင့်ပတ်သက်သော ခြုံငုံကြည့်ခြင်းအကျဉ်းကို ဇယား ၁၅ – ဆန်းစစ်လေ့လာရေး နည်းလမ်းကိရိယာများ တွင် တွေ့နိုင်သည်။

Myanmar Red Cross Society

ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်တွင် ဦးတည်ရပ်ရွာလူထုတွင်းရှိ ဘေးထိခိုက်လွယ်ဆုံးသောသူများကို လုပ်ငန်းစဉ်တွင် ဖြေကြားသူအဖြစ် သို့မဟုတ် သူတို့သည် သီးခြားကျွမ်းကျင်မှုတစ်ခုခုကိုပိုင်ဆိုင်၍ စိတ်ဝင်စားကာ ဆန္ဒရှိပါက ဆန်းစစ်လေ့လာရေးအဖွဲ့ဝင်အဖြစ်လည်း ပါဝင်ရန် ရထိုက်သောအခွင့်အရေးပေးကြောင်း သေချာရန် ပြုလုပ် သင့်သည်။

အကွက် ၉
ကဏ္ဍပေါင်းစုံ ဆန်းစစ်လေ့လာရေး လုပ်ဆောင်မှုများတွင် ဘေးထိခိုက်လွယ်ဆုံးသော အုပ်စုများပါဝင်စေရေးအတွက် အကြံပြုချက်များ

- ဘေးထိခိုက်လွယ်ဆုံးသောလူများ နေထိုင်ရာနေရာများကိုရှာဖွေပြီး သူတို့နေအိမ်များသို့ ဆန်းစစ်လေ့လာမှုကောက်ယူရန်နှင့် သင်တို့၏ အထောက်အပံ့နှင့် လုပ်ဆောင်မှုများအကြောင်း အသိပေးချက်များ ပေးရန် သွားရောက်ပါ။
- ဆန်းစစ်လေ့လာမှုသည် အားလုံးအတွက် (ရုပ်ပိုင်းဆိုင်ရာ ရယူအသုံးပြုနိုင်မှု၊ ဝန်ဆောင်မှု/လုပ်ဆောင်မှုများနှင့် သင်တို့၏ ဆက်သွယ်ရေးနည်းလမ်းများ၊ လုပ်ဆောင်မှုများ ပြုလုပ်ခြင်းတို့ နီးစပ်မှု) အသုံးပြုနိုင်စေကြောင်း၊ နားလည်လွယ်စေကြောင်း သေချာအောင်ပြုလုပ်ပါ။
- အားလုံးသော အသိပေးချက်များကို အမျိုးမျိုးသောပုံစံများ (လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ရေဒီယို၊ အသံချဲစက်၊ ကြေငြာချက်၊ ရိုးရှင်းသောဘာသာစကားနှင့် ရုပ်ပုံ/သင်္ကေတ) ကိုအသုံးပြု၍ ဆက်သွယ်ကြောင်း သေချာအောင်ပြုလုပ်ပါ။
- ဆန်းစစ်လေ့လာမှုကို အခြားသောဆက်သွယ်ရေးနည်းလမ်းများ (ပုံများ၊ သင်္ကေတများဆွဲခြင်း၊ ကိုယ်ဟန်အမူအရာ သို့မဟုတ် ရိုးရှင်းသောဘာသာစကား)ဖြင့်လည်း ပြုလုပ်ရန် ပြင်ဆင်ပါ။

Source: Community-based Disaster Risk Reduction (CBDRR) Participants Workbook. Community Safety and Resilience Unit (CSRU) of IFRC, 2008.

၁။ ဦးတည်ထားသောရပ်ရွာလူထုအား အစကနဦးမှစ၍ မျှော်လင့်ထားသော လက်ငင်းရလဒ်များကို အသိပေးရန် လိုအပ်သည်။ သို့မှသာ သူတို့သည် ဤဆန်းစစ်လေ့လာချက်သည် အားလုံးသော အခက်အခဲပြဿနာများကို ဖြေရှင်းရန်ကူညီပေးနိုင်မည်ဟု ထင်မှတ်နေနိုင်သည့်အတွက် မည်သည့် မှားယွင်းသော မျှော်လင့်ချက်များကို ဖန်တီးနိုင်မည်မဟုတ်ပေ။

၂။ ဦးဆောင်ဆွေးနွေးသူများက အခန်းကဏ္ဍသည် ရပ်ရွာရှိ ပါဝင်တက်ရောက်သူများအား စကားပြောစေရန်၊ ဆွေးနွေးရန်နှင့် သူတို့၏ ကိုယ်ပိုင်အခက်အခဲပြဿနာများကို ဖော်ထုတ်စေရန်နှင့် သူတို့၏ ဆန္ဒများအတွက် အာမခံခြင်းမဖြစ်စေရန် ဖြစ်ကြောင်း အလေးထားရန် အရေးကြီးသည်။

၃။ စီမံကိန်းအဖွဲ့၏ ဦးဆောင်ဆွေးနွေးမှုဖြင့် ပြဿနာသစ်ပင်အား အသုံးပြုခြင်းသည် ဆုံးရှုံးနိုင်ခြေများ၊ ခြိမ်းခြောက်မှုများ၊ ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများနှင့် ဖြစ်နိုင်ခြေရှိသောအကျိုးသက်ရောက်မှုများကို မီးမောင်းထိုးဖော်ပြပြီး ထို့နောက်ဌင်းကို ဖြစ်နိုင်သော ဖြေရှင်းမှုများကို ဖော်ထုတ်ခြင်းဖြင့် ဖြေရှင်းမှု သစ်ပင်အဖြစ် ပြောင်းလဲရန် အသုံးပြုသင့်သည်။

- ✔ အခြေခံလိုအပ်သော ကိရိယာများဖြစ်သည့် ကားချပ်အရှင်များ၊ စာရေးမှင်တံများ စသည်တို့နှင့် အသုံးအဆောင်ကိရိယာများကို ဆန်းစစ်လေ့လာခြင်း လုပ်ဆောင်မှုမစတင်မီ ဆန်းစစ်လေ့လာရေးအဖွဲ့၏ အဖွဲ့ခွဲတိုင်းအတွက် ပြင်ဆင်ထားသည်။
- ✔ လိုအပ်ပါက ဆန်းစစ်လေ့လာမှုလုပ်ဆောင်ချက်များကို အခြားသော ဆက်သွယ်ရေးနည်းလမ်းများဖြစ်သည့် ခြေပြလက်ပြဘာသာစကား၊ ဒေသခံစကားတို့ကို အသုံးပြု၍ ပြုလုပ်သည်။
- ✔ ဖြေကြားသူအားလုံးကို ဆွေးနွေးရာတွင် ဖြေကြားရန်နှင့် ပါဝင်ရန် တူညီသောအခွင့်အရေးများပေးသည်။

၅.၃ ဆန်းစစ်လေ့လာချက်မှ တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာခြင်း

အလုပ်ဝန်ကို သက်သာစေရန်နှင့် လူ၏အမှားများ စုစည်းခြင်းမှ ရှောင်ကြဉ်ရန် ဆန်းစစ်လေ့လာမှု ရက်တိုင်း၏အဆုံးတွင် အချက်အလက်များအား ကောက်နုတ်ရန်နှင့် အပြန်အလှန်တိုက်ဆိုင်စစ်ဆေးရန် ပို၍ ကောင်းမွန်သည် (ADPC, 2004)။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကဏ္ဍပေါင်းစုံဆန်းစစ်လေ့လာရေးအဖွဲ့သည် ထပ်နေသော၊ ကွဲလွဲဆန့်ကျင်သော၊ ဆီလျော်မှုမရှိသော အချက်အလက်များကို ဖော်ထုတ်နိုင်သည်။ ထပ်နေသော အချက် အလက်များကို ဖျက်ပစ်နိုင်ပြီး ကွဲလွဲဆန့်ကျင်သော အချက်များကို သက်ဆိုင်ရာ တစ်ဦးချင်းစီနှင့် အဖွဲ့များတို့နှင့် စစ်ဆေးအတည်ပြုရန်လိုအပ်သည်။ သို့သော် ကျွန်ုပ်တို့သတိထားရမည်မှာ ဤအဆင့်တွင် မဆီလျော်သော အချက်အလက်များသည် နောက်ပိုင်းတွင် ဆီလျော်လာနိုင်သည့်အတွက် ၎င်းတို့ကို ဖယ်ထုတ်ထားပြီး နောက်ပိုင်း အတွက် သိမ်းထားနိုင်သည်။

ဆန်းစစ်လေ့လာစဉ်အတွင်း စုဆောင်းခဲ့သည့် သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် သတင်းအချက်အလက်များကို သတ်မှတ်ထားသော ပုံစံအတွင်းသို့ ထည့်သွင်းရန်လိုအပ်သည်။ ၎င်းပုံစံတွင် သတင်းအချက်အလက်များအားလုံးကို အန္တရာယ်/ခြိမ်းခြောက်မှုများ၊ ဆုံးရှုံးမှုများ/အကျိုးသက်ဆရာက်မှုများ၊ ဆုံးရှုံးမှုအန္တရာယ်ရှိသောအရာများ၊ ဘေးထိခိုက်လွယ်မှု နှင့် စွမ်းဆောင်ရည် ဟူသည့် အဓိကနယ်ပယ် ၅–ခု တို့အဖြစ် ခွဲခြားထားသည်။ သတင်းအချက်အလက်များအား ပုံစံထဲသို့စနစ်တကျထည့်ခြင်းဖြင့် အချက်အလက်များ အကြား ခြားနားသော ဆက်နွယ်မှုများကို ပိုမိုလွယ်ကူစွာမြင်နိုင်ပြီး သို့မှသာ ၎င်းသည် ပြဿနာအခက်အခဲ ဖော်ထုတ်ရာတွင် လှုံ့ဆော်ပေးနိုင်မည်ဖြစ်သည်။

နောက်တစ်ဆင့်တွင် သတင်းအချက်အလက်များမှ ဆုံးရှုံးမှု၊ ဆုံးရှုံးမှုအန္တရာယ်ရှိသောအရာများ နှင့် ဘေးထိခိုက်လွယ်မှုနှင့် ဆက်စပ်လျက် စုစည်းထားသော သတင်းအချက်အလက်များကို ထပ်မံ စဉ်းစား၍ ရပ်ရွာလူထု၏ အရေးကြီးဆုံးသော စိုးရိမ်ပူပန်မှုများကို ပြဿနာအခက်အခဲဖော်ပြချက်အဖြစ် ဖော်ထုတ်သင့်သည်။ ဖြစ်နိုင်ခြေရှိသော ပြဿနာအခက်အခဲဖော်ပြချက်များမှာ နမူနာအားဖြင့်

+ မီးလောင်မှု ပျံ့နှံ့နှုန်းမြင့်ခြင်း
+ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အားနည်းခြင်း
+ နေရာချထားမှုနှင့် အခြေခံအဆောက်အဦများ အားနည်းခြင်း

နောက်တစ်ဆင့်တွင် ရှေ့တွင်ဖော်ထုတ်သတ်မှတ်ခဲ့သည့် ပြဿနာအခက်အခဲတို့၏ တိုက်ရိုက်နှင့် တိုက်ရိုက် မဟုတ်သော၊ အကြောင်းရင်းမြစ်များကို ခွဲခြမ်းစိတ်ဖြာ၍ ဆွေးနွေးသင့်သည်။ ဖြစ်နိုင်ပါက ဆန်းစစ်လေ့လာခဲ့သော ရပ်ရွာလူထုသည် ဤလုပ်ငန်းစဉ်တွင် တတ်နိုင်သ၍ တစ်စိတ်တစ်ပိုင်း ပါဝင်သင့်သည်။ အကယ်၍ ရပ်ရွာလူထုအားလုံးအား အမှန်တကယ်ဆွေးနွေးခြင်းတွင် ပါဝင်ထည့်သွင်းရန် မဖြစ်နိုင်ပါက ပါဝင်သော သတင်းအချက်အလက်များအား အပြန်အလှန်သဘောတူညီမှုအတွက် နောက်ဆုံး ပြဿနာအခက်အခဲသစ်ပင်ကို အမျိုးမျိုးသော ရပ်ရွာအဖွဲ့ဝင်များနှင့် သဘောတူညီမှုရယူသင့်သည်။

Myanmar Red Cross Society

ဇယား ၁၅
ဆန်းစစ်လေ့လာရေး
နည်းလမ်းကိရိယာများ

နည်းလမ်းကိရိယာများ	ဖော်ပြချက်	ရည်ရွယ်ချက်
ဘေးဖြစ်နိုင်ခြေ မြေပုံဆွဲခြင်း	၄င်းသည် ထိုနေရာဒေသ၏ အဓိကဦးစားပေးနေရာများ၏ အကွာအဝေးကိုခြုံငုံကြည့်ခြင်း ဖြစ်ပြီး ၄င်းက ရည်ညွှန်းသည်မှာ • အိမ်များ၊ လယ်ကွင်းများ၊ လမ်းများ၊ မြစ်များ၊ မြေယာအသုံးပြုမှု၊ လူမှုရေးဆိုင်ရာ အခြေခံ အသုံးအဆောင်၊ အဆောက်အဦးများ၏ ကွာဝေးတည်ရှိမှု • ဘေးကျရောက်နိုင်သော အရာများ • ဘေးကင်းသောနေရာများနှင့် ဘေးကင်းရာစုရပ် သို့မဟုတ် နေအိမ်သို့ • ဒေသတွင်း လုပ်နိုင်စွမ်း (လေ့များ၊ လေးလံသော)	ဆက်သွယ်ရေးကို ဦးဆောင်ဆွေးနွေးရန်နှင့် ရပ်ရွာလူထုတွင်း အရေးကြီးသော အရေးကိစ္စများကို ဆွေးနွေးပြောဆိုမှုများအား လှုံ့ဆော်ရန်
ရာသီအလိုက်ပြက္ခဒိန်	၄င်းသည် တစ်နှစ်ပတ်လုံးတွင်ရှိ အမျိုးမျိုးသော ဖြစ်ရပ်များ၊ တွေ့ကြုံမှုများ၊ လုပ်ဆောင်မှုများနှင့် အခြေအနေများကို ဖော်ပြသော ပြက္ခဒိန်တစ်ခုကို ပြုလုပ်ခြင်း ဖြစ်သည်။	• အလေးပေးရန် အချိန်များအား သတ်မှတ်ရန် (အန္တရာယ်များ၊ ရောဂါများ၊ ငတ်ပြတ်ခြင်း၊ အကြွေး၊ ဘေးထိခိုက်လွယ်မှု စသည် ဖြစ်နိုင်မှုများ) • လူများသည် ထိုအချိန်ကာလများတွင် မည်သည်ကိုလုပ်ဆောင်သည်၊ သူတို့၏ အသက်မွေးဝမ်းကျောင်းအရင်းအမြစ်များက ို မည်သို့ခွဲဝေအသုံးပြုသည်၊ သူတို့၏ ကိုင်တွယ်ဖြေရှင်းနည်းများတို့ကို ဖော်ထုတ်ရန် • ဘေးအန္တရာယ်အချိန်နှင့် သာမန်အချိန်များတွင် ကျား/မ သီးခြား အလုပ်အကိုင်ခွဲခြားခြင်းကို ဖော်ထုတ်ရန်
ဗန်းကားချပ်/ ချာပါတီကားချပ်	၄င်းသည် ရပ်ရွာလူထုအတွင်း အဓိကအဖွဲ့အစည်းများ၊ အုပ်စုများနှင့် လူပုဂ္ဂိုလ်များ၊ ဆက်သွယ်မှု သဘာဝနှင့် အရေးပါမှုအဆင့်တို့ကို ပြသသော ကားချပ်ပြုလုပ်ခြင်းဖြစ်သည်။	• အဖွဲ့အစည်းများ (ဒေသတွင်းနှင့် ပြင်ပ)၊ သူတို့၏ အခန်းကဏ္ဍ နှင့် အရေးပါမှု၊ နှင့် လူများမှ သူတို့အပေါ်ထားရှိသည့်အခြေ တို့ကို ဖော်ထုတ်ရန် • ဘေးအန္တရာယ် တုံ့ပြန်ရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပြီး ရပ်ရွာလူထုအားထောက်ပံ့ပေးနိုင်သော လူပုဂ္ဂိုလ်များ၊ အုပ်စုများ၊ အဖွဲ့အစည်းများ ကို ဖော်ထုတ်သတ်မှတ်ရန်
သမိုင်းကြောင်း အကျဉ်းချုပ် ဖော်ပြချက်	၄င်းသည် အတိတ်တွင် မည်သည်တို့ဖြစ်ပျက်ခဲ့ပြီး မဝေးသောအနာဂတ်တွင် ၄င်း၏ အကျိုးဆက်ဖြစ်နိုင်မှု သတင်း အချက်အလက်များကို စုစည်းပေးသည်။	• အတိတ်ကာလမှ အန္တရာယ်များ၊ ၄င်းတို့၏ သဘာဝ ပြောင်းလဲမှုများ၊ ပြင်းထန်မှုနှင့် ဖြစ်ပျက်ပုံအား သိမြင်မှုရရှိရန် • ရပ်ရွာလူထုတွင်း လက်ရှိအခြေအနေကို နားလည်ရန် (အန္တရာယ်များနှင့် ဘေးဖြစ်လွယ်မှုများအကြား ပုံမှန်မဟုတ်သော ဆက်နွယ်မှု) • လူများအား ပြောင်းလဲမှုများအား သတိပြုမိစေရန် ပြုလုပ်ရန် • အတိတ်ကာလမှအတွေ့အကြုံများ၏ အနာဂတ်ကာလတွင် အကျိုးသက်ရောက် မှုများကို ဖော်ထုတ်ရန်

Myanmar Red Cross Society

အဓိကဖြေကြားသူများ	အဆင့်များ/လုပ်ငန်းစဉ်များ
ရပ်ရွာလူထုအဖွဲ့ဝင်များ	i. မည်ကဲ့သို့သော မြေပုံအမျိုးအစားဆွဲသင့်သည်ကို ဆုံးဖြတ်ပါ။ ii. နေရာဒေသအကြောင်းသိကျွမ်းပြီး သူတို့၏ အတွေ့အကြုံများကို ဝေမျှရန်ဆန္ဒရှိသော အမျိုးသမီးအမျိုးသားများ(နှင့် အခြား ဘေးထိခိုက်လွယ်သောအုပ်စု ကိုယ်စားပြု)ကို ရှာပါ။ iii. မြေပုံအတွက် သင့်တော်သော ကြားခံပစ္စည်းကို (တုတ်များ၊ စာရွက်များ၊ ကျောက်တုံးများ၊ အစေ့များ၊ ခဲတံများ၊ မြေဖြူ) ရွေးချယ်ပါ။ iv. စတင်ရန်အတွက် လူများကို ကူညီပါ၊ သို့သော် မြေပုံကို သူတို့ကိုယ်တိုင်ဆွဲစေပါ။
ရပ်ရွာလူထုအဖွဲ့ဝင်များ အမျိုးသားများနှင့်အမျိုးသမီး များအတွက် သီးခြားကဏ္ဍများ ရှိလျှင်ပို၍ ကောင်းသည်။ အသက်ကြီးသူများတွင် ယေဘူယျအားဖြင့် ဥတုရာသီအတောအတွင်း နောက်ခံသမိုင်းအချက်အလက် များ ကောင်းစွာရှိနိုင်သည်။	i. သင်ပုန်း သို့မဟုတ် လက်လုပ်စက္ကူရွက်ကိုအသုံးပြု၍ နှစ်တစ်နှစ်၏ လများကို အလျားလိုက်မှတ်သားရန် အသုံးပြုပါ။ လူများအား အသက်မွေးဝမ်းကျောင်း၏ အရင်းအမြစ်များ၊ ဖြစ်ရပ်ပွဲတော်များ၊ အခြေနေများ စသည့် စာရင်းကိုမေးမြန်း၍ ၄င်းတို့ကို ထောင်လိုက်ရေးချပါ။ ii. လူများအား အသက်မွေးဝမ်းကျောင်း/ဝင်ငွေအရင်းအမြစ် အတွက် သူတို့လုပ်ကိုင်သောအလုပ်များ (ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ပေါင်းသင်ခြင်း စသည်)ကို ရေတွက်စေ၍ လုပ်ကိုင်သည့် လများနှင့် အချိန်တို့ကို မှတ်သားကာ ကျား/မ နှင့် အသက်တို့ကိုပါ ဖြည့်စွက်ပါ။ iii. ပြက္ခဒိန်၏ အမျိုးမျိုးသော ရှုထောင့်များကို ဆက်စပ်၍ ခွဲခြမ်းစိတ်ဖြာခြင်းကို ဦးဆောင်ဆွေးနွေးပါ။ ဘေးအန္တရာယ်သည် အသက်မွေးဝမ်းကျောင်း အရင်းအမြစ်များကို မည်သို့ ထိခိုက်စေပုံ၊ မည်သည့်အချိန်တွင် အလုပ်တာဝန်အများဆုံးဖြစ်သည်၊ ရာသီအလိုက် စားနပ်ရိက္ခာရရှိမှုနှင့် စားနပ်ရိက္ခာပြတ်လပ်ချိန်၊ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်ခြင်း စသည်
	iv. ဖြေရှင်းရေးနည်းလမ်းများ၊ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ကျား/မ အခန်းကဏ္ဍနှင့် တာဝန်ယူမှုများ ပြောင်းလဲမှု သို့မဟုတ် အခြား ဆက်စပ်မည်ထင်ရသော အရေးကိစ္စများကို ဆွေးနွေးပါ။
အထူးသဖြင့် ဘေးထိခိုက်လွယ်သောအုပ်စု အားလုံးမှ ကိုယ်စားလှယ်များအပါအဝင် ရပ်ရွာလူထုအဖွဲ့ဝင်များ၊	i. အဖွဲ့အစည်းများ၏ အမည်များနှင့် ကြိုတင်ရင်းနှီးကျွမ်းဝင်သည်။ ii. အဖွဲ့အစည်းတစ်ခု၏ အရေးပါမှုအား စံနှုန်းသတ်မှတ်များကို ဆုံးဖြတ်ရန် လူများအား မေးမြန်းပြီး သူတို့အား အဆိုပါ သတ်မှတ်ချက်များအတိုင်း အစဉ်လိုက် စီစဉ်ခိုင်းပါ။ iii. လူများအား မည်သည့်အဖွဲ့အစည်းများသည် တစ်ခုခုနှင့်တစ်ခု ချိတ်ဆက်ဆောက်ရွက်မှု အတိုင်းအတာကို မေးမြန်းပါ၊ ဆက်ဆံဆောင်ရွက်မှု အမျိုးအစားကို မှတ်သားပါ။ iv. အဖွဲ့အစည်း သို့မဟုတ် အုပ်စုတစ်ခုစီကိုကိုယ်စားပြုသော အဝိုင်းများဆွဲပါ၊ အဝိုင်း၏အရွယ်အစားသည် အရေးပါမှုကို ဖော်ပြသည်။ v. အဖွဲ့အစည်းများ၏ သမိုင်းကြောင်း၊ ရပ်ရွာလူထုအတွင်း လုပ်ဆောင်ခဲ့မှုများ၊ သူတို့၏လုပ်ငန်းအားမည်မျှကောင်းအောင်လုပ်ဆောင် ခဲ့ကြောင်း၊ ညှိနှိုင်း ဆောင်ရွက်မှုမည်မျှကောင်းကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားချိန်၊ ရပ်ရွာအဆင့်ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် မည်သည့် အဖွဲ့အစည်း၊ အုပ်စု၊ လူပုဂ္ဂိုလ်များသည် အရေးကြီးကြောင်း စသည်ကို မေးမြန်းပါ။
အသက်ကြီးသူများ၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ ဆရာများ	i. အဓိကသတင်းပေးသူများနှင့် အဖွဲ့လိုက်ဆွေးနွေးခြင်း အတွက် အစီအစဉ်ပြုလုပ်ပါ။ သူတို့ရပ်ရွာ၏ သမိုင်းကြောင်းကို ကြားသိစေရန် ငယ်ရွယ်သူများ အပါအဝင် လူများနိုင်သလောက်များများဖိတ်ပါ။ ii. လူများအား သူတို့ရပ်ရွာ၏ အောက်ပါ အဓိက ဖြစ်ရပ်များကို ပြန်လည်စဉ်းစားနိုင်ရန် မေးမြန်းပါ – • အဓိကအန္တရာယ်များနှင့် ၄င်းတို့၏ အကျိုးရလဒ် • မြေယာအသုံးပြုမှုပြောင်းလဲခြင်း (ကောက်ပဲသီးနှံ၊ သစ်တောလွှမ်းခြုံမှု၊ စသည်) • မြေယာလုပ်ပိုင်ခွင့် ပြောင်းလဲခြင်း • စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုတို့တွင် ပြောင်းလဲခြင်း • စီမံခန့်ခွဲမှုနှင့် ဖွဲ့စည်းပုံတို့တွင် ပြောင်းလဲခြင်း • အဓိက နိုင်ငံရေးဖြစ်ရပ်များ • သဘောထားများ ပြောင်းလဲခြင်း (ဥပမာ – မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအပေါ်) • လာမည့် မဝေးသောအနာဂတ်တွင် မျှော်လင့်ထားသော ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ

Myanmar Red Cross Society

တစ်စိတ်တစ်ဒေသ–စီစဉ်ထားသော တွေ့ဆုံမေးမြန်းခြင်း/ ဦးတည်အုပ်စု ဆွေးနွေးခြင်း	တစ်စိတ်တစ်ဒေသ–စီစဉ်ထား သော တွေ့ဆုံမေးမြန်းခြင်းသည် ရင်းနှီးဖော်ရွေပြီး စကားပြောပုံစံ ဆွေးနွေးခြင်းဖြစ်သည်။ သမားရိုးကျ စစ်တမ်းမေးခွန်း လွှာများကို အသုံးမပြုဘဲ အများဆုံးအနေဖြင့် မေးခွန်းများ မေးရန်စာရင်းကို ပျော့ပျောင်းသော လမ်းညွှန်အဖြစ် အသုံးပြုသည်။ တစိတ်တဒေသ စီစဉ်ထားသော ကွဲပြားသော တွေ့ဆုံ မေးမြန်းခြင်းအမျိုးအစားများမှာ–(၁)အဖွဲ့လိုက်တွေ့ဆုံမေးမြန်းခြင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ (၃) တစ်ဦးချင်း တွေ့ဆုံမေးမြန်းခြင်းနှင့် (၄) အဓိကသတင်းပေးသူအား တွေ့ဆုံ မေးမြန်းခြင်း	• (အထွေထွေနှင့် သီးခြား)သတင်း အချက်အလက်များရရှိရန် • ပြဿနာအခက်အခဲများ၊ ဘေးထိခိုက်လွယ်မှုများ၊ စွမ်းဆောင်ရည်နှင့် ထင်မြင်ယူဆချက်များကို ခွဲခြမ်းစိတ်ဖြာရန် • အစီအစဉ်များကို ဆွေးနွေးရန် အဖွဲ့လိုက်တွေ့ဆုံမေးမြန်းခြင်း – ရပ်ရွာ အဖွဲ့အစည်းအဆင့် သတင်းအချက်အလက်များကိုရရှိရန်၊ များပြားသော ဗဟုသုတရယူနိုင်ရန် တစ်ဦးချင်း တွေ့ဆုံမေးမြန်းခြင်း – ကိုယ်စားလှယ်များ၊ ကိုယ်ရေးအချက်အလက်များ ရရှိရန်။ ရပ်ရွာတွင်း ကွဲပြား ခြားနားမှုများ/ ပဋိပက္ခများကို ဖော်ထုတ် နိုင်မည်။ အဓိကသတင်းပေးသူအား တွေ့ဆုံမေးမြန်းခြင်း – သီးခြားအကြောင်းရာတစ်ခုနှင့်ပတ်သက်သော ထူးခြားသည့် ဗဟုသုတရရှိရန် ဦးတည်အုပ်စုဆွေးနွေးခြင်း – သီးခြားအကြောင်းအရာအသေးစိတ်အား အသိပညာပြည့်ဝသူ သို့မဟုတ် အကြောင်းအရာကိုစိတ်ဝင်စားသူများ ပါဝင်သည့် အဖွဲ့ငယ်နှင့် ဆွေးနွေးရန်
ရွာရိုးလျှောက်ခြင်း	၄င်းသည် ရပ်ရွာလူထု၏ နေရာချထားပုံကို ကြည့်ရှုရန် အတွက် ရပ်ရွာတစ်လျှောက် အဓိကသတင်းပေးသူများနှင့် အစီအစဉ်ဖြင့် လမ်းလျှောက်ခြင်း ဖြစ်ပြီး ၄င်းတွင် အဓိကနေရာများ အကြား အကွာအဝေး၊ ရောက်ရှိ အသုံးပြုနိုင်မှု၊ မြေယာအသုံးပြုမှု ဇုန်များ၊ လေ့လာခြင်း၊ မေးမြန်းခြင်း၊ နားထောင်ခြင်းနှင့် လမ်းလျှောက်မြေပုံကားချပ် ပြုလုပ်ခြင်းတို့ ပါဝင်သည်။	• နေရာနှင့်အချိန် အလိုက် ရပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် လူ၏ လုပ်ဆောင်မှုကြား အပြန်အလှန်ဆက်သွယ်မှုကို ပုံဖော်ရန် • အန္တရာယ်ရှိသောဇုန်များ၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်နေရာများ၊ အရေးပေါ်အချိန်အတွင်း အသုံးပြုသော ဒေသခံအရင်းအမြစ်များ၊ မြေယာအသုံးပြု သောဇုန်များ စသည်တို့ကို ဖော်ထုတ် သတ်မှတ်ရန် • ပြဿနာအခက်အခဲများအား ဖော်ထုတ်ရန် နှင့် အခွင့်အလမ်းများကို ရှာဖွေရန်
တိုက်ရိုက် လေ့လာခြင်း	၄င်းသည် အရာဝတ္ထုများ၊ လူများ၊ ဖြစ်ရပ်များ၊ ဆက်ဆံရေးများ၊ ပူးပေါင်းပါဝင်ခြင်းတို့ကို စနစ်တကျလေ့လာပြီး ထိုလေ့လာမှုများကို မှတ်တမ်းတင်သည်။	ဘေးအန္တရာယ်အခြေအနေအား အထူးသဖြင့် နှုတ်အားဖြင့် ကြားသိရခြင်း မရှိနိုင်သော အခြေအနေများကို ပို၍ ကောင်းမွန်သော မြင်ကွင်းရရှိနိုင်ရန်
ကျန်းမာရေးနှင့် အာဟာရလိုအပ်မှု ဆန်းစစ်လေ့လာချက်	၄င်းသည် ကျန်းမာရေးနှင့် အာဟာရလိုအပ်မှုအခြေအနေနှင့် လိုအပ်ချက်တို့ကို ဆန်းစစ်လေ့လာသည့် နည်းလမ်းကိရိယာဖြစ်သည်။	ရပ်ရွာအတွင်း အမျိုးသား၊ အမျိုးသမီး၊ ကလေးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှုအခြေအနေ တို့အပေါ် အသိအမြင်ကို ရရှိရန်
အစဉ်လိုက် စီစဉ်ခြင်း	၄င်းသည် တိုင်းတာရာနှင့် ဦးစားပေးစဉ်ရာတွင် လူတို့၏ သတ်မှတ်ချက်များကို နှုတ်ယူခြင်း၊ သူတို့၏ ရွေးချယ်မှုများနားလည်ခြင်းဖြင့် သူတို့၏ ထင်မြင်ချက်များကို ရှာဖွေသော နည်းလမ်းဖြစ်သည်။	• စံနှုန်းသတ်မှတ်ချက်နှင့် ဦးစားပေးဆုံးဖြတ်မှုများကို ဖော်ထုတ်ရန်၊ ထင်မြင်ချက်များနှင့် အကြောင်းရင်းများတွင် ခြားနားမှုများကို ဖော်ထုတ်ရန် • နှိုင်းယှဉ်ရသော လေ့လာမှုများအတွက် ဆွေးနွေးခြင်းနှင့် ပြဿနာများနှင့် ဖြေရှင်းရန်နည်းလမ်းများကို အစဉ်လိုက် စီစဉ်ခြင်းဖြင့် ပြဿနာဖြေရှင်းခြင်းကို အားပေးရန်

Source: Community Safety and Resilience Unit (CSRU) of International Federation of Red Cross and Red Crescent Societies (IFRC) Community-based Disaster Risk Reduction (CBDRR) Participants Workbook, 2008.

Myanmar Red Cross Society

လူ ၂-၄ ဦးပါ အဖွဲ့	i. အဓိက အရေးကိစ္စများကို ကြိုတင်ပြင်သွားပါ။ ii. တွေ့ဆုံမေးမြန်းခြင်းကို ဦးဆောင်မည့်သူတစ်ဦးကို ရွေးချယ်ပါ။ iii. လမ်းဖွင့်ပေးသောနည်းဖြင့် မေးခွန်းများကို မေးပါ (ဘာလဲ၊ ဘာကြောင့်လဲ၊ ဘယ်သူလဲ၊ ဘယ်အချိန်လဲ၊ ဘယ်လိုလဲ၊ ဘယ်လိုဆိုလိုပါသလဲ၊ ဘာများ ရှိဦးမလဲ)။ တစိတ်တပိုင်း စီစဉ်ထားသောပုံစံသည် သတင်းအချက်အလက်များ ပြည့်စုံမှုအတွက် သေချာစေပြီး ရပ်ရွာလူထုအားလည်း သူတို့လိုချင်သောအရာများကို ဖော်ထုတ်ပြောကြားရန် ပျော့ပျောင်းညင်သာမှုကိုပေးသည်။ iv. လက်တွေ့ပြနိုင်သော သတင်းအချက်အလက်များနှင့် ဥပမာများကို တောင်းပါ။ v. ထူးခြားသောသူများကိုလည်း (ရှိပါက) ပါဝင်နိုင်စေရန် ကြိုးစားပါ။ vi. အုပ်စုတွင်း လှုပ်ရှားတက်ကြွမှုကိုလည်း အာရုံထားပါ။ vii. ပေးထားသောအဖြေများမှထွက်လာသော မေးခွန်း(လိုင်း) အသစ်များကိုမေးပါ။ viii. မသိသာ သိသိပ်သောနည်းဖြင့် မှတ်စုရေးပါ။
ဆန်းစစ်လေ့လာရေးအဖွဲ့နှင့် ထိုနေရာ၏ ဖြတ်ပိုင်းနေရာများကို ကိုယ်စားပြုသော ရပ်ရွာလူထုအဖွဲ့ဝင် ခြောက်ဦးမှ တစ်ဆယ်ဦး	i. မြေပုံအပေါ်တွင်အခြေခံ၍ ရွာရိုးလျှောက်ရန်လမ်းကြောင်းကို ရွေးပါ။ (တစ်ခုထက်ပို၍လည်း ဖြစ်နိုင်သည်။) ii. ပိုင်းဖြတ်သောနေရာများကို ကိုယ်စားပြုသော လူ ခြောက်ဦးမှ တစ်ဆယ်ဦးအုပ်စုကို ရွေးချယ်၍ ရည်ရွယ်ချက်ကို ရှင်းပြပါ။ iii. လမ်းလျှောက်သောအချိန်တွင် ရှင်းလင်းပြောပြရန်အချိန်ယူပြီး မတူညီသောနေရာများတွင် တွေ့ဆုံမေးမြန်းပါ။ iv. မြေယာအသုံးပြုခြင်း၊ ထူးခြားသောဘေးအန္တရာယ် ဖြစ်လွယ်မှု၊ မြေယာလုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်မှုသမိုင်းကြောင်းကိုရေးဆွဲရန်အတွက် သဘာဝပတ်ဝန်းကျင်တွင် ပြောင်းလဲမှုများကဲ့သို့သော အရေးကိစ္စများကို အာရုံစိုက်ပါ။ v. ဘေးထိခိုက်လွယ်သော အုပ်စုများနှင့် သူတို့၏ မိသားစုများနှင့် ရွာရိုးလျှောက်ခြင်းကို ပြုလုပ်ပါ။
ရပ်ရွာလူထုအဖွဲ့ဝင်များ	တိုက်ရိုက်လေ့လာခြင်းအားဖြင့် ရရှိနိုင်သော အညွှန်းကိန်းများအား ဖော်ထုတ်သတ်မှတ်ခြင်း
သားဖွားဆရာမ၊ ရပ်ရွာ ကျန်းမာရေးလုပ်သားများ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ အိမ်ထောင်စုအသီးသီး	i. ဦးတည်အုပ်စုဆွေးနွေးခြင်း၊ တစ်စိတ်တစ်ပိုင်း စီစဉ်ထားသော တွေ့ဆုံမေးမြန်းခြင်းများ၊ တိုက်ရိုက်လေ့လာခြင်း၊ ရာသီအလိုက် ပြက္ခဒိန်နှင့် မြေပုံဆွဲခြင်းကဲ့သို့သော နည်းလမ်းကိရိယာများကို အသုံးပြုသည်။ ii. အောက်ပါရှုထောင့်များကို ကြည့်ပါ • အမျိုးသမီးများနှင့်ကလေးများ၏ အာဟာရပြည့်ဝမှုအခြေအနေ • စားနပ်ရိက္ခာဖူလုံမှုအခြေအနေ • ကာကွယ်ခြင်း • အမျိုးသမီးများ၏ ကျန်းမာရေးအခြေအနေ • ရောနှောနေသော အခြေအနေများကို စဉ်းစားပါ • ကြည့်ရှုစောင့်ရှောက်နိုင်သောစွမ်းရည် • တိုင်းရင်းဆေး/ကုသခြင်း
ရပ်ရွာလူထုအဖွဲ့ဝင်များ	i. နှိုင်းယှဉ်ရမည့်အရာများအတွက် စံနှုန်းသတ်မှတ်ချက် သို့မဟုတ် လက္ခဏာရပ်များအား ရပ်ရွာလူထုအဖွဲ့ဝင်များမှ သတ်မှတ်သည်။ ii. အသုံးပြုသော စံနှုန်းသတ်မှတ်ချက်များကို ဇယားကွက် ၏ တစ်ဘက်တွင်ထားသည်။ (ပ – ဝင်ရိုး) iii. နှိုင်းယှဉ်ခံရသောအရာများကို ထ–ဝင်ရိုးတွင် ထားသည်။ iv. အမှတ်များကို ကျောက်တုံးများ၊ သစ်စေ့များ စသည်တို့ထားခြင်းဖြင့် ပေးသည်။

Myanmar Red Cross Society

ပြဿနာသစ်ပင်အား ရပ်ရွာလူထုအဖွဲ့ဝင်များမှ အတည်ပြုပြီးသည့်နောက် ပြဿနာသစ်ပင်အား ဦးတည်ချက် သစ်ပင်အဖြစ်သို့ ပြောင်းလဲရန် လိုအပ်သည်။ ဤနည်းဖြင့် အဆင့် နှစ်ဆင့်ကို ဆက်လက်လုပ်ဆောင်သည်

၁။ ပြဿနာသစ်ပင်၏ အနုတ်သဘောဖော်ပြချက်များအားလုံးကို အပြုသဘော ဖော်ပြချက်များအဖြစ် ပြောင်းလဲရန် လိုအပ်သည်။

ဥပမာ ၁ – သန့်ရှင်းရေးအသုံးအဆောင်ပစ္စည်းများမရှိခြင်းကို သန့်ရှင်းရေးအသုံးအဆောင် ပစ္စည်းများ ရရှိနိုင်ခြင်း အဖြစ်သို့ ပြောင်းလဲသည်။

ဥပမာ ၂ – အိမ်များသည် မီးလောင်ခြင်းအတွက် ပြင်ဆင်ထားမှုမရှိခြင်းကို အိမ်များသည် မီးလောင်ခြင်းအတွက် ပြင်ဆင်ထားသည်

၂။ ဦးတည်ချက်သစ်ပင်၏ သဘောတရားသည် လိုအပ်ပါက အပြန်အလှန်တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်ပါက ပြန်လည်ပြုပြင်ရေးဆွဲရန် လိုအပ်သည်။

နောက်ဆုံးအဆင့်တွင် ဦးတည်ချက်သစ်ပင်မှ ဦးတည်ချက်သို့ ရောက်နိုင်သော ဖြစ်နိုင်ခြေရှိသည့် ကြားဝင်လုပ်ဆောင်မှုများကို ရပ်ရွာလူထုနှင့် အတူတကွ ဖော်ထုတ်သတ်မှတ်ရန်လိုအပ်သည်။ အဆိုပါ ကြားဝင်လုပ်ဆောင်မှုများသည် ရှေ့လာမည့်အဆင့်တွင် ဖော်ထုတ်မည့် ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၏ အခြေခံအဖြစ် ဖွဲ့စည်းသည်။ (၆.၂။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ကို ကြည့်ပါ)

Myanmar Red Cross Society

တန်ဖိုးမဖြတ်နိုင်သောအရင်းအမြစ်များကို မပြန်းတီးစေရန်နှင့် အားထုတ်လုပ်ဆောင်မှုများ ထပ်မံလုပ်ဆောင်မှုမျိုး မဖြစ်စေရန်အတွက် ကနဦးအခြေခံလေ့လာချက်နှင့် ပူးပေါင်းပါဝင်သော ဆန်းစစ်လေ့လာချက်များကြား ဆက်နွယ်မှုကို ပြုလုပ်သင့်သည်။

- ✔ ကောက်ယူခဲ့သော အချက်အလက်များကို ဆန်းစစ်လေ့လာသည့်နေ့တိုင်း၏ အပြီးတွင် အပြန်အလှန် တိုက်ဆိုင်စစ်ဆေးသည်။
- ✔ လိုအပ်ပါက အချက်အလက်အတည်ပြုခြင်းကို သက်ဆိုင်ရာ ဖြေကြားသူများနှင့် ချက်ချင်းပြုလုပ်သည်။
- ✔ ဆုံးရှုံးမှု အစဉ်လိုက်စီစဉ်ခြင်းကို ရပ်ရွာလူထု၏ ထင်မြင်ယူဆချက်နှင့် အကြံဉာဏ်များပေါ်တွင် မူတည်၍ ကောင်းစွာ ပြုလုပ်သည်။
- ✔ ရှိနှင့်ပြီးသော ဘေးထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များကို ရပ်ရွာလူထု၏ ထင်မြင်ယူဆချက်နှင့် အကြံဉာဏ်များ ပေါ်တွင်မူတည်၍ ကောင်းစွာ စာရင်းပြုစုထားရှိသည်။

၅.၄ ဆန်းစစ်လေ့လာမှုတွေ့ရှိချက်များအား တင်ပြခြင်း

ဆန်းစစ်လေ့လာမှုမှ တွေ့ရှိချက်များကို အောက်ပါပုံစံများဖြင့် အကောင်းဆုံး စုစည်းတည်ပြုနိုင်သည

+ နောက်ဆုံးဆန်းစစ်လေ့လာမှု ဇာတ်ကြောင်းအစီရင်ခံစာ
+ ဆုံးရှုံးနိုင်ခြေပြမြေပုံ နှင့်
+ ဇယားဖြင့် စီစဉ်ပြသမှု

နောက်ဆုံးဆန်းစစ်လေ့လာမှုဇာတ်ကြောင်းအစီရင်ခံစာသည် ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်တစ်ခုလုံးအား ၄င်း၏ စတင် ဖန်တီးခြင်း၊ ဦးတည်ချက်များ၊ ဆန်းစစ်လေ့လာရေးအဖွဲ့အား ခြုံငုံကြည့်ခြင်း၊ သင်တန်း၊ တစ်ဆင့်ပြီးတစ်ဆင့် ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်များကို နောက်ဆုံးရလဒ်များအထိ အသေးစိတ် စုစည်းထားသည်။ မြေပုံများနှင့် ဇယားပုံစံများ နှစ်ခုစလုံးသည် ဆုံးရှုံးနိုင်ခြေအချက်အလက် စာရင်းအား အမြန်လေ့လာနိုင်ရန်အတွက် အနှစ်ချုပ်ထားသည့်အတွက် ဤအစီရင်ခံစာ၏ ဖြည့်စွက်မှုဖြစ်သည်။

မြေပုံများသည် လူများရင်ဆိုင်နေရသောအရာများ၊ မည်သည့်နေရာ၊ မည်သည်အတိုင်းအတာ နှင့် ထိုဖော်ထုတ်ထားသော ပြဿနာများကို ဖြေရှင်းရန် သူတို့လက်ထဲတွင် ရှိနေသောအရာများကို မြင်နိုင်ရန်အတွက် အစီအစဉ်ချနိုင်ရန်အတွက် အထူးသဖြင့် အသုံးဝင်သည်။ အတိတ်ကာလမှ အန္တရာယ်များ၏ အကျိုးဆက်များကို ဖော်ပြသော အန္တရာယ်ပြမြေပုံအား ဆုံးရှုံးမှုဖြစ်လွယ်သောနေရာများနှင့် ဆုံးရှုံးနိုင်ခြေရှိသော အရာများကိုပြသည့် ဆုံးရှုံးနိုင်ခြေပြမြေပုံနှင့် ထပ်လိုက်ခြင်းဖြင့် အနာဂတ်ကာလတွင် ဖြစ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို ဖော်ထုတ်နိုင်ပြီ ပြန်လည်လုပ်ဆောင်နိုင်မှုများကို ရေးဆွဲနိုင်စည်။ အရည်အသွေးကောင်းသော ဒစ်ဂျစ်တယ်မြေပုံများကို ထုတ်လုပ်နိုင်ရန်အတွက် အကောင်အထည်ဖော်လုပ်ဆောင်မည့် အဖွဲ့အစည်းတွင်းတွင် အခြေခံ ပထဝီအနေအထားစနစ်ဆိုင်ရာ GIS စွမ်းဆောင်ရည်များကို လိုအပ်သည်။ အချက်အလက်

ကောက်ယူခြင်း လုပ်ငန်းစဉ်တွင် အန္တရာယ်ဖြစ်လွယ်သောနေရာများ၊ လုံခြုံစိတ်ချရသောနေရာများ အခြေခံအဆောက်အဦ အသုံးအဆောင်များ (ကျန်းမာရေးဆေးပေးခန်း၊ ကျောင်းများ၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကွန်ယက်၊ အများပိုင် အဆောက်အဦများ စသည်)တို့ကို ဖော်ပြသည့် လက်ဖြင့်ဆွဲသော မြေပုံများကို ရပ်ရွာလူထုမှ ပြုလုပ်ပြီး ရရှိနိုင်ပါက နောက်ဆုံး အစီရင်ခံစာတွင် တွဲထည့်နိုင်သည်။

အခြားတစ်ဖက်တွင် ဇယားများသည် အရေအတွက်ပြ သို့မဟုတ် အရည်အသွေးပြ တွက်ချက်မှုများမှ ဖော်ထုတ်ထားသော ခန့်မှန်းခြေ ဆုံးရှုံးမှုများကို တင်ပြထားသည်။ နည်းများအားလုံးထဲတွင် တစ်နှစ်လျှင် သေဆုံးမှုအရေအတွက် သို့မဟုတ် တစ်နှစ်လျှင် ပျက်စီးသောပစ္စည်းများ၏ ဆုံးရှုံးမှုတန်ဖိုးကို ဖော်ပြနိုင်သည်။ (ADPC, 2004) ၄င်းတို့သည် အမျိုးမျိုးသော ဆုံးရှုံးမှုများကို အစဉ်လိုက်စီစဉ်ထားမှုကိုလည်း ပြသနိုင်သည်။

အဆိုပါထုတ်ကုန်များအားလုံး – ဇာတ်ကြောင်းအစီရင်ခံစာများ၊ မြေပုံများနှင့် ဇယားများအားလုံးကို ရှေ့လာမည့် အဆင့် (၆.၂။ ရပ်ရွာလူထုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်)တွင် ရပ်ရွာလူထုစီမံကိန်း အတွက် ထိရောက်သော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်မှုများ တွက်ထုတ်ခြင်းအတွက် ထည့်သွင်း အသုံးပြုနိုင်သည်။

ဘေးထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်ဆန်းစစ်လေ့လာချက်နှင့်ပတ်သက်၍ ထပ်မံ ရည်ညွှန်းကိုးကားရန်အတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်း၏ http://www.ifrc.org/Global/Publications/disasters/vca/Vca_en.pdf ရှိ 'Vulnerability and Capacity Assessment Guidelines' နှင့် http://www.ifrc.org/en/what-we-do/disaster-management/preparing-for-disaster/disaster-preparedness-tools/disaster-preparedness-tools/ ရှိ ဘေးထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်ဆန်းစစ်လေ့လာချက်နှင့်ပတ်သက်သည့် အခြားစာရွက်စာတမ်းများကို ရည်ညွှန်းပါ။

Myanmar Red Cross Society

နောက်ဆုံး ဇာတ်ကြောင်းအစီရင်ခံစာအား မြေပုံများ၊ ဇယားများနှင့်အတူပူးတွဲလျက် ဒေသခံ ရပ်ရွာလူထုအား ရည်ရွယ်ချက်များ အတည်ပြုရန်နှင့် လုပ်ငန်းစဉ်တွင် သူတို့တစ်စိတ်တစ်ပိုင်း ပါဝင်ကြောင်း ပြသ၍ သူတို့၏ စိတ်ဝင်စားမှုအား ထိန်းသိမ်းနိုင်ရန် ဝေမျှရမည်။ ထို့ပြင် ရပ်ရွာလူထုအား ဆန်းစစ်လေ့လာမှုမှ ရလဒ်များသည် သူတို့၏ အကျိုးအမြတ်အတွက် မည်သို့အသုံးပြုမည့်အကြောင်းကို အသိပေးသင့်သည်။

- ✔ ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲထားသော ဆုံးရှုံးနိုင်ခြေနှင့် အန္တရာယ်မြေပုံများအား ဆန်းစစ်လေ့လာမှုများ၏ တွေ့ရှိချက်များအပေါ် အခြေခံ၍ပြုလုပ်ထားပြီး နောက်ဆုံး ဆန်းစစ်လေ့လာမှုအစီရင်ခံစာတွင် တွဲထားသည်။
- ✔ ရပ်ရွာလူထုမှ လက်ဖြင့်ရေးဆွဲထားသော မြေပုံများကို နောက်ဆုံးဆန်းစစ်လေ့လာမှုအစီရင်ခံစာတွင် တွဲထားသည်။
- ✔ တွေ့ရှိချက်များကို ဇယားပုံစံဖြင့်တင်ပြထားပြီး နောက်ဆုံးဆန်းစစ်လေ့လာချက် အစီရင်ခံတွင် တွဲထားသည်။
- ✔ မြေပုံများနှင့် ဇယားများပါဝင်သော နောက်ဆုံးအစီရင်ခံစာကို ရပ်ရွာလူထုအား အချက်အလက်များ အတည်ပြုရန်နှင့် သူတို့၏ စိတ်ပါဝင်စားနေမှုကိုထိန်းထားရန် ရည်ရွယ်ချက်နှစ်ခုအတွက် မျှဝေသည်။

အဆင့် ၆
လုပ်နိုးဆောင်ရွက်မှုအစီအစဉ်အား ဖော်ထုတ်ခြင်း

ရပ်ရွာလူထုအတွင်း ဘေးအန္တရာယ်လျော့ပါးရေးရည်မှန်းချက်ပြည့်မီအောင် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်သည် မိသားစုနှင့် မိသားစုတွင်းနေထိုင်သူတစ်ဦးချင်းစီအတွက် ပို၍လုံခြုံ စိတ်ချရသောပတ်ဝန်းကျင်ကို ဖန်တီးပေးလိုသောဆန္ဒဖြစ်ပေါ်ခြင်းမှ ဖင့်စတင်သည်။ ကဏ္ဍပေါင်းစုံ စစ်တမ်းကောက်ယူခြင်းသည် ရပ်ရွာလူထုအား ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်မှုများ နှင့် အန္တရာယ်နှင့်တွေ့ရခြင်း၏ အဓိကအကြောင်းအချက်များ၊ ဆုံးရှုံးနိုင်ခြေရှိသောအကြောင်းအရာ များနှင့် ဆုံးရှုံးမှုဖြစ်ရခြင်း အကြောင်းရင်းများ၊ ဒေသတွင်းရှိ အရင်းအမြစ်များနှင့် ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်းများကို စုစည်းပေးသည်။ တစ်ချိန်တည်းမှာပင် လူထုပူးပေါင်းပါဝင်သော ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်ရေး အစီအစဉ်ဆွဲခြင်းသည် အဆိုပါ ဆုံးရှုံးနိုင်ခြေများအား လျှော့ချရန် ကတိပြုခြင်းနှင့် လုပ်ဆောင်ခြင်းတို့ကိုလုပ်ဆောင်ရန် ရပ်ရွာလူထုနှင့် အခြားပါဝင်ပတ်သက်သူ များအား ပေါင်းစည်းပေးသည်။

လက်တွေ့ဘဝတွင် အန္တရာယ်များသောနေရာရှိ လူထုအများစုသည် ပုံမှန်အားဖြင့် သူတို့ကိုယ်ပိုင် ကျယ်ပြန့်သော ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်ကို ဖော်ထုတ်ရန် မတတ်နိုင်ကြပေ။ ထို့ကြောင့် သူတို့ကို ကူညီပေးရန် ပြင်ပမှ ဦးဆောင်ဆွေးနွေးမှုနှင့် လမ်းညွှန်မှုတို့ကို လိုအပ်သည်။ ကဏ္ဍပေါင်းစုံ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းစဉ်မှ ထွက်ပေါ်လာသော ကိစ္စရပ်များနှင့် ပြဿနာအခက်အခဲများကို အသုံးပြု၍ အောက်တွင်ဖော်ပြထားသောမေးခွန်းများကို သူတို့၏ အတွေးအခေါ်များအား လမ်းညွှန် ပေးရန်နှင့် စုစည်းပေးရန် မေးနိုင်သည်

+ ရှေ့လာမည့် ၃ နှစ်မှ ၅ နှစ်အတွင်း ဘာကို ရရှိဖို့ မျှော်လင့်ပါသလဲ။
+ ၄င်းကို ရရှိနိုင်ဖို့ ရပ်ရွာလူထုအတွင်း ယခုလောလောဆယ် ရနိုင်တဲ့ အရင်းအမြစ်ဘာတွေရှိသလဲ။
+ နောက်ထပ်ဘာအထောက်အပံ့တွေ လိုအပ်သလဲ။
+ အဲဒီနောက်ထပ်အထောက်အပံ့တွေကို ဘယ်သူတွေက ပံ့ပိုးပေးနိုင်မလဲ။
+ လိုအပ်တဲ့ လုပ်ဆောင်မှုတွေကို ဘယ်တော့ လုပ်ဆောင်နိုင်မလဲ။
+ ဘယ်သူတွေက လုပ်နိုင်မလဲ၊ ဘယ်လို လုပ်နိုင်မလဲ။

ထွက်ပေါ်လာသည့် အစီအစဉ်သည် ရပ်ရွာလူထုအတွက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိ နိုင်စွမ်း ပိုမိုရရှိစေရန်နှင့် လက်ရှိအချိန်ထိ လုပ်ဆောင်ထားသည့် ဖွံ့ဖြိုးရေးဆိုင်ရာ ပြီးမြောက် အောင်မြင်မှုများကို ထိန်းသိမ်းထားနိုင်စေရန်အတွက် လမ်းကြောင်းထွက်ပေါ်လာသော လမ်းညွှန် မြေပုံဖြစ်သည်။ ရပ်ရွာလူထု ရည်မှန်းချက်ပြည့်မီအောင်လုပ်ဆောင်ရေး အစီအစဉ်တွင် ထည့်သွင်း စဉ်းစားရမည့် အဓိကရှုထောင့်များအနက် တစ်ခုမှာ အဆင့်တိုင်းတွင် ပါဝင်ပတ်သက်သူများ အားလုံးအား ပါဝင်စေပြီး အကြံဉာဏ်ရယူခြင်းပင်ဖြစ်သည်။

အကွက် ၁၀
ရပ်ရွာလူထု ရည်မှန်းချက်ပြည့်မီစေရေး လုပ်ဆောင်မှုအစီအစဉ်တွင်ပါဝင်သော အဓိကရှုထောင့်များ

- လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်သည်
- လုပ်ငန်းစဉ်အား ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များနှင့် အချိန်တို့ ရှိသင့်သည်။
- နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုနှင့် ကျွမ်းကျင်ပညာရှင်များ နေရာတကျရှိနေသင့်သည်။
- ပါဝင်ပတ်သက်နေသူများ၏ ပါဝင်မှု (ယောကျ်ား၊ မိန်းမ၊ ယောကျ်ားလေး၊ မိန်းကလေး၊ အသက်ကြီးရွယ်အို များနှင့် မသန်စွမ်းသောသူများ)

Source: Community-based Disaster Risk Reduction (CBDRR) Participants Workbook. Community Safety and Resilience Unit (CSRU) of IFRC, 2008.

၆.၁ လူထုပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

၆.၁.၁ လူထုပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဆိုသည်မှာအဘယ်နည်း။

အခြေခံယေဘုယ်အရ လူထုပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်သည် ရပ်ရွာလူထု ရင်ဆိုင်နေရသော ဘေးအန္တရာယ်နှင့်ပတ်သက်သော ပျက်စီးဆုံးရှုံးမှုများနှင့် ခုခံနိုင်အားနည်းမှုများကို လျှော့ချရန် ရည်ရွယ်လျက် (ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေးနှင့် စီးပွားရေး ရှုထောင့်တို့တွင်) ဒေသနှင့်ကိုက်ညီသော ဘေးအန္တရာယ်လျော့ပါးသက်သာရေး စီမံချက်များကိုဖော်ထုတ်ရန် အစီအစဉ် ဆွဲခြင်း လုပ်ငန်းစဉ် ဖြစ်သည်။ ၄င်းအစီအစဉ်တွင် ပါဝင်ပတ်သက်သူများအားလုံးတို့သည် သူတို့၏ပါဝင်မှု အတိုင်းအတာအမျိုးမျိုးတို့ဖြင့် အကြံပေးဆွေးနွေးကြခြင်းဖြစ်၍ အချို့သော အုပ်စု တို့၏ ပါဝင် လှုပ်ရှားမှုသည် အခြားအဖွဲ့များထက်ပိုသည်။

Myanmar Red Cross Society

၆.၁.၂ လူထုပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၏ အကျိုးကျေးဇူးများမှာအဘယ်နည်း။

လူထုပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်သည် ကျေးရွာလူထုအဆင့်တွင် တိုးတက်လုပ်ဆောင်ရန်သင့်လျော်သည်။ အဘယ်ကြောင့်ဆိုသော် ...

+ ရပ်ရွာလူထု၏ စုပေါင်းရည်မှန်းချက်ကို စုစည်းပေးသည်။
+ လုပ်ငန်းစဉ်အား ပါဝင်ပတ်သက်သူများအားလုံး၏ သဘောတူညီချက်ဖြင့် ဖော်ထုတ်ခြင်းဖြစ်၍ ပါဝင်ပတ်သက်သူများ တစ်ဦးချင်းစီ၏ (အရင်းအမြစ်များ၊ လုပ်ငန်းတာဝန်များဆိုင်ရာ) ကတိကဝတ်များကို သေချာစေသည်။
+ ပြီးပြည့်စုံသော စာရင်းများပါဝင်သည့် ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းပါဝင်သော လုပ်ငန်း အစီအစဉ်သည် လိုအပ်သော ငွေကြေးထောက်ပံ့မှုကွက်လပ်များကို ဖြည့်ရန်အတွက် စိတ်ဝင်စားသော ငွေကြေးပိုင်းပံ့ပိုးသူ သို့မဟုတ် အလှူရှင်များကို ချဉ်းကပ်ရန်အတွက် အဆိုပြုလွှာအဖြစ် အသုံးပြုနိုင်သည်။
+ ၄င်းသည် ရပ်ရွာလူထုအား ပိုင်ဆိုင်မှုစိတ်ပိုမိုကြီးမားရန်အတွက် အားပေးသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ တက်ကြွစွာ ပါဝင်လှုပ်ရှားမှုအား လုပ်ငန်းစဉ် အစမှ တစ်လျှောက်လုံး ပါဝင်စေခဲ့ခြင်းကြောင့်ဖြစ်သည်။
+ ကျောင်းအဆင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်သည့်အဖွဲ့အား စီမံကိန်းပြီးဆုံးသွားပြီး နောက်ပိုင်းထိ တည်တံ့နေနိုင်သော စီမံကိန်းချခြင်းနှင့် စီမံခန့်ခွဲခြင်း စွမ်းရည်များရရှိနိုင်သော အခွင့်အရေးကို ဖန်တီးပေးသည်။

၆.၂ ရပ်ရွာလူထုဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား ဖော်ထုတ်ခြင်း

Myanmar Red Cross Society

လူထုပူးပေါင်းပါဝင်သောရပ်ရွာအဆင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ် သို့မဟုတ် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သည် ၄င်း၏ နောက်ဆုံး နိဂုံး ဖြစ်သည့် အပြန်အလှန် သဘောတူကြသော၊ သင့်တော်၍ လက်တွေ့ကျသည့် ရည်မှန်းချက် ပြည့်မီရေး လုပ်ငန်းစဉ်အား အောက်ဖော်ပြပါအဆင့်များအတိုင်း လုပ်ဆောင်၍ ရောက်ရှိစေရန် ရည်ရွယ်သည်။

၁။ ရည်မှန်းချက်ပြည့်မီရေးစီမံချက်ချခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာလူထုအား ပါဝင်ပူးပေါင်းစေခြင်း

ရပ်ရွာလူထုအား လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်အား အသိပေးခြင်းသည် မည်သည့် စစ်တမ်းကောက်ယူရေးလုပ်ငန်းမဆို အစကနဦးတွင် ပုံမှန်လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည်။ ၄င်းသည် ရပ်ရွာလူထုအား စစ်တမ်းကောက်ယူရခြင်းသည် လုပ်သင့်လုပ်ထိုက်ကြောင်းသိစေပြီး သူတို့ရင်းနှီးပေးရသည့်အချိန် ထိုက်တန်ကြောင်းကိုလည်း သိစေသည့်အတွက် အရေးကြီးသည်။ ရပ်ရွာအစည်းအဝေးကို ရပ်ရွာလူထုအဖွဲ့အစည်းတစ်ခုလုံးအား ဖိတ်ကြား၍ ကျင်းပစီစဉ်ပြီး အလေးထားစရာကိစ္စများနှင့် သံသယဖြစ်မှုများအပေါ်တွင် မေးခွန်းများကို မေးမြန်းနိုင်သည်။ သူတို့အား ရှေ့ဆက်လာမည့် လုပ်ငန်းစီစဉ်လုပ်ဆောင်မှုများ၊ ၄င်းတို့၏ အရေးပါပုံ၊ အချိန်အလိုက် ဆောက်ရွက်ရန်များ၊ မျှော်မှန်းရလဒ်များနှင့် ရပ်ရွာလူထုထံမှ မျှော်လင့်ထားသော ကူညီမှုနှင့် ကတိကဝတ်ပြုမှုများကို အသိပေးဆွေးနွေးသည်။ အစည်းအဝေးတွင် ရပ်ရွာလူထုသည် လုပ်ငန်း စီစဉ်ရေးဆွဲရေးအဖွဲ့၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်နိုင်မည့်သူကို ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီနှင့် စီမံကိန်းအဖွဲ့တို့နှင့် အတူတကွ ရွေးချယ် သတ်မှတ်နိုင်မည်ဖြစ်သည်။ နယ်ပယ်ပေါင်းစုံ ပါဝင်သောအဖွဲ့ဖြစ်နိုင်လျှင် ပို၍ ကောင်းမွန်ပေသည်။

> စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်တွင် အောက်ပါ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ခြင်း သို့မဟုတ် အမည်တပ်၍ ခေါ်ခြင်း တို့ ပြုလုပ်သင့်သည် –
> - ထိခိုက်ခံရသောအုပ်စုအားလုံးမှ လူများအပေါ် သြဇာညောင်းသောသူ
> - ပြဿနာ သို့မဟုတ် ကိစ္စရပ်တွင် တိုက်ရိုက်ပါဝင်ပတ်သက်သူ
> - ရပ်ရွာလူထုတွင်း ဝင်ရောက်လုပ်ဆောင်နေသော အောက်ခြေလူအဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ
> - ရပ်ရွာလူထု၏ လူမျိုးစုနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့များမှ အဖွဲ့ဝင်များ
> - ကွဲပြားသောအခန်းကဏ္ဍများ – ဆက်သွယ်ရေးမီဒီယာ/ စီးပွားရေးအဖွဲ့အစည်း/ ဘာသာရေးအဖွဲ့/ ကျောင်းများ/ လူငယ်အဖွဲ့များ/ လူမှုရေးဝန်ဆောင်မှုအဖွဲ့အစည်းများ/ ကျန်းမာရေးအဖွဲ့အစည်းများ
>
> *Source: Developing an Action Plan, The Community Tool Box, http://ctb.ku.edu/en/tablecontents/sub_section_tools_1089.aspx#checklist.*

ပူးပေါင်းပါဝင်သော စီမံကိန်းဆွဲခြင်းတွင် အမျိုးမျိုးကွဲပြားသော လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန်အတွက် လူအဖွဲ့အစည်းအတွင်း ဘေးထိခိုက်လွယ်ဆုံးအုပ်စုများ (လူနည်းစုဖြစ်သော လူမျိုးစုများ၊ မိသားစုကိုဦးဆောင်နေရသော ဆင်းရဲသောအမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကာယပိုင်းဆိုင်ရာ ခက်ခဲမှုရှိနေသူများ) ကို ပါဝင်စေရန် အရေးကြီးလှသည်။ သူတို့၏ အားသာချက်နှင့် စွမ်းဆောင်ရည်တို့ကို ရပ်ရွာ၏အရင်းအမြစ်များစာရင်းတွင် ထည့်သွင်းပြုစု၍ တူညီသောအုပ်စုတွင်း အခြား အုပ်စုဝင်များကို အကူအညီပေးနိုင်ရန် အသုံးပြုသင့်သည်။

- ✔ ရပ်ရွာလူထုအား ဖြစ်လာမည့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်အား ကောင်းစွာရှင်းပြသည်။
- ✔ ရပ်ရွာလူထုသည် ရပ်ရွာ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တစ်ခုရှိရန် လိုအပ်သည်ကို ကောင်းစွာနားလည်သဘောပေါက်သည်။
- ✔ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပါဝင်မည့် ရပ်ရွာလူထု ကိုယ်စားလှယ်များကို ရပ်ရွာလူထုမှ တည်တည်ကြည်ကြည်ရွေးချယ်ပြီး သူတို့ကို လူထုကိုယ်စားပြု ကိုယ်စားလှယ်အစစ်အမှန်အဖြစ် မှတ်ယူသည်။
- ✔ ထိုအဖွဲ့သည် နယ်ပယ်ပေါင်းစုံပါဝင်သောအဖွဲ့ဖြစ်သည်။ အမျိုးမျိုးသော နောက်ခံအခြေအနေများမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။
- ✔ စီမံကိန်းရေးဆွဲရေးအဖွဲ့တွင်းတွင် အဖွဲ့ဝင်များ အထူးသဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၏ အကြံပြုချက်များအပေါ်အခြေခံ၍ အဖွဲ့ခွဲများကို ဖွဲ့စည်းသည်။

၁။ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်တစ်ခုလုံးတွင် ဒေသခံအာဏာပိုင်များအား ပုံမှန် သတင်း အချက်အလက်မျှဝေခြင်း၊ အကြံဉာဏ်ရယူခြင်းအားဖြင့် ပူးပေါင်းပါဝင်မှုရှိစေရန် အားပေး စေလိုသည်။ သူတို့သည် အပြန်အလှန်အားဖြင့် ပိုမိုအားကောင်းသော ရပ်ရွာလူထုတွင်း စေ့စပ်ကြောင်းလမ်းခြင်းနှင့် အရင်းအမြစ်များဆိုင်ရာ ကတိကဝတ်ပြုခြင်းတို့အတွက် ထောက်ခံစည်းရုံးပေးသောအဖွဲ့အဖြစ် ဆောင်ရွက်ကူညီပေးနိုင်သည်။

၂။ အလားတူပင် ရပ်ရွာလူထုအား စီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်၏ တိုးတက်မှုကို အမြဲအသိပေးသင့်သည်။

၃။ ရပ်ရွာလူထု၏ စိတ်ဝင်စားမှု ပိုမိုခိုင်မာရပ်တည် နေနိုင်ရန်အတွက် လူမှုရေးလုပ်ဆောင်ချက် များနှင့် တစ်ချိန်တည်းမှာပင် အကြံပေးဆွေးနွေးသည့်အစည်းအဝေးများကို ပြုလုပ်သင့်သည်။

Myanmar Red Cross Society

၂။ စီမံကိန်း၏ ဦးတည်ချက်အား တွက်ထုတ်ခြင်း

ဦးနှောက်မုန်တိုင်းဆင်အဖြေရှာခြင်း အပိုင်းကို ပါဝင်သူများအားလုံး (ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီ၊ စီမံကိန်းတာဝန်ရှိသူများ၊ ရပ်ရွာလူထုကိုယ်စားလှယ်များ) တို့အား ဦးတည်ရပ်ရွာလူထု၏ ရည်မှန်းချက်ကို ထင်ဟပ်စေမည့် စီမံကိန်းဦးတည်ချက်တို့ကို စဉ်းစားစိတ်ကူးလာစေ၍ စည်းရုံး ပြုလုပ်သည်။ ဦးတည်ချက်များသည် ရပ်ရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များကို ထိမိစေရန် အတွက် ရပ်ရွာလူထုကိုယ်စားလှယ်များအား ဆွေးနွေးမှုများတွင် ဦးဆောင်ရန် အားပေးသင့်သည်။ ပြီးခဲ့သည့် အဆင့်မှ ဆန်းစစ်လေ့လာမှုအစီရင်ခံစာနှင့် တွေ့ရှိချက်များကို ရည်ညွှန်းသင့်သည်။ (စီမံကိန်းဦးတည်ချက်အား တွက်ထုတ်ခြင်းကို အပိုင်း ၃.၁.၃။ စစ်တမ်းကောက်ယူတွေ့ရှိချက် များအား ခွဲခြမ်းစိတ်ဖြာခြင်းတွင်လည်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုအခန်းတွင် ပြဿနာသစ်ပင်အား ဦးတည်ချက်သစ်ပင်သို့ ပြောင်းပုံကို ဆွေးနွေးခဲ့ပြီး ကြားဝင်လုပ်ဆောင်မည့်နည်းလမ်းများကို ဖော်ထုတ်ခဲ့သည်)

- ✔ နည်းစနစ်တကျ လေ့လာဆန်းစစ်မှုများမှ တွေ့ရှိချက်များ (အခန်း ၅ ကိုကြည့်ပါ)ကို ရည်ညွှန်းသည်။
- ✔ ရပ်ရွာလူထုကိုယ်စားလှယ်များကို ဆွေးနွေးမှုတွင်ပါဝင်ရန် အားပေးသည်။
- ✔ စီမံကိန်း၏ ဦးတည်ချက်သည် ရပ်ရွာလူထု၏ အမှန်တကယ်လိုအပ်ချက်ကို ထင်ဟပ်သည်။

၃။ အဖွဲ့/အုပ်စုခွဲများ ဖွဲ့စည်းခြင်း

ပို၍ထိရောက်သော စီမံကိန်းရေးဆွဲခြင်းဖြစ်စေရန် ပါဝင်တက်ရောက်သည့် ပါဝင်ပတ်သက်သူများကို အုပ်စုသို့မဟုတ် အဖွဲ့ငယ်များကို ဘေးအန္တရာယ်လျော့ပါးရေး၏ အဓိက ရှုထောင့်များ ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်းနှင့် လျော့ပါးသက်သာရေး၊ ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ နေအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဓာတ်လူမှုရေးဆိုင်ရာထောက်ပံ့ရေး၊ စွမ်းဆောင်ရည် တည်ဆောက်ရေး၊ ညှိနှိုင်းဆွေးနွေးရေး၊ သတင်းအချက်အလက်၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းစသည့် ရှုထောင့်များ သို့မဟုတ် အချိန်အလိုက်ဆောင်ရွက်ခြင်း (မဖြစ်ခင်၊ ဖြစ်ဆဲ၊ ဖြစ်ပြီး) တို့အပေါ်တွင် မူတည်၍ ခွဲခြမ်းနိုင်သည်။

အကောင် အထည်ဖော်လုပ်ဆောင်ခြင်းလုပ်ငန်းစဉ်အား ကြည့်ရှုပေးရန်နှင့် စီမံကိန်းကာလပြီးနောက် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး တာဝန်များကို ဆက်လက်ယူရန်အတွက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသည် အဓိက ကိုယ်စားလှယ်ဖြစ်သည်။ သီးခြား အဖွဲ့/အုပ်စုငယ်များသို့ အဖွဲ့ဝင် များအား နေရာချထားရာတွင် တစ်ဦးချင်းစီအား သူတို့၏ နောက်ခံအခြေအနေများနှင့် ပြဿနာ စိတ်ဝင်စားမှုအပေါ်တွင် မူတည်၍ တာဝန်ခွဲဝေ ထမ်းဆောင်စေသည်။

အဆင့် ၂ နှင့် ၃ တို့ကို ပေါင်းစပ်၍ အစည်းအဝေးတစ်ခုတည်းမှာပင် ပြုလုပ်နိုင်သည်။

၄။ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများ ဆောင်ရွက်မှုအား တိတ်ထွင်ဖန်တီးခြင်း

ရပ်ရွာလူထု ရည်မှန်းချက်ပြည့်မီရေး လုပ်ဆောင်ခြင်းစီမံကိန်းတွင် အောက်ပါတို့ကို ရပ်ရွာလူထု မည်သို့ လုပ်ဆောင်နိုင်မည့် အတိုင်းအတာကို ထည့်သွင်းသင့်သည် –

+ ဆုံးရှုံးမှုကို အစားထိုးခြင်းအစား ဆုံးရှုံးမှုကို ရှောင်ကြဉ်ခြင်း
+ လူမှုရေးပိုင်းဆိုင်ရာ လွဲချော်မှုများကို ရှောင်ကြဉ်ခြင်း
+ အိမ်ထောင်စုများ၊ အဖွဲ့အစည်းနှင့် အစိုးရ၏ ပိုင်ဆိုင်မှုများကို ကာကွယ်ခြင်း
+ ရပ်ရွာအဖွဲ့အစည်း လုံခြုံမှုဆိုင်ရာ ကွန်ယက် (မိသားစု၊ ကျန်းမာရေး၊ အစားအသောက်အထောက်အပံ့၊ ပညာရေး၊ ယဉ်ကျေးမှု)နှင့် အထောက်အပံ့များအား တူညီစွာ ရရှိနိုင်မှုကို ကာကွယ်ခြင်း
+ ဘေးဒုက္ခကျရောက်လွယ်သူများ၏ လိုအပ်ချက်များအား ပြည့်စုံလောက်လောက်စွာ ဖော်ထုတ်နိုင်စေခြင်း (CSRU-IFRC SEA Office, 2008)

Myanmar Red Cross Society

အဖွဲ့/အုပ်စုခွဲတစ်ခုစီသည် သူတို့၏ သက်ဆိုင်ရာဒေသများတွင် ဘေးအန္တရာယ်လျော့ကျရေးဆိုင်ရာ လုပ်ဆောင်နိုင်မှုအတိုင်း အတာများကိုဖော်ထုတ်ရန် တာဝန်ရှိသည်။ ထိုလုပ်ဆောင်မှုများကို ရေတို၊ အလယ်အလတ်နှင့် ရေရှည် လုပ်ဆောင်မှုများအဖြစ် ခွဲခြားကာ စနစ်တကျ နှင့် စနစ်တကျ မဟုတ် သော ကြားဝင်လုပ်ဆောင်မှုနှစ်မျိုးလုံးကို ထည့်သွင်းရမည်။ ဥပမာအချို့ကို အကွက် ၁၁ – ဖြစ်နိုင်ခြေ ရှိသော ဆောက်လုပ်မှုဆိုင်ရာနှင့် ဆောက်လုပ်မှုနှင့်မဆိုင်သော အစီအမံများ အကျဉ်းချုပ်တွင် ဖော်ပြထားသည်။ နမူနာလုပ်ဆောင်မှုများအား နောက်ဆက်တွဲ ၅ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက် နမူနာများတွင် ပို၍အသေးစိတ်သောစာရင်းကို တွေ့နိုင်သည်။

အကွက် ၁၁
ဖြစ်နိုင်ခြေရှိသော ဆောက်လုပ်မှုဆိုင်ရာနှင့် ဆောက်လုပ်မှုနှင့်မဆိုင်သော အစီအမံများ

ဆောက်လုပ်မှုဆိုင်ရာ အစီအမံများ

ဆောက်လုပ်မှုဆိုင်ရာကြောင့် ထိခိုက်မှု လျော့နည်းစေခြင်းများဖြစ်သည့်

- ကာကွယ်ရေးဆိုင်ရာ တည်ဆောက်မှုများဖြစ်သည့် ရေကာတာများ၊ ရေနုတ်မြောင်းများ၊ တာတမံများ၊ ရေကာတာများ စသည်
- အများသုံး အဆောက်အဦများဖြစ်သည့် လမ်းကြောများ၊ ဆက်သွယ်ရေးကွန်ယက်များနှင့် အခြား ပုံပိုးရေးအဆောက်အဦများ (ဆေးရုံများ၊ ကျောင်းများ၊ ရေပေးဝေရေးစက်ရုံများ၊ ဓာတ်ငွေ့ပိုက်လိုင်းများ စသည်) တို့၏ ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ခြင်းတို့တွင် အန္တရာယ်ဒဏ်ခံနိုင်စေရေး အယူအဆများကို ပေါင်းစပ်ထည့်သွင်း၍ ခိုင်မာစေခြင်းနှင့် အန္တရာယ်မှ လုံခြုံစေခြင်း

ဆောက်လုပ်မှုနှင့်မဆိုင်သော အစီအမံများ

- ဘေးအန္တရာယ် အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ခြင်း (ဥပမာ – မျိုးစေ့ဘဏ်တိုက် တည်ဆောက်ခြင်း၊ မြစ်ကြောင်းတစ်လျှောက် ကြေးငြာဆိုင်းဘုတ်များ ရှာဖွေ၍ ဖော်ထုတ်ခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများအား သိုလှောင်ထားခြင်း)
- စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ အားဖြည့်ပေးခြင်း (ဥပမာ – ဒေသခံ စေတနာ့ဝန်ထမ်းရှင်များအား သင်တန်းပေးခြင်း၊ လက်သမားများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အန္တရာယ်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေးနည်းပညာဆိုင်ရာ သင်တန်းများတို့ကို ရှာဖွေ၍ ဖော်ထုတ်ခြင်း)
- မြေအသုံးပြုမှုဆိုင်ရာ စီမံကိန်းဆွဲခြင်း (ဥပမာ – ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်ဖြင့် ဘေးအန္တရာယ်မကင်းသော နေရာများကို ဇုန်သတ်မှတ်ခြင်း)
- ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ဥပဒေများနှင့်၊ ပြဋ္ဌာန်းချက်များအား ဖော်ထုတ်ခြင်းနှင့် တည်မြဲစေခြင်း (ဥပမာ – အဆောက်အအုံဆိုင်ရာဥပဒေများ၊ မြေအသုံးပြုမှုဆိုင်ရာ သတ်မှတ်ချက်စည်းမျဉ်းများ)
- သုတေသနပြုခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု
- လေ့လာဆန်းစစ်ချက် (ဥပမာ – ပျက်စီးမှုနှင့် ဆုံးရှုံးမှုများကို လေ့လာဆန်းစစ်ခြင်း၊ အားနည်းချက်နှင့် စွမ်းဆောင်နိုင်ရည်ကို လေ့လာခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း)
- သတင်းအချက်အလက် အရင်းအမြစ်များအား စီမံခန့်ခွဲခြင်း (ဥပမာ – ဘေးအန္တရာယ်ဆိုင်ရာအချက်အလက်များအား ပြုစုခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း)
- အများပြည်သူအား အသိပညာပေးပေးခြင်း (ဥပမာ – ဘေးအန္တရာယ်အသိပေး လက်ကမ်းစာစောင်များ၊ ပိုစတာများနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ ကျောင်းတွင်း ပြဇာတ်များ)
- ဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်
- ဘေးအန္တရာယ်အာမခံ
- ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ဘေးအန္တရာယ်လျော့ပါးရေးအား ထည့်သွင်းစီးဝင်စေခြင်း (ဥပမာ– ဘေးအန္တရာယ်လျော့ပါးရေး သဘောတရားများကို ကျောင်းသင်ရိုးများ၊ ရေလွှမ်းမိုးဒဏ်ခံ ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်း၊ လမုပင် စိုက်ခင်းများ၊ ရေရှည်ထိန်းသိမ်းထားနိုင်သော အသက်မွေးဝမ်းကျောင်း စီမံချက်)

ဥပမာ – "မတောင့်တင်းသောအိမ်" အရေးကိစ္စအတွက် ရေကြီးခြင်း သို့မဟုတ် ဆိုင်ကလုန်းမုန်တိုင်း ရာသီ မတိုင်မီ (ဆောက်လုပ်မှုဆိုင်သော တိုတောင်းကာလ) နေအိမ်များအား ခိုင်မာစေခြင်း လက်သမားများနှင့် ဆောက်လုပ်ရေး လုပ်သားများအား ဘေးအန္တရာယ်ဒဏ်ခံနိုင်သော ဆောက်လုပ်နည်းများ (ဆောက်လုပ်မှုနှင့်မဆိုင်သော၊ အလယ်အလတ် ကာလပိုင်း) သင်တန်းများပေးခြင်း၊ ဘေးအန္တရာယ်ဒဏ် ခံနိုင်သော ဒီဇိုင်းပုံစံများကို ဆောက်လုပ်ရေး လုပ်ထုံးများတွင် ထည့်သွင်းပေါင်းစပ်ရေးအတွက် ထောက်ခံမှုရရန် ဆောင်ရွက်ခြင်းတို့ဖြင့် သင့်တော်သော လုပ်ဆောင်မှုအတိုင်းအတာတို့ ဖြစ်နိုင်သည်။ အလားတူပင် "ဆုံးရှုံးမှုဖြစ်နိုင်သောနေရာ"နှင့်သက်ဆိုင်သော အရေးကိစ္စတွင် ရေနုတ်မြောင်းများ၊ ရေကာတာများ (ဆောက်လုပ်မှုဆိုင်ရာ၊ အလယ်အလတ်ကာလပိုင်း)တည်ဆောက်ခြင်း၊ မြေနေရာအသုံးပြုမှု စီမံချက်အား လက်ခံခြင်း (ဆောက်လုပ်မှုနှင့်မဆိုင်သော၊ ရေရှည်) စသည့် လုပ်ဆောင်ချက်များကို ထည့်သွင်းနိုင်သည်။ ဆောက်လုပ်မှုနှင့်ဆိုင်သော အစီအမံများအတွက် လိုင်စင်ရအင်ဂျင်နီယာ၏ ပါဝင်လုပ်ဆောင်မှု လိုအပ်ပြီး မြို့နယ်တွင်း အများပြည်သူ့လုပ်ငန်းနှင့် ဆိုင်သောဌာနများသည် အဓိက အရင်းအမြစ် ဖြစ်သည်။

ကိစ္စရပ် နှင့် ပြဿနာတစ်ခုချင်းစီအား တစ်ချိန်တည်းအပြီး ဖော်ထုတ်ခြင်းနှင့် အုပ်စု/အဖွဲ့ဝင်များ၏ အဆိုပြုအကြံပေးသည့် လုပ်ဆောင်ချက်များအားလုံးကို စာရင်းပြုလုပ်ထားလျှင် ပို၍ကောင်းသည်။ သာမန်ဖြစ်သည်ဟုထင်ရလွန်းသည့် လုပ်ဆောင်မှုများကိုပင်လျှင် မှတ်တမ်းထားရှိသင့်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည့် ကျွန်ုပ်တို့ကဲ့သို့ ပြင်ပမှလူများအတွက် လုပ်ရိုးလုပ်စဉ်ဟု ထင်ရနိုင်သော်လည်း ရပ်ရွာလူထုအတွက် အလွန်အရေးကြီးသော လုပ်ဆောင်ချက်ဖြစ်နိုင်သည်။ အချို့သောလုပ်ဆောင်ချက်များသည် အုပ်စု/အဖွဲ့ခွဲများအကြား ပူးပေါင်းလုပ်ဆောင်သော အားစိုက်ထုတ်မှုများ လိုအပ်နိုင်ပြီး ၄င်းကို အသားပေးလုပ်ဆောင်သင့်သည်။ နေ့တစ်နေ့၏ အဆုံးတွင် အုပ်စု/အဖွဲ့တစ်ခုချင်းစီ တိုင်းကို သူတို့၏ဆွေးနွေးမှုများမှ ထွက်ပေါ်လာသောရလဒ်များကို ဝေမျှစေသောအခါ မည်သည့် လုပ်ဆောင်ချက်သည် မည်သည့် အုပ်စု/အဖွဲ့၏ အောက်တွင် ရှိသင့်ကြောင်းနှင့် အမှန်တကယ် အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် အဖွဲ့များကြား မည်သို့ ပူးပေါင်းဆောင်ရွက်နိုင်မည် တို့အပေါ် အခြေအတင်ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နိုင်သည်။ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုအမျိုးမျိုးအတွက် ရွေးချယ်စရာစာရင်းနမူနာအချို့ကို နောက်ဆက်တွဲ–၅ တွင် ဖော်ပြထားသည်။

Myanmar Red Cross Society

ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေနေထိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းထားခြင်းတို့သည် ဝန်းရံနေသောပတ်ဝန်းကျင်၊ ဒေသရင်းသစ်ပင်ဒေသရင်း တိရစ္ဆာန်တို့နှင့် သင့်တင့်လျောက်ပတ်စွာနေထိုင်ပြီး အပြန်အလှန် အမှီသဟဲပြုလျက်နေထိုင်သော ကျေးလက်နေ ရပ်ရွာလူထုအတွက် အရေးကြီးလှသော ကိစ္စရပ်များဖြစ်သည်။ ထို့ကြောင့် လမုပင်များ ပြန်လည် နာလန်ထူရေးနှင့် သစ်ပင်စိုက်ပျိုးရေး စသည့် လုပ်ဆောင်မှုများ ထည့်သွင်းခြင်းကို လျော့ပါး သက်သာရေးလုပ်ဆောင်ချက်များအဖြစ် တိုးမြှင့်လုပ်ဆောင်သင့်သည်။ ထို့မှသာ ရာသီဥတု ပြောင်းလဲမှုနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို ထိခိုက်စေသော အကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် အထောက်အပံ့ဖြစ်မည် ဖြစ်သည်။

- ✔ ဆန်းစစ်လေ့လာမှုမှ ဖော်ထုတ်လိုက်သော ပြဿနာ/ကိစ္စရပ်တစ်ခုစီအား တူညီသော အာရုံစိုက်မှုပေးရမည်။
- ✔ ဘေးအန္တရာယ် လျှော့ချရေး လုပ်ငန်းများသည် စနစ်တကျ နှင့် စနစ်တကျမဟုတ်သော လုပ်ဆောင်ချက် နှစ်မျိုးလုံး အကျုံးဝင်သည်။
- ✔ စောင့်ကြည့်လေ့လာခြင်း

များစွာသော ရပ်ရွာလူထု ရည်မှန်းချက်ပြည့်မီရေး စီမံကိန်းတို့ ကြုံတွေ့ရသည့် မျှော်လင့်မထားသော ပုံမှန်တွေ့ကြုံရသည့်အခက်အခဲသည် ကောင်းစွာမစီစဉ်ထားသော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် ၄င်းအား ပံ့ပိုးပေးမည့် လျာထားငွေမရှိခြင်းဖြစ်သည်။ ရည်မှန်းချက် ပြည့်မီရေး လုပ်ဆောင်ရန်စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်အတွက် အဓိက လုပ်ဆောင်မှုတစ်ခုအဖြစ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းကို ၄င်းတို့၏ သတ်မှတ် လုပ်ဆောင်ချိန်နှင့် လုံလောက်သော လျာထားငွေတို့နှင့်အတူ လုပ်ဆောင်ချက်များစာရင်းတွင် သီသာထင်ရှားစွာ ဖော်ပြထားသင့်သည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းအုပ်ချုပ်မှု စသည့် ပေါင်းစပ် လုပ်ဆောင်သည့်ကိစ္စရပ်များအတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သကဲ့သို့ စီစဉ်ရေးဆွဲထားသော လုပ်ဆောင်ချက်များသည့် အဆိုပါ ခေါင်းစဉ်များအား ခြုံငုံမိခြင်း ရှိစေရန် လိုအပ်သည်။

၅။ **လိုအပ်သော အရင်းအမြစ်များအား စိစစ်သတ်မှတ်ခြင်း**

ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များအား ဖော်ထုတ်ခြင်းကဲ့သို့ပင် အဖွဲ့တစ်ဖွဲ့ချင်းစီသည် သူတို့၏ ကိုယ်ပိုင် အရင်းအမြစ်များအား ခွဲခြမ်းစိတ်ဖြာခြင်းနှင့် နောက်ပိုင်းတွင် ဘုံသုံးလျာထား ဘတ်ဂျတ်ငွေနှင့် ပေါင်းစပ်မည့်

လျာထားဘတ်ဂျတ်ငွေတို့ကို ပြင်ဆင်ထားနိုင်သည်။ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုတိုင်းအတွက် အောက်ပါတို့ကို ဖော်ထုတ်ရန် လိုအပ်သည်။ (CSRU- IFRC SEA Office, 2008)

+ ခန့်မှန်းခြေ လျာထားဘတ်ဂျတ်ငွေ
+ ဘေးထိခိုက်လွယ်သောအုပ်စုများ၏ စွမ်းဆောင်ရည်များ (ဘာသာစကားစွမ်းရည်၊ အတွေးအမြင်၊ ဆက်သွယ်ခြင်းစသည်) အပါအဝင် ရပ်ရွာတွင်း ရနိုင်သော အရင်းအမြစ်များ (လူစွမ်းအား၊ ပစ္စည်း၊ ငွေ၊ အချိန်)
+ ဒေသတွင်းအဆင့် – ဒေသခံ အုပ်ချုပ်ရေး၊ ပုဂ္ဂလိက အခန်းကဏ္ဍ၊ ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ – တွင် ရရှိနိုင်သော အရင်းအမြစ်များ
+ စီမံကိန်းသို့ တောင်းဆိုနိုင်သော အရင်းအမြစ်များ
+ စီမံကိန်းပြင်ပမှ ရယူရန်လိုအပ်သော နောက်ထပ် အရင်းအမြစ်များနှင့် အလားအလာရှိသော အရင်းအမြစ်များ (အလှူရှင်အဖွဲ့အစည်းများ)

✔ လုပ်ဆောင်ချက်တစ်ခုချင်းစီအတွက်လိုအပ်သော အရင်းအမြစ်များကို ဖော်ထုတ်သည်။

၆။ လုပ်ငန်းကဏ္ဍနှင့် တာဝန်များကို ခွဲဝေသတ်မှတ်ခြင်း

လုပ်ဆောင်ချက်တစ်ခုစီ/ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများပေါ် မူတည်၍ အကောင် အထည်ပေါ်အောင် လုပ်ဆောင်ရန် တာဝန်ရှိသည့် အဓိက လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အုပ်စုတို့ကို သတ်မှတ်ရန် လိုအပ်သည်။ ၄င်းတို့သည် ထိုဒေသတွင်းရှိ အစိုးရ ကိုယ်စားလှယ်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအခြေပြု အဖွဲ့ အစည်းများဖြစ်နိုင်သည်။

✔ လုပ်ဆောင်ချက်တစ်ခုချင်းစီအတွက် ဦးဆောင်ကိုယ်စားလှယ်အဖွဲ့ကို သတ်မှတ်သည်။
✔ ခန့်မှန်းထားသော အချိန်ကာလလိုက်အစီအစဉ် သို့မဟုတ် အကောင်အထည်ဖော်လုပ်ဆောင်မှု လုပ်ငန်းအစီအစဉ် အား ဖော်ထုတ်သည်။
✔ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်နှင့် မူဝါဒများအား ဖော်ထုတ်၍ သဘောတူဆုံးဖြတ်သည်။
✔ လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်နေစဉ်အတွင်း ထွက်ပေါ်လာနိုင်သော စိန်ခေါ်မှုများကို သတ်မှတ်၍ ဖြေရှင်းနည်းများကိုလည်း ဖော်ထုတ်သည်။

၇။ အချိန်ကာလအလိုက်အစီအစဉ် သတ်မှတ်ခြင်း

စီမံချက်တစ်ခုအတွင်း ရေးဆွဲသော အချိန်ကာလအလိုက်အစီအစဉ်သည် သီးခြားလုပ်ဆောင်မှုများသည် မည်သည့် အချိန်တွင် စတင်၍ မည်သည့်အချိန်တွင် ပြီးဆုံးရမည်ကို ဆုံးဖြတ်ပေးသည်။ ထပ်မံ၍ ၄င်းသည် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုတစ်ခုစီအတွက် သတ်မှတ်ရန် လိုအပ်သည်။

၈။ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်နှင့် မူဝါဒများအား ဖော်ထုတ်ခြင်းနှင့် ပြဋ္ဌာန်းခြင်း

စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များအား လမ်းညွှန်မှုပေးနိုင်မည့် အခြေခံ စည်းမျဉ်းများ၊ လုပ်ငန်းလုပ်ဆောင်မှု အစီအစဉ်များနှင့် မူဝါဒများအား ပြင်ဆင်၍ သဘောတူဆုံးဖြတ်ရန်လိုအပ်သည်။ ၄င်းသည် လက်ရှိတည်ရှိနေသော လုပ်ဆောင်နေသည့် အဖွဲ့အစည်း၏ လုပ်ငန်းအကောင်အထည်ဖော်ရေး စည်းမျဉ်းနှင့် မူဝါဒများကို မှီငြမ်းလျက်စတင်နိုင်ပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များကိုယ်တိုင်၏ အကြံပေးချက်များအရ ကိုက်ညီအောင်ပြင်ဆင်ခြင်း၊ ထပ်ပေါင်းခြင်းနှင့် ဖြုတ်ပစ်ခြင်းများကို ပြုလုပ်နိုင်သည်။

၉။ စီမံကိန်းအား အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ဆန့်ကျင်သည့် အချက်များအား ဖော်ထုတ်သတ်မှတ်ခြင်း

စီမံကိန်းရေးဆွဲဖော်ထုတ်မှုအား အပြီးမသတ်မီ စီမံကိန်းအကောင်အထည်ဖော်ခြင်းအား နှောင့်နှေးခြင်း သို့မဟုတ် လမ်းလွဲချော်ခြင်း ဖြစ်နိုင်သည့် အလားအလာရှိသော အနှောင့်အယှက် ဖြစ်နိုင်သည့် အချက်များကို ရှင်းလင်းဖော်ပြ၍ ထိုကိစ္စရပ်များကို ရင်ဆိုင်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်သင့်သည်။

Myanmar Red Cross Society

၁၀။ စီမံကိန်းအစီအစဉ်အား အပြီးသတ်ခြင်း

စီမံကိန်းအစီအစဉ်အားအဆုံးသတ်ခြင်းတာဝန် ဖြစ်သည့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ ဆန်းစစ်လေ့လာခြင်းနှင့် ဆွေးနွေးချက်များမှ ရလဒ်များအား စုစည်းခြင်း နှင့် ၄င်းတို့အား ပြီးပြည့်စုံသောစာတမ်းအဖြစ် ပြုစုခြင်းတို့သည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများနှင့် သက်ဆိုင်ရာ မြို့နယ်ကိုယ်စားလှယ်အဖွဲ့များ (မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအမှုဆောင်များ)၏ ထောက်ပံ့မှုဖြင့် စီမံကိန်းအဖွဲ့အပေါ်တွင် တည်မှီနေသည်။ ကျွန်ုပ်တို့သည် စီမံကိန်းအစီအစဉ်အား အဆုံးမသတ်မီတွင် ဆက်တိုက်ဖြစ်သော ဆွေးနွေးတိုင်ပင်သည့် အစည်းအဝေးများကို စုစည်း ပြုလုပ်နိုင်ဖွယ်ရှိသည့်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ သို့သော် စီမံကိန်း၏ အရင်းအမြစ်များနှင့် ၄င်း၏ အချိန်ကာလအစီအစဉ်ကို ထည့်သွင်းစဉ်းစားပါက အလွန်များပြားသော အစည်းအဝေးများကို ပြုလုပ်နိုင်ခြေမရှိပေ။ ထို့ကြောင့် စီမံကိန်းရေးဆွဲသောအဖွဲ့သည် အစပိုင်း (ပထမဆုံး အစည်းအဝေးတွင်းမှ စတင်၍ အကြံပေးဆွေးနွေးမှုအစည်းအဝေး မည်မျှခွင့်ပြုနိုင်သည်ကို သဘောတူဆုံးဖြတ်ထားသင့်သည်။ အလွန်အရေးကြီးသည့် အချက်အဖြစ် အဆုံးသတ်ပြီးသော စီမံကိန်းအစီအစဉ်သည် ကျစ်လျစ်ပြည့်စုံ၍ ရှင်းလင်းကာ လက်ရှိဖြစ်ရပ်များ ဖြစ်ရမည်။ ၄င်းအား ဆက်လက်တိုးတက်လုပ်ဆောင်နိုင်ရန်အတွက် ပြင်ဆင်ထားပေးပြီး နောက်ထပ်ပြန်လည်သုံးသပ်ခြင်းနှင့် ခေတ်အချိန်နှင့်အညီ မွမ်းမံရန် (ဖြစ်နိုင်လျှင် တစ်နှစ်ပြီးနောက်)အတွက် အချိန်ကာလ အစီအစဉ်တစ်ခု သတ်မှတ်ရန်လိုအပ်သည်။ အဆုံးသတ်ပြီးသော ရေးဆွဲထားသည့်အစီအစဉ်ကို ဒေသခံ အစိုးရနှင့် များစွာသော လူထုတို့အား ရပ်ရွာလူထုအစည်းအဝေးတွင် ဝေမျှဖော်ပြသင့်သည်။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ရည်မှန်းချက်အကောင်အထည်ဖော်ရေး အစီအစဉ်၏ အဓိက အစိတ်အပိုင်းများအား အကွက် ၁၂ – ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ရည်မှန်းချက်အကောင်အထည်ဖော်ရေး အစီအစဉ်၏ အဓိက အစိတ်အပိုင်းများ တွင် ဖော်ပြထားသည်။

၆.၂.၁ ကျောင်းများတွင်ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အစီအစဉ်ဆွဲခြင်း

ကျောင်းများတွင် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာအစီအစဉ်ဆွဲခြင်းသည် ကျေးရွာများတွင် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အစီအစဉ်ဆွဲခြင်း၏ အဆင့်များအတိုင်း အနည်းနှင့်အများ တူညီသည်။

၁။ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ဆောင်ရွက်မှု ပြုလုပ်မည့်အကြောင်းကို ကျောင်းအဖွဲ့အစည်း တစ်ခုလုံး (ဆရာ/မများနှင့် ကျောင်းသားများ)အား အကြောင်းကြား၍ ဆောင်ရွက်မှုအပိုင်းတွင် စိတ်ဝင်စားမည့် လုပ်ဖော်ကိုင်ဖက်များအား ဖိတ်ကြားခြင်း/အမည်တပ်ခေါ်ခြင်း။

၂။ စီမံကိန်းအစီအစဉ်၏ ရည်မှန်းချက်ကို ဖော်ထုတ်ခြင်း

၃။ အုပ်စု/အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၄။ အသိပညာပေးခြင်းလုပ်ဆောင်ချက်များ နှင့် စနစ်တကျဖြစ်သောလုပ်ဆောင်မှုများဖြစ်သည့် ကျောင်းအဆောက်အဦနှင့် အသုံးအဆောင်များအား ခိုင်မာစေရန် လုပ်ဆောင်ခြင်းတို့ အဓိက ပါဝင်သော ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ဆောင်ချက်များဖန်တီးခြင်း

၅။ လိုအပ်သော အရင်းအမြစ်များအား အတည်ပြုဆုံးဖြတ်ခြင်း

၆။ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းကဏ္ဍနှင့် တာဝန်များအား အတည်ပြုခြင်း

၇။ စီမံကိန်းအား အချိန်ကာလအလိုက်စီစဉ်ရန် သတ်မှတ်ခြင်း

၈။ လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်နှင့်မူဝါဒများအား ဖော်ထုတ်ခြင်းနှင့် ပြဋ္ဌာန်းခြင်း

၉။ စီမံကိန်းအကောင်အထည်ဖော်ခြင်းတွင် ဖြစ်နိုင်ခြေရှိသော စိန်ခေါ်မှုများကို သတ်မှတ်ခြင်းနှင့် တုံ့ပြန်ဖြေရှင်းမှုများကို တွက်ထုတ်ခြင်း

၁၀။ အစီအစဉ်အား အပြီးသတ်ခြင်း

- ✔ စီမံကိန်းရေးဆွဲရေးအစီအစဉ်အောက်တွင် ကျင်းပသော အကြံပေးဆွေးနွေးသည့်အစည်းအဝေးများ အားလုံးတွင် ပါဝင်တက်ရောက်သူများ သက်တောင့်သက်သာဖြစ်စေရန်နှင့် တွေးခေါ်ခြင်းလုပ်ငန်းစဉ်ကို ထောက်ပံ့ပေးရန် လုပ်ဆောင်ချက်များပါဝင်သည်။
- ✔ ဒေသခံ အာဏာပိုင်များနှင့် ရပ်ရွာလူထုအား လုပ်ဆောင်မှု၏ တိုးတက်မှုများကို ပုံမှန် သတင်းပေးသည်။
- ✔ နောက်ဆုံး စီမံကိန်းအစီအစဉ်သည် လက်ရှိဖြစ်ရပ်နှင့်ကိုက်ညီ၍ ပြီးပြည့်စုံပြီး နည်းပညာပိုင်းဆိုင်ရာစကားလုံးများ အနည်ငယ်သာပါဝင်၍ ဖတ်ရှုရန် လွယ်ကူသည်
- ✔ နောက်ဆုံး စီမံကိန်းအစီအစဉ်အား ဒေသခံ အာဏာပိုင်များနှင့် ရပ်ရွာလူထုတို့နှင့် ဝေမျှကာ အကြံပြုချက်များကို ဖိတ်ခေါ်သည်။

Myanmar Red Cross Society

အကွက် ၁၂
ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ရည်မှန်းချက်အကောင်အထည်ဖော်ရေး အစီအစဉ်၏ အဓိက အစိတ်အပိုင်းများ

၁။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်၏ ဦးတည်ချက်နှင့် ရည်မှန်းချက်များ
- လွှမ်းခြုံရန် ရည်မှန်းထားသော လူဦးရေ သို့မဟုတ် မိသားစုအရေအတွက်၊ သေဆုံးမှုနှုန်း နှင့် ဥစ္စာပစ္စည်း ပျက်စီးဆုံးရှုံးမှု ကျဆင်းရန် ရည်မှန်းထားသော ရာနှုန်း

၂။ စီမံကိန်း၏ တရားဝင်လုပ်ကိုင်မှု
၃။ စီမံကိန်းအစီအစဉ်အား ပြုစုဖော်ထုတ်ရေးအတွက် တာဝန်ရှိသော အဓိက ကိုယ်စားလှယ်အဖွဲ့ သို့မဟုတ် အဖွဲ့များအား ဖော်ပြခြင်း
၄။ ရပ်ရွာလူထုအကြောင်း အကျဉ်းချုပ် ဖော်ပြခြင်း
- တည်နေရာ၊ လူဦးရေ၊ အသက်မွေးဝမ်းကျောင်း၊ အခြားကျေးရွာများနှင့် ဆက်စပ်နေသော ရပ်ရွာအဖွဲ့အစည်း

၅။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေးအခြေအနေ
- ဘေးအန္တရာယ်၏ သမိုင်းကြောင်းအကျဉ်းချုပ်နှင့် ဘေးအန္တရာယ်ဆန်းစစ်လေ့လာချက်ရလဒ်များ
- ရပ်ရွာလူထုတွင်း အန္တရာယ်အနေအထားတွင်ရှိသော လူနှင့် အခြားအရာများ
- အဘယ်ကြောင့်သူတို့သည် ဘေးအန္တရာယ်အနေအထားတွင် ရှိနေကြောင်း (နောက်ခံ အကြောင်းအရာ)

၆။ ဘေးအန္တရာယ်လျော့ပါးရေးအတွက် နည်းဗျူဟာနှင့် လုပ်ဆောင်မှုများ
- အကြို–၊ အရေးပေါ်အခြေအနေ၊ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ဆုံးရှုံးမှုလျှော့ချရေး လုပ်ဆောင်မှုများ
- ရပ်ရွာတွင်းဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်၊ မိသားစုများနှင့် တိရစ္ဆာန်များအတွက် ဘေးလွတ်ရာနေရာများ၊ သွားရာလမ်းကြောင်းများနှင့် လုပ်ဆောင်ရန်လုပ်ငန်းစဉ်များ၊ ဘေးလွတ်ရာနေရာအား စီမံခန့်ခွဲခြင်း၊ သရုပ်ဆောင်လေ့ကျင့်ခြင်းနှင့် သဏ္ဌာန်တူ လေ့ကျင့်ခန်းများ
- တည်ဆောက်မှုနှင့်သက်ဆိုင်သည့် ဘေးကင်းသက်သာရေးမဟုတ်သော လုပ်ဆောင်ချက်များဖြစ်သည့် အိမ်များနှင့် မြစ်ရေကာတာများအား ခိုင်မာအောင်ဆောက်လုပ်ခြင်း၊ ရပ်ရွာလူထု ကျန်းမာရေးနှင့် သန့်ရှင်းရေး၊ သစ်တောပြန်လည်စိုက်ပျိုးရေး လုပ်ဆောင်ချက်များ၊ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရ ရင်းမြစ်များအား အမျိုးကွဲပြားစေခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးသင်တန်းနှင့် စီမံကိန်းများ စသည်

၇။ လုပ်ငန်းကဏ္ဍနှင့် တာဝန်များ
- သီးခြား လုပ်ငန်းနှင့် လုပ်ဆောင်မှုများအား ကြီးကြပ်ရန်အတွက် လူပုဂ္ဂိုလ်များ၊ ကော်မတီများနှင့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ကော်မတီများ၏ ဆက်နွယ်မှု
- လူပုဂ္ဂိုလ်များ၊ ကော်မတီများနှင့် အဖွဲ့အစည်းများ၏ ဆက်နွယ်မှု

၈။ လုပ်ဆောင်ချက်များ၏ အချိန်ကာလအစီအစဉ်
- အမျိုးမျိုးသော လုပ်ဆောင်ချက်များသည် မည်သည့်အချိန်တွင် လုပ်ဆောင်မည်၊ မည်သည့်အချိန်တွင် ပြီးမည်

၉။ ပြန်လှန်သုံးသပ်ခြင်းနှင့် စီမံကိန်းအစီအစဉ်အား ခေတ်အချိန်နှင့်ကိုက်ညီစေခြင်း (ရက်)
၁၀။ အဓိက ကိုယ်စားလှယ်အဖွဲ့များနှင့် လူပုဂ္ဂိုလ်များ၏ ဆက်သွယ်ရန် နံပါတ်များ
၁၁။ နောက်ဆက်တွဲများ (ရပ်ရွာ၏ အန္တရာယ်ပြမြေပုံ)

Source: Community-based Disaster Risk Reduction (CBDRR) Participants Workbook. Community Safety and Resilience Unit (CSRU) of IFRC, 2008.

ရပ်ရွာလူထုအခြေပြု စီမံကိန်းအကောင်အထည်ဖော်ရေးဆွဲခြင်းနှင့် ကျောင်းအခြေပြုအစီအစဉ်များ ပြင်ဆင်ခြင်းတို့ကြား ခိုင်မာသော ချိတ်ဆက်မှုရှိသင့်သည်။ ရပ်ရွာလူထုတစ်ခုလုံးအား တက်ရောက်ရန် ဖိတ်ကြားသော ကျောင်းပြဇာတ် သို့မဟုတ် စာစီစာကုံး/ ပန်းချီပြိုင်ပွဲများဖြင့် အသိအမြင်မြှင့်တင်ရေး စည်းရုံးလှုံ့ဆော်ပွဲများပြုလုပ်ခြင်း သို့မဟုတ် အထူးအခမ်းအနားများ ကျင်းပခြင်း စသည့် ထူးခြားသည့် လုပ်ဆောင်ချက်များအား ပူးပေါင်းလုပ်ဆောင်နိုင်သည်။

Myanmar Red Cross Society

အခန်း ၇
လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ခြင်း

ရပ်ရွာလူထု လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ကို ပူးပေါင်းပါဝင်သော လုပ်ငန်းစဉ်အားဖြင့် ဖော်ထုတ်ခဲ့သည့်အတွက် ရလဒ်အဖြစ်ထွက်ပေါ်လာသောအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုလည်း ပူးပေါင်းပါဝင်၍ လုပ်ဆောင်သင့်သည်။ ဆိုလိုသည်မှာ ရပ်ရွာလူထုအဆင့် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး၏ အားလုံးသော ပါဝင်ပတ်သက်သူများသည် စီမံကိန်းရေးဆွဲထားသော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင်ပါဝင်ခြင်းဖြစ်သည်။ ပူးပေါင်းပါဝင်သောအကောင်အထည်ဖော်ရေးနည်းလမ်းအား အသုံးပြုခြင်းသည် –

+ ရပ်ရွာလူထုတွင်း ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၏ အောင်မြင်မှုနှင့် ရေရှည်တည်တံ့မှုအလားအလာ တိုးမြင့်လာသည်။
+ ရပ်ရွာလူထု ပါဝင်ပတ်သက်သူများများ၏ ကိုယ့်အားကိုယ်ကိုးတတ်မှုနှင့် အလုံးစုံ ဆုံးရှုံးမှုလျှော့ချရေး စွမ်းဆောင်ရည်များကို တည်ဆောက်ရန် ကူညီပေးသည်။
+ ရပ်ရွာလူထု အထူးသဖြင့် အကောင်အထည်ဖော်ရန်အတွက် ဦးဆောင်သောအဖွဲ့အစည်းဖြစ်သည့် ဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီအား အရင်းအမြစ်များနှင့် အချိန်ကန့်သတ်မှုများကို စီမံခန့်ခွဲရန် နှင့် နောက်ထပ် အရင်းအမြစ်များ လိုအပ်မှုဖြစ်ပေါ်လာသည့်အခါတွင် စည်းရုံးလှုံ့ဆော်ရန် စွမ်းဆောင်နိုင်စေသည်။
+ ခြားနားသော ယဉ်ကျေးမှု၊ နယ်ပယ်၊ လူမှုနှင့် စီးပွားရေးနောက်ခံ အမျိုးမျိုးတို့မှ စိတ်ပါဝင်စား ပတ်သက်သူ အားလုံး အပြန်အလှန်အကျိုးပြုရန်နှင့် အများနှင့်ဆိုင်သော ပြဿနာအခက်အခဲများအတွက် ပိုမိုကောင်းမွန်သော ဖြေရှင်းမှုများကို ရှာဖွေရန်အတွက် အကြံဉာဏ်များ၊ အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို ဖလှယ်ရန်နှင့် အတူတကွလုပ်ဆောင်ရန်အတွက် စင်မြင့်နေရာတစ်ခုကို ဖန်တီးပေးသည်။
+ အချိန်ကျရောက်သည့်အခါတွင် ခြားနားသော လူမှုအုပ်စုများအကြား သည်းခံမှုနှင့် ညီညာစွာလုပ်ဆောင်မှုတို့ ပိုမိုကောင်းမွန်စေနိုင်ပြီး သူတို့ကို ဘေးအန္တရာယ်၏ ဆိုးကျိုးများကို ရင်ဆိုင်ရန် ညီညွတ်သော ရှေ့ဆောင်အဖွဲ့ကို ဖြစ်စေသည်။

Myanmar Red Cross Society

စီမံကိန်းအကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်အား အများအားဖြင့် ရပ်ရွာအဆင့်တွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်ဦးရွက်ပြု၍ စီမံခန့်ခွဲပြီး စီမံကိန်းကိန်းအဖွဲ့၏ နည်းပညာဆိုင်ရာ ထောက်ပံ့မှုကို ရယူသည်။ ထို့ကြောင့် ပူးပေါင်းပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မှုသည် ဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ ကတိကဝတ်ပြု လုပ်ဆောင်မှုနှင့်စွမ်းဆောင်ရည်တိုအပေါ်တွင် မူတည်သည်။ ရပ်ရွာလူထု၏ ပါဝင်လှုပ်ရှားမှုသည် ပုံစံနှစ်မျိုး – ပုံမှန်ကျင်းပသော စိတ်ပါဝင်စားသူများ ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲများ နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုက်ရိုက်ပူးပေါင်းပါဝင်ခြင်း တို့အားဖြင့် ပါဝင်ကြသည်။

ယေဘူယျအားဖြင့် ပူးပေါင်းပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များ အစဉ်လိုက်ကို လုပ်ဆောင်ခြင်း ပါဝင်သည်။ ၄င်းတွင် ဆောင်ရွက်မှုများကို ခွဲဝေသတ်မှတ်ခြင်း၊ အရင်းအမြစ်များကို လှုံ့ဆော်စည်းရုံးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း နှင့် လမ်းကြောင်းဖြောင့်မှန်ပေးသော လုပ်ဆောင်ချက်များအား ဖော်ထုတ်ခြင်းဖြင့် ညှိနှိုင်းမှုများ ပြုလုပ်ခြင်းတို့ ပါဝင်သည်။ အဆိုပါ လုပ်ငန်းစဉ်များအားလုံးကို ဤအခန်းတွင် ပို၍အသေးစိတ်ဆွေးနွေးသွားမည်။

၇.၁ ဆောင်ရွက်ဖွယ်ရာများကို တာဝန်ခွဲဝေသတ်မှတ်ခြင်း

ရပ်ရွာလူထု လုပ်ငန်းလုပ်ဆောင်မှုအစီအစဉ်အကောင်အထည်ဖော်ခြင်းအတွက် ဆောင်ရွက်ဖွယ်ရာများကို တာဝန်ခွဲဝေသတ်မှတ်ခြင်းသည် ပူးပေါင်းပါဝင်သော စီမံကိန်းရေးဆွဲခြင်းနှင့် အလားတူ ချဉ်းကပ် လုပ်ဆောင်နည်းကို လိုက်နာသည်။ ၄င်းသည် စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်အောက်ရှိ ကော်မတီခွဲများပုံစံကို ပုံတူယူ၍ ထိန်းသိမ်းထားရှိသည် (ဥပမာ– ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ သက်သာရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ကြိုတင်သတိပေးစနစ်၊ လျှော့ပါးသက်သာရေး၊ သတင်းအချက်အလက်စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်တည်ဆောက်ရေး၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း စသည်)။ ကော်မတီခွဲတိုင်း ၄င်းတို့၏ ကိုယ်ပိုင်တာဝန်များကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် ရှင်းလင်း၍တိကျသော တာဝန်များကို သတ်မှတ်၍ ခွဲဝေသင့်သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများတွင် သူတို့အား ကူညီနိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုရှိသည့် လူပုဂ္ဂိုလ် များနှင့် အုပ်စုများကို ရယူအသုံးပြုနိုင်မှုရှိကြောင်း သေချာရန် အရေးကြီးသည်။ ရပ်ရွာလူထု လုပ်ငန်း

အကွက် ၁၃
ပူးပေါင်းပါဝင်သော အကောင်အထည်ဖော် လုပ်ဆောင်ခြင်းတစ်ခုအတွက် လမ်းညွှန်ပေးသော စည်းမျဉ်းများ

၁။ စိတ်ဝင်စားပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်ခြင်း – လူတစ်ဦးချင်း၊ လူမှုရေးအုပ်စုများ၊ အဖွဲ့အစည်းများနှင့် အခြား စိတ်ဝင်စားပတ်သက်သူများ စီမံကိန်း အစီအစဉ်အရေးဆွဲခြင်း၏ အစကနဦးမှပင် တက်ကြွစွာပါဝင်ခြင်း။

၂။ စိတ်ဝင်စားပတ်သက်သူများအကြားပြောဆိုဆက်ဆံရေး – ထင်မြင်ချက်များကွဲပြားမှုကို လေးစားပါ။ ခြားနားသော ယဉ်ကျေးမှု၊ အုပ်စု၊ နယ်ပယ်၊ လူမှုရေးနှင့် စီးပွားရေးအဆင့်အတန်းရှိသည့် လူများသည် စဉ်ဆက်မပြတ် အကြံဉာဏ်များဖလှယ်ခြင်းနှင့် အပြန်အလှန်အကျိုးပြုမှုများအားဖြင့် ပြဿနာများ၏ ပိုမိုကောင်းမွန်သော ဖြေရှင်းနည်းများကို ရှာဖွေရန် အတူတကွ လုပ်ဆောင်ကြသည်။

၃။ အစီအစဉ်အလိုက် လုပ်ငန်းစဉ် – နည်းစနစ်နှင့် နည်းလမ်းကိရိယာအမျိုးမျိုးကို အသုံးချခြင်းသည် ကျိုးကြောင်းဆီလျော်ပြီး စနစ်ကျသော လုပ်ငန်းစဉ်ကို အခြေအနေကို ခွဲခြမ်းစိတ်ဖြာရန်၊ ပြဿနာများအားကောင်းစွာနားလည်မှုရှိစေရန်နှင့် ရပ်ရွာလူထု အတွက် ကောင်းသောရည်မှန်းချက်ဖော်ထုတ်နိုင်ရန်အတွက် အသုံးပြုလိုက်နာသင့်သည်။

၄။ ထပ်တလဲလဲဖြစ်သော လုပ်ငန်းစဉ် – ရရှိလာသည့်အတွေ့အကြုံအရ စီမံကိန်းလုပ်ဆောင်မှုများကို ပြုပြင်ရန်အတွက် အကြိမ်များစွာ တိုးပြန်သုံးသပ်မှုကွင်းဆက်များအားဖြင့် အစီအစဉ်ဆွဲခြင်းအား ထပ်တလဲလဲပုံစံဖြင့် လုပ်ဆောင်ပါ။ ဤသို့အားဖြင့် လုပ်ငန်းစဉ် အစီအစဉ်များသည် အသစ်သော အသိဉာဏ်များနှင့် တွေ့ရှိချက်များအားဖြင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်မှုမဖြစ်ပေါ်မချင်း အတည်ဖြစ်သည်။ ဆုံးဖြတ်ချက်များနှင့် အစီအစဉ်များတွင် ပြောင်းလွယ်ပြင်လွယ်ရှိခြင်းသည် ပူးပေါင်းပါဝင်သော စီမံကိန်းစက်ဝိုင်းစီမံခန့်ခွဲမှု လုပ်ငန်းစဉ်၏ ခွန်အားအဖြစ် ယူဆရသည်။

၅။ စနစ်တကျ ခွဲခြမ်းစိတ်ဖြာခြင်း – စီမံကိန်းအား ၄င်းလည်ပတ်လုပ်ဆောင်နေသော အတွင်းနှင့် ပြင်ပပတ်ဝန်းကျင် နှစ်မျိုးလုံးနှင့် ဆက်စပ်၍ ခွဲခြမ်းစိတ်ဖြာသည်။

၆။ ယဉ်ကျေးမှုများပေါင်းစပ်နေသော တိုးပြန်မှု – ရပ်ရွာလူထုအတွင်း ယဉ်ကျေးမှုနောက်ခံအရ အမျိုးမျိုးသော အုပ်စုခွဲများမှ လက်ခံနိုင်သော နည်းစနစ်နှင့် ကိရိယာများကို အသုံးပြုပါ။ လုပ်ငန်းစဉ်သည် ပြောင်းလဲနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသင့်သည်။

၇။ ပွင့်လင်းမြင်သာမှု – စိတ်ဝင်စားပတ်သက်သူများအကြား ပွင့်လင်းသော ဆက်သွယ်ရေး၊ ဆုံးဖြတ်ချက်ရလဒ်များနှင့် နည်းနစ်နှင့် ကိရိယာများအသုံးပြုမှုများ အပေါ် စဉ်ဆက်မပြတ် တိုးပြန်ချက်များကို အားပေးပါ။

၈။ အများဆန္ဒဖော်ထုတ်ခြင်း – စိတ်ဝင်စားမှုများနှင့် အုပ်စုများ ခြားနားမှုကြောင့် ဆွေးနွေးမှုများအတွင်း လုံးဝသဘောတူညီခြင်းသည် အမြဲတမ်းမဖြစ်နိုင်ပေ။ သို့သော် လုပ်ငန်းစဉ်အားဖြင့် တည်ဆောက်ခဲ့သော ပွင်လင်းမြင်သာမှုသည် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူများအကြား အပြန်အလှန်နားလည်ခြင်းနှင့် သဘောတိုက်ဆိုင်မှုများအပေါ်အခြေခံသည့် ဆက်ဆံရေးများ တိုးတက်ခြင်းကို ဦးတည်သည်။ အဆိုပါလုပ်ငန်းစဉ်သည် အခြေအနေတိုင်းတွင် အကောင်းဆုံးသော အများသဘောတူဆန္ဒ ရရှိရေးသို့ ဦးတည်သည်။

Source: Community-based Disaster Risk Management Field Practitioners' Handbook, ADPC, 2004.

Myanmar Red Cross Society

လုပ်ဆောင်မှု အစီအစဉ်ကို ပြင်ပအဖွဲ့အစည်းများ (ထိုနေရာဒေသရှိ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ)အား ရှင်းလင်းပြထားပြီးသည့်အတွက် ၄င်းသည် အကောင်အထည်ဖော် လုပ်ဆောင်ခြင်းကို အကူအညီပေးနိုင်သည်။ ကော်မတီခွဲတစ်ခုစီ၏ အဓိကလုပ်ငန်းတာဝန်များအနက် တစ်ခုမှာ ဆက်စပ်နေသော ပြင်ပအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုခြင်းကို ပြုစုပျိုးထောင်ရန်ဖြစ်သည်။ (၆.၂။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ကို ကြည့်ပါ)

ကော်မတီခွဲတစ်ခုစီသည် သူတို့ဦးတည်ထားသည့် နေရာလက်အောက်ရှိ သက်ဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများ၏ တာဝန်ရှိသူဖြစ်သဖြင့် ကော်မတီခွဲတစ်ခုချင်းစီတွင် အောက်ပါ မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍများကို ထမ်းဆောင်ရန်အတွက် လုံလောက်သော လူအရေအတွက်ရှိသင့်သည်

+ ခေါင်းဆောင်မှုအခန်းကဏ္ဍ (ကော်မတီ၏ လှုပ်ရှားမှုများအတွက် အလုံးစုံတာဝန်ယူမှု)
+ စီမံအုပ်ချုပ်မှု အခန်းကဏ္ဍ (သဘောတူညီထားသော လုပ်ဆောင်မှုများ အကောင်အထည်ဖော်ဆောင်ရွက်မှု သေချာစေရန်)
+ နည်းပညာကဏ္ဍ (အကြံဉာဏ်များပေးရန်)
+ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကဏ္ဍ (မှန်ကန်သော စာရင်းပြုစုခြင်းကို သေချာစေရန်)
+ စီမံခန့်ခွဲမှုမှုကဏ္ဍ (စီမံအုပ်ချုပ်မှုတွင် ထောက်ကူရန်) နှင့်
+ လူမှုရေး စည်းရုံးလှုံ့ဆော်ခြင်း (ရပ်ရွာလူထု အရင်းအမြစ်များအား စည်းရုံးလှုံ့ဆော်ရန်)

အကောင်အထည်ဖော်လုပ်ဆောင်ရေးလုပ်ငန်းစဉ်၏ တစိတ်တပိုင်းအဖြစ်ပါဝင်ရန် စိတ်ဝင်စားသော ရပ်ရွာလူထု အဖွဲ့ဝင်များသည် စေတနာ့ဝန်ထမ်းအဖြစ် သူတို့၏ လုပ်အားများကို ပေးနိုင်ပြီး ယခင်အဆင့်များရှိ အစီအစဉ် ရေးဆွဲခြင်းတွင် ပါဝင်ခဲ့သော ရပ်ရွာလူထုကိုယ်စားလှယ်များသည်လည်း သူတို့ ဆက်လက်ဆန္ဒရှိပါက ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအား အကောင်အထည်ဖော်ခြင်းအဆင့်တွင်ကူညီနိုင်သည်။ ထို့သို့ပြုလုပ် ရန်လည်း တောင်းဆိုသင့်သည်။

✔ ဘေးအန္တရာယ်လျော့ပါးရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မတီခွဲတစ်ခုစီအတွက် ရှင်းလင်းသော အခန်းကဏ္ဍနှင့် တာဝန်များရှိသည်။ ကော်မတီခွဲများ၏ အဖွဲ့ဝင်များသည် သူတို့၏ တာဝန်များကို ကောင်းစွာနားလည်ကြသည်။

၇.၂ စွမ်းဆောင်ရည်တည်ဆောက်ခြင်း

အပိုင်း ၄.၂ ရှိ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတွင် ကျွန်ုပ်တို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ကျွမ်းကျင်မှုများမြှင့်တင်ရေး အထူးသဖြင့် သူတို့၏ အခြေခံ ဘေးအန္တရာယ်လျော့ပါးရေး အသိပညာနှင့် စွမ်းရည်များ နှင့် သူတို့၏ စီမံအုပ်ချုပ်မှုစွမ်းရည်များ တိုးတက်လာစေရေးတို့ကို ဆန်းစစ်လေ့လာခဲ့ကြပြီး ဖြစ်သည်။ ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား အကောင်အထည်ဖော်ခြင်းအတွက် လုပ်ငန်းစဉ်တွင်ပါဝင်ကြသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် စိတ်ဝင်စား ပတ်သက်သူများသည် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များ၏ အရည်အသွေးကို ထိခိုက်ခြင်း မရှိစေရန်အတွက် သတ်မှတ်ထားသော နည်းပညာဆိုင်ရာ တတ်ကျွမ်းမှုများကို မလွဲမသွေ လိုအပ်ပေမည်။ ထို့ကြောင်း ၄င်းကို ဖြေရှင်းချက်မှာ ရှိနှင့်ပြီးသောသင်တန်းများ၏ မွမ်းမံသင်တန်း သို့မဟုတ် အသစ်ပြုလုပ်ထားသော ဘာသာရပ်အခြေပြုသင်တန်းများကို ပံ့ပိုးပေးရန်ဖြစ်သည်။ ဇယား ၁၆ – ဖြစ်နိုင်ခြေရှိသော စွမ်းဆောင်ရည်တည်ဆောက်ရေးသင်တန်းများ သည် ဘေးအန္တရာယ်လျော့ပါးရေးကော်မတီနှင့် ၄င်း၏ အဖွဲ့ဝင်သစ်များဖြစ်သည့် ရပ်ရွာလူထုစေတနာ့ဝန်ထမ်းအားရှင်များ၏ အကောင်အထည်ဖော်အားထုတ်မှုများတွင် စွမ်းဆောင်ရည်များအား မြှင့်တင်ပေးရာတွင် မည်သည့် အကြောင်းအရာများခြုံငုံမိသင့်ကြောင်း အကြံပေးချက် အချို့ကို တင်ပြပေးထားသည်။

ဇယား ၁၆ ဖြစ်နိုင်ခြေရှိသော စွမ်းဆောင်ရည် တည်ဆောက်ရေးသင်တန်းများ

သင်တန်းအမျိုးအစား	ခြုံငုံမိသော အကြောင်းအရာခေါင်းစဉ်များ	သင်တန်းပေးရာတွင် သတိပြုရန်
မွမ်းမံသင်တန်းအဖြစ် ထပ်မံပေးနိုင်သော သင်တန်းများ	ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေး • ရာဇဝေခြင်းနှင့် ကယ်တင်ခြင်း • ဆေးပညာဆိုင်ရာ ရှေးဦးသူနာပြု • ကယ်ဆယ်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖြန့်ဝေပေးခြင်း • အရေးပေါ် တည်းခိုနေအိမ် စီမံအုပ်ချုပ်မှု • အန္တရာယ်ရှိရာအရပ်ကို စွန့်ခွာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဘေးအန္တရာယ်ဆုံးရှုံးမှုလျှော့ချရေး • ဘေးအန္တရာယ်လျော့ပါးရေးအပေါ် မိတ်ဆက်ရှင်းလင်းခြင်း ဆုံးရှုံးနိုင်ခြေ ဆက်သွယ်ရေး (အသိပညာပေး မြှင့်တင်ပေးခြင်း) • (ဘေးအန္တရာယ်ကြိုတင်အသိပေး စနစ်များ) • (စနစ်ကျသော လျော့ပါးသက်သာရေး) • (အသက်မွေးဝမ်းကျောင်း ရေရှည်တည်တံ့မှု) အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု • ဦးဆောင်မှု (ဦးဆောင်လှုံ့ဆော်ခြင်း) • ညှိနှိုင်းဆွေးနွေးခြင်း၊ ပဋိပက္ခ စီမံခန့်ခွဲမှုနှင့် ဖြေရှင်းခြင်း • ရပ်ရွာလူထု လှုံ့ဆော်စည်းရုံးခြင်း • ဘတ်ဂျတ်လျာထားခြင်းနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှု • အဆိုပြုလွှာနှင့် အစီရင်ခံစာ ရေးသားခြင်း • အစည်းအဝေး သို့မဟုတ် သင်တန်းတစ်ခုအား ဦးဆောင်ဆွေးနွေးခြင်း • မှတ်တမ်းတင်ခြင်း	• စီမံကိန်းတွင် အရင်းအမြစ် သို့မဟုတ် အချိန်ကန့်သတ်ချက်များ ရှိပါက (အစိုးရ နှင့် အစိုးရမဟုတ်သော) မိတ်ဖက်အဖွဲ့အစည်းများကို ချဉ်းကပ်၍ ကူညီထောက်ပံ့မှု တောင်းခံယူသင့်သည်။ • သင်တန်းအား ပြန်လည်တက်ရောက်ရန် လိုအပ်သည်ဟု ခံယူသော ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အဖွဲ့ဝင်အသစ်နှင့် အဟောင်း နှစ်မျိုးလုံးကို သင်တန်းတက်ရောက်ရန် အခွင့်ပေးသင့်သည်။
ဘာသာရပ်နှင့် သက်ဆိုင်သော သင်တန်းအသစ်များ	ဘေးအန္တရာယ်ဆုံးရှုံးမှုလျှော့ချရေး • ဘေးအန္တရာယ်လျော့ပါးရေးနှင့် ပညာရေး • ဘေးအန္တရာယ်လျော့ပါးရေးနှင့် ကျန်းမာရေး • ရေနှင့် သန့်ရှင်းရေး • ရာသီဥတုပြောင်းလဲမှု • ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု • ကျား/မ ဖြစ်မှုနှင့် ဘေးအန္တရာယ်လျော့ပါးရေး အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု • အရင်းအမြစ်ရာဖွေအသုံးချခြင်း • ညှိနှိုင်းဆောင်ရွက်ခြင်း • စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း	

အထက်တွင်ဖော်ပြထားသောစာရင်းသည် ပြည့်စုံပြီးသောစာရင်းမဟုတ်ဘဲ လိုအပ်ချက်များအရ ပေါ်ပေါက်လာပါက ထပ်မံဖြည့်စွက်နိုင် သော်လည်း သင်တန်းအရေအတွက် မည်မျှကို ပုံစံချ၍ ပေးမည်ဆိုသည့် ဆုံးဖြတ်ချက်မှာ စီမံကိန်း၏ ကျန်ရှိသော အရင်းအမြစ်များနှင့် အချိန်ကန့်သတ်ချက်အပေါ်တွင် မူတည်သည်။

Myanmar Red Cross Society

- ✔ စီမံကိန်းအကောင်အထည်ဖော်မှု၏ နည်းပညာပိုင်းဆိုင်ရာသဘောတရားနှင့် ပတ်သက်၍ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီနှင့် ရပ်ရွာလူထု စေတနာ့ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် မိတ်ဆက်ရင်းလင်းခြင်း အတွက် အချိန်လုံလောက်မှုရှိသည်။
- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ရွာလူထု စေတနာ့ဝန်ထမ်းများအတွက် သင်တန်းများသည် သူတို့၏ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် စွမ်းဆောင်နိုင်စေရန် လိုအပ်သော အကြောင်းအရာအားလုံးကို ခြုံငုံမိသည်။

၇.၃. အရင်းအမြစ်များအား ရာဖွေအသုံးချခြင်း

အရင်းအမြစ်များအား ရာဖွေအသုံးချခြင်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ အဆင့် သုံးဆင့်အား ပေါင်းကူးပေးသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည် – ရပ်ရွာလူထုတွင်း ရှိနှင့်ပြီးဖြစ်သော စွမ်းဆောင်ရည်များအား ဖော်ထုတ်သည့် ဆန်းစစ်လေ့လာမှုပြုလုပ်စဉ်အတောအတွင်းတွင် ပြုလုပ်သည် (၅.၃။ ဆန်းစစ်လေ့လာမှု တွေ့ရှိချက်များအား ခွဲခြမ်းစိတ်ဖြာခြင်း တွင်ကြည့်ပါ)၊ ၄င်းသည် ပူးပေါင်းပါဝင်သော အစီအစဉ်ရေးဆွဲခြင်းတွင် လုပ်ဆောင်မှုတစ်ခုစီအတွက် လိုအပ်သောအရင်းအမြစ်များ သတ်မှတ်သည့်အခါတွင် ဆက်လက်ပြုလုပ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်ခြင်း အဆင့်တွင် စီစဉ်ထားသော လုပ်ဆောင်မှုများအား စီမံကိန်းနေရာ၌ လက်တွေ့လုပ်ဆောင်ခြင်းအတွက် ၄င်းတို့အား ရာဖွေအသုံးပြုမှုကို သဘောပေါက်လာသောအခါတွင် ပြုလုပ်သည်။ အဆင့် ၅–စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ် (အပိုင်း ၆.၂။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား ဖော်ထုတ်ခြင်း ကို ကြည့်ပါ။)အောက်တွင် အရင်းအမြစ်များကို အမျိုးအစား ၄–မျိုး ခွဲခြားသည် – (၁) ရပ်ရွာလူထုအတွင်း ရရှိနိုင်သောအရာ (၂) ဒေသတွင်းအဆင့်တွင် ရရှိနိုင်သောအရာ၊ (၃) စီမံချက်သို့ တောင်းဆိုနိုင်သောအရာ နှင့် (၃) စီမံချက်ပြင်ပ (အလားအလာရှိသော အရင်းအမြစ်၊ အလှူရှင်အဖွဲ့အစည်းများကို ဖော်ပြသည်)မှ ရရှိနိုင်သောအရာ တို့ ဖြစ်သည်။

Myanmar Red Cross Society

အဆိုပါ အရင်းအမြစ်များထိထိရောက်ရောက်အသုံးချရေး စုစည်းနိုင်ရန်အတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီနှင့် အလားအလာရှိသော ဒေသဆိုင်ရာနှင့် ပြင်ပ အလှူရှင်များတို့ဖြင့် အစည်းအဝေးပြုလုပ်ရန် လိုအပ်သည်။ ၄င်းကို အမျိုးမျိုးသော အလှူရှင်များ (နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ၊ ပြည်တွင်း စီးပွားရေး၊ အစိုးရအဖွဲ့အစည်းများ)အတွက် သီးခြားအစည်းအဝေးများဖြင့်စတင်နိုင်သော်လည်း ကတိပြု အာမခံချက်များပြုလုပ်ပြီးသည်နှင့် နောက်ဆက်တွဲ အစည်းအဝေးများကို ပူးပေါင်းနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းသည် အထောက်အပံ့ပေးသောအဖွဲ့များအကြား အပြန်အလှန်နားလည်မှုကို ပျိုးထောင်ရန်၊ ထပ်ခါတလဲလဲ လုပ်ဆောင်မှုများကို ရှောင်ရှားရန်နှင့် ပွင့်လင်းမြင်သာမှုကို သေချာစေရန်အတွက်ဖြစ်သည်။ အဆိုပါ အစည်းအဝေးများသည် အဆိုပါအဖွဲ့အစည်းများ အတွက် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး၏ ယေဘူယျသဘောတရားနှင့် စီမံကိန်းအား အထူးပြု၍ အသိအမြင် တိုးတက်စေသော ပွဲများအဖြစ်လည်း လုပ်ဆောင်သည်။

ပြင်ပအဖွဲ့အစည်းများပါဝင်လာသည့်အချိန်တွင် အရင်းအမြစ်များကို အဆိုပြုလွှာရေးသားခြင်းနှင့် လေလံအပြိုင်ဆွဲခြင်း လုပ်ငန်းစဉ်တို့အားဖြင့် ရရှိနိုင်ရန် အလားအလာရှိနိုင်သည်။ မည်သည့်ကိစ္စတွင်မဆို ၄င်းသည် လက်တွေ့ကျရန်လိုအပ်ပြီး အရင်းအမြစ်များအား ထောက်ပံ့ခြင်း ကတိကဝတ်များအတွက် နှုတ်ဖြင့်သဘောတူညီမှု သာမက စာဖြင့်ရေးသားသော တရားဝင်ဖော်ပြချက်ရှိရန် အကြံပြုလိုသည်။ မှတ်သားထားသင့်သည်မှာ လူသား၊ ရုပ်ပိုင်းဆိုင်ရာနှင့် သဘာဝအရင်းအမြစ်များအား သွင်အားစုများဖြန့်ဝေခြင်းအတွက် တိုက်ရိုက်အသုံးပြုနိုင်ပြီး ဘဏ္ဍာရေးအရင်းအမြစ်များကို အခြားအရင်းအမြစ် သုံးမျိုးကို ၄ားရမ်းရန်အတွက် အသုံးပြုနိုင်သည်။ (ADPC, 2004)

- ✔ ရပ်ရွာလူထုလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား ထိရောက်စွာအကောင်အထည်ဖော်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ လုံလောက်စွာရှိသည်။
- ✔ အရင်းအမြစ်များ မည်သည့်နေရာတွင် မည်သို့ရနိုင်သည်ကို ပါဝင်သော ပါဝင်ပတ်သက်သူများအားလုံးမှ လုံလောက်သော နားလည်မှု ရှိသည်။
- ✔ လိုအပ်သော ကျွမ်းကျင်မှုနှင့် အရည်အချင်းရှိသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအပါအဝင် အလားအလာရှိသော အရင်းအမြစ်ထောက်ပံ့သူများ၏ စာရင်း ရှိသည်။
- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတွင် အလားအလာရှိသော အလှူရှင်များနှင့် မိတ်ဖက်ပြုခြင်းနှင့် ဆက်သွယ်ရေး တည်ဆောက်ရန်အတွက် နည်းလမ်းနှင့် စွမ်းဆောင်ရည်များရှိသည်။

၇.၄ စီစဉ်ရေးဆွဲထားသော လုပ်ဆောင်မှုများအား အကောင်အထည်ဖော်ခြင်း

ဤအဆင့်သည် ရပ်ရွာလူထုလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တွင် အဆိုပြုထားသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များကို အဓိက အကောင်အထည်ဖော်လုပ်ဆောင်သောအဖွဲ့အစည်း (စီမံကိန်းအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ)နှင့် (ကျွမ်းကျင်မှု၊ နည်းပညာပိုင်းဆိုင်ရာအကြံဉာဏ်၊ ငွေကြေးနှင့် ပစ္စည်းဆိုင်ရာ ထောက်ပံ့ပေးသည့်) ပူးပေါင်းဆောင်ရွက်သောအဖွဲ့အစည်းများမှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများအား ချောမွေ့၍ ထိရောက်စေရန် အောက်ပါတို့ နေရာတကျရှိရန်လိုအပ်သည်။

+ **လုပ်ငန်းအကောင်အထည်ဖော်ရေး အချိန်ဇယား** – လုပ်ဆောင်ချက်တစ်ခုချင်းစီအတွက် အစီအစဉ်နှင့် အချိန်ကန့်သတ်မှုဘောင်ကို ဖော်ပြသည်။
+ **ပူးပေါင်းပါဝင်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ** – သက်ဆိုင်ရာတာဝန်များကို ရှင်းလင်းတိကျစွာ သတ်မှတ်သည်။
+ **အကျိုးခံစားရသူများ၏ ပူးပေါင်းပါဝင်မ** – အချိန်ပိုင်းအလိုက် ပြန်လည်သုံးသပ်ရေး အစည်းအဝေးများ/ပွဲများအားဖြင့်
+ **မက်လုံးပေးခြင်းနှင့် ချီးမြှင့်ရေးစနစ်** (ပစ္စည်းချီးမြှင့်ခြင်း၊ ငွေကြေးချီးမြှင့်ခြင်း၊ ရာထူးတိုးခြင်း၊ လက်မှတ်ပေးခြင်း စသည်) – ၄င်းသည် ပါဝင်ပတ်သက်သူများအမျိုးမျိုး၏ ကြိုးစားထည့်ဝင်လုပ်ကိုင်မှုကို အသိအမှတ်ပြုသည်။
+ **ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်ခြင်း စနစ်** – ဘဏ္ဍာငွေများ စီမံအုပ်ချုပ်ရေးကို ဖြစ်စေသည်။
+ **ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ရေးစနစ်** – ၄င်းသည် အဖွဲ့အစည်းအမျိုးမျိုးနှင့် စိတ်ဝင်စား ပတ်သက်သူများ အကြားတွင်မက ကော်မတီခွဲအမျိုးမျိုးအကြား ပုံမှန် သတင်းအချက်အလက်စီးဆင်းမှုကို ထိန်းသိမ်း ထားသည်။
+ **ပုံမှန်လည်ပတ်လုပ်ဆောင်ခြင်း လုပ်နည်းစနစ်နှင့် မူဝါဒများ** – စီစဉ်ထားသော လုပ်ဆောင်မှုများကို အကောင် အထည်ဖော်ရာတွင် လိုက်နာဆောင်ရွက်ရန်လိုအပ်သည် (ဥပမာ – ဝယ်ယူဖြည့်တင်းရေး လုပ်နည်းစနစ်၊ ဝန်ထမ်းခန့်ထားရေး လုပ်နည်းစနစ် စသည်)။
+ **စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းစနစ်** – ၄င်းသည် ရည်မှန်းထားသော ပန်းတိုင်နှင့် ဦးတည်ချက်များမှ မည်သည့်သွေဖည်မှုကိုမဆို သတိပြုမိရန်နှင့် လမ်းကြောင်းပေါ်သို့ ပြန်လည်တည့်မတ်နိုင်ရန်နည်းလမ်းများအတွက် စီမံကိန်းတိုးတက်မှုအပေါ် အချိန်ကာလအလိုက် အချက်အလက်စုဆောင်းခြင်းကို လှုံ့ဆော်ပေးသည်။ ၄င်းတွင် လက်တွေ့လုပ်ဆောင်သောနေရာမှ တိုင်ကြားခြင်း သို့မဟုတ် အကြံပေးခြင်းများကို စုစည်းပေးသော တုံ့ပြန်မှုစနစ်ပါဝင်ပြီး ဆုံးဖြတ်ချက်ချနိုင်သူများထံသို့ ပေးပို့သည်။
+ **အစီရင်ခံခြင်းစနစ်** – ၄င်းသည် စီမံကိန်းတွင် ဖြစ်ပျက်မှုများအားလုံးကို လက်ရှိကာလနှင့် အနာဂတ် ရည်ညွှန်းချက်အတွက် မှတ်တမ်းတင်သည်။

Myanmar Red Cross Society

အကွက် ၁၄
အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ နမူနာအခက်အခဲပြဿနာများ

- စီမံကိန်းအား အချိန်ဇယားဆွဲရာတွင်အားနည်းခြင်းသည် အကောင်အထည်ဖော်ရာတွင် နှောင့်နှေးခြင်းသို့ ဦးတည်သည်။
- ဘဏ္ဍာငွေများအား မှားယွင်းစွာခွဲဝေခြင်း
- ယုံကြည်စိတ်ချရမှုနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်း
- ဆုံးဖြတ်ချက်ချမှတ်ရာတွင် ရှုပ်ထွေးပြီးအရာမရောက်သော ဗျူရိုကရေစီစနစ်
- (ဆန်းစစ်လေ့လာခြင်း၊ စီမံကိန်းဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့်) လုပ်ငန်းလုပ်ဆောင်သောအဖွဲ့အမျိုးမျိုး၏ အဖွဲ့ဝင်များရွေးချယ်ရာတွင် တစ်ကိုယ်ကောင်းဆန်ခြင်း/ ဆွေမျိုးကောင်းစားရေးဝါဒ/ မျက်နှာလိုက်ခြင်း
- စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်သုံးသပ်မှုအားနည်းခြင်း
- ရုတ်တရက် မူဝါဒပြောင်းလဲခြင်း
- အကျိုးခံစားရသူများ (စီးပွားရေး သို့မဟုတ် အမျိုးသားရေး အရေးအခင်းများဖြစ်ပေါ်မှုကြောင့် ပြောင်းရွှေ့နေထိုင်ခြင်း)
- အဖွဲ့အစည်းဖြင့်လုပ်ဆောင်မှု မရှိခြင်း
- လုပ်ဆောင်သူများအတွက် အကျိုးရလဒ်မက်လုံးမရှိခြင်း

၁။ ကြိုတင်ဆုံးဖြတ်သတ်မှတ်ထားပြီးသော အချိန်ဇယားများ၊ လုပ်နည်းစနစ်များနှင့် မူဒါဝများသည် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တွင် သက်တောင့်သက်သာရှိစေရန်အတွက် အရေးကြီးသော်လည်း လက်တွေ့လုပ်ဆောင်ရာတွင် ပြောင်းလဲလာသောလိုအပ်ချက်များအပေါ်မူတည်၍ လိုအပ်သည့်အချိန်အခါတွင် အဓိကကျသော ပြောင်းလဲမှုများကို ခွင့်ပြုရန်အတွက် ပြောင်းလဲပြင်လွယ်မှုအချို့ရှိရန်လည်း လိုအပ်သည်။

၂။ အမျိုးမျိုးသော စိတ်ဝင်စားပတ်သက်သည့်အုပ်စုများ၏ ပူးပေါင်းပါဝင်မှုကို စည်းရုံးသည့်အခါတွင် ရပ်ရွာလူထု စည်းရုံးနည်းများသည် အုပ်စုများ၏ ယဉ်ကျေးမှုနှင့် ဘာသာရေးနောက်ခံကို စဉ်းစားရန်လိုအပ်ပြီး ရပ်ရွာလူထုမှ လက်ခံနိုင်သောနည်းလမ်းများကိုသာ အသုံးပြုသင့်သည်။ အမျိုးမျိုးသော ပါဝင်ပတ်သက်သူများ အုပ်စုများ အတွက် အမျိုးသောနည်းလမ်းများ အတုယူအသုံးပြုရန်လိုအပ်ပြီး ထိုကဲ့သို့သော နောက်ဆုံးဖြစ်နိုင်ခြေအတွက် လုံလောက်သော အချိန်နှင့် အရင်းအမြစ်များ ခွဲဝေထားရှိသင့်သည်။

၃။ ကျောင်းများတွင် ကျောင်းဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေလျှော့ချရေးစီမံကိန်းများအကောင်အထည်ဖော်ရေးတွင် ကျောင်းသားမိဘများအား တက်ကြွသော မိတ်ဖက်များဖြစ်လာစေရန်အတွက် ဖိတ်ခေါ်သင့်သည်။ သူတို့၏ ပါဝင်မှုသည် ရပ်ရွာလူထုအခြေပြုနှင့် ကျောင်းအခြေပြု လုပ်ဆောင်မှုများအကြား ဆက်သွယ်မှုဖြစ်စေပြီး ဘေးအန္တရာယ်လျော့ပါးရေးဘာသာရပ်တွင် သူတို့၏ စိတ်ဝင်စားမှုကိုလည်း လှုံ့ဆော်ပေးနိုင်သည်။

၄။ အမျိုးမျိုးသော ပါဝင်ပတ်သက်သူများများနှင့်ဆက်ဆံရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် အငြင်းပွားမှုများအား ကာကွယ်ပေးနိုင်သော အဓိကအကြောင်းအရာတစ်ခုဖြစ်သည်။ ခြားနားသော အုပ်စုများနှင့် စိတ်ဝင်စားမှုများကြောင့် ရာနှုန်းပြည့် သဘောတူညီမှုသည် အမြဲတမ်းမဖြစ်နိုင်ပေ။ သို့သော် ပွင့်လင်းမြင်သာမှုသည် ယုံကြည်မှုနှင့် နားလည်မှုကို ထိန်းထားပေးပြီး ၄င်းသည် အကောင်းဆုံးဖြစ်နိုင်သော သဘောတူညီမှုသို့ ရောက်ရှိရန် သည်းခံမှုကို တိုးတက်စေရန် ကူညီပေးသည်။

အမျိုးသမီးများအား ဘေးအန္တရာယ်လျော့ပါးသက်သာရေးလုပ်ဆောင်မှု အကောင်အထည်ဖော် လုပ်ဆောင်ခြင်းတွင် ပါဝင်စေခြင်းကိုအားပေးသင့်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် သူတို့အား သူတို့၏ ကိုယ်ပိုင်ဝင်ငွေနှင့် ရပ်ရွာလူထုဘေးကင်းလုံခြုံမှုကို မြှင့်တင်ရန် အခွင့်အရေးများကိုပေးသည်။ ထို့ကြောင့် သူတို့သည် လိုအပ်သော ကျွမ်းကျင်မှုများရှိကြောင်း သေချာစေရန် သက်ဆိုင်ရာ ဘေးဒုက္ခသက်သာရေးသင်တန်းများတွင် သူတို့၏ ပူးပေါင်းပါဝင်ခြင်းကို မြှင့်တင်သင့်သည်။

ဘေးအန္တရာယ်ကြုံတင်သတိပေးစနစ်ပုံစံဒီဇိုင်းရေးဆွဲရာတွင် ရပ်ရွာလူထုတွင်း ဘေးထိခိုက်လွယ်ဆုံးသောအုပ်စုများ (အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ လူမျိုးစုငယ်များနှင့် မသန်စွမ်းသူများ)ကို စီမံကိန်းဆွဲခြင်းနှင့် ဒီဇိုင်းပုံစံဆွဲခြင်းတို့တွင် ထည့်သွင်းရေးဆွဲသင့်သည်။ ထို့အတူပင် အကောင်အထည်ဖော်လုပ်ဆောင်ရေးအဆင့်တွင်လည်း သူတို့ရင်ဆိုင်နေရသော သီးခြားကန့်သတ်မှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ (ဥပမာ– ဒေသခံဘာသာစကားများကို အသုံးပြုခြင်း၊ ရွှေ့လျားသွားလာ၍ သတိပေးချက်ကြေငြာခြင်း၊ သင်္ကေတနှင့် အချက်ပြခြင်းများကိုအသုံးပြုခြင်း စသည်)

Myanmar Red Cross Society

၇.၅ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်လုပ်ဆောင်ရေး၏ ဗဟိုအဓိကအချက်သည် ကိုယ်တိုင်ဆန်းစစ်လေ့လာခြင်း၊ အသိပညာတိုးတက်စေခြင်းနှင့် စုပေါင်းလုပ်ဆောင်သော လုပ်ငန်း၏ လုပ်ငန်းစဉ်ဖြစ်သည့် ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဖြစ်သည်။ ၄င်းတွင် စီမံကိန်း သို့မဟုတ် ကြားဝင်လုပ်ဆောင်မှုတစ်ခု၏ ပါဝင်ပတ်သက်သူများများသည် အတူတကွ အကဲဖြတ်ရေးကိစ္စများကို သတ်မှတ်ကြသည်၊ အချက်အလက်များကို ကောက်ယူ၍ခွဲခြမ်းစိတ်ဖြာကြသည်၊ ဤလုပ်ငန်းစဉ်အားဖြင့် သူတို့သင်ယူလေ့လာခဲ့သည် ရလဒ်များအဖြစ် အရေးယူဆောင်ရွက်ကြသည် (Jackson & Kassam, 1998)။ ၄င်းသည် အဓိက ပါဝင်ပတ်သက်သူများဖြစ်သည့် ရပ်ရွာလူထုကိုယ်တိုင်၊ အကောင်အထည်ဖော်လုပ်ဆောင်သောအဖွဲ့၊ ပူးပေါင်းလုပ်ဆောင်သော မိတ်ဖက်ဖြစ်သည့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များနှင့် ငွေကြေးထောက်ပံ့သူများ/ အလှူရှင်များမှ တက်ကြွသော ချိတ်ဆက်ဆောင်ရွက်မှုကို ဦးတည်သည်။ ၄င်းသည် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများများ၏ ပါဝင်မှုကို လှုံ့ဆော်ပေးသဖြင့် အငြင်းပွားမှုသည် ရှောင်လွှဲ၍ မရပေ။ အချို့သူများမှ မူရင်း အတွေးအခေါ်နှင့်အယူအဆများကို ကာကွယ်ရန်လိုအပ်သည်ဟု ခံစားရနိုင်ချိန်တွင် အချို့သည် ၄င်းတို့ကို မေးခွန်းထုတ်၍ စိန်ခေါ်နိုင်သည်။ မည်သည့် ပေါ်ပေါက်လာသည့် တင်းမာမှုမျိုးကိုမဆို စီမံကိန်းအဖွဲ့၏ ထောက်ပံ့မှုဖြင့် သတိရှိစွာနှင့် သဘောထားကြီးစွာ ကိုင်တွယ်ဖြေရှင်းရန်မှာ ဦးဆောင်အကောင်အထည်ဖော်လုပ်ဆောင်သော အဖွဲ့ဖြစ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ တာဝန်ပင်ဖြစ်သည်။

ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်းသည် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအတွက် လုံးဝကိုက်ညီဆီလျော်သည်။ အဘယ်ကြောင့်ဆိုသော် (CSRU- IFRC SEA Office, 2008 and C4D Toolkit[ɔ])

+ ၄င်းသည် စီမံကိန်းစက်ဝိုင်း၏ အဆင့်တိုင်းတွင် ပါဝင်ပတ်သက်သူများများအား ပါဝင်စေခြင်းဖြင့် အကျိုးခံစားရသူများအား ပိုင်ဆိုင်မှုနှင့် လုပ်ပိုင်ခွင့်ပေးမှုတို့ကို တည်ဆောက်ပေးသည်။ ဒေသတွင်းတွင် သတင်းအချက်အလက်များခွဲခြမ်းစိတ်ဖြာခြင်းသာမက နောက်ဆက်တွဲလုပ်ဆောင်ချက်များအား သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကိုလည်း ဒေသတွင်း၌ပင် လုပ်ဆောင်သည်။

ɔ Communication for Development (C4D), Equal Access Participatory Monitoring and Evaluation toolkit, downloadable at http://betterevaluation.org/toolkits/equal_access_participatory_monitoring.

+ ၄င်းသည် ဒေသဆိုင်ရာ စွမ်းဆောင်ရည်ကိုတည်ဆောက်ပေးသည်။ တက်ကြွသော ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အသိပညာများသည် ကျွမ်းကျင်မှုများအဖြစ်သို့ ပြောင်းလဲသွားပြီး ၄င်းသည် အများအားဖြင့် ကိုယ်တိုင် ရေရှည်ထိန်းသိမ်းထားနိုင်သော လုပ်ဆောင်မှုများအဖြစ်သို့ ဦးတည်သည်။
+ ၄င်းသည် ပါဝင်ပတ်သက်သူများများအား အောင်မြင်မှုနှင့် ဆုံးရှုံးမှုနှစ်မျိုးစလုံးကို လေ့လာခွင့်ပေးသည့်အတွက် ထိရောက်မှုကို မြှင့်တင်ပေးသည်။
+ ၄င်းသည် စီမံကိန်းအကောင်အထည်ဆောင်ရွက်နေဆဲဖြစ်သည့်အတွက် ကြားလယ်ကာလပြင်ဆင်မှုများ ပြုလုပ်ရန် အခွင့်အရေးကိုပေးသည့် လုပ်ဆောင်မှုနှင့် ထွက်ပေါ်လာသောရလဒ်များတိုးတက်စေရန် မှန်ကန်တည့်မတ်ရေး လုပ်ဆောင်ချက်များကို လုပ်ဆောင်သည်။
+ ၄င်းသည် ပူးပေါင်းပါဝင်သောအဖွဲ့များအကြား သဘောထားကွဲလွဲမှု ဖြေရှင်းရာတွင် ကူညီနိုင်ရန် တာဝန်ခံနိုင်မှုနှင့် ပွင့်လင်းမြင်သာမှုကို တည်ဆောက်ပေးသည်။
+ ၄င်းသည် ပူးတွဲညှိနှိုင်းလုပ်ဆောင်သော လုပ်ဆောင်မှုများအားဖြင့် အဖွဲ့အစည်းစိတ်ဓာတ်ကို မြှင့်တင်ပေးသည်။
+ ၄င်းသည် စီမံကိန်း၏တိုးတက်မှုအပေါ် လက်ရှိသတင်းအချက်အလက်ကို အားလုံးသော စိတ်ဝင်စား ပတ်သက်သူများသို့ တင်ပြပေးသည်။

အကွက် ၁၅
ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၏ စည်းမျဉ်းများ

- **ပူးပေါင်းပါဝင်ခြင်း။** ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများပါဝင်သည်။ ၄င်းတွင် အကျိုးခံစားရသူများ၊ စီမံကိန်းဝန်ထမ်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် အလှူရှင်များ ပါဝင်နိုင်သည်။
- **လေ့လာသင်ယူခြင်း။** ပါဝင်သူများသည် စီမံကိန်းဆွဲခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် စွမ်းဆောင်ရည်နိုင်မာစေသော ကျွမ်းကျင်မှုများကို ရရှိကြသည်။ သူတို့သည် သူတို့၏စီမံကိန်းကို ထိခိုက်စေသော အကြောင်းအရာ သို့မဟုတ် အခြေအနေများ၊ အောင်မြင်ရခြင်း သို့မဟုတ် ရှုံးနိမ့်ရခြင်းအကြောင်းရင်းများနှင့် အဘယ်ကြောင့် အခြားနည်းလမ်းတို့ကို ကြိုးစားကြောင်း တို့ကို ပိုမိုကောင်းမွန်စွာနားလည်မှု ရရှိကြသည်။
- **ညှိနှိုင်းဆွေးနွေးခြင်း။** ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းသည် လူများ၏ ခြားနားသော လိုအပ်ချက်များ၊ မျှော်လင့်ချက်များ၊ ပြင်းပြသောဆန္ဒနှင့် ရည်မှန်းချက်များအကြား ညှိနှိုင်းဆွေးနွေးရန်အတွက် လူမှုရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာသည်။
- **ပြောင်းလွယ်ပြင်လွယ်ရှိမှု။** ပူးပေါင်းပါဝင်သော ဆန်းစစ်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းကိုလုပ်ဆောင်ရန် နည်းလမ်းတစ်ခုတည်း မရှိပေ။ ၄င်းသည် စီမံကိန်းနှင့်သက်ဆိုင်သော အခြေအနေနှင့် လိုအပ်ချက်အပေါ်မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိပြီး ကိုက်ညီလုပ်ဆောင်ရသည်။

Source: Community-based Disaster Risk Management Field Practitioners' Handbook, ADPC, 2004.

Myanmar Red Cross Society

ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် စီမံကိန်းအကောင်အထည်ဖော်ရန် စိတ်ကူးဆဲအဆင့်၏ အစကနဦးမှပင် စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်းမူဘောင်ကို ပြုလုပ်ထားပြီး ဖြစ်သင့်သည်။ ၄င်းတွင် ပါဝင်သည်မှာ

+ **ယုတ္တိကျရေးဆွဲထားသောမူဘောင်။** ၄င်းသည် စီမံကိန်းအတွင်း အဓိကအရာများနှင့် လုပ်ဆောင်မှုမှတ်တမ်းများကို ထင်ရှားစေပြီး ချိတ်ဆက်ပေးသည်။ ထိုမူဘောင်တွင် ဦးတည်ချက်နှင့် မျှော်မှန်းရလဒ်တစ်ခုစီသည် သူတို့၏ သက်ဆိုင်ရာ ထုတ်လုပ်မှုနှင့် အဓိကလုပ်ဆောင်မှုများ၊ ညွှန်းကိန်းများ (အောင်မြင်မှုအတိုင်းအတာကို တိုင်းတာရန်)၊ သက်သေပြနည်းများ(အောင်မြင်မှုများ၏သက်သေ)နှင့် အရေးကြီးသော ဆုံးရှုံးနိုင်ခြေနှင့် ဖြစ်နိုင်ခြေယူဆချက်များ (မျှော်မှန်းထားသော အခက်အခဲများနှင့် ထောက်ပံ့ပေးနိုင်သောအချက်အများ)ကို အပြန်အလှန်ဆက်စပ်နေသည်။
+ **ကာလအလိုက် ပြန်လှန်သုံးသပ်ခြင်းအတွက် အကြမ်းဖျင်းအချိန်ဇယား။** အဓိကအားဖြင့် ပြန်လှန် သုံးသပ်ခြင်းကို မည်သည့်အချိန်တွင် ပြုလုပ်နိုင်သည်ကို ပြသသည်။ ဥပမာ – ၃ လတစ်ကြိမ်၊ လစဉ် စသည်ဖြင့်။
+ **လူစွမ်းအား။** စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန်အတွက် မည်သည့်ဌာန/အဖွဲ့အစည်းမှ လူမည်မျှ ပါဝင်မည်၊ (အတွင်း သို့မဟုတ် ပြင်ပမှ) မည်သူမှ ခေါင်းဆောင်မည် ကို အကြံပေးသည်။
+ **စဉ်းစားရန်အဓိက ရှုထောင့်များ။** အချိန်မီလုပ်ဆောင်မှု၊ အကောင်အထည်ဖော်သည့်အဖွဲ့၏ ထိရောက်မှု၊ ရရှိနိုင်သော အရင်းအမြစ်များအား အသုံးပြုမှု၏ ထိရောက်မှု၊ လက်တွေ့နေရာတွင် အကျိုးသက်ရောက်မှု စသည်။
+ **နောက်ဆုံးအဆိုပြုသော အစီရင်ခံစာပုံစံ** တွေ့ရှိချက်များကို တင်ပြရန်အတွက်

ပို၍ ချဲ့ကားသော စနစ်ကို ပူးပေါင်းပါဝင်သော ရပ်ရွာလူထု စီမံကိန်းဆွဲခြင်းအဆင့်တွင် အထူးသဖြင့် အချိန်ဇယားနှင့် လူစွမ်းအားတို့ကို အသေးစိတ်ဖော်ပြ၍ ပုံစံချနိုင်ပြီး ပို၍ ပူးပေါင်းပါဝင်စေရန် ပြုလုပ်သည်။

စောင့်ကြည့်လေ့လာခြင်း

စောင့်ကြည့်လေ့လာခြင်းသည် သွင်းအားစုများပေးဝေခြင်း၊ လုပ်ငန်းအချိန်ဇယားများ၊ ဦးတည်ရလဒ်များနှင့် အခြားလိုအပ်သော လုပ်ဆောင်မှုများသည် စီမံချက်ချထားသည့်အတိုင်း ဆက်လက်သွားနေခြင်းကို သေချာစေရန်အတွက် ဆက်တိုက် သို့မဟုတ် အချိန်ပိုင်းအလိုက် ပြန်လုန်လေ့လာခြင်းဖြစ်သည် (CSRU- IFRC SEA Office, 2008)။ ၄င်းသည် စီမံကိန်း သွင်းအားစုများနှင့် လည်ပတ်လုပ်ဆောင်မှု၏ အချိန်မီလုပ်ဆောင်မှုနှင့် ထိရောက်မှုတို့၏ တိကျသော သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သည့်အလားအလာရှိသည်။ ၄င်းသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်၏ ထူးခြားမှုများကို ဆက်လက်၍ မှတ်တမ်းတင်ခြင်း ဖြစ်သည့်အတွက် စီမံကိန်းကာလတစ်လျှောက်လုံးတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ပူးပေါင်း ပါဝင်သော စောင့်ကြည့်လေ့လာခြင်းက ကျွန်ုပ်တို့ကို အခြေခံအားဖြင့်ကူညီသည်မှာ (CSRU- IFRC SEA Office, 2008)

+ ကျွန်ုပ်တို့ လမ်းကြောင်းပေါ်တွင်ရှိမရှိ ကြည့်မြင်ရန်
+ ကျွန်ုပ်တို့ ဦးတည်ချက်များကို ရယူနိုင်ခြင်း ရှိမရှိ ကြည့်မြင်ရန်
+ သဘောတူညီထားသော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များအား အကောင်အထည်ခြင်းအပေါ် တိုးတက်ဆောင်ရွက်မှုများကို ခြေရာခံရန်
+ ကျွန်ုပ်တို့၏ ဦးတည်ချက်များကို မည်သို့ ရယူသည်ကို ကြည့်မြင်ရန်
+ အားသာချက်များနှင့် အားနည်းချက်များကို ကြည့်ရှုရန်
+ စီမံကိန်းလုပ်ဆောင်မှုများအား အပျက်သဘောဖျက်ဆီးနိုင်မည့်သူကို လေ့လာရန်
+ ပြဿနာအခက်အခဲများနှင့် လေ့လာရရှိသောသင်ခန်းစာများကို ဖော်ထုတ်ရန်
+ အပြောင်းအလဲလုပ်ရမည်ဆိုလျှင် အလွန်နောက်မကျသေးခင်ပြုလုပ်ရန်
+ ကျွန်ုပ်တို့သည် ဌေများနှင့် ကျွန်ုပ်တို့၏ အကန့်အသတ်ရှိသော အရင်းအမြစ်များကို ဖြုန်းတီးခြင်းမဖြစ်ကြောင်း သေချာစေရန်
+ ရပ်ရွာလူထု ပါဝင်ပြီး လုပ်ငန်းစဉ်အား မှတ်တမ်းတင်ထားကြောင်း သေချာစေရန် နှင့်
+ ဝန်ထမ်းခန့်ထားခြင်းနှင့် ရပ်ရွာလူထုသင်တန်းများအတွက် နယ်ပယ်များဖော်ထုတ်သတ်မှတ်ခြင်းကို ကူညီရန်

Myanmar Red Cross Society

စောင့်ကြည့်လေ့လာခြင်း အမျိုးအစားနှစ်မျိုးကို ခြံ့ငုံမိရန်လိုအပ်သည်။ လုပ်ငန်းစဉ် စောင့်ကြည့်လေ့လာခြင်း – ၄င်းသည် ကျိုးကြောင်းဆီလျော်မှု၊ ထိရောက်မှုနှင့် လုပ်ငန်းစဉ်၏ တွက်ခြေကိုက်မှုကို စောင့်ကြည့်လေ့လာခြင်းဖြစ်ပြီး၊ အကျိုးသက်ရောက်မှု စောင့်ကြည့်လေ့လာခြင်း – ၄င်းသည် ဦးတည်ချက်များရရှိခြင်းသို့ တိုးတက်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာပြီး အကျိုးထိရောက်မှုသည် အဆိုပါ ဦးတည်ချက်နှင့် ဆက်စပ်နေသည်။ စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်တွင် အချက်အလက်စုစည်းခြင်း၊ အစည်းအဝေးအား ပြန်လုန်သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်းတို့ ပုံမှန်အားဖြင့် ပါဝင်သည်။

အကဲဖြတ်ခြင်းဆိုသည်မှာအဘယ်နည်း

အကဲဖြတ်ခြင်းသည် စီမံကိန်း၏ ရေရှည်အကျိုးရလဒ်နှင့် ထိရောက်မှုအား ပိုင်းခြားစိတ်ဖြာသော အကျိုး သက်ရောက်မှု ဆန်းစစ်လေ့လာချက်ဖြစ်ပြီး ၄င်းသည် အကျိုးရလဒ်များ၊ အကျိုးသက်ရောက်မှုနှင့် ဦးတည်ချက်မှ ရောက်ရှိသော အတိုင်းအတာအပေါ် အာရုံစိုက်သည်။ ၄င်းသည် စောင့်ကြည့်လေ့လာခြင်းနှင့် နှိုင်းယှဉ်လျှင် အကြွိမ်ရေနည်းသည်။ စီမံကိန်းအများစုသည် အကဲဖြတ်ခြင်းကို အဆင့်တစ်ခုအပြီး သို့မဟုတ် အစီအစဉ် ပြီးဆုံးလုနီး သို့မဟုတ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် အများအားဖြင့် ပြုလုပ်သည် (CSRU- IFRC SEA Office, 2008)။ ၄င်းကို လုပ်ဆောင်နေဆဲ လုပ်ဆောင်မှုများတိုးတက်ရန်အတွက်နှင့် အနာဂတ် စီမံကိန်းဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း တွင် စီမံအုပ်ချုပ်မှုအား ကူညီပေးရန်အတွက် အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းစဉ်အဖြစ် သတ်မှတ်သည် (ADPC, 2004)။

အကဲဖြတ်ခြင်းအားဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်သော ဘေးအန္တရာယ်လျော့ပါးရေး ဆန်းစစ်လေ့လာချက် သို့မဟုတ် ကနဦးအခြေခံလေ့လာခြင်းတို့မှ တွေ့ရှိချက်များကို အခြေခံအဖြစ်ပြုလုပ်ပြီး ၄င်းတို့မှတစ်ဆင့် တူညီသော ရှုထောင့်အား နောက်ကျသောအချိန်တွင် အသစ်ကောက်ယူသော သတင်းအချက်အလက်များနှင့် နှိုင်းယှဉ်သင့်သည်။ ၄င်းတို့ကို ပြီးစီးလုပ်ဆောင်မှုများကို ဆန်းစစ်လေ့လာရန်အတွက် ယုတ္တိကျရေးဆွဲသော မူဘောင်မှ ညွှန်းကိန်းများနှင့် တိုက်ဆိုင်ကြည့်သည်။ စောင့်ကြည့်လေ့လာခြင်းကဲ့သို့ပင် လုပ်ငန်းစဉ်သည် အချက်အလက်ကောက်ယူခြင်း၊ ပြန်လုန်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပြုလုပ်သည်။

၇.၅.၁ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံချက်တွင် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အလွှာ နှစ်လွှာရှိသည် –အလုံးစုံစီမံကိန်း လုပ်ဆောင်မှုများ နှင့် ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တို့ကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်းအတွက်ဖြစ်သည်။ နှစ်လွှာစလုံးကို ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ပြီး ရပ်ရွာလူထု၏ ပါဝင်မှု အတိုင်းအတာကွာခြားသည်။ ပုံ ၇.၁ မှ ထိုလုပ်ငန်းစဉ်နှစ်ခုနှင့် ၄င်းတို့အကြား ချိတ်ဆက်မှုကို သရုပ်ဖော်ပြသည်။

အောက်ပါတို့သည် ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တို့ကို ဖြစ်ပေါ်စေသော အစီအစဉ်လိုက်လုပ်ဆောင်မှုများဖြစ်သည်။

၁။ **အညွှန်းကိန်းများအား တွက်ထုတ်ခြင်း**

အညွှန်းကိန်းများသည် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၏ မပါမဖြစ် အစိတ်အပိုင်းဖြစ်သည်။ ၄င်းတို့သည် ကြားဝင်လုပ်ဆောင်မှုများ၏ တိုးတက်မှုနှင့် ထိရောက်မှုတို့အတွက် စံအမှတ်များ သို့မဟုတ် တိုင်းတာရေးကိရိယာများအဖြစ် ဆောင်ရွက်သည်။ ၄င်းတို့သည် အကျိုးခံစားရသူများ တာဝန်ခံနိုင်မှုနှင့် နောက်ထပ်အဆင့်များတွင် ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် အခြေခံရရန် ပံ့ပိုးပေးသည် (CSRU-IFRC SEA Office, 2008)။ အညွှန်းကိန်းနှစ်မျိုးရှိသည် – လုပ်ငန်းစဉ် အညွှန်းကိန်း (သွင်းအားစုများနှင့် ရလဒ်များအတွက်) နှင့် အကျိုးရလဒ်အညွှန်းကိန်း (အကျိုးရလဒ်များအတွက်) တို့ဖြစ်သည်။ ၄င်းတို့သည် မတိုင်းတာနိုင်သော အပြောင်းအလဲများကို ပြသသော အရေအတွက်ပြညွှန်းကိန်း နှင့် ကိန်းဂဏန်းအားဖြင့် လေ့လာနိုင်သော ပြောင်းလဲမှုများကို ပြသသည့် အရည်အချင်းပြညွှန်းကိန်း နှစ်မျိုးစလုံး ဖြစ်နိုင်သည် (CSRU- IFRC SEA Office, 2008)။ ကောင်းမွန်သော ညွှန်းကိန်းများသည် ရှင်းလင်းခြင်း၊ ပွင့်လင်းခြင်း၊ သက်သေပြနိုင်ခြင်း၊ တိုင်းတာနိုင်ခြင်း၊ တုံ့ပြန်လွယ်သော (အချိန်နှင့်အမျှပြောင်းလဲမှုကို ခြုံငုံမိရန်)၊ အချိန်အကန့်အသတ်ရှိသော (မျှော်လင့်ထားသော ပြောင်းလဲမှုများကို သတိပြုမိရန်)၊ လုံလောက်ပြည့်စုံသော (လုံလောက်သော သတင်းအချက်အလက်များ ပံ့ပိုးပေးသည့်) ညွှန်းကိန်းများဖြစ်သင့်သည် (C. Shutt, 2003)။

ဤအခန်း၏အစတွင် ဖော်ပြထားပြီးသကဲ့သို့ပင် စီမံကိန်းမှတ်တမ်းများတွင် အဓိက လုပ်ဆောင်မှုများ သို့မဟုတ် အပိုင်းကဏ္ဍများအတွက် ညွှန်းကိန်းများပါဝင်သည့် အလုံးစုံ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင်ရှိနှင့်ပြီးဖြစ်သည်။ ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား ဆောင်ရွက်ဆဲဖြစ်သည့် ဤအဆင့်တွင် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်မှုများနှင့် ဆက်နွယ်နေသော ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာရန်နှင့် အကဲဖြတ်ရန် ညွှန်းကိန်းစု အသစ်များကိုဖော်ထုတ်နိုင်သော်လည်း အလုံးစုံ စီမံကိန်း ညွှန်းကိန်းများနှင့် ချိတ်ဆက်မှုရှိရမည်။ အကောင်းဆုံးအနေဖြင့် ၄င်းကို ဘေးအန္တရာယ်လျော့ပါးရေး ရှေးဦးလုပ်ဆောင်မှုများကို ဖော်ထုတ် ပြီးလျှင်ပြီးခြင်း ပူးပေါင်းပါဝင်သော စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်အတောအတွင်း ပြုလုပ်သင့်သည် (၆.၂။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖော်ထုတ်ခြင်း ကိုကြည့်ပါ)။ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ကောက်မတီခွဲများအား သူတို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များအား ပုံစံဆွဲခြင်းနှင့် သက်ဆိုင်သည့်လိုအပ်သော အရင်းအမြစ်များဖော်ထုတ်ခြင်း ပြုလုပ်ရာတွင် မည်သည့်ပြောင်းလဲမှုများ ဖြစ်ပေါ်ရန် မျှော်လင့်သည်၊ ၄င်းတို့ကို မည်သို့ စောင့်ကြည့်လေ့လာနိုင်မည်တို့ကိုဖော်ပြသော သက်ဆိုင်ရာ ညွှန်းကိန်းများကို ဖော်ထုတ်ပြုလုပ်စေသင့်သည်။ ၄င်းကို အောက်ပါ လုပ်ဆောင်ချက်များအား လုပ်ဆောင်ခြင်းအားဖြင့် ရရှိနိုင်သည် (ADPC, 2004)

+ ရပ်ရွာလူထုလုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ဦးတည်ချက်များအား ပြန်လှန်သုံးသပ်ခြင်း – စီမံကိန်းအဖွဲ့နှင့်အတူ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ နှင့် ရွေးချယ်ထားသော ရပ်ရွာလူထုအဖွဲ့ဝင်များ (စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်ခဲ့သော ရပ်ရွာလူထုစေတနာ့လုပ်အားရှင်များ)
+ ရပ်ရွာလူထုအား ထိခိုက်စေပြီး စီမံကိန်းရလဒ်များအား လွှမ်းမိုးနိုင်သော ပြင်ပမှအကြောင်းအရာများကို သတ်မှတ်ဖော်ထုတ်ခြင်း (အဆင့် ၉ ၏ ပူးပေါင်းပါဝင်သော လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ရေးဆွဲခြင်း၊ ၆.၂။ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖော်ထုတ်ခြင်း ကိုကြည့်ပါ)။
+ သက်ဆိုင်ရာ အရေးကိစ္စများနှင့် ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာရန်အတွက် ဖြေဆိုရန်လိုအပ်သည့် မေးခွန်းများအား ဖော်ထုတ်ခြင်း (အကွက် ၁၆ – ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် စဉ်းစားချင့်ချိန်ရန်မေးခွန်းများ ကို ကြည့်ပါ)။

Myanmar Red Cross Society

အကွက် ၁၆
ပူးပေါင်းပါဝင်သော ဈေးကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် စဉ်းစားချင့်ချိန်ရန် မေးခွန်းများ

- စီမံကိန်းရေးဆွဲထားသည့်အတိုင်း လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ပြီးပါသလား။ ၄င်းတို့သည် ဦးတည်ချက်နှင့် တိုက်ဆိုင်မှုရှိသလား။
- လုပ်ဆောင်ချက်များသည် ဦးတည်ချက်များကို ရရှိရန် မည်သို့ လုပ်ဆောင်သနည်း။
- လုပ်ဆောင်မှုများသည် လူများ၏ အသိအမြင်များ၊ အပြုအမူများ၊ ပစ္စည်းဥစ္စာများနှင့် လူမှုရေးဆိုင်ရာ ကောင်းမွန်မှုနှင့် လုပ်ပိုင်ခွင့်ရှိမှုတို့အပေါ် လိုလားဖွယ် အကျိုးသက်ရောက်မှု (သို့မဟုတ် ပြောင်းလဲမှု) ရှိပါသလား။
- ဦးတည်ချက်များသို့ အဘယ်ကြောင့် မရောက်သနည်း။ လုပ်ဆောင်မှု သို့မဟုတ် ဦးတည်ချက်များကို ပြောင်းရန် လိုအပ်ပါသလား။
- ဦးတည်ချက်ကိုရရှိရန်မည်သည့် လုပ်ဆောင်မှုအသစ်များ လိုအပ်သနည်း။ ၄င်းတို့၏ အကျိုးသက်ရောက်မှုကို ဆန်းစစ်လေ့လာရန်အတွက် မည်သည့် ညွှန်းကိန်းများကို အသုံးပြုနိုင်သနည်း။
- အပျက်သဘော ထိခိုက်ခံရသော အုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ်များ ရှိပါသလား။ အုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ်များ နှုတ်ထွက်သွားခြင်းရှိပါသလား။ အဘယ်ကြောင့် ထိုသို့ ဖြစ်ရသနည်း။
- လက်ရှိ ဦးတည်ချက်များသည် အကျိုးဝင်မှုရှိနေသေးသလား သို့မဟုတ် ပြောင်းလဲရန် လိုအပ်သလား။ လိုအပ်ပါက ဦးတည်ချက်အသစ်များနှင့် လုပ်ဆောင်မှုအသစ်များမှာ အဘယ်နည်း။

Source: Community-based Disaster Risk Management Field Practitioners' Handbook, ADPC, 2004.

- ✔ ထိရောက်သော ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ရေးတို့အတွက် လုံလောက်သော လုပ်ထုံးလုပ်နည်းများ နေရာတကျရှိသည်။
- ✔ ဖော်ထုတ်ထားသော ညွှန်းကိန်းများသည် စံနှုန်းသတ်မှတ်ချက်များ(ရှင်းလင်းသော၊ ပွင့်လင်းသော၊ စိစစ်အတည်ပြုနိုင်သော၊ တိုင်းတာနိုင်သော၊ တုံ့ပြန်လွယ်သော၊ အချိန်ကန့်သတ်ချက်ရှိသော၊ ပြည့်စုံလုံလောက်သော) အားလုံးကို ပြည့်မီသည်။
- ✔ ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် ဖော်ထုတ်ထားသော ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက် တစ်ခုစီရှိသည်။

၂။ နည်းစနစ်အား ဆုံးဖြတ်သတ်မှတ်ခြင်း

ဈေးကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းနည်းစနစ်အား ဆုံးဖြတ်သတ်မှတ်ရန်အတွက် မေးခွန်း သုံးခု မေးရန် လိုအပ်သည် – အချက်အလက်များစုဆောင်းရန်အတွင် မည်သည့်နည်းစနစ်များကို အသုံးပြုမည်နည်း၊ မည်သူ ပြုလုပ်မည်နည်း၊ မည်သည့်အချိန်တွင် ပြီးစီးမည်နည်း။ အချက်အလက်ကောက်ယူခြင်းအတွက် အသုံးပြုနိုင်သော နည်းလမ်းကိရိယာအချို့မှာ – အစီအစဉ်ချထားသော စစ်တမ်းကောက်ခြင်းများနှင့် အရေအတွက်ပြ အချက်အလက် များအတွက် လက်ရှိရှိနေသောမှတ်တမ်းများကို ပြန်လှန်သုံးသပ်ခြင်း၊ အသေးစိတ် လူတွေ့မေးမြန်းခြင်း၊ အုပ်စုလိုက်လူတွေ့မေးမြန်းခြင်း (ရပ်ရွာလူထုအစည်းအဝေးများနှင့် ဦးတည်အုပ်စုဆွေးနွေးခြင်း)နှင့် အရည်အသွေးပြ အချက်အလက်များအတွက် တိုက်ရိုက်လေ့လာခြင်းတို့ ဖြစ်သည်။ ၄င်းတို့ကို အောက်ပါ ဇယားတွင် အကျဉ်းချုပ်ရှင်းပြထားသည်

Myanmar Red Cross Society

ပုံ – ၄
ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ် လျော့ပါးရေး စီမံကိန်းအား စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း

ယေား ၁၇
– စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းနည်းပညာများအား ခြုံငုံကြည့်ခြင်း

နည်းပညာ	ရှင်းလင်းဖော်ပြချက်
အစီအစဉ်ချထားသော စစ်တမ်းကောက်ယူမှုများ	၄င်းသည် ရေးထားသော စစ်တမ်းမေးခွန်းလွှာအား ကျပန်းကောက်ယူထားသော ဖြေကြားသူများကို စီမံခန့်ခွဲခြင်းကို ဖြစ်ပေါ်စေသည်။ အားသာချက်မှာ လူတွေ့စစ်ဆေးမေးမြန်းနည်းနှင့် မေးခွန်းတည်ဆောက်ခြင်းကို အတွေ့အကြုံအပေါ်တွင်မူတည်၍ စံသတ်မှတ်နိုင်သည်။ သို့မှသာ စာရင်းကောက်ယူသူ၏ပုံစံကြောင့် ဖြစ်ပေါ်လာသော ဘက်လိုက်မှုပမာဏ သို့မဟုတ် ဖြေကြားသူ၏ နားလည်မှုလွဲခြင်းတို့ကို ထိန်းချုပ်နိုင်သည်။
ရှိနှင့်ပြီးသော မှတ်တမ်းများအား ပြန်လှန် သုံးသပ်ခြင်း	အစိုးရရုံးများ အထူးသဖြင့် စာရင်းအင်းရုံး နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ရှိနှင့်ပြီး ဖြစ်သော မှတ်တမ်းများ
အသေးစိတ် လူတွေ့မေးမြန်းခြင်း	၄င်းသည် လူတွေ့မေးမြန်းသူအား ဖြေကြားသူနှင့် စကားစမြည်ပြောခြင်းဖြစ်စေပြီး ၄င်းအားဖြင့် စိတ်ကူးအတွေးများသည် လွတ်လွပ်စွာ စီးဆင်းသည်။ သို့သော် လူတွေ့မေးမြန်းသူသည် မှတ်စု များကို ချဲ့ထွင်ပြောဆိုရမည်ဖြစ်သည်။ ဤကဲ့သို့သော လူတွေ့မေးမြန်းခြင်းများကို ကျေးရွာ ဦးဆောင်သူများ၊ လူမျိုးစုအကြီးအကဲများ၊ တိုးချဲ့ဌာန လုပ်သားများ၊ ဆရာ/မများနှင့် ဒေသခံ အစိုးရ အရာရှိများ စသည့် "အဓိက သတင်းပေးသူ"ဟု ခေါ်သည့် အသိပညာ ပြည့်ဝသော လူအနည်းငယ်တို့နှင့် ပြုလုပ်နိုင်သည်။
ရပ်ရွာလူထု အစည်းအဝေးများ	၄င်းသည် ရပ်ရွာလူထု သို့မဟုတ် ကျေးရွာတွင်းရှိ အရွယ်ရောက်ပြီးသူများအား လမ်းဖွင့်ပေးထားပြီး သူတို့သည် လုံလောက်သော ကြိုတင်အသိပေးမှုပေးထားပါက ကောင်းစွာ တက်ရောက်ကြသည်။ ထိုကဲ့သို့သော အစည်းအဝေးများကို တက်ရောက်သူများအား စုံစမ်းမေးမြန်းမှုပြုလုပ်မည့် မေးမြန်းသူ နှစ်ဦး သို့မဟုတ် သုံးဦးပါသောအဖွဲ့ဖြင့် ကောင်းစွာ ပြုလုပ်သည်။
ဦးတည်အုပ်စုဆွေးနွေးခြင်း	ဦးတည်အုပ်စုဆွေးနွေးခြင်းသည် ဖိတ်ကြားထားသော တက်ရောက်သူအနည်းငယ်တို့အကြား အကြောင်းအရာတစ်ခုကို ဆွေးနွေးခြင်း အပိုင်းကဏ္ဍများဖြစ်သည်။ လူတွေ့မေးမြန်းသူသည် ဆွေးနွေးခြင်းကို ရိုးရှင်းစွာ ဦးဆောင်လှုံ့ဆော်ပေးပြီး ပြုလုပ်လိုသော အကြောင်းအရာတစ်ခု အပေါ်တွင် အာရုံစိုက်ထားသည်။
တိုက်ရိုက် လေ့လာခြင်း	၄င်းတွင် လုပ်ဆောင်ချက်တစ်ခု၊ အပြုအမူ သို့မဟုတ် ဆက်ဆံရေးကို တိုက်ရိုက် သို့မဟုတ် ကျယ်ကျယ်ပြန့်ပြန့်လေ့လာခြင်း ပါဝင်သည်။ တက်ရောက်သူများအား လေ့လာခြင်းတွင် သတင်းပေးသူများနှင့် အရည်အသွေးပြ လူတွေ့မေးမြန်းခြင်း ပါဝင်နိုင်သည်။ ဤနည်းစနစ်၏ ကောင်းကျိုးမှာ စုံစမ်းစစ်ဆေးသူသည် အခြေအနေ၏ အတွင်းပုံရိပ်ကို ပါဝင်လုပ်ဆောင်သူများ မြင်သည့်အတိုင်း မြင်နိုင်သည်။

Source: Casley, D. J.; Kumar, K., 2000.

Myanmar Red Cross Society

မည်သူနည်းဆိုသည့် ဒုတိယမေးခွန်းအတွက် ကျွန်ုပ်တို့ စဉ်းစားရမည့် ကွဲပြားသော အဖွဲ့အစည်း သုံးခုရှိသည်

+ ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၏ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံချက်အောက်တွင် ရှိနှင့်ပြီးသော ဖွဲ့စည်းတည်ဆောက်ပုံနှင့် စီစဉ်ဆောင်ရွက်မှုများ ပေးခြင်းသည် ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်းအတွက် ဦးဆောင်မည့်သူသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် သက်ဆိုင်သော ကော်မတီခွဲတစ်ခု၊ အခြား ကော်မတီခွဲများ၏ လုံလောက်သောပံ့ပိုးမှုနှင့်အတူ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း ကော်မတီခွဲ ဖြစ်နိုင်သည်။
+ အလုံးစုံ စီမံကိန်း စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းကို ညှိနှိုင်းရေးမှူးနှင့် ကွင်းဆင်းအရာရှိများ (မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စေတနာ့ဝန်ထမ်းများနှင့် အမှုဆောင်ကော်မတီဝင်များ) ဦးဆောင်သော စီမံကိန်းလက်အောက်ရှိ စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်းအဖွဲ့မှ လုပ်ဆောင်သည်။
+ စီမံကိန်း၏ နောက်ဆုံး အကဲဖြတ်ခြင်းအတွက် ပြင်ပမှ အကဲဖြတ်ရေးအဖွဲ့ သို့မဟုတ် သမာသမတ်ကျစေရန် အတွက် စီမံကိန်းနှင့် တိုက်ရိုက်ဆက်နွယ်ခြင်းမရှိသော ကျွမ်းကျင်သူများကို ခေါ်ယူခြင်းသည် သတ်မှတ်ချက်ပင် ဖြစ်သည်။

အချိန်အကြောင်းအရာကို လုပ်ဆောင်ချက်များ၏ အချိန်ဇယားပေါ်မူတည်၍ ဆုံးဖြတ်နိုင်သည်။ စီမံကိန်း၏ ကြာချိန်၊ ရပ်ရွာလူထု ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်၏ လိုအပ်မှုနှင့် ပါဝင်ပတ်သက်သူများများ၏ အလေးထားမှုတို့အပေါ်မူတည်၍ ကျင်းပသော လစဉ်၊ နှစ်လတစ်ကြိမ် သို့မဟုတ် သုံးလပတ်အလိုက် ကျင်းပသော အချိန်ပိုင်းအလိုက် အစည်းအဝေးများအားဖြင့် ပါဝင်ပတ်သက်သူများများအား အသိပေးထားရန် လိုအပ်ချက်ကို စစ်ဆေးရန်လိုအပ်သည်(ADPC, 2004)။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းစက်ဝိုင်းကို စီမံကိန်း အစီရင်ခံခြင်း အချိန်ဇယားအတွင်း၌ တစ်ထပ်တည်းကျလျှင် ပို၍ အဆင်ပြေပြီး အချိန်ကုန်သက်သာနိုင်သည်။ (ဤအကြံပြုချက် အတွက် အချက် ၄ ရှိ ထပ်ဆင့်အကြောင်းရင်း – ပူးပေါင်း အစီရင်ခံခြင်း ကို ကြည့်ပါ)

✔ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် ဦးဆောင်သောအဖွဲ့အစည်းဖြစ်သည့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသည် အချက်အလက်စုဆောင်းရေးနည်းလမ်းများကို မည်သို့ ထိထိရောက်ရောက် အသုံးပြုရမည်ကို ကောင်းစွာ နားလည်သဘောပေါက်သည်။

၃။ ခွဲခြမ်းစိတ်ဖြာခြင်း နည်းလမ်းများကို သတ်မှတ်ခြင်း

သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်း၏ အဓိကအချက်များမှာ – စုဆောင်းရရှိသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာရန် နည်းလမ်းကိရိယာများနှင့် တာဝန်ရှိသော ပုဂ္ဂိုလ်(များ)ဖြစ်သည်။ ရိုးရှင်းသော ဖော်ပြချက်အနှစ်ချုပ်နှင့် အဆိုပါ အနှစ်ချုပ်များကို ကောက်နုတ်စုစည်း၍ ပြောင်းလဲမှုများ အမျိုးအစားတွင် ရွေးချယ်ခြင်းသည် ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၏ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် လုံလောက်မှုရှိသည်။ အထူးသဖြင့် လက်တွေ့တွင် ရပ်ရွာလူထုသို့ ရှုပ်ထွေးပြီး အဆင့်မြင့်သော ခွဲခြမ်းစိတ်ဖြာသည့် နည်းလမ်းကိရိယာများဖြင့် မိတ်ဆက်ပေးခြင်းသည် အောက်ခြေလူတန်းစားအဆင့်တွင် ကွန်ပျူတာစနစ်ပြင်ဖင့်ပြည့်စုံစွာရှိနှင့်ပြီးဖြစ်သော စာရင်းအင်းဆိုင်ရာကျွမ်းကျင်သူများမရှိပါက မဖြစ်နိုင်၊ လက်တွေ့မကျနိုင်ပေ။ မြန်မာနိုင်ငံ၏ လက်ရှိအချိန်အတွက်လည်း လက်တွေ့မကျသော အခြေအနေတစ်ရပ် ဖြစ်သည်။ သို့သော်လည်း အလုံးစုံ စီမံကိန်း စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းအတွက် အထူးပြုလုပ်ထားသည့် SPSS ကဲ့သို့သော ကွန်ပျူတာဆော့ဝဲကို အသုံးပြု၍ အဆင့်မြင့်မြင့် ခွဲခြမ်းစိတ်ဖြာခြင်းကို ပြုလုပ်နိုင်သည်။ သို့သော် ၄င်းသည်လည်း အကောင်အထည်ဆောင်ရွက်သော အဖွဲ့၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်အဆင့်အပေါ်တွင် မူတည်သည်။

- ✔ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် ဦးဆောင်သောအဖွဲ့အစည်း (ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည်) တွေ့ရှိချက်များကို မည်သို့ ခွဲခြမ်းစိတ်ဖြာရမည်ကို သိသည်။

၄။ အစီရင်ခံစာပုံစံအား သုံးသပ်ဆုံးဖြတ်ခြင်း

စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်းအစီရင်ခံစာများသည် ပုံမှန်အားဖြင့်အဖွဲ့တွင်းစာရွက်စာတမ်းများဖြစ်သော်လည်း ရပ်ရွာလူထုလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၏ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် ၄င်းတို့ကို စိတ်ပါဝင်စားပတ်သက်သူများအားလုံးနှင့် ဝေမျှရမည်ဖြစ်ပြီး လွဲချော်မှုများ တွေ့ရှိလျှင် ပြန်လည်ကုစားမည့် လုပ်ဆောင်ချက်များကိုလည်း တစ်စုတစ်ဝေးတည်း ဖော်ထုတ်နိုင်မည်ဖြစ်သည်။ လက်တွေ့လုပ်ဆောင်ရာတွင် တွေ့ရှိရသောပြောင်းလဲမှုများကို အစီရင်ခံစာနှင့်တွဲဖက်ရန် ဇယားပုံစံနှင့် ဂရပ်ပုံစံတို့ကို တင်ဆက်နိုင်သည်။ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း၏ ရလဒ်များကို မည်သို့အသုံးပြုမည်ကိုလည်း ကောင်းစွာရှင်းပြရန်လိုအပ်သည်။ အစီရင်ခံရမည့်တာဝန်ကို ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ တာဝန်ချထားသောအဖွဲ့ဝင်မှ စီမံကိန်းအဖွဲ့ညှိနှိုင်းရေးမှုနှင့် တွဲဖက်၍ ဆောင်ရွက်သင့်သည်။

Myanmar Red Cross Society

အစီရင်ခံစာ၏ပုံစံကို သက်ဆိုင်ရာ ဦးဆောင်သူတို့ – ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်၏ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအတွက် စီမံခန့်ခွဲမှုကော်မတီဖြစ်ပြီး အလုံးစုံ စီမံကိန်း စောင့်ကြည့်လေ့လာခြင်းအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းကော်မတီ – မှ ဆုံးဖြတ်ရန်လိုအပ်ပြီး သူတို့အစီရင်ခံကြောင်းတွေ့မြင်လိုသည့် သတင်းအချက်အလက်ကို ထည့်သွင်းစဉ်းစားသည်။ လုံလောက်သော အတိုင်းအရှည်ဖြင့် တစ်ခုတည်းသီးသန့်ပြင်ဆင်ရသည့် အစီရင်ခံစာဖြစ်သည့် နောက်ဆုံး အကဲဖြတ်ခြင်းအစီရင်ခံစာမှအပ အခြားအစီရင်ခံစာတို့ကို ရှင်းလင်းစွာပြုလုပ်ရန်လိုအပ်သည်။ ရပ်ရွာလူထု အစီအစဉ် အကောင်အထည်ဖော်ခြင်းနှင့် အလုံးစုံ စီမံကိန်း အကောင်အထည်ဖော်ခြင်းအပေါ် ပြုလုပ်သည့် အခြား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာများသည် ပုံမှန် တိုးတက်မှုအစီရင်ခံစာတွင် သတင်းဆောင်းပါးအတိုအဖြစ် တွဲပေးနိုင်သည်။ ၄င်းတို့ကို အောက်ပါ အချက်အလက်များပါဝင်သော ရိုးရှင်းသော ဇယားပုံစံဖြင့်ပင် တင်ဆက်နိုင်သည် –

- + အစီရင်ခံစာပြင်ဆင်သောနေ့
- + အစီရင်ခံစာ ပြင်ဆင်သော အဖွဲ့အစည်း
- + အစီရင်ခံစာမှ ခြုံငုံမိသော ကာလအပိုင်းအခြား
- + လုပ်ငန်းဆောင်ရွက်မှု၏ တိုးတက်မှု
- + ညွှန်းကိန်းများအပေါ်တွင် အောင်မြင်မှု ရရှိမှု
- + ဦးတည်ချက်အပေါ်တွင် အောင်မြင်မှုရရှိမှု
- + တွေ့ကြုံရသော ပြဿနာအခက်အခဲများ
- + ပြဿနာအခက်အခဲများကို ဖြေရှင်းရန် ပြုလုပ်သော လုပ်ဆောင်ချက်များ
- + အကြံပေးချက်များ

ရပ်ရွာအဖွဲ့အစည်းအတွက် အစီရင်ခံစာ၏ အသားပေးဖော်ပြမှုသည် ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် အောက်ရှိ တိုးတက်မှုအပေါ်တွင် ပြုလုပ်ရမည်ဖြစ်ပြီး ပြည်နယ်/ဒေသကြီး/မြို့နယ်အဆင့်ရှိအာဏာပိုင်များနှင့် ဌာနချုပ်အဆင့် အမှုဆောင်များကဲ့သို့သော အဆင့်မြင့်ပါဝင်ပတ်သက်သူများများအဆင့်တွင် အလုံးစုံ စီမံကိန်း အောက်ရှိ တိုးတက်မှုသည် ပို၍ စိတ်ဝင်စားမှု ဖြစ်စေလိမ့်မည်။

အစီရင်ခံစာသည် ရိုးရှင်း၊ ကျစ်လျစ်ရမည်ဖြစ်ပြီး အဆုံးသတ်နိဂုံးသည် စီမံကိန်းညှိနှိုင်းရေးမှူး၊ ဌာနချုပ်အဆင့်ရှိ သက်ဆိုင်ရာ အရာရှိများနှင့် ဒေသခံအစိုးရအရာရှိများနှင့် လူထုအဖွဲ့ဝင်များအပါအဝင် အခြားစိတ်ဝင်စားပတ်သက်သူများအား လိုအပ်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အသုံးပြုနိုင်ရန်အတွက် လွယ်ကူစွာ နားလည်သဘောပေါက်လွယ်ရန်လိုအပ်သည်။ များပြားလွန်းသော နည်းပညာပိုင်းဆိုင်ရာ ဗဟုစကားများကို ရှောင်ကြဉ်ရန်လည်းသင့်သည်။ ပုံစံနမူနာကို နောက်ဆက်တွဲ ၆ – လူထုအခြေပြုဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်မှုများအတွက် စောင့်ကြည့် လေ့လာခြင်းစာရွက်နမူနာ တွင် တွေ့နိုင်သည်။

- ✔ အဆုံးသတ်ပြုလုပ်ပြီးသော အစီရင်ခံစာပုံစံကို ပါဝင်ပတ်သက်သူများများအားလုံးမှ ကောင်းစွာလက်ခံသည်။
- ✔ ဦးဆောင်သောအဖွဲ့အစည်း (ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ)တွင် ပုံမှန်၊ သက်ဆိုင်သော၊ ပြည့်စုံသည့် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အစီရင်ခံစာများကို ပြင်ဆင်ရန် လုံလောက်သောစွမ်းဆောင်ရည် ရှိသည်။

၅။ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းကို သုံးသပ်ခြင်း

ပြီးခဲ့သည့် လုပ်ဆောင်ချက် ၁ မှ ၄ တွင် ဖော်ပြခဲ့သော ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအားလုံးသည် သံသရာလည်နေသောပုံစံဖြစ်သည့် ကာလအလိုက် အချက်အလက်ကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံစာပြင်ဆင်ခြင်း တို့တွင် လုပ်ဆောင်ရန်လိုအပ်သည့် ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအစီအစဉ်သို့ ဦးတည်နေသည်။ အချိန်နှင့် အရင်းအမြစ်များကို ချွေတာရန်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ကော်မတီခွဲအမျိုးမျိုးနှင့် စီမံကိန်းအဖွဲ့တို့၏ လုပ်ဆောင်မှုများ လိုက်လျောညီထွေရှိနိုင်ရန်အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းကို ပုံမှန် အစီရင်ခံခြင်း အချိန်ဇယားနှင့် တိုက်ဆိုင်ပြုလုပ်ရန် များစွာ အကြံပေးသည်။ မည်သည့် အဓိက ဆုံးဖြတ်ချက်များမဆို ချမှတ်ရာ၌ ကျယ်ပြန့်စွာပြုလုပ်၍ ရရှိသော သဘောတူညီမှုကို သေချာစေရန်အတွက် လုံလောက်သော သတင်းအချက်အလက် မျှဝေခြင်းကို အဆိုပါအဖွဲ့များအကြား ပြုလုပ်သင့်သည်။

Myanmar Red Cross Society

၁။ ပုံမှန် သတင်းအချက်အလက်မျှဝေခြင်းသည် ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် အဓိဖြစ်ပြီး ထိုအတွက် လက်တွေ့ကျသော အစည်းအဝေးအချိန်ဇယားများကို ပါဝင်ပတ်သက်သူများ၏ သဘောတူညီမှုဖြင့် ကြိုတင်ပြင်ဆင်သင့်သည်။

၂။ ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် ဘေးထိခိုက်လွယ်ဆုံးသော အုပ်စုများ ပိုမို ပါဝင်ခြင်းကို သူတို့၏အထူးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အစဉ်အလာမဟုတ်သော ဆက်သွယ်ရေးနည်းများဖြစ်သည့် သင်္ကေတများ၊ လက္ခဏာများ၊ တိုင်းရင်းဘာသာစကားများ၊ ရေးထားသော မေးခွန်းများ စသည်တို့အားဖြင့် ဦးဆောင်ပြုလုပ်ပေးသင့်သည်။

- ✔ ဘေးထိခိုက်လွယ်ဆုံးသောအုပ်စုများမှ ကိုယ်စားလှယ်များသည် ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် ပါဝင်သည်။
- ✔ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လက်အောက်တွင် ကော်မတီခွဲအမျိုးမျိုးတို့သည် လုံလောက်သော သတင်းအချက်အလက်များ ဝေမျှခြင်းကို သေချာစေရန်အတွက် ဆက်သွယ်ရေးနည်းစနစ် နေရာတကျရှိသည်။

၆။ ပြင်ဆင်တည့်မတ်ရေးလုပ်ဆောင်ချက်များအား ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း

ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၏ ရလဒ်အဖြစ် မျှော်လင့်ထားသော ရလဒ်များ နှင့် လက်တွေ့တွင် အမှန်တကယ် ပြောင်းလဲမှုများနှင့် ဦးတည်ချက်များ၏ လုပ်ဆောင်မှုများနှင့် အောင်မြင်မှုများအပေါ် တိုးတက်မှုကို ပါဝင်ပတ်သက်သူများအား ကာလအလိုက် ပြန်လှန်သုံးသပ်ခြင်းနှင့် အချက်အလက်ဝေမျှခြင်း အစည်းအဝေးများတွင် တင်ပြရန် လိုအပ်သည်။ အချို့လုပ်ဆောင်မှုများသည် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ် အတောအတွင်း သင့်တော်၍ အကျိုးရှိသည်ဟု ထင်မှတ်ခဲ့သော်လည်း မဖြစ်ကြောင်း သက်သေပြသည် သို့မဟုတ် အချို့သော လုပ်ဆောင်မှုများသည် အခြားသော အုပ်စုများအပေါ်တွင် အပျက်သဘော အကျိုးသက်ရောက်မှုများ ရှိနိုင်သည် (ADPC, 2004)။ အဆိုပါ တွေ့ရှိချက်များအပေါ်အခြေခံ၍ စီမံကိန်း၏ အမျိုးမျိုးသော ရှုထောင့်များဖြစ်သည့်

တင်ဆက်မှု၊ လည်ပတ်လုပ်ဆောင်ခြင်း လုပ်ထုံးလုပ်နည်း၊ လူပ်ရှားမှုများ၊ ဦးတည်ချက်များ၊ အချိန်ကန့်သတ်ချက်များ တို့တွင် ညှိနှိုင်းလုပ်ဆောင်မှုများ လိုအပ်နိုင်သည်။ ပြောင်းလဲခြင်း သို့မဟုတ် ကိုက်ညီလုပ်ဆောင်ခြင်းတို့သည် အသစ်ဖော်ထုတ်လိုက်သော လုပ်ဆောင်မှုများနှင့် ဦးတည်ချက်အသစ်များကို အကောင်အထည်ဖော်ရန်အတွက် နောက်ထပ် အရင်းအမြစ်များအား စည်းရုံးအသုံးချခြင်းကို လိုအပ်နိုင်သည်။ မည်သည့် ပေါ်ပေါက်လာသော နောက်ထပ်အရင်းအမြစ်များကို မဆို ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအတွက် သူတို့၏ အရင်းအမြစ်ခွဲဝေအသုံးချရေး ကျွမ်းကျင်မှုများကို စီမံကိန်းအဖွဲ့၏ ပံ့ပိုးမှုဖြင့် လုပ်ဆောင်ရန် အခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်သင့်သည်။ စိတ်ဝင်စားသော အလှူရှင်များနှင့် အလားအလာရှိသော အရင်းအမြစ် ထောက်ပံ့သူများသို့ ပေးပို့ရန်အတွက် ထုတ်ဖော်ရေးဆွဲနိုင်သည်။

ကြိုတင်သတ်မှတ်ဆုံးဖြတ်ထားသော အချိန်ဇယားများ၊ လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများသည် လုပ်ငန်း အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တွင် သက်တောင့်သက်သာဖြစ်စေရန် အရေးကြီး သော်လည်း လက်တွေ့တွင် ပြောင်းလဲနေသော လိုအပ်ချက်ပေါ်မူတည်၍ အခြေခံကျသည့် ပြောင်းလဲမှုများကို လိုအပ်သည့်အချိန်အခါတွင် ခွင့်ပြုရန်အတွက် ပြောင်းလွဲပြင်လွယ်မှုရှိရန် လိုအပ်သည်။

- အတွင်း၊ အပြင် ပါဝင်ပတ်သက်သူများများအားလုံးနှင့် လုံလောက်သော သတင်းအချက်အလက်များ မျှဝေရန်အတွက် ဆက်သွယ်ရေးနည်းစနစ် နေရာတကျရှိသည်။
- အမှန်တကယ်ထွက်ပေါ်လာသောရလဒ်များသည် အသေးစိတ် စီမံကိန်းအစီအစဉ်မှ များစွာ ကွဲပြားနေသောအခါ ပြင်ဆင်တည့်မတ်ရေး လုပ်ဆောင်ချက်များကို ရေးဆွဲ၍ ပြုလုပ်သည်။
- ပြုလုပ်လိုက်သော မည်သည့် ပြောင်းလဲမှု/ပြင်ဆင်တည့်မတ်ရေး လုပ်ဆောင်ချက်များကို ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် ပါဝင်သော ပါဝင်ပတ်သက်သူများအားလုံးမှ သဘောတူညီသည်။

နောက်ထပ် သတင်းအချက်အလက်များအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း၏ လမ်းညွှန်ဖြစ်သော "Project/programme monitoring and evaluation (M&E) guide" ကို ရည်ညွှန်းပါ။

Myanmar Red Cross Society

အခန်း ၈
အကျိုးသက်ရောက်မှုအား လေ့လာခြင်း – အဆုံးသတ်အခြေအနေလေ့လာချက်

အဆုံးသတ်အခြေအနေလေ့လာချက်ကို ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းတစ်ခု၏ အပြီးသတ်ခါနီးတွင် ပြုလုပ်ပြီး ကနဦးအခြေအနေလေ့လာချက်နှင့် တူညီသော အချက်အလက်များကို ကောက်ခံသည်။ သို့သော်လည်း ၄င်းသည် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များကို လုံလောက်သောအချိန် အတိုင်းအတာတစ်ခုအတွင်း ပြုလုပ်ထားပြီးမှသာ ပြုလုပ်ခြင်းဖြစ်သည်။ ထို့နောက်တွင် စီမံကိန်းအားဖြင့် ဖြစ်ပေါ်လာသော ပြောင်းလဲမှုများကို ဖော်ထုတ်ရန်အတွက် ကနဦး နှင့် အပြီးသတ် အခြေအနေလေ့လာချက် အချက်အလက်နှစ်စုကို နှိုင်းယှဉ်လေ့လာသည်။

ကနဦးအခြေအနေလေ့လာချက် နည်းတူပင် အဆုံးသတ်အခြေအနေလေ့လာချက်အတွက် အောက်ပါ အဓိက စည်းမျဉ်းများ ပါဝင်သည်။

+ *ပူးပေါင်းပါဝင်ခြင်း* အောင်မြင်မှုသည် သတင်းအချက်အလက်နှင့် တာဝန်များ ခွဲဝေရာတွင် ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုအပေါ်တွင် မူတည်သည်။
+ *အဖွဲ့အစည်းနှင့်လုပ်ကိုင်ခြင်း* ကဏ္ဍပေါင်းစုံ၏ ကျွမ်းကျင်သူများ နှင့် အမျိုးသမီးများအပါအဝင် ရပ်ရွာလူထု ကိုယ်စားလှယ်များရှိခြင်းသည် အကောင်းဆုံးဖြစ်သည်။
+ *စနစ်တကျရှိခြင်း* ကောက်ခံရရှိသော အချက်အလက်များသည် မှန်ကန်မှုရှိကြောင်း၊ လွယ်ကူစွာ သက်သေပြနိုင်ကြောင်းနှင့် သေချာစွာ စုစည်းထားကြောင်း အာမခံသည်

Myanmar Red Cross Society

လေ့လာချက်နှစ်ခုလုံးသည် အောက်တွင်ဖော်ပြထားသော လုပ်ဆောင်မှုအစုများကို လိုက်နာသည်။

၁။ **လေ့လာရေးအဖွဲ့ ဖွဲ့စည်းခြင်း**

ပုံမှန်အားဖြင့် အဆုံးသတ်အခြေအနေလေ့လာခြင်း၏ လေ့လာရေးအဖွဲ့သည် ကနဦးအခြေအနေလေ့လာခြင်း ပြုလုပ်သည့်အဖွဲ့နှင့် တူညီသင့်သော်လည်း လက်တွေ့တွင်မူ ကနဦး အချက်အလက်ကောက်ယူရာတွင် ယခင်က ပါဝင်ခဲ့သော အချို့သော ကြက်ခြေနီစေတနာ့ဝန်ထမ်းများကို မရရှိနိုင်တော့ခြင်း သို့မဟုတ် အခြားနေရာသို့ ပြောင်းရွှေ့သွားခြင်းတို့ကြောင့် ထိုသို့ မဖြစ်နိုင်ပေ။ သို့သော်လည်း ဦးတည်ထားသောကျေးရွာတိုင်းတွင် အထူးပြုဖွဲ့စည်းထားသော လေ့လာရေးအဖွဲ့များကို အဆုံးသတ်အခြေအနေလေ့လာခြင်းအတွက် ကနဦး အခြေအနေ လေ့လာခြင်းကဲ့သို့ပင် သက်ဆိုင်ရာလုပ်ငန်းများကို ဖော်ပြထားသော လုပ်ငန်းဖော်ပြချက်များဖြင့် ဖွဲ့စည်းသင့်သည်။ ထို့နောက် ဒေသခံ အာဏာပိုင်များအား အသိပေးပြီး သက်ဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများအား လေ့လာရေးအဖွဲ့၏ လုပ်ငန်းဖော်ပြချက်အပါအဝင် လေ့လာခြင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ဒေသခံ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် မျှဝေရန်အတွက် ရပ်ရွာလူထုအစည်းအဝေးတစ်ခုကို စီမံပြုလုပ်ရန်တောင်းဆိုသည်။ အစည်းအဝေးတွင် ရပ်ရွာမှ စေတနာ့ဝန်ထမ်းများကို လေ့လာရေးအဖွဲ့တွင် ပါဝင်ရန် ဖိတ်ခေါ်နိုင်သည်။ ကနဦးအခြေအနေလေ့လာသည့်အချိန်နှင့် ကွဲပြားလျက် စီမံကိန်းအဖွဲ့သည် ကြက်ခြေနီစေတနာ့ဝန်ထမ်းများနှင့် စီမံကိန်းစောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအဖွဲ့ဝင်များ၏ အထက်တွင် အောက်ပါ အဓိက ပါဝင်ပတ်သက်သူများများကို အဖွဲ့၏ အစိတ်အပိုင်းအဖြစ် စဉ်းစားသင့်သည်။

+ ဦးတည် မြို့နယ်နှင့် ကျေးရွာတို့မှ သက်ဆိုင်ရာ အစိုးရဌာနများမှ ကိုယ်စားလှယ်များ
+ ဦးတည်ကျေးရွာများတွင် လုပ်ကိုင်နေသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ပညာရေး/သုတေသန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ
+ ရပ်ရွာလူထုအတွင်း ဒေသခံ သို့မဟုတ် ထုံးတမ်းစဉ်လာအရ ဦးဆောင်သူများ
+ ဦးတည်မြို့နယ်နှင့် ကျေးရွာများမှ ကြက်ခြေနီ စေတနာ့ဝန်ထမ်းများ နှင့်
+ ဆန်းစစ်လေ့လာမည့် ရပ်ရွာလူထု၏ ကိုယ်စားလှယ်အဖွဲ့ဝင်များ

စီမံကိန်းအဖွဲ့နှင့် ကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့သည် အချက်အလက်ကောက်ယူခြင်း လုပ်ဆောင်မှု၏ အလုံးစုံစီမံအုပ်ချုပ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို အတူတကွ လုပ်ဆောင် နိုင်သည်။ ကျောင်းများကို ဦးတည်သော အုပ်စုခွဲအား ကျောင်းအခြေပြုအချက်အလက်များ စုစည်းရန်အတွက် ဖွဲ့စည်းသင့်သည်။

- ✔ လေ့လာရေးအဖွဲ့၏ လုပ်ငန်းဖော်ပြချက်သည် အဖွဲ့ဝင်များ၏ လုပ်ငန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို အသေးစိတ်ပြုစုဖော်ပြထားသည်။
- ✔ ဘေးထိခိုက်လွယ်ဆုံးသောအုပ်စုများမှ ကိုယ်စားလှယ်များ၊ အထူးသဖြင့် အမျိုးသမီးများအပါအဝင် ရပ်ရွာလူထုစေတနာ့ဝန်လုပ်အားရှင်များနှင့် ကိုယ်စားလှယ်များအား အဖွဲ့သို့ ပူးပေါင်းရန် ဖိတ်ခေါ်သည်။
- ✔ ကနဦး နှင့် အဆုံးသတ်အခြေအနေ လေ့လာရေးအဖွဲ့နှစ်ဖွဲ့လုံးအား အဖွဲ့ဝင်အရေအတွက် ညီတူညီမျှနီးပါးတိုးဖြင့် ဖွဲ့စည်းထားသည်။

၂။ အချက်အလက်ကောက်ယူသောအဖွဲ့အား သင်တန်းပေးခြင်း

ယခင်က ကနဦးအခြေအနေလေ့လာခြင်းတွင်ကဲ့သို့ပင် အချက်အလက်ကောက်ယူမည့်အဖွဲ့အား ပူးပေါင်းပါဝင်သော လေ့လာခြင်းနှင့် လုပ်ဆောင်ခြင်း နည်းကိရိယာများအားအသုံးပြုပုံ၊ ခွဲခြမ်းစိတ်ဖြာနည်းများနှင့်အတူ စံသတ်မှတ်ထားသော စစ်တမ်းမေးခွန်းလွှာများနှင့် အခြား အခြေခံ လူ့အခွင့်အရေး၊ ဘေးအန္တရာယ်လျော့ပါးရေး ကိစ္စရပ်တို့အား မိတ်ဆက်ရှင်းလင်းခြင်းနှင့် ပတ်သက်၍ လေ့ကျင့်သင်တန်းပေးခြင်းကို ပြုလုပ်ရန် အထူးသဖြင့် အဖွဲ့ဝင် အသစ်များအတွက် မွမ်းမံသင်တန်းကို များစွာ အကြံပြုသည်။

- ✔ လေ့လာရေးအဖွဲ့အား သင့်တော်သော သင်တန်းများဖြင့် ပံ့ပိုးပေးသည်။

၃။ အချက်အလက်ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း

ကနဦးအခြေအနေလေ့လာခြင်းကဲ့သို့ပင် အဆုံးသတ်အခြေအနေလေ့လာခြင်းသည် အခြေခံအားဖြင့် စစ်တမ်းမေးခွန်းလွှာများအပေါ်တွင် အခြေခံပြီး တူညီသော သတင်းအချက်အလက်အမျိုးအစားများဖြစ်သည့် တစ်ဦးချင်းဖြေကြားသူအကြောင်း၊ အိမ်ထောင်စုအကြောင်း၊ အန္တရာယ်တွေ့ကြုံရမှု၊ သဘာဝအန္တရာယ်အပေါ် ထင်မြင်ယူဆချက်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းတွင် လက်ရှိအခြေအနေတို့ကို စုစည်း ကောက်ယူသည်။ ကနဦးအခြေအနေလေ့လာရာတွင်ကဲ့သို့ အနည်းနှင့်အများ တူညီလျက် ကျပန်းနမူနာ စာရင်းကောက်ယူခြင်းကို ပြုလုပ်နိုင်ပြီး ထို့အတူပင် အချက်အလက်ဖြည့်သွင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း နည်းလမ်းကိရိယာများ (excel နှင့် SPSS) ကို အသုံးပြုနိုင်သည်။ တူညီသောမေးခွန်းများ၊ ဖြစ်နိုင်သရွေ့ တူညီသော အိမ်ထောင်စုများမှ တူညီသောလူပုဂ္ဂိုလ်များကို အဆုံးသတ်အခြေအနေလေ့လာခြင်းအတွက် လူတွေ့မေးမြန်းသင့်သည်။ တူညီသောသူ မရနိုင်ပါက တူညီသော အိမ်ထောင်စုမှ အခြားမိသားစုဝင်တစ်ယောက်ကို လူတွေ့ မြေးမြန်းရန်အတွက် ရွေးချယ်သည်။ အခြားဖြေရှင်းပြုလုပ်နည်းမှာ ပထမ ကနဦးအခြေအနေလေ့လာသည့် လူတွေ့စစ်ဆေးခြင်းတွင် အိမ်ထောင်စုအတွင်းရှိ တစ်ယောက်ထက်ပိုသော မိသားစုဝင်များအား ရွေးချယ်ခြင်း ဖြစ်သည်။ သို့သော် ကျပန်းနမူနာစာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကြောင့် ခြားနားသော နမူနာများကို အသုံးပြုခြင်းသည်လည်း နှိုင်းယှဉ်နိုင်သော အချက်အလက်အဖြစ် ရရှိနိုင်သည်။

Myanmar Red Cross Society

- ၁။ အချက်အလက်များ၏ အရည်အသွေးမြင့်မားမှုနှင့် ယုံကြည်စိတ်ချရမှုကို အာမခံနိုင်ရန် အရည်အသွေး ထိန်းသိမ်းမှု လုပ်ငန်းစဉ်ရှိထားပြီး ဖြစ်ရန် လိုအပ်သည်။
- ၂။ လက်တွေ့တွင် ဖြစ်ပေါ်နေသောအခြေအနေအား ပို၍ ကောင်းမွန်စွာ နားလည်မှုကို သေချာစေရန်အတွက် တွေ့ဆုံမေးမြန်းခံရသူများနှင့်ပတ်သက်၍ ကျားမ ညီမျှမှုရှိသင့်သည်။
- ၃။ ကနဦးနှင့် အဆုံးသတ် အခြေအနေလေ့လာခြင်းနှစ်မျိုးစလုံးတွင် အချက်အလက် ကောက်ယူစုဆောင်းခြင်းသည် ကျောင်းများကိုလည်း ခြုံငုံမိသင့်သည်။

၄။ တွေ့ရှိချက်များအား တင်ပြခြင်း

ကနဦးနှင့် အဆုံးသတ်အခြေအနေလေ့လာခြင်းနှစ်မျိုးလုံးတွင် စီမံကိန်း စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း အရာရှိသည် နောက်ဆုံးအစီရင်ခံစာပြင်ဆင်ရေးသားခြင်းအတွက် တာဝန်ယူသည်။ ၄င်းတွင် မပြုလုပ်မီနှင့် ပြုလုပ်ပြီး မြင်ကွင်းများကို ရှင်းလင်းစွာဖော်ပြထားသော ရှုထောင့်အမျိုးမျိုးတွင် ခွဲခြားပြထား၍ မည်သည့် ထင်ရှားသော တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်မှုတို့ကိုမဆို ဖော်ပြထားသော ပြောင်းလဲမှုများကို ပြသည့် အရည်အသွေးပြ အချက်အလက်များပါဝင်သည်။ နောက်ဆုံးထုတ်လုပ်မှု အထူးသဖြင့် အဆုံးသတ်အခြေအနေ လေ့လာမှုအစီရင်ခံစာကို ပါဝင်ပတ်သက်သူများအားလုံးနှင့် ဝေမျှရန် လိုအပ်သည်။ အစီရင်ခံမှုပုံစံကို လေ့လာရေး မူဘောင်၏ အစိတ်အပိုင်း သို့မဟုတ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတွင် လိုအပ်ချက် အစိတ်အပိုင်း အဖြစ် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအရာရှိနှင့် လေ့လာရေးအဖွဲ့တို့ ပူးပေါင်းဆုံးဖြတ်သင့်သည်။

ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာအချက်အလက်များ၊ လူများ၏ နားလည်သဘောပေါက်မှု၊ ထင်မြင်ယူဆချက်နှင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောနေထိုင်ခြင်းနှင့် သဘာဝအရင်းအမြစ်များအား စီမံအုပ်ချုပ်ခြင်းတို့တွင် သူတို့၏ လက်ရှိ လုပ်ထုံးနည်းများ၏ အထက်တွင် ဤလေ့လာခြင်းသည် ဘေးအန္တရာယ်လျော့ပါးရေး ဆောင်ရွက်မှုများ မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီး ပတ်ဝန်းကျင်အခြေအနေများကို ဖော်ထုတ်ပေးနိုင်သည်။ ၄င်းသည် စီမံကိန်းလုပ်ဆောင်မှုများသည် သဘာဝဂေဟာစနစ်ကို မထိခိုက်မပျက်စီးစေကြောင်း သေချာရန်အတွက်ဖြစ်သည်။ ဤလေ့လာခြင်းသည် ရပ်ရွာတွင်း ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်မှုများသည် အဆိုပါ ထည့်သွင်းပေါင်းစပ်သော အရေးကိစ္စများအား ဆိုးကျိုးဖြစ်စေ၊ ကောင်းကျိုးဖြစ်စေ မည်သို့ အကျိုး သက်ရောက်မှုရှိကြောင်း ဖော်ပြပြီး ၄င်းကို အနာဂတ်၏ ရည်ညွှန်းကိုးကားချက်အတွက် မှတ်တမ်းတင်ထားသည်။

Myanmar Red Cross Society

လုပ်ငန်းစဉ် ၉
ရပ်ရွာလူထုအား လုပ်ပိုင်ခွင့်ပေးအပ်ခြင်း

အချိန်ကန့်သတ်မှုဘောင်ရှိသော မည်သည့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံကိန်းမဆို အကောင်အထည်ဖော်လုပ်ဆောင်သော အချိန်ကာလအပြီးတွင် ဦးတည်ဒေသများအား စွန့်ခွာရမည်ဖြစ်သည်။ ပြီးပြည့်စုံသော ရုတ်သိမ်းမှုမပြုလုပ်ပါက လုပ်ဆောင်မှုများသည် အခြားနေရာတစ်ခုတွင် ဆင့်ပွားပြုလုပ်ရန်အတွက် နေရာတစ်ခုတွင် လျှော့ချရနိုင်သည်။ မည်သည့်အခြေအနေတွင်မဆို အန္တရာယ်ရှိသော ဦးတည်နေရာများတွင် ဘေးအန္တရာယ်လျော့ပါးရေး အားထုတ်လုပ်ဆောင်မှုများ ဆက်လက်ပြုလုပ်နိုင်စေရေးအတွက် သေချာစေရန် စီမံကိန်း၏ ဦးတည်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် လုပ်ဆောင်မှုများကို အခြားအဖွဲ့အစည်း အထူးသဖြင့် ရပ်ရွာလူထုအခြေပြုသောအဖွဲ့သို့ လွှဲပြောင်းပေးရန် အရေးကြီးသည်။ သို့မှသာ စဉ်ဆက်မပြတ်ဝန်ဆောင်မှုများသည် ဒေသခံထိန်းသိမ်းထားသော စီမံခန့်ခွဲမှုအောက်တွင် ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ရင်းနှီးရရှိလာမှုများအား ကာကွယ်ထိန်းသိမ်းခြင်းကို ဦးတည်ဒေသများတွင် ပြုလုပ်သည်။ ထိုသို့စီစဉ်ခြင်းသည် မူရင်းဖြစ်ပေါ်ခဲ့သည့် ပြဿနာအခက်အခဲများ အကြိမ်ကြိမ် ထပ်မံဖြစ်ပွားခြင်းကို ကာကွယ်ပေးသည်။ ထိုနည်းတူစွာ ထိုလုပ်ဆောင်မှုကို စီမံကိန်းမှ သူတို့အား အပ်နှံသော ယုံကြည်မှုအဆိုအဖြစ် ရပ်ရွာလူထုမှတွေ့မြင်နိုင်ပြီး ထိုမှတစ်ဆင့် သူတို့ဆက်လက်လုပ်ဆောင်ရန်အတွက် အားပေး၍ လုပ်ပိုင်ခွင့်ကိုပေးသည်။

၉.၁ ရုတ်သိမ်းရန် စီစဉ်ခြင်း

Myanmar Red Cross Society

စီမံကိန်း၏အောင်မြင်မှုများကို သင့်တော်သော ဒေသခံအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းအား စီမံကိန်း စတင်သည့်အချိန်မှစ၍ သေချာစွာရေးဆွဲထားသော ပြည့်စုံသည့် ထွက်ခွာခြင်းနည်းလမ်းအားဖြင့် အထိရောက်ဆုံး ပြုလုပ်နိုင်သည်။ ထွက်ခွာခြင်းနည်းလမ်းကို Rogers နှင့် Macias[J] တို့၏ နည်းပညာပိုင်းဆိုင်ရာမှတ်စုတွင် 'ပြီးမြောက်အောင်မြင်ခြင်းနှင့် ထွက်ခွာခြင်းနည်းလမ်း – စားနပ်ရိက္ခာအထောက်အပံ့ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အပေါ် ဦးတည်ချက်' သည် 'စီမံကိန်းမှ ၄င်း၏ အရင်းအမြစ်များအား စွန့်ခွာရန်နည်းလမ်းကို ဖော်ပြသော အစီအစဉ်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် စီမံကိန်းဦးတည်ချက်များ၏ အောင်မြင်မှုကို (လျော့ပါးရေး သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေး)ထိခိုက်ခြင်းမရှိဘဲ ဦးတည်ချက်သို့ရောက်စေသော ဆောင်ရွက်မှုများကို ဆက်လက်တည်ရှိ ကြောင်း သေချာစေသည်'။

ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလှူရှင်အများစုသည် စီမံကိန်းအဆိုပြုချက် ပြင်ဆင်ပြုလုပ်သည့်အချိန်၌ပင် ထွက်ခွာခြင်းနည်းလမ်း ထည့်သွင်းခြင်းကို လိုအပ်သည်။ ထိုသို့သော လုပ်ရန်တာဝန် မရှိလျှင်ပင် ထွက်ခွာခြင်းနည်းလမ်းကို စောနိုင်သမျှ စောစွာ စီစဉ်ထားရန် သင့်တော်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် ပူးပေါင်းလုပ်ဆောင်သော နည်းလမ်းများကို ဖြစ်ပေါ်စေပြီး အဓိကပါဝင်ပတ်သက်သူများ၏ပါဝင်မှုကို အားပေးသောကြောင့်ဖြစ်သည်။ အစကနဦးကပင် ပါဝင်ပတ်သက်သူများများအား သူတို့သည် နောက်ဆုံးတွင် လုပ်ဆောင်မှုများ၏ စီမံခန့်ခွဲမှုတာဝန်ယူရမည်ကို အသိပေးထားခြင်း၏ အကျိုးကျေးဇူးမှာ သူတို့အား အချိန်မကျရောက်မီတွင် ကောင်းစွာပြင်ဆင်ရန် လုံလောက်သောသတိပေးမှုကို ရရှိပြီး စီမံကိန်း ရေရှည် ထိန်းသိမ်းရေးအတွက် သူတို့၏ ကတိကဝတ်ပြုမှုကို တိုးပွားစေသည်။

နည်းပညာကို စီမံကိန်းပုံစံဒီဇိုင်းတွင် ထည့်သွင်းတည်ဆောက်သင့်သည်။ သို့မှသာ လက်တွေ့လုပ်ဆောင်ရာ နေရာတွင် ရေရှည်တည်တံ့မှုကို ပံ့ပိုးနိုင်သော လုပ်ဆောင်မှုများ ဖော်ထုတ်ခြင်းကို အားပေးနိုင်မည်ဖြစ်သည်။ ၄င်းတွင် စီမံကိန်း လုပ်ဆောင်နေစဉ်အတောအတွင်း ပေါ်ပေါက်လာနိုင်သော မမျှော်လင့်နိုင်သည့် မည်သည့် ပြောင်းလဲမှု သို့မဟုတ် ကြန့်ကြာမှု မျိုးကိုမဆို ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် အရေးပေါ်အစီအစဉ်အစုများ ပါဝင်နိုင်သည်။ ၄င်းတွင် စီမံကိန်းဒေသများမှ လုံးလုံးလျားလျား ထွက်ခွာသွားရန် မဖြစ်နိုင်သည့် အခါမျိုးတွင် နောက်ထပ်အရင်းအမြစ်များအား ရှာဖွေအသုံးချနိုင်ရေးအတွက် အစီအစဉ်များ ပါဝင်နိုင်သည်။ ထွက်ခွာခြင်း နည်းပညာတွင် အလှူရှင်များနှင့် အစိုးရတို့၏ ဆက်လက်လုပ်ဆောင်နေသော ထောက်ပံ့မှုကို အာမခံနိုင်ရန် အတွက် ထောက်ခံအားပေးမှုရရန်လုပ်ဆောင်ခြင်းကိုလည်း ထည့်သွင်းရန်လည်း အရေးကြီးသည်။ ၄င်းသည် စီမံကိန်းလက်အောက်ရှိ ပိုမိုကျယ်ပြန့်သော ထောက်ခံမှုရရှိရေးညှိနှိုင်းဆွေးနွေးခြင်း လုပ်ဆောင်မှုများအတွင်း သို့မဟုတ် ခိုင်မြဲစွာ ချိတ်ဆက်လျက်ရှိပြီး ဆက်လက်ထိန်းသိမ်းထားရန်သင့်သည်။ ဤနည်းဗျူဟာသည် ထွက်ခွာပြီးနောက်ပိုင်းတွင် လက်ခံသည့် ဒေသခံအဖွဲ့အစည်းနှင့် ဆက်လက်ထိန်းသိမ်းထားနိုင်မည့် ဆက်သွယ်ရေး ပုံစံအချို့ကို စုံစမ်းဖော်ထုတ်ရန်လည်း လိုအပ်သည်။

J Rogers, B. and Macias, K., Program Graduation and Exit Strategies: A Focus on Title II Food Aid Development Programs, FANTA Technical Note No. 9, November 2004.

ထွက်ခွာခြင်းနည်းလမ်းဗျူဟာအား ဖော်ထုတ်ရာတွင် အောက်ပါ မေးခွန်းများကို မေးမြန်းသင့်သည် (C-SAFE ၊ ၂၀၀၅[၃] နှင့် အကူအညီပေးရေးလုပ်သားကွန်ယက်)–

+ စီမံကိန်းလုပ်ဆောင်ချက်များအား ဆက်လက်လုပ်ဆောင်ရန် ရပ်ရွာလူထု၏ ပိုင်ဆိုင်မှုနှင့် ကတိကဝတ်ပြုလုပ်ဆောင်မှုစိတ်ဓာတ် မည်မျှပြင်းထန်သနည်း။
+ ရပ်ရွာလူထုအဖွဲ့ဝင်များ၊ အုပ်စုများ၊ ဝန်ဆောင်မှုပေးသူများတွင် စီမံကိန်းလုပ်ဆောင်မှုများအား အကောင်အထည်ဖော်လုပ်ဆောင်ရန်လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ ရှိပါသလား။
+ ထိုလုပ်ဆောင်မှုကို ကိုင်တွယ်ရန်မည်သူ တာဝန်ရှိသနည်း။
+ ၄င်းကို လွှဲပြောင်းပေးရန်သင့်တော်သည့် ဒေသခံ အစိုးရမဟုတ်သည့်အဖွဲ့အစည်း သို့မဟုတ် လူထုအဖွဲ့အစည်း ရှိပါသလား။
+ လွှဲပြောင်းပေးထားသော လုပ်ဆောင်မှုများကို အကောင်အထည်ဖော်သည့် ဒေသခံ အဖွဲ့အစည်းများတွင် လုံလောက်သော ဖွဲ့စည်းပုံနှင့် လူသားအရင်းအမြစ် စွမ်းဆောင်ရည်များ ရှိပါသလား။ ဆက်လက်ဆက်ခံမည့် အဖွဲ့အစည်းသည် သင်တန်းတစ်ခုခုကို လိုအပ်ပါသလား။
+ လုပ်ဆောင်မှုကို မည်သို့ လွှဲပြောင်းမည်နည်း။
+ ၄င်းကို မည်ကဲ့သို့ ငွေကြေးထောက်ပံ့မည်နည်း။
+ ၄င်းကို မည်သို့ စောင့်ကြည့်လေ့လာမည်နည်း။
+ စီမံအုပ်ချုပ်ခြင်းနှင့် စောင့်ကြည့်လေလာခြင်းတွင် ရပ်ရွာလူထု၏ အခန်းကဏ္ဍသည် အဘယ်နည်း။
+ ဒေသခံအာဏာပိုင်များ/ကြက်ခြေနီအသင်းခွဲ/ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ/ကြက်ခြေနီစေတနာ့ လုပ်အားရှင်များ/ရပ်ရွာလူထုအဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အဘယ်နည်း။
+ လွှဲပြောင်းပေးအပ်မည့် စီမံကိန်းများအား အကောင်အထည်ဖော်ရန်တာဝန်ရှိသည့် အဖွဲ့အစည်းသည် နိုင်ငံရေးနှင့် လူမှုရေးပတ်ဝန်းကျင်တွင် အပြောင်းအလဲများနှင့် တုန့်လှုပ်မှုများကို ခံနိုင်ရည်ရှိပါသလား။

၁။ ထွက်ခွာခြင်းနည်းဗျူဟာအား အလှူရှင်များနှင့် ဦးတည်ရပ်ရွာလူထုအားတင်ပြရာတွင် ၄င်းသည် အချိန်ကိုက်မှုနှင့် နောက်ခံအခြေအနေတို့နှင့် မသက်ဆိုင်ဘဲ ရှိရင်းစွဲ အကျိုးကျေးဇူးများရှိနေသောကြောင့် 'ရေရှည်ထိန်းသိမ်းရေးအစီအစဉ်' အဖြစ် တိုးမြှင့်သင့်သည်။

၂။ ထွက်ခွာခြင်းနည်းဗျူဟာများသည် အကောင်အထည်ဖော်လုပ်ဆောင်သည့်အဖွဲ့၏ ဝန်ထမ်းများအတွက် အသစ်အဆန်းဖြစ်နိုင်ပြီး အရင်းအမြစ်များ ပေးအပ်ရန်အတွက် ဝန်ထမ်းများအား ဘာသာရပ်နယ်ပယ်အပေါ် သင်တန်းပေးရန်လိုအပ်နိုင်သည်။

Myanmar Red Cross Society

၉.၂ နောက်ဆုံးထွက်ခွာခြင်းအတွက် အချိန်လိုက်ပြုလုပ်မှုများကို အဆုံးသတ်ပြုလုပ်ရန်

နည်းဗျူဟာတွင် အချိန်လိုက်ဆောင်ရွက်မှုများကို မည်သို့ပင်ဖော်ပြထားသော်လည်း 'ထွက်ခွာသောနေ့ရက်' သည် ပြောင်းလွယ်ပြင်လွယ်ရှိရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် တိကျသောရက်များကို နောက်ပိုင်းတွင် ပါဝင်ပတ်သက်သူများများ အထူးသဖြင့် လွှဲပြောင်းယူရန်သတ်မှတ်ထားသောအဖွဲ့အစည်းနှင့် ဒေသခံ အာဏာပိုင် တို့နှင့် အတူတကွ ဆုံးဖြတ်နိုင်သည်။ မည်သည့်အချိန်တွင် ထွက်ခွာမည်ဆိုသည့် ဆုံးဖြတ်ချက်ကို လွှမ်းမိုးသော အခြေခံအချက်သုံးချက်ရှိသည် (C-SAFE, ၂၀၀၅)

၁. **အချိန်ကန့်သတ်ချက်** ငွေကြေးထောက်ပံ့မှုစက်ပိုင်းအရ တင်ပြထားသော အချိန်ကန့်သတ်ချက်များသည် 'မည်သည့်အချိန်' ဆိုသည်ကို ဆုံးဖြတ်ရာတွင် အရေးတကြီး သို့မဟုတ် နှောင့်နှေးမှုတို့ကို လျှော့ဆောင်ပေးသည်။

၂. **စီမံကိန်း အကျိုးသက်ရောက်မှု၏ အောင်မြင်မှု** စီမံကိန်းအကျိုးသက်ရောက်မှု၏ ညွှန်းကိန်းများကို တစ်ခါတစ်ရံတွင် ထွက်ခွာခြင်း သတ်မှတ်ချက်အဖြစ်အသုံးပြုနိုင်သည်။ အထူးသဖြင့် ဦးတည်ရပ်ရွာလူထု၏ စွမ်းဆောင်ရည်အဆင့်ကို ကိုယ်တိုင်ရပ်တည်နိုင်သည် သို့မဟုတ် ပြည့်စုံလုံလောက်သည် ဟု ခေါ်ဆိုနိုင်သော အခါတွင်ဖြစ်သည်။

၃. **စံနှုန်းအမှတ်များအား အောင်မြင်မှု** စံနှုန်းအမှတ်များကို ထွက်ခွာခြင်းနည်းဗျူဟာတစ်ခုတွင် သတ်မှတ်ထားသော ခြေလှမ်းများ၏ တိုင်းတာနိုင်သော ညွှန်းကိန်းအဖြစ် သတ်မှတ်သည်။ ၄င်းတို့သည် အစကနဦးကပင် စောင့်ကြည့်

---

[၃] What we Know about Exit Strategy: Practical Guidance for Developing Exit Strategies in the Field, A product of the Consortium for Southern Africa Food Security Emergency (C-SAFE) Regional Learning Spaces Initiative, 2005.

လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အစီအစဉ်ယောင်း၏ အစိတ်အပိုင်းဖြစ်ပြီး ပုံမှန် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းမှ ပြဆိုသည့် သတ်မှတ်ထားသော စံအမှတ်သို့ရောက်ခြင်းကို 'ထွက်ခွာခြင်း'၏ အချက်ပြမှုအဖြစ် မှတ်ယူနိုင်သည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုသည် ထွက်ခွာခြင်းနည်းဗျူဟာ အချိန်အလိုက်လုပ်ဆောင်မှုနှင့်ချိတ်ဆက်ယှဉ်တွဲနေသည့်အတွက် ကျွန်ုပ်တို့ သိမှတ်ထားရမည်မှာ ထွက်ခွာခြင်းအမှတ်ကို ပြည့်မီသည့် မည်သည့် စံနှုန်းအမှတ်ကိုမဆို ပြောင်းလဲမှုဟု သတ်မှတ်ရမည်။ အဘယ်ကြောင့်ဆိုသော် အကောင်အထည်ဖော်လုပ်ဆောင်မှုတိုးတက်လုပ်ဆောင်သည်နှင့်အမျှ မမျှော်လင့်ထားသော ဖြစ်ရပ်များလည်း ဖြစ်ပျက်သောကြောင့်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် အမျိုးမျိုးသော လုပ်ဆောင်မှုများအတွက် အမျိုးမျိုးသော ထွက်ခွာခြင်းအမှတ်များကို စီမံထားရန် လိုအပ်သည်။ အထူးသဖြင့် အပိုင်းအဆင့်များစွာရှိသော စီမံကိန်းများတွင် အမျိုးမျိုးသောအပိုင်းများ၌ ကြိုတင် ဆုံးဖြတ်ထားပြီးသော ရည်မှန်းချက်ပန်းတိုင်များ၏ အောင်မြင်မှုအလိုက် သူတို့၏ ကိုယ်ပိုင် ထွက်ခွာခြင်း အမှတ်များရှိသည်။ အချို့သော လုပ်ဆောင်ချက်များသည် လွှဲပြောင်းပေးအပ်ခြင်းကို အလုံးစုံပြီးဆုံးသော ရက်များ မရောက်မီ ကြိုတင်ပြုလုပ်၍ ဖြည်းညှင်းစွာ တစ်ဆင့်ချင်းထွက်ခွာရန်လိုအပ်နိုင်သည်။

၉.၃ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံစွမ်းဆောင်ရည်တို့အား ခိုင်မာအားကောင်းစေခြင်း

ယခင်က ဖော်ပြထားပြီးသကဲ့သို့ပင် ထွက်ခွာခြင်းနည်းဗျူဟာအား စောစီးစွာ အစီအစဉ်ဆွဲခြင်းသည် အကောင်အထည်ဖော်လုပ်ဆောင်မည့် ကိုယ်စားလှယ်အဖွဲ့အား လွှဲပြောင်းယူမည်ဟုရည်ရွယ်ထားသည့် အဖွဲ့အစည်းနှင့် နီးကပ်စွာ လုပ်ကိုင်ရန်အတွက် လုံလောက်သောအချိန်ကို ပေးသည်။ လွှဲပြောင်းယူမည့်အဖွဲ့သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းတွင် ရပ်ရွာလူထု ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖြစ်သည်။ စီမံကိန်းကာလတစ်လျှောက်လုံးတွင် စီမံကိန်းဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်အတူ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွက် ပူးပေါင်းပါဝင်သော ချဉ်းကပ်နည်းကို အသုံးပြုခြင်းဖြင့် ပါဝင်ပတ်သက်သူများသည် ပုံမှန်ကြားဖြတ်အချိန်များတွင် အမှန်တကယ် ဖြစ်ပျက်မှုများကို လေ့လာမိခဲ့ကြသည်။ ထိုသို့အားဖြင့် သူတို့သည် သူတို့ကိုယ်သူတို့ အဖြင့်ဆုံးသော အခန်းကဏ္ဍအတွက် ပြင်ဆင်ထားကြောင်း ပြောဆိုနိုင်စေသည်။ ဆိုလိုသည်မှာ သူတို့သည် သူတို့လိုအပ်သည့် ကျွမ်းကျင်မှု အမျိုးအစားကို ချိန်ဆနိုင်သည်။

Myanmar Red Cross Society

ကျွန်ုပ်တို့သည် အခန်း ၄၊ ၅၊ ၆ နှင့် ၇ တို့တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ရွာလူထုအတွက် အမျိုးမျိုးသော ဘာသာရပ်အကြောင်းအရာများနှင့် ကျွမ်းကျင်မှုအစုတို့ကို ပါဝင်စေသည့် အမျိုးမျိုးသော စွမ်းဆောင်ရည်တည်ဆောက်ရေး လုပ်ဆောင်မှုများကို ဆွေးနွေးခဲ့ကြသည်။ ထွက်ခွာခြင်းနည်းဗျူဟာအား အစကနဦးမှပင် ပါဝင်စေလျက် ဤအစပျိုးလုပ်ဆောင်မှုများသည် စီမံကိန်းအချိန်ဘောင်အတွင်း ဆုံးရှုံးမှုလျှော့ချရေး လုပ်ဆောင်များကို စီမံခန့်ခွဲမှုသာမက ထို့ထက်ပိုသော လုပ်ဆောင်မှုများအတွက် အဆင်သင့်ဖြစ်နေရမည်ဆိုသည့် အတွေးအခေါ်ပုံစံဖြစ်စေရန် ပုံစံပြုလုပ်ထားရမည်။ စီမံကိန်း ပြီးဆုံးချိန် မတိုင်မီအနည်းငယ်အလိုတွင်မှ ပြုလုပ်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ဆောင်ချက်သည် ဒေသခံလုပ်ဆောင်သူများ၏ အားသာချက်နှင့် အားနည်းချက်တို့အပေါ် တန်ဖိုးမဖြတ်နိုင်သော သတင်းအချက်အလက်များကို ပေးနိုင်သည်။ ထွက်ပေါ်လာသော ရလဒ်များသည် နောက်ထပ် စွမ်းဆောင်ရည်တည်ဆောက်ရေး လုပ်ဆောင်မှုများ ပြင်ဆင်ပြုလုပ်ရန်နှင့် ထွက်ပေါ်လာသောလိုအပ်ချက်များနှင့် သင့်တော်စေရန်အတွက် အထူးစီမံရန် လိုအပ်ခြင်း ရှိမရှိ ဆုံးဖြတ်ရန် ကူညီပေးနိုင်သည်။

သင့်တော်စွာ ရောစပ်ထားသော ပုံစံတကျသင်တန်းပေးခြင်းနှင့် လုပ်ကိုင်ရင်းဖြင့်သင်ယူခြင်းတို့ကို ထောက်ပံ့ပေးခြင်းအပြင် အောက်ပါ လုပ်ဆောင်မှုများသည်လည်း ပါဝင်ပတ်သက်သူများများ၏ စွမ်းဆောင်ရည် မြှင့်တင်ရာတွင် အထောက်အကူပြုသည်။

+ **လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား ပြန်လည်ကြည့်ရှုခြင်း** ၄င်းသည် ယခင်ကချမှတ်ခဲ့သော ဦးစားပေးမှု များကို ပြန်လည်သုံးသပ်ရန်၊ ၄င်းတို့အား ပေါ်ပေါက်လာသောပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ကြည့်ရန်၊ လက်တွေ့ နေရာရှိ ဆုံးရှုံးမှုအခြေအနေများတွင် ပြောင်းလဲမှုများကို ဖော်ထုတ်ရန်နှင့် လိုအပ်ပါက စီမံကိန်းရေးဆွဲခြင်း အလေ့အကျင့်ကို ထပ်မံပြုလုပ်ခြင်းအဖြစ် ရပ်ရွာလူထုအား စီမံကိန်း ပြန်လည်ပြုပြင်ရာတွင် ကူညီရန်တို့အတွက် လုပ်ဆောင်ပေးသည်။ ဤလုပ်ငန်းစဉ်ကို အဓိကအားဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ အကောင် အထည်ဖော်လုပ်ဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ထံမှ နည်းပညာဆိုင်ရာထောက်ပံ့မှုအကန့်အသတ်ဖြင့် ဦးဆောင်စည်းရုံးသင့်သည်။ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်အား ပြောင်းလဲလိုက်ခြင်းသည် ရပ်ရွာလူထုအား ကြီးကြပ်မှုအနည်းငယ်ဖြင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်အား ဒုတိယအကြိမ်အဖြစ် လေ့ကျင့်ရန်အခွင့်အရေးကို ပေးပြီး တစ်နည်းအားဖြင့် ၄င်းသည် သူတို့အား အနာဂတ်တွင် စီမံကိန်းရေးဆွဲခြင်းလုပ်ဆောင်မှုများအတွက် အဆင်သင့်ဖြစ်စေရန် ပြုလုပ်ပေးသည်။

+ **ကုန်မာပစ္စည်းများအား ထောက်ပံ့ခြင်း** မရှိမဖြစ်လိုအပ်သော ကုန်မာပစ္စည်းများဖြစ်သည့် အရေးပေါ်သုံး ပစ္စည်းနှင့် မြေပုံများ၊ အမျိုးမျိုးသောလုပ်ဆောင်မှုများအပေါ် လုပ်ဆောင်ရန်လမ်းညွှန်များနှင့် ရည်ညွှန်းချက်များ အဖြစ် သက်ဆိုင်ရာ စာတွဲများ ပါဝင်သော လမ်းညွှန်စာရွက်စာတမ်းများကို ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီသို့ ထောက်ပံ့ပေးခြင်းသည် သူတို့အား စီမံကိန်း ပိတ်သိမ်းပြီးနောက် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်မှုများကို လုပ်ဆောင်ရာတွင် အကူအညီပေးနိုင်သည်။

+ **လမ်းညွှန်ပြသူ** အကောင်အထည်ဖော်လုပ်ဆောင်သောကိုယ်စားလှယ်အဖွဲ့သည် လက်ခံမည့် အဖွဲ့အစည်း၏ ဆက်လက်လုပ်ဆောင်နေမည့် လမ်းညွှန်ပြသူအဖြစ် လုပ်ဆောင်နိုင်သည်။ ၄င်းသည် လုပ်ငန်းတာဝန်များနှင့် လုပ်ဆောင်မှုများကို ရွှေ့ပြောင်းနေသည့်ကာလအတောအတွင်း ဖြည်းညှင်းစွာ ပြောင်းလဲမှုကို ပိုမို ကောင်းမွန်စေပြီး တူညီသော မြေပြင်နေရာအတွင်း ဖြည့်စွက်ဝန်ဆောင်မှုများပေးရန်ပင် ဆက်လက်ပြုလုပ် သွားနိုင်သည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် နောက်ထပ်အရင်းအမြစ်များ ထပ်မံလိုအပ်နိုင်သည်။ သို့သော်လည်း ၄င်းကို စီမံကိန်း ထွက်ခွာခြင်းနည်းဗျူဟာ၏ မရှိမဖြစ်အစိတ်အပိုင်းအဖြစ်လုပ်ဆောင်ခြင်းသည် ပါဝင်ပတ်သက်သူများ၏ လိုလား တောင်းဆိုချက်အပေါ်မူတည်၍ နောက်ထပ်မရှိမဖြစ်လိုအပ်သော အရင်းအမြစ်များကို ရယူအသုံးပြုနိုင်ရန်အတွက် သေချာစေသည်။

၁။ အချိန်ပိုင်းအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အလေ့အကျင့်များ၏ ရလဒ်ဖြစ်သော စီမံကိန်း တိုးတက်မှုနှင့် အရင်းအမြစ်များအား ခြေရာခံခြင်းအပေါ် သတင်းအချက်အလက်များကို စိတ်ဝင်စား ပတ်သက်သူအုပ်စုများအားလုံးနှင့် အမြဲတမ်း ဝေမျှသင့်သည်။ ၄င်းသည် စီဝင်စားပတ်သက်သူများအား စီမံကိန်းအတွင်း တိုးတက်မှုနောက်ဆုံးဖြစ်ရပ်ကိုသတင်းပေးပြီး လွဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ်ကို ပို၍ ချောမွေ့စေသည်။

Myanmar Red Cross Society

၂။ ထွက်ခွာခြင်းနည်းဗျူဟာ စံအမှတ်များအား စောင့်ကြည့်လေ့လာခြင်းကို အလုံးစုံ စီမံကိန်း၏ စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

၃။ ထွက်ခွာခြင်းနည်းဗျူဟာသည် ဒေသခံမိတ်ဖက်များနှင့် ဦးတည်ရပ်ရွာလူထုများမှ အပြည့်အဝ ထောက်ခံမှု ရှိကြောင်း သေချာစေရန် နည်းဗျူဟာအား ဖော်ထုတ်ခြင်းနှင့် ဆက်သွယ်ခြင်းကို ထင်သာမြင်သာပုံစံဖြင့် ပြုလုပ်ရန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည် တာဝန်ရှိမှုနှင့် ပိုင်ဆိုင်မှု စိတ်ဓာတ်ကို ပေးသောကြောင့်ဖြစ်သည်။

၄။ ထွက်ခွာခြင်းနည်းဗျူဟာ၏ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်ရန် စီမံကိန်းထွက်ခွာပြီးနောက်ပိုင်း အချိန်ကာလတစ်ခု ကုန်လွန်ပြီးနောက် အကဲဖြတ်ခြင်းကို ပြုလုပ်ရန် များစွာ အကြံပေးသည်။ ၄င်းကို အလုံးစုံ စီမံကိန်းမူဘောင်တွင် နောက်ဆက်တွဲအကဲဖြတ်မှုအဖြစ် ရေးဆွဲသင့်သည်။

၅။ လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ်သည် ပုံစံတကျဖြစ်ပြီး တရားဝင်အသိအမှတ်ပြုရန်လိုအပ်သည်။ သို့မှသာ ယခုမှစ၍ တာဝန်ရှိသူဖြစ်သော လူတိုင်းသည် ထိုကဲ့သို့အရေးပါသော သတင်းအချက်အလက်ကို သတိပြုမိပြီး ကတိကဝတ်ပြုလုပ်ဆောင်မှုများသည် မည်သည်တို့ဖြစ်သည်၊ မည်သည်တို့ကို ရယူရန် မျှော်လင့်သည်တို့ကို သတိပြုမိမည်ဖြစ်သည်။

၆။ ထွက်ခွာခြင်းအတွက် စီစဉ်ထားသောသူများနှင့် အရေးပါသော ဆက်ဆံရေးကို ဟန့်တားခြင်းနှင့် သံသယများ ဖြစ်ထွန်းစေခြင်းတို့ကဲ့သို့သော မသေချာသော နိုင်ငံရေးအခြေအနေများသည်လည်း ထွက်ခွာခြင်းနည်းဗျူဟာကို ဆိုးကျိုးသက်ရောက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော တူညီသည့် ရာထူးမြင့် အာဏာပိုင်များ အထူးသဖြင့် အစိုးရပိုင်းတာဝန်ရှိသူများသည် လက်ရှိရာထူးနေရာတွင် မည်မျှအချိန်ကာလထိ လုပ်ကိုင်ရမည်ကို အာမခံနိုင်ခြင်း မရှိသောကြောင့်ဖြစ်သည်။ ဤကဲ့သို့သော ပြောင်းလဲနေသည့် ပတ်ဝန်းကျင်တွင် အမျိုးမျိုးသော များပြားသည့် 'ထွက်ခွာမှု မြင်ကွင်းများ'ကို ဖော်ထုတ်ထားရန်လိုအပ်နိုင်သည်။ ထို့ပြင် အခြေအနေများ ပေါ်ပေါက်လာသည်နှင့်အညီ ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်အတွက် လက်ရှိ ထွက်ခွာခြင်းအစီအစဉ်ကို ပုံမှန်ပြန်လည်ဆန်းစစ်လေ့လာခြင်းကို ထည့်သွင်းသင့်သည်။

ထွက်ခွာခြင်းနည်းဗျူဟာတစ်ခု၏ အောင်မြင်မှုကို သုံးသပ်ရန်အတွက် တိုင်းတာမှု သုံးခုမှာ –
- စီမံကိန်း၏အကျိုးသက်ရောက်မှုများကို ထိန်းသိမ်းထားသည်၊ တိုးချဲ့သည် သို့မဟုတ် စီမံကိန်းပြီးဆုံးသည့်နောက်ပိုင်း တိုးတက်လာသည်ဆိုလျှင်
- သက်ဆိုင်ရာ လုပ်ဆောင်မှုများအား တူညီသော သို့မဟုတ် ပြုပြင်ထားသာ ပုံစံဖြင့် ဆက်လက်လုပ်ဆောင်သည်ဆိုလျှင်
- ဖော်ထုတ်ခဲ့သောစနစ်များသည် ထိရောက်စွာ ဆက်လက်လုပ်ဆောင်နေသည်ဆိုလျှင်

Source: C-SAFE, 2005.

Myanmar Red Cross Society

- ✔ ထွက်ခွာခြင်းနည်းဗျူဟာသည် အလုံးစုံစီမံကိန်းမူဘောင်၏ အစိတ်အပိုင်းအဖြစ် တည်ရှိသည်။
- ✔ ထွက်ခွာမည့် ကိုယ်စားလှယ်အဖွဲ့နှင့် လက်ခံရယူမည့် ဒေသခံအဖွဲ့အစည်းတို့အကြား ကောင်းသော မိတ်ဖက်ဆက်ဆံမှု တည်ဆောက်ပြီးဖြစ်သည်။
- ✔ ဒေသခံ စီမံကိန်းမိတ်ဖက်အဖွဲ့ (ဤနေရာတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ)အား အကောင်အထည် ဖော်သည့် မိတ်ဖက်အဖွဲ့အစည်း ထွက်ခွာသွားပြီးနောက် ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျှော့ချရေး လုပ်ဆောင်ချက်များအား ကိုင်တွယ်နိုင်ရန်အတွက် ကောင်းစွာ လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။
- ✔ ရပ်ရွာလူထု ပါဝင်ပတ်သက်သူများများသည် စီမံကိန်းတစ်လျှောက်လုံးတွင် ထွက်ခွာခြင်းနည်းဗျူဟာနှင့် ပတ်သက်သော အရေးကြီးသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ကြသည်။
- ✔ ထွက်ခွာခြင်းနည်းဗျူဟာသည် မူရင်း စီမံကိန်းပြီးဆုံးရက်ပြီးနောက် ဆက်လက်ပြုလုပ်ရန်လိုအပ်ပါက နောက်ထပ် အရင်းအမြစ်များ ဖော်ထုတ်အသုံးချခြင်းကို ခြုံငုံမိသည်။
- ✔ ထွက်ခွာခြင်းနည်းဗျူဟာတွင် စီမံကိန်းပြီးဆုံးရက်နောက်ပိုင်းတွင် ထွက်ခွာသော အဖွဲ့အစည်းနှင့် လက်ခံ ရယူသော ဒေသခံအဖွဲ့အစည်းတို့အကြား ထိတွေ့ဆက်သွယ်မှုထိန်းသိမ်းထားနိုင်စေရန်အတွက် ဆက်သွယ်ရေး အစီအစဉ်တစ်ခု ပါရှိသည်။
- ✔ ထွက်ခွာခြင်းနည်းဗျူဟာနှင့် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအစီအစဉ်အကြား ခိုင်မာသော ဆက်နွယ်မှုရှိသည်။

နောက်ဆက်တွဲ

နောက်ဆက်တွဲ ၁ နည်းပညာရပ်ဆိုင်ရာ အဓိက စကားရပ်များနှင့် ဝေါဟာရများ

ထောက်ခံမှုရရှိရန် ဆောင်ရွက်ခြင်း

ထောက်ခံမှုရရှိရန်ဆောင်ရွက်ခြင်းသည် လူများအား မူဝါဒ၊ အလေ့အကျင့်၊ စနစ် သို့မဟုတ် တည်ဆောက်ပုံ တစ်ခုခုတွင် ပြောင်းလဲမှုများပြုလုပ်ရန်အတွက် ဆွေးနွေးပြောဆိုခြင်းဖြစ်သည်။ ထောက်ခံမှုရရှိရန် ဆောင်ရွက်ခြင်းသည် ရပ်ရွာလူထုအား အတူတကွစုစည်းနိုင်စေပြီး သူတို့အား ပြင်ပဖြိမ်းခြောက်မှုများကို တုံ့ပြန်ရန် အားပေးသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်းအဖွဲ့ချုပ်နှင့် အမျိုးသား မိတ်ဖက်အဖွဲ့အစည်းများ အတွက် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် မူဝါဒရေးရာဦးဆောင်သူများသည် ဘေးထိခိုက် လွယ်သူများ၏ အကျိုးအတွက် အမြတ်မမ်း လုပ်ဆောင်ရန်အတွက် ဆွေးနွေးခြင်းသည် သူတို့၏ ထောက်ခံမှုရရှိရန်ကြိုးစားအားထုတ်မှုတွင် ထိပ်တန်းဦးစားပေး ဖြစ်လာသည်။ (IFRC, 2012[၁၄])

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှု လုပ်ဆောင်ချက်များ၏ အခြေအနေတွင် ထောက်ခံမှုရရန်ဆောင်ရွက်ခြင်းသည် အသိအမြင် မြှင့်တင်ပေးခြင်းနှင့် အဖွဲ့၏လုပ်ဆောင်မှုများကို ခိုင်မာအားကောင်းစေရန်နှင့် စိတ်ဝင်စား ပတ်သက်သူများ ထောက်ပံ့မှုရရန်အတွက် မဲဆွယ်စည်းရုံးခြင်း နည်းလမ်းအဖြစ် သူတို့အား အသိပေးရန်အတွက် အသိပညာပေးခြင်းတို့အပေါ် ဦးတည်သည်။ ၄င်းသည် အဆင့်အမျိုးမျိုးတွင် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများများဖြစ်သည့် အဆင့်မြင့် ဆုံးဖြတ်ခြင်းနှစ် မူဝါဒ ချမှတ်သူများ၊ မြို့နယ်ခွဲ အမှုထမ်းများနှင့် ဒေသခံ အာဏာပိုင်များ၊ ကြက်ခြေနီ စေတနာ့ဝ လုပ်အားရှင် များနှင့် ရပ်ရွာလူထုများကို ဦးတည်၍ ပြုလုပ်သည်။ သတင်းအချက်အလက် ဝေမျှခြင်းကို အထူးပြုလုပ်သောပွဲများ(အစည်းအဝေးများ၊ ညှိနှိုင်းဆွေးနွေးပွဲများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ)စီစဉ်ခြင်း နှင့် ပုံမှန်အစီရင်ခံခြင်းလုပ်ငန်းစဉ်သည် ပုံမှန်သတင်းအချက်အလက် စီးဆင်းမှုကို သေချာစေရန်အတွက် ပြုလုပ်လေ့ရှိသော အဓိကပုံစံများဖြစ်သည်။

ကနဦးအခြေအနေ လေ့လာချက်

ကနဦးအခြေအနေလေ့လာချက်သည် စီမံကိန်းတစ်ခုမစတင်မီ အစကနဦးအခြေအနေကို ဖော်ပြသော ခွဲခြမ်းစိတ်ဖြာခြင်း ဖြစ်ပြီး ၄င်းအားဖြင့် တိုးတက်မှုကို ဆန်းစစ်လေ့လာခြင်း သို့မဟုတ် နှိုင်းယှဉ်ခြင်းကို ပြုလုပ်နိုင်သည်။ စုစည်းကောက်ယူထားသော အချက်အလက်များသည် ညွှန်းကိန်းအဖြစ်လုပ်ဆောင်ပြီး ၄င်းကို စီမံကိန်း၏နောက်ပိုင်းကာလ သို့မဟုတ် အပြီးတွင် နှိုင်းယှဉ်ခြင်းအတွက် အသုံးပြုနိုင်သည်။ ၄င်းသည် စီမံကိန်း၏ဦးတည်ချက်ပြည့်မီရေးအတွက် စီမံကိန်းမှ မည်သည့်ခြားနားလုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့သည်ကို အဆုံးအဖြတ်ပေးသည်။ (IFRC, 2011[၁၄])

စွမ်းဆောင်ရည်

ရပ်ရွာ သို့မဟုတ် လူ့အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွင်းရှိ ဘေးအန္တရာယ် ကျရောက်မှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျော့ကျစေနိုင်သည့် ရနိုင်သမျှသော ခွန်အားများနှင့် ရင်းမြစ်များအားလုံး၏ အစုအပေါင်းဖြစ်သည်။ စွမ်းဆောင်ရည်တွင် ရုပ်ပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ လူမှုရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ နည်းလမ်းများ အပြင် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့ကဲ့သို့သော တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက် ကျွမ်းကျင်မှု အရည်အသွေးများလည်း ပါဝင်သည်။ စွမ်းဆောင်ရည်ကို လုပ်နိုင်စွမ်းဟုလည်း ဖော်ပြနိုင်သည်။ (CSRU- IFRC SEA Office, 2008)[ဃ]

စွမ်းဆောင်ရည် တည်ဆောက်ခြင်း

လူများ၊ အဖွဲ့အစည်းများသည် အသိပညာ၊ ကျွမ်းကျင်မှု၊ နည်းစနစ်နှင့် အဖွဲ့အစည်းဆိုင်ရာ တိုးတက်ခြင်းတို့ အပါအဝင် လူမှုရေးနှင့် စီးပွားရေး ဦးတည်ချက်များသို့ ရောက်ရှိရန်အတွက် အချိန်အလိုက် သူတို့၏ စွမ်းဆောင်ရည်ကို စနစ်တကျ အသုံးချရန်၊ တိုးတက်ရန်နှင့် ထိန်းသိမ်းထားနိုင်ရန် လုပ်ဆောင်သော လုပ်ငန်းစဉ် ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ချမှု အစပျိုးလုပ်ဆောင်မှုများအောက်ရှိ အဆိုပါလုပ်ငန်းစဉ်များတွင် အဓိက လက်ခံရရှိသူများမှာ ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော်လုပ်ဆောင်မှုတွင် ပါဝင်သော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဝန်ထမ်းများ၊ ကြက်ခြေနီစေတနာ့ဝလုပ်အားရှင်များ၊ ရပ်ရွာ ကိုယ်စားလှယ်များနှင့်ခေါင်းဆောင်များ၊ တွဲဖက်လုပ်ဆောင်သော အစိုးရအဖွဲ့အစည်းများ၊ အသင်းခွဲတာဝန်ရှိသူများ၊ ဆရာ/မမျာ၊ ကျောင်းသား/များနှင့် အရေးအကြီးဆုံးအဖြစ် ကျယ်ပြန့်သော ရပ်ရွာလူထုဖြစ်သည်။ ပုံစံတကျနှင့် စနစ်တကျပြုလုပ်ထားသော သင်တန်းများနှင့်အတူ လုပ်ကိုင်ရင်းဖြင့် သင်ယူခြင်းနှင့် လူထုအသိအမြင်တိုးတက်စေရေး လုပ်ဆောင်မှုများကို ပေါင်းစည်းခြင်းတို့ကို အသုံးပြုသည်။

ရပ်ရွာလူထု

ရပ်ရွာလူထုဆိုသည်မှာ တူညီသောပတ်ဝန်းကျင်ကို မျှဝေနေထိုင်သည့် (ဒေသတစ်ခုတွင်းနေထိုင်ခြင်း၊ ဒေသ သို့မဟုတ် နယ်မြေတစ်ခုတွင် အလုပ်လုပ်ကိုင်ခြင်း) အကြောင်းရင်းဖြင့် နယ်မြေဒေသတစ်ခုတွင်းရှိနေသည့် လူအုပ်စုတစ်စုဖြစ်သည်။ သူတို့သည် တွေ့ကြုံရသည့် အတိုင်းအတာ ကွဲပြားနိုင်သောလည်း တူညီသောဘေးအန္တရာယ်ခြိမ်းခြောက်မှု များကို တွေ့ကြုံကြရသည်။ တူညီသော ပြဿနာအခက်အခဲများ၊ စိတ်ဝင်စားမှုများ၊ မျှော်လင့်ချက်များနှင့် အပြုအမူများကို မျှဝေခံစားရနိုင်ပြီး ၄င်းတို့သည့် ဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှု၏ အများနှင့်ဆိုင်သော ဦးတည်ချက်များ၏ အခြေခံဖြစ်သည်။ (CSRU- IFRC SEA Office, 2008).

ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး

ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးသည် ဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှု လုပ်ငန်းစဉ်ဖြစ်ပြီး ၄င်းတွင် ဘေးအန္တရာယ်ရှိသော ရပ်ရွာလူထုသည် သူတို့၏ ဘေးထိခိုက်လွယ်မှုကို လျော့ချရန်နှင့် စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်အတွက် ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေအား ဖော်ထုတ်သတ်မှတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် တက်ကြွစွာ ပါဝင်လုပ်ရှားကြသည်။ လူထုအား ဆုံးဖြတ်ချက်ချခြင်းနှင့် ဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုလုပ်ဆောင်ချက်များအကောင်အထည် ဖော်ခြင်းတွင် အဓိကအခရာအဖြစ်ထားခြင်းဖြင့် သူတို့သည် လုပ်ပိုင်ခွင့်အာဏာပေးပြီး ပိုင်ဆိုင်မှု စိတ်ဓာတ်ကို ပံ့ပိုးပေးသည်။ ဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုတွင် ဒေသခံနှင့် အမျိုးသားအဆင့် အုပ်ချုပ်သူအစိုးရတို့မှ ပါဝင်ရန်နှင့် ထောက်ပံ့ပေးရန်မှာ အလွန် အရေးကြီးသည်။ (ADPC, 2004).

Myanmar Red Cross Society

ရပ်ရွာလူထုအား စည်းရုံးလှုံ့ဆော်ခြင်း

လက်တွေ့နေရာတွင် အဓိက ပါဝင်ပတ်သက်သူများများဖြစ်သည့် ကြက်ခြေနီစေတနာ့ဝန်လုပ်အားရှင်များ၊ ရပ်ရွာလူထုအဖွဲ့ဝင်များ၊ ဆရာ/မများ၊ ကျောင်းသား/သူများ စသူတို့ကို စည်းရုံးခြင်းဖြင့် သူတို့သည် သူတို့၏ကိုယ်ပိုင် ဆုံးရှုံးနိုင်ခြေနှင့် စွမ်းဆောင်ရည်များကို ဆန်းစစ်လေ့လာခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် ဘေးအန္တရာယ်လျော့ပါးရေး လုပ်ဆောင်ချက်များကို စီမံကိန်း၏ အဓိကပုဂ္ဂိုလ်များနှင့် အဆင့်အမျိုးမျိုးရှိ အာဏာပိုင်များနှင့်အတူ အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် တက်ကြွစွာ ပါဝင်နိုင်ကြသည်။ လက်တွေ့လုပ်ဆောင်သောအဖွဲ့များကို ကျေးရွာ/မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏အမိုးအောက်တွင် ခွဲဝေသတ်မှတ်ထားသော လုပ်ငန်းနယ်ပယ်များဖြစ်သည့် သက်သာစေရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ ကျန်းမာရေး၊ အသိပညာပေးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်သတိပေးခြင်း၊ လျော့ပါးသက်သာစေခြင်း စသည့်တို့အလိုက် အဖွဲ့များ ဖွဲ့စည်းနိုင်သည်။

ဘေးအန္တရာယ်

များစွာသောဖြစ်ရပ်များတွင် ထိခိုက်ခံရသော ရပ်ရွာတစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ခုက မိမိကိုယ်ပိုင်ရင်းမြစ်များနှင့် အောင်မြင်စွာ ဖြေရှင်းနိုင်ခြင်းမရှိသော လွန်ကဲသည့်အကျိုးဆက်များနှင့် လူသားများ၊ ပစ္စည်း ကိရိယာများ၊ စီးပွားရေး သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသော ရပ်ရွာတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများ လည်ပတ်လုပ်ဆောင်မှုကို ပြင်းထန်စွာပြတ်တောက်စေသည်ဖြစ်ရပ်ကို ခေါ်သည်။(UNISDR, 2009[??]).

ဘေးအန္တရာယ်ဖြစ်နိုင်ခြေ

အနာဂတ်အချိန်ကာလတစ်ခုတွင် ဘေးအန္တရာယ်၏ အကျိုးဆက်ကြောင့် ရပ်ရွာအဖွဲ့ အစည်းတစ်ခုတွင် ဖြစ်ပွားနိုင်သည့် ဘဝအသက်များ၊ ကျန်းမာရေးအခြေအနေ၊ အသက်မွေးဝမ်းကျောင်း၊ ပိုင်ဆိုင်မှုနှင့် ဝန်ဆောင်မှုများတွင် ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးမှုများဖြစ်သည်။ (UNISDR, 2009).

ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး

ဘေးအန္တရာယ်များ၏ ဖြစ်လေ့ဖြစ်ထရှိသော အချက်များကို ခွဲခြမ်းစိတ်ဖြာရန်နှင့် စီမံအုပ်ချုပ်ရန် စနစ်တကျအားထုတ်မှုများဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်း အယူအဆနှင့် အလေ့အထများဖြစ်သည်။ ၄င်းအားဖြင့် အန္တရာယ်နှင့် ရင်ဆိုင်ရမှုကို လျှော့ချနိုင်ပြီး လူများနှင့် ပစ္စည်းဥစ္စာတို့၏ ထိခိုက်ဆုံးရှုံးလွယ်မှုကို လျှော့ချပေးသည့်အပြင် ဖြေနှင့်ပတ်ဝန်းကျင်အား ပညာရှိရှိ စီမံအုပ်ချုပ်စေပြီး ဆိုးကျိုးဖြစ်စေသော ဖြစ်ရပ်များအတွက် ကြိုတင်ပြင်ဆင်မှု တိုးတက်လာစေသည်။ (UNISDR, 2009).

ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု

